# အမေရိကန်နိုင်ငံ

## ဝါရှင်တန်ဧရိယာ အောင်ရတနာကျောင်း

## ပဓာနနာယက ဆရာတော်

## ဝိနယစရ-ဝိနယကောဝိဒ

## မူလအာဘိဓမ္မိက

## သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

### ဆရာတော် ဘဒ္ဒန္တကောဝိဒ

ဟောကြားအပ်သော

# ခဲယဉ်းလေးဖြာ ဒေသနာတရား

**1360** **1998**

စာမူခွင့်ပြုချက်အမှတ်–၄၅၆/၉၉ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်– ၃၈၅/၉၉(၈)
ပထမအကြိမ်

၁၉၉၉ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ ၅၀၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးစွန်ထော်မရ (၀၅၅၅၇)၊ မာကျူရီအော့ဖ်ဆက်
အမှတ် ၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးသန်းဆွေ (စစ်သည်တော်စာပေ)
၁၁၃၁(က)၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်မြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်မြို့

# ကျမ်းဦးမိတ်ဆက်အညွှန်း

(၁)

ဆရာတော်အရှင်ကောဝိဒ၏“ခဲယဉ်းလေးဖြာ ဒေသနာတရားတော်”စာမူကို ပထမဆုံးဖတ်ရှုခွင့်ရသည်၊ ကြည့်ရှုပြင်ဆင်ပေးပါရန်လည်း ပန်ကြားပါ၏၊ အပြစ်အနာအဆာကင်းစင်သော ပတ္တမြားရတနာကဲ့သို့ သစ်လွင်တောက်ပနေသဖြင့် ထူး၍ပြင်ပေးစရာမလိုလှပါ၊ မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာ ပတ္တမြားရတနာသည် ကျွမ်းကျင်သော ကျောက်သွေးသမားနှင့် အလားတူသည့် ဓမ္မကထိကဆရာတော် အရှင်ကောဝိဒ၏ ပွတ်သေးပြုပြင် အလှဆင်ပေးမှုကြောင့် ပို၍သစ်လွင် ပြောင်မြောက် ဂုဏ်ရည်တောက်လျက်ရှိပါသည်။

ဆရာတော်အရှင်ကောဝိဒနှင့်မိမိကား တစ်စိမ်းတစ်ရံဆံများ မဟုတ်ကြ၊ အနှစ်နှစ်ဆယ်ကျော်တိုင်တိုင် မိမိစာရေး, စာချလုပ်ခဲ့သည့်“စာချဘုန်းကြီးဘဝ”ကိုငှင်း၊ ဆယ်နှစ်တိုင်တိုင်“မလွန်ဈေး ဆန်လှူအသင်းကြီး၏“နယ်လှည့်ဓမ္မကထိက”အဖြစ် ကျင်လည်ခဲ့သည်ကိုငှင်း၊ အရှင်ကောဝိဒက သိရှိခဲ့ပါ၏၊ အရှင်ကောဝိဒ၏ “ပိဋကတစ်ပုံခွဲအောင် ပရိယတ္တိဝိသာရဒဂုဏ်”နှင့် ပြည့်စုံပုံကိုငှင်း၊ ကန်ဦးဇေတဝန်စာသင်တိုက်ကြီးတွင် ဝန်ဆောင်စာချဘုန်းကြီးဖြစ်ရုံမျှမက အဟောကောင်း အပြောကောင်း “တော်ဝင်ဓမ္မကထိက” တစ်ဦးဖြစ်သည်ကိုငှင်း၊ မိမိကလည်း သိရှိလေးစားခဲ့ပြီးဖြစ်ပါသည်။

အရှင်ကောဝိဒ အမေရိကန်နိုင်ငံ ချီကာဂိုမြို့ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ကြွရောက်သာသနာပြုစဉ် ပန်းသတင်း လေညှင်းဆောင်သကဲ့သို့ပင် သူ၏ဂုဏ်သတင်းများသည် မိမိနေထိုင်ရာ နယူးယောက်မြို့သို့လည်း သင်းပျံ့ကြိုင်လှိုင်လာခဲ့လေသည်၊ “လစဉ် တနင်္ဂနွေတစ်ပတ်ခြားနေ့တိုင်း တရားဟောပေးသတဲ့၊ တရားဟော သိပ်ကောင်းတယ်၊ တရားနာရမှုနဲ့ ဝေးနေကြတဲ့ အမေရိကန်ရောက် ဗုဒ္ဓဘာသာဝင်တွေ အသိဉာဏ်တိုးလို့ သဒ္ဓါတရားတွေ ဝေဖြိုးလာကြသတဲ့”၊ မှန်ပါသည်၊ ချီကာဂိုမြို့မှ ဒကာ ဒကာမများဆီမှတစ်ဆင့် အရှင်ကောဝိဒ၏ တရားခွေများကို နာယူရပါသည်။

နယူးယောက်ရှိ တရားချစ်ခင် သူတော်စင်များကို ဖြန့်ဝေပေးခဲ့ရုံမျှမက ကျောင်းတွင် အခမ်းအနားရှိသောအခါ ထိုတရားခွေများ ဖွင့်လှစ်ပေးခဲ့သည်၊ ဗုဒ္ဓဘာသာဝင်များ အားရရွှင်လမ်း ဝမ်းပန်းတသာရှိခဲ့ကြပါ၏။

အရှင်ကောဝိဒ ချီကာဂိုမြို့မှ နယူးယောက်သို့ အလည်အပတ်ကြွလာမှ လူချင်းတွေ့ဆုံဖြစ်ကြသည်၊ ထိုအခါမှ တစ်ဦးနှင့်တစ်ဦး လေးစားချစ်ခင်မှုမှာ “အချိုပေါ်-သကာလောင်းသကဲ့သို့”ထပ်လောင်းတိုးမြင့်ခိုင်မာလာခဲ့ပေ၏၊ အရှင်ကောဝိဒ ကန်ဦးဇေတဝန်စာသင်တိုက်ကြီး၏ တာဝန်များ မလွှဲမသွေ ထမ်းဆောင်ဘို့ ကြုံလာပြန်သဖြင့် တစ်ဖန် ချီကာဂိုမှ ပြန်ရဘို့ဖြစ်လာ၏၊ ထိုအခါ မိမိက သွားရောက်၍ နှုတ်ဆက်ခဲ့သည်၊ ဤသို့နှင့်“တွေ့ကြုံဆုံကွဲ သံသရာကြီးထဲတွင်” နှစ်ပါးကွဲကွာသွားကြပြန်၏။

၁၉၉၆ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်နေ့တွင် မိမိသည် မေရီလန်းပြည်နယ်၊ ဘော်လ်တီမိုးမြို့၌ “အရှင်ကေလာသကျောင်းတိုက်”ကို ဦးစီးတည်ထောင်၍ သာသနာပြုရန် အခြေပျိုးလျက်ရှိပါသည်၊ ထိုစဉ် အရှင်ကောဝိဒသည်လည်း မေရီလန်းပြည်နယ်သို့ သာသနာပြုရန် မြန်မာပြည်မှရောက်ရှိလာခဲ့ပြန်၏၊

ဝါရှင်တန်ဒီစီ၊ ဆဲလ်ဗားစပရင်းမြို့ရှိ“မင်္ဂလာရာမကျောင်း ၌” သီတင်းသုံးတော်မူ၏၊ စိတ်ကောင်း စာတတ်၍ ဝိနည်းအကျင့်သိက္ခာနှင့်ပြည့်စုံသော သာသနာပြု“ရဲဘော် ရဲဘက်တစ်ဦး”ကို အနီးကပ်ရရှိခဲ့ သဖြင့် အထူးပင် လှိုက်လှဲဝမ်းသာခဲ့ပါသည်။

မှန်ပါသည်၊“စိတ်ကောင်း,စာတတ်,ပုဂ္ဂိုလ်မြတ်၊ လိုအပ်သာသနာ။ ဝိနည်းတော်တတ်,အကျင့်မြတ်၊ လိုအပ်သာသနာ” ဆိုသည့်အတိုင်း သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးအတွက်=

(၁)စိတ်ကောင်းနှလုံးကောင်းရှိသော ရဟန်းတော်များ၊

(၂)ပရိယတ္တိထူးချွန်တတ်ကျွမ်းသော ရဟန်းတော်များ၊

(၃)ဝိနည်းသိက္ခာအကျင့်နှင့် ပြည့်စုံ၍ လေးစားထိုက်သော ရဟန်းတော်များ အထူးပင်လိုအပ်လှပါ သည်၊ နိုင်ငံရပ်ခြား တိုင်တစ်ပါး၌ကား ဤဂုဏ်ပုဒ်များသည် သာသနာပြုပုဂ္ဂိုလ်တို့အတွက် မရှိမဖြစ်သော အရည်အသွေးများပင် ဖြစ်ပါသည်။

နိုင်ငံရပ်ခြားရှိ ဗုဒ္ဓဘာသာဝင် အသင်းအဖွဲ့တို့အနေဖြင့်လည်း ဤအရည်အသွေးများကို “စံထား” ၍ မိမိတို့ ကိုးကွယ်မည့် သာသနာပြုရဟန်းတော်များကို ရွေးချယ်စီစစ်ထိုက်လှပေသည်။

အရှင်ကောဝိဒ“မင်္ဂလာရာမကျောင်းတိုက်သို့”ရောက်ရှိပြီးနောက် သိပ်မကြာပါချေ၊ မိမိမျှော်လင့် ထားသည့်အတိုင်းပင် သူ၏ဂုဏ်သတင်းများသည် တောင်လေသွေးတိုင်း မွှေးကြိုင်လွင့်ပျံ့လာပါသည်၊ “တစ် လလျှင် နှစ်ကြိမ် တရားချီးမြှင့်သတဲ့၊ မင်္ဂလာရာမမှာ တစ်နေ့တစ်ခြား တရားနာပရိသတ်တွေ တိုးတက် စည်ကားလာသတဲ့”– အဟော ဝတ– အော် ကောင်းလေစွ,ကောင်းလေစွ”ဟု ဝမ်းပန်းတသာ နှစ်သက် ရွှင်မြူး ဥဒါန်းကျူးခဲ့မိပါသည်၊ သာသနာပြုဖေါ် ပြုဘက်တစ်ဦး၏ အောင်မြင်မှုသည် မိမိတို့၏ အောင်မြင် မှုပင် ဖြစ်သည်မဟုတ်ပါလော၊ ပရိယတ္တိစွမ်းရည် ထက်မြက်သူတစ်ဦး၏“ဓမ္မလက်နက်သည်” ပစ်မှတ်ကို တိတိပပစိုက်ဝင်သွားသည်၊ ထိုသို့ “ပညာရဲရင့် ပွဲလယ်တင့်”သဖြင့် ဒကာ ဒကာမအများ၏ အားပေးမှု, ထောက်ပန့်မှု,ဂရုဂါရဝပြုမှုကို အလေးအမြတ်ခံယူရရှိကာ “အောင်မြင်မှုသရဖူ”ကို ဆောင်းခဲ့ရပေသည်။

မိမိသည်လည်း အရှင်ကောဝိဒ၏ တရားစီဒီများကို ကိုယ်တိုင်နာယူရုံမျှမက နီးစပ်ရာ ဒကာ ဒကာမ များကိုလည်း ဓမ္မဒါနအဖြစ် အမြဲတမ်း ဖြန့်ဝေဒါနပြုခဲ့ပေသည်၊ အရှင်ကောဝိဒဟောပြောခဲ့သည့် တရားတို့ ကား များလည်းများ၊ စုံလည်းစုံလှပေသည်၊

ထိုတရားတို့သည် သာမန်ဓမ္မကထိက အချို့စာဟောဆရာများကဲ့သို့ ပုံတိုပတ်စ လိုရာဆွဲ၍ ဟိုတစ် စ ဒီတစ်စဟောထားသည့် “ဖြတ်စ ဗျင်းတောင်း–တရားမျိုး”မဟုတ်ပေ၊ သုတ္တန်တစ်ခုခုကို အမိအရ ဆုတ် ကိုင်၍ အဋ္ဌကထာ–ဋီကာလာ အဆိုအမိန့်များနှင့် ကျမ်းညိှကာ ထိထိမိမိ–တိတိပပ ညွှန်ပြ ဟောဆိုထား သည့် တရားတော်များ သာဖြစ်သည်။

(လေယူလေသိမ်း အဆွဲအငင်များဖြင့် အသံကောင်းဟစ်နေသော်လည်း ပရိယတ္တိအရည်အချင်း ကင်းမဲ့သူ တို့၏ ဟောကွက် ပြောကွက်ကို ပရိယတ္တိကျွမ်းကျင်သော ပုဂ္ဂိုလ်များက သိတော်မူကြသည်၊)

၂

ခုအခါ တရားစီဒီများမှတဆင့် ကူးယူ၍ စာအုပ်အဖြစ် ဖြန့်ချိရန် ရည်စူးလျက် "စာမူကြမ်း"အဖြစ် စတင်ပြုစုသည်၊ ဤထုတ်ဝေမည့်စာအုပ်တွင် "ကျမ်းဦးအညွှန်း"ရေးသားပေးပါရန်လည်း အရှင်ကောဝိဒက မိမိကို တိုက်တွန်းပါ၏၊ စာမျက်နှာပေါင်း (၁၄၀)ရှိသည့် စာမူကြီးကို စိတ်ပါဝင်စားလှသဖြင့် တစ်ထိုင်တည်း ဖြင့်ပင် အပြီးဖတ်ရှုဖြစ်ပါသည်၊ ဓမ္မပဒပါဠိတော်၌ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ဂါထာပုဒ်မှာ လေးပါဒ သာရှိ၏၊ စာလုံးရေအားဖြင့်(၃၂)လုံးသာတည်း၊ ထိုလေးပါဒရှိ ဂါထာလေးတစ်ပုဒ်ကို လေးပိုင်းခွဲ၍ အမျိုးမျိုး တန်ဆာဆင် ချဲ့ထွင်ကာ လေးနာရီကြာမျှ ဟောထားလေသည်၊ စာအုပ်အဖြစ် ဖန်တီးလိုက်သောအခါမူ စာမျက်နှာပေါင်း (၁၄၀)အထိ ရှည်လျားခဲ့ပေသည်၊ အံ့ဖွယ်စွမ်းရည်ပါပေတည်း။

(တစ်ပါဒလျှင် စာမျက်နှာ(၃၅)နှုန်းဖြင့် လေးပါဒကို (၁၄၀)စာမျက်နှာဟောထားလေသည်)

ဤတွင် ဗုဒ္ဓလက်ထက်တော်အခါက "ဟောပြောမှုဆိုင်ရာ အထူးချွန်ဆုံး တေဒဂ်ဘွဲ့ရပုဂ္ဂိုလ်များကို သတိရမိသည်၊

(၁)အကျဉ်းကို အကျယ်ချဲ့ဟောစွမ်းနိုင်သောပုဂ္ဂိုလ်တွင် အထူးချွန်ဆုံးပုဂ္ဂိုလ်–အရှင်မဟာကစ္စာယန၊

(၂)ချိုသာသောစကားကို ပြောဆိုမြွက်ကြားနိုင်သောပုဂ္ဂိုလ်တို့တွင် အထူးချွန်ဆုံးပုဂ္ဂိုလ်–အရှင်ကုဋိ ကဏ္ဏသောဏ၊

(၃)ဆန်းကျယ်စွာသောတရားစကားကို မိန့်ကြားမြွက်ဆိုနိုင်သောပုဂ္ဂိုလ်တို့တွင် အထူးချွန်ဆုံးပုဂ္ဂိုလ် –အရှင်ကုမာရကဿပ၊

(၄)ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ် အသားခိုက်အောင် ဟောစွမ်းနိုင်သော ဓမ္မကထိကပုဂ္ဂိုလ်တို့တွင် အထူးချွန်ဆုံးပုဂ္ဂိုလ်– အရှင်ပုဏ္ဏ

ဗုဒ္ဓမြတ်စွာသည် ဟောပြောမှုဆိုင်ရာ အထူးချွန်ဆုံး"တေဒဂ်ဘွဲ့ရ"ပုဂ္ဂိုလ်များကို လေးမျိုးခွဲ၍ ဘွဲ့ထူးဂုဏ်ထူးအနေဖြင့် ချီးမြှင့်ခဲ့သည်၊ အရှင်ကောဝိဒသည် ထူးခြားသော ပါရမီရှင်တစ်ဦးဟု ဆိုရမည်ထင် သည်၊ ဤ"ခဲယဉ်းလေးဖြာ ဒေသနာတရားတော်"ကို ကြည့်ရှုနာယူရသောအခါ အရှင်မဟာကစ္စာယန (အရှင်မဟာကစ္စည်း)ထေရ်ကဲ့သို့ အကျဉ်း (လေးပါဒမျှ)ကို အကျယ်ချဲ့၍ ဝေဝေဆာဆာ ဟောထားသည်ကို တွေ့ရသည်၊ တရားစီဒီခွေဖွင့်၍ နာယူလိုက်လျှင်လည်း ပါဠိတော်,စုဏ္ဏိယ,ဂါထာ,ပလ္လင်ဖွင့်ဘုရားရှိခိုး, တရားသိမ်း ဆုတောင်းဂါထာများ ရွတ်ဆိုထားသည်မှာ အရှင်ကုဋိကဏ္ဏသောဏကဲ့သို့ ငြိမ့်ငြောင်းသာယာ ကြည်ညိုဘွယ် ချိုအေးသောအသံသာဖြင့် တရားနာပရိသတ်၏ စိတ်နှလုံးကို ယူကြုံးဆွဲငင်နိုင်သည့် သတ္တိ ထူးရှိနေပေသည်၊ အရှင်ကုမာရကဿပကဲ့သို့ ဥပမာ,ဥပမေယျ၊ လောက–သဘာဝယုတ္တိ ဥဒါဟရုဏ် သာဓကတို့ဖြင့် သိုင်းဝိုင်းပုံဖော်၍ ပေါ်လွင်အောင် တရားကို အဆန်းတကြယ် ဟောစွမ်းနိုင်ပေသည်၊ အရှင်ပုဏ္ဏမထေရ်ကဲ့သို့ သာသနာတော်နှင့်ဆုံခိုက် အဖိုးတန် လူ့ဘဝရခိုက်တွင် ရုပ်ဓာတ်,နာမ်ဓာတ်တွေ ချုပ်ပြတ်၍ ဒုက္ခဇာတ်သိမ်းရာ နိဗ္ဗာန်ခွင်သို့ ဆိုက်ဝင်နိုင်သည်အထိ နည်းပေးညွှန်ပြထားပေသည်။

မိမိတို့၏ မြတ်ဗုဒ္ဓလက်ထက်တော်တွင် အရှင်အာနန္ဒာထေရ်သည် တေဒဂ်ငါးမျိုး၊ ဘွဲ့ထူးဂုဏ်ထူး (၅)ချက်ကို လက်ဝယ်ပိုင်သ,ချီးမြှောက်ခြင်းခံရသကဲ့သို့ အရှင်ကောဝိဒသည်လည်း အရိမေတ္တယျရှင်တော်

မြတ်အထံတော်၌ ဤဟောပြောမှု ဆိုင်ရာ"ဆုလေးမျိုးလုံး"ကိုပင် တစ်ဦးတည်း ခံယူသိမ်းပိုက်ဖို့ ကြံရွယ်နေသလား မသိရပေ၊ ပုညသမ္ဘာရ ပါရမီအထူး ဆည်းပူးသူတို့အတွက် မြော်မှန်းသည့်"ဆု"သည် မဝေး၊ မိမိ၏ လက်တစ်ကမ်းမှာပင် ရှိလေသည်။

(၃)

"သူတစ်ပါးတို့အား တရားဓမ္မကို ဟောပြောရခြင်းသည် လွယ်ကူသောအလုပ်မဟုတ်ပေ"ဟု ဗုဒ္ဓမြတ်စွာကိုယ်တိုင် မိန့်ကြားတော်မူခဲ့၏၊ ဓမ္မကထိကကောင်းတို့မည်သည် အောက်ဖော်ပြပါ အချက်ငါးချက်ကို ဆင်ခြင်နှလုံးသွင်း၍ ဟောကြရသည်။

(န ခေါ အာနန္ဒ သုကရံ ပရေသံ ဓမ္မံ ဒေသေတုံ= အင်္ဂုတ္တရပါဠိ– ၂၊ ၁၆၂)

(၁)ကထာအစဉ်(စကားအစဉ်အတိုင်း)ဟောပြောမည်။ ("ဒါ,သီ,သဂ်,အာ၊ ဩ,သံ,အာ၊ သတ္တာ နုပုဗ္ဗီ" ဆိုသည့်အတိုင်း (၁)ဒါနကထာ (၂)သီလကထာ (၃)သဂ္ဂကထာ (၄)ကာမာနံ အာဒီနဝကထာ (၅)ကာမာနံ ဩကာရကထာ (၆)ကာမာနံ သံကိလေသ ကထာ (၇)နေက္ခမ္မေ အာနိသံသကထာ–ဟု ကထာအစဉ်အတိုင်းဟောရသည်။

ပရိသတ်ရီရအောင်,ငိုရအောင်,ကာမဂုဏ်ပွါးတိုးအောင် မဟောရ၊ ဒါနပြုသင့်ပုံ, ကိုယ်ကျင့်တရားထိမ်းသိမ်းရပုံမှစ၍ ကာမဂုဏ်တို့ ညစ်ငြမ်းပုံ အပြစ်ပြလျက် နောက်ဆုံး သူတော်စင်ရသေ့ ရဟန်းဘဝ မြင့်မြတ်ပုံ၊ ဈာန်ချမ်းသာ,မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာတို့ကို ရရှိခံစားနိုင်မှ "လောကနိဗ္ဗာန်" ရပုံအထိ ဟောပြောရသည်၊ ချုပ်လိုက်လျှင် ဒါန သီလ ဘာဝနာအထိ ခြုံငုံဟောပြောရ၏။

(၂)ပရိသတ်၏အကြိုက် ပရိသတ်၏စရိုက်ကို ကြည့်ရှုဆင်ခြင်၍ ဟောမည်၊(လူတို့၏ အလေ့အလာ ဝါသနာများသည် မတူကြ၊ တစ်ချို့က လောဘစရိုက်၊ တစ်ချို့က ဒေါသစရိုက်၊ တစ်ချို့က မောဟစရိုက်ရှိသည်။ ဆိုကြပါစို့= ရာဂစရိုက်ရှိသူသည် ကာမဂုဏ်အာရုံများကို မခွဲနိုင် မခွါရက်အောင် စွဲမက်တတ်၏၊ ပရိယာယ်မာယာများ၏၊ ကောက်ကျစ်စဉ်းလဲမှု သာဋ္ဌေယျပေါ၏၊ လောဘကြီး၏၊ မာနကြီး၏။

ဒေါသစရိုက်ရှိသူကား ရန်ငြိုးဖွဲ့ခြင်း–အာဃာတ၊ ငြူစူခြင်း–ဣဿာ၊ ဝန်တိုခြင်း–မစ္ဆရိယ၊ သူတစ်ပါး ဂုဏ်ကို ဖျက်ဆီးလိုခြင်း–မက္ခ၊ ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း–ပဠာသ၊ အဆုံးအမခက်ခြင်း–ဒုဗ္ဗစတရားတို့ ဖြစ်ပွါးလေ့ရှိ၏။

မောဟစရိုက်ရှိသူကားမူ မေ့လျော့ပေါ့ဆတတ်၏၊ ကိစ္စအထွေထွေ ပွေပွေလိမ်လိမ်ရှိ၏၊ ဘယ်အစာ နှစ်သက်၏ဟု အမြဲမရှိ၊ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို မသိတတ်သဖြင့် အရပ်ရပ်ကိစ္စမှာ သူတစ်ကာ၏ နောက်လိုက်သာဖြစ်၏၊ သူများချီးမွမ်းသူကို လိုက်၍ချီးမွမ်းတတ်၏၊ သူများကဲ့ရဲ့သူကို လိုက်၍ကဲ့ရဲ့တတ်၏၊ ဤသို့ လူတို့၏စရိုက်ကို ကြည့်ရှုအကဲခတ်၍ ရာဂ ဒေါသ မောဟနည်းအောင် သင့်တော်မည့် တရား ဟောတတ်ရသည်၊)

(၃)တစ်စုံတစ်ခုသော ပစ္စည်းလာဘ်လာဘ မမျှော်ရ၊ ကရုဏာရှေ့ထားဟောပြောရမည်။

(၄)မိမိသူတစ်ပါး နှစ်ဦးသားတို့ကို မြှောက်လိုက်,နှိပ်လိုက် တိုက်ခိုက်ထိပါးခြင်းမရှိဘဲ ဟောပြောရ၏၊

(၅)ရှည်လျားဆွဲငင် လုပ်သံထင်သော သီချင်းဆိုသံဖြင့် မဟောရ၊

ဤကား ဗုဒ္ဓချမှတ်ပေးထားသည့်"တရားဟောဓမ္မကထိက"တို့ နှလုံးသွင်းလိုက်နာရမည့် စည်းကမ်းချက်များပေတည်း၊ ဗုဒ္ဓအလိုတော်ကျ ဓမ္မကထိကဆိုလျှင် ဤအချက်များနှင့် ကိုက်ညီရပေ၏။

အရှင်ကောဝိဒသည် "ခဲယဉ်းလေးဖြာ ဒေသနာတရားတော်"ဟောကြားရာတွင် အဆို,အငို, ဂီတသီချင်းသံမပါ၊ ပကတိသန့်စင် အေးချမ်းလှသည်၊ မည်သူ့ကိုမျှ မြှောက်ပင့်ခြင်း,နှိပ်ချခြင်း,တိုက်ခိုက်ထိပါးခြင်း, အလျင်းမရှိ၊ မည်သည့် ပစ္စည်းလာဘ်လာဘကိုမျှမမျှော်၊ မိမိအား လျှုဘိုဒါန်းဘို့ စကားအရိပ်အမြွက်မျှပင် မသိ၊ ပကတိရိုးသားသော နှလုံးသားတွင် သိစေချင်, ကျင့်စေချင်, အားထုတ်စေချင်သည့် ဆန္ဒနှင့် ကရုဏာစွမ်းအားတို့ကို ထုံမွမ်းထားသည်၊ ကထာအစဉ် ဒေသနာအစဉ်အတိုင်း ဟောထားသဖြင့် ကြားနာရသူ ဖတ်ရှုရသူတို့၏ သဒ္ဓါန်ဝယ် ဓမ္မသိဂ်ဳရရသာ၊ ဓမ္မဝီရရသာ၊သဒ္ဓါရသတို့ တစ်စိမ့်စိမ့်တိုးပွါး၍ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာအားတို့ အဆင့်ဆင့်ဖြစ်ပွါးလျက် အကျိုးများကြရပေသည်။

(၄)

ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တရပါဠိတော်၌ ပုဂ္ဂိုလ်သုံးဦး ထုတ်ပြတော်မူသည်။ (အင်္ဂုတ္တရ−၁၊ ၃၂၈)
၁။မှောက်ထားသော အိုးနှင့်တူသော ပညာရှိသောပုဂ္ဂိုလ်၊ (အဝကုဇ္ဇပညပုဂ္ဂိုလ်)
၂။ခါးပိုက်နှင့်တူသော ပညာရှိသောပုဂ္ဂိုလ်၊ (ဥစ္ဆင်္ဂပညာပုဂ္ဂိုလ်)
၃။ကျောက်ထက်အက္ခရာအသွင် ထင်မြင်ကြီးမားသော ပညာရှိသောပုဂ္ဂိုလ်၊ (ပုထုပညာပုဂ္ဂိုလ်)

ထိုပုဂ္ဂိုလ်တို့တွင် အဝကုဇ္ဇပညာပုဂ္ဂိုလ်ဟူသည် မှောက်ထားသောအိုးနှင့်တူသော ပုဂ္ဂိုလ်တည်း၊ မှောက်ထားသောအိုးကို မည်မျှပင် ရေခပ်လောင်းထည့်ပါသော်လည်း ရေတစ်စက်မျှမဝင်၊ ထို့အတူ တရားစကား နားပါးမဝင်၊ ပျံ့လွင့် ငိုက်မျည်းများ၍ တရားတော်၏ အစ,အလယ်,အဆုံး လုံးလုံးစိတ်မစိုက်၊ မကြားလိုက်မိသော ပုဂ္ဂိုလ်ပေတည်း၊

ဥစ္ဆင်္ဂပညပုဂ္ဂိုလ်ဟူသည် ခါးပိုက်, သို့မဟုတ် ရင်ခွင်နှင့်တူသောပုဂ္ဂိုလ်ပေတည်း၊ ပုဆိုးစ(ပုဆိုးခါးပုံစ)ကို ခါးပိုက်ပြု၍ ထန်းလျက်ခဲ, မြေပဲလှော်စသည်ထဲ့ထား၏၊ သို့မဟုတ် သစ်သီးခဲဘွယ်စသည်များကို ရင်ခွင်မှာ ထား၏၊ အမှတ်တမဲ့ ပုဆိုးကို ပြင်ဝတ်မိသောအခါ, ထသွားသောအခါများ၌ ထိုစားစရာများ ဖိတ်စင်ကျနေရစ်သကဲ့သို့ တရားနာယူနေစဉ် အစ, အလယ်,အဆုံး ကြားနာမိသော်လည်း ထသွားသည်နှင့် တစ်ပြိုင်နက် စိတ်မဝင်စား၊ သတိမေ့လျော့သွားသောပုဂ္ဂိုလ်တည်း၊

ပုထုပညပုဂ္ဂိုလ်မူကား ကျောက်ထက်အက္ခရာအသွင် ခိုင်မြဲ၍ ထူထဲကြီးမားသော သတိပညာနှင့်ပြည့်စုံသူတည်း၊ အစ,အလယ်, အဆုံးကို သတိဉာဏ်စိုက်လျက် ကြားနာမှတ်သား၍ နှလုံးထားမိ သိတိုင်းကျင့်ဆောင်သော ပုဂ္ဂိုလ်တည်း။

ဤကား တရားနာသူ, ကျမ်းဂန်ကြည့်ရှုသူတို့ဖက်မှ စစ်တမ်းထုတ်ရမည့် အချက်တို့ပေတည်း၊ ငါသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ပေနည်း"?၊ပုထုပညာပုဂ္ဂိုလ်−ကြားနာမှတ်သား၍ နှလုံးထားမိ သိတိုင်း

ကျင့်ကြံ အားထုတ်ကြသော ပုဂ္ဂိုလ်ဖြစ်နေပါပြီလား?။

တရားနာယူရာ ကျမ်းစာကြည့်ရာတို့၌ အကျိုးငါးမျိုးရရှိနိုင်ကြောင်း မြတ်ဗုဒ္ဓက မိန့်ဆိုထားတော်မူ၏။(အင်္ဂုတ္တရပါဠိ ပဥ္စကနိပါတ် –ဓမ္မဿဝနသုတ်)

၁။မကြားဘူးသေးသော အကြောင်းတရားများကို ကြားရခြင်း၊

၂။ကြားဘူးသောအကြောင်းအရာများကို ထပ်၍ ရှင်းလင်းစွာ နားလည်ရခြင်း၊

၃။ယုံမှားသံသယဖြစ်နေသော အချက်များ၌ ယုံမှားကင်းရခြင်း၊

၄။အယူမှန် သမ္မာဒိဋ္ဌိကိုရခြင်း၊

၅။သဒ္ဓါ ပညာတိုးပွါး၍ စိတ်ကြည်လင်ခြင်း၊ ဤအကျိုးတို့ရရှိရန် ရည်သန်၍ တရားနာယူရာ၌သာ ဓမ္မဿဝနကုသိုလ်အစစ် ဖြစ်နိုင်၏၊ ဓမ္မကထိကကို ခင်မင်၍ဖြစ်စေ, ရယ်စရာ မောစရာ အသောပါသဖြင့် ပျော်ရွှင်၍ဖြစ်စေ, "တရားမှ နာဖေါ်မရဘူး၊ အပျင်းထူ လိုက်တာ"ဟု ကဲ့ရဲ့မည်စိုး၍ဖြစ်စေ၊ သူများ အထင်ကြီးအောင်ဖြစ်စေ, ဓမ္မကထိက၏ အရည်အချင်းကို အကဲခပ်ကာ ကဲ့ရဲ့တန်လျှင် ကဲ့ရဲ့ လို၍ဖြစ်စေ နာကြားရာ၌ကား ပေါက်ဖေါ်ကြီးစကားလို "ဝမ်မှာ"စိုးရသည်။

ရှေးတုန်းက ပေါက်ဖေါ်တစ်ယောက် လှေစီးသွားရာ လှေသမားက"ပေါက်ဖော်....... လှေက ယိုလို့ သတိထားထိုင်ပါ"ဟု သတိပေး၏၊ ထိုအခါ ပေါက်ဖေါ်က "လှေထဲ၌ ရှိသောရေတွေ ယိုတာ ဘာအရေးစိုက်စရာရှိလဲ"ဟု ယူဆ၍ အားရပါးရထိုင်၏၊ အတော်ကြာလျှင် တင်ပါးက အေးစက်စက်ရှိ၍ ငုံ့ကြည့်သောအခါ ရေတွေကို မြင်သဖြင့် "ဟင်... မယိုတဲ့အပြင် ဝမ်တောင် ဝမ်သေးသကိုး"ဟု ပြောသတဲ့၊ ထို့အတူ မကောင်းစိတ် ယိုထွက်ဖို့ တရားနာရာ၌ မယိုဘဲ ဝမ်မှာစိုးရသည်။

မှန်ပါသည်၊ တရားနာရာ, စာပေကြည့်ရှုရာတို့၌ အချို့သော စိတ်ဓာတ်ဖျင်းသိမ်လှသော အောက်တန်းစားပုဂ္ဂိုလ်များသည် အပြစ်ရှာသော နား, မျက်လုံးတို့ဖြင့် နားထောင်လေ့၊ ရှုကြည့်လေ့ ရှိကြ၏၊ ဤကဲ့သို့သော အပေါစားပုဂ္ဂိုလ်များကို ကျမ်းဂန်တို့၌ "ရန္ဓဂဝေသီ=အပြစ်ရှာသောပုဂ္ဂိုလ်"ဟုဆို၏၊ မိမိတို့၏ တစ်ပိုင်းကြောင် ကြည့်စာ,မှတ်စာလေးဖြင့် သွေး နားထင်ရောက်ကာ ပိဋကအစွယ် ထောင်တတ်ကြ၏၊ လူရှေ့ သူရှေ့တွင် ကြောင်သူတော်လုပ်ကာ တော်ကြောင်း, တတ်ကြောင်း, ထင်ရှားအောင် ပြုမူတတ်ကြ၏၊ အာဘောင်အာရင်း သန်သန်ဖြင့် ငြင်းခုံ၍ "ငါ့စကား နွားရလုပ်တတ်ကြ၏၊ ထိုကဲ့သို့သော လူယုတ်မာ အပါယ်တစ်လမ်းသွား တို့အတွက် သတိသံဝေဂဖြစ်စေဘို့ လယ်တီဆရာတော်ကြီးက "ပိဋက အစွယ် ထောင်လျှင် အပါယ်ဘောင် ရောက်ပါလိမ့်လေး"ဟု သတိပေးတော်မူခဲ့လေသတည်း။

(၅)

အောက်ပါအဖြစ်အပျက်လေးတစ်ခုသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ ဖြစ်ပျက်ခဲ့ဘူးလေသည်၊ မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေ၏၊ ထိုစဉ် ဒါယကာငါးဦး တရားနာလာကြ၏၊ အရှင်အာနန္ဒာထေရ်သည် ဗုဒ္ဓမြတ်စွာကို ယပ်ခပ်ပေးရင်း အနီးအနား၌ ရှိနေတော်မူ၏၊ ဘုရားရှင်တို့ မည်သည် "ဤသူကား မင်းတည်း၊ ဤသူကား ပုဏ္ဏားတည်း"ဟု အမျိုးဇာတ်ကိုလည်း မကြည့်၊

"ဤသူကား သူဌေး သူကြွယ်တည်း၊ ဤသူကား သူဆင်းရဲ ဖဲ့တည်း"ဟု စည်းစိမ်ချမ်းသာဂုဏ်ကိုလည်း မကြည့်၊ မည်သူ့ကိုမဆို တရားတော်ကိုသာ အလေးအမြတ်ပြုလျက် တရားတော်ကိုသာ ရှေ့သွားပြုလျက် ကောင်းကင်မှ မိုးကြီးများ ရွာသွန်းချလိုက်သကဲ့သို့၄င်း၊ ရေတံခွန်မှ ရေများ ဖြိုးဖြိုးသွန်းချသကဲ့သို့၄င်း၊ တရားမိုးကို ရွာဖြိုးသွန်းချတော်မူလေ့ရှိကြသည်။

ဤသို့ တရားမိုးရွာသွန်းဖြိုးစဉ် ဒါယကာတစ်ဦးသာ အာရုံစိုက်၍ မှတ်သားနေ၏၊ ကျန် ဒါယကာ လေးဦးမှာ တရား၌ နားမဝင်၊ စိတ်တွေလွင့်ပါး ဆော့ကစားနေကြ၏၊ တစ်ဦးသည် တရားနာရင်း ငိုက်မျည်း နေသည်၊ တစ်ဦးကား မြေကြီးကို လက်နှင့်ခြစ်နေ၏၊ တစ်ဦးကမူ သစ်ပင်ငယ်လေးတစ်ပင်ကို လက်ဖြင့်ကိုင်၍ ကလေးလို လှုပ်ယမ်းဆော့ကစားနေသည်၊ ထို့နောက် တစ်ဦးကား ဦးခေါင်းကို မော့လျက် ကောင်းကင်ဆီ မျှော်ကြည့်ကာနေလေ၏၊ အရှင်အာနန္ဒာသည် ထိုသူတို့ အမူအရာ အသွင်အပြင်ကိုမြင်၍=

"မြတ်စွာဘုရား ရှင်တော်မြတ်ဘုရားအနေဖြင့် တရားမိုးကြီးကို သဲကြီးမဲကြီး ရွာသွန်းဖြိုး၍ နေပါ သော်လည်း တစ်ချို့က စိတ်မဝင်စား၊ ဤသို့ ဤနှယ်ပင် ပြုမူနေကြပါသည်ဘုရား"ဟု လျှောက်တင်လေ၏။

"အာနန္ဒာ… ငိုက်မျည်းနေသူသည် ဘဝါးရာတိုင်တိုင် မြွေမျိုး၌ဖြစ်ခဲ့သူတည်း၊ အခွေပေါ် ခေါင်း တင်၍ အိပ်ကျင့်ပါလာသဖြင့် အိပ်ခြင်း, ငိုက်မျည်းခြင်း၌ မတင်းတိမ်, မရောင့်ရဲနိုင်၊ ငါ၏ တရားသံသည် သူ၏နားသို့ မဝင်နိုင်ပေ၊ ထို့အတူ မြေကြီးကို လက်နှင့်ခြစ်နေသူကား ဘဝါးရာတိုင်တိုင် "တီ"ဖြစ်လာသူ တည်း၊ မြေကြီးကို တူးခြစ်နေသဖြင့် ငါဘုရား၏တရားကို နားပါးမဝင်၊ သစ်ပင်လှုပ်ယမ်းနေသူကား ဘဝ ငါးရာတိုင်တိုင် "မျောက်"ဖြစ်ခဲ့ဘူးသူတည်း၊ မျောက်ဘဝ အလေ့အကျင့်များ ထုံလာသူဖြစ်၍ ငါဘုရား၏ တရား၌ စိတ်မဝင်စား၊ မျောက်အသွင်လှုပ်ရှား သစ်ပင်ကိုသာ ဆော့ကစားနေလေ၏၊ ကောင်းကင်ကို မြော်၍ မော်ကြည့်နေသူကား ဘဝါးရာတိုင်တိုင် နက္ခတ်ဗေဒင်ကြည့်သူဖြစ်ခဲ့၏၊ ထိုအလေ့အလာ ဝါသနာ ကြောင့်ပင် ငါဘုရား၏တရားကို မကြားမထင်၊ ကောင်းကင်ကိုသာ မော်ကြည့်နေလေ၏၊ ငါဘုရား၏ တရား တော်ကို စိတ်စိုက်၍နာသူ ဤတစ်ဦးသာလျှင် ဆရာသမားတို့အထံ၌ ဘဝါးရာတိုင်တိုင် ဝေဒသုံးပုံကို စိတ် စိုက်ကာ နာခံမှတ်သား၍ လာခဲ့သူပေတည်း"ဟု ထိုသူတို့၏ စရိုက်ဝလေ့နှင့် ဝါသနာအထုံပါခဲ့ပုံကို မိန့် ကြားတော်မူသည်။

"အရှင်ဘုရား… အရှင်ဘုရား၏ တရားတော်များသည် နာသူတို့အား ရိုးတွင်းချဉ်ဆီ ခိုက်အောင် စွဲငြိစေနိုင်ပါသည်၊ သို့ပါလျက် ဤသူတို့သည် အဘယ့်ကြောင့် ရိုရိုသေသေ လေးလေးမြတ်မြတ် မနာယူနိုင် ကြပါသလဲ မြတ်စွာဘုရား"ပါ၊

"အာနန္ဒာ… ငါဘုရား၏ တရားတော်ကို လူတိုင်း နာယူနိုင်သည်၊ နာယူလွယ်သည်ဟု မမှတ်ထင် နှင့်၊ ငါဘုရား၏ တရားတော်ကို လူတိုင်း မနာယူနိုင်ချေ၊ နာယူခက်သူတို့သာ များလှချေသည်တကား"၊

**"အဘယ့်ကြောင့်ပါလဲ မြတ်စွာဘုရား"ပါ၊**

အာနန္ဒာ… သတ္တဝါတို့သည် ကမ္ဘာသိန်း, ကုဋေပေါင်းများစွာ "ဗုဒ္ဓ ဓမ္မ သံဃ"ဟူသော အသံများကို မကြားဘူးကြ၊ ရုပ်ဓမ္မ, နာမ်ဓမ္မ,သင်္ခတ,အသင်္ခတတရားတို့၏ နာမည်ကိုပင်မသိ၊ "အနိစ္စ, ဒုက္ခ, အနတ္တ" တို့၏ သဘော သဘာဝကို ဆင်ခြင်နှလုံးသွင်းဖို့ဝေးစွ၊ ဤစကားမျိုးကို ကြားပင် မကြားသိရဘူးချေ ။

အနမတဂ္ဂသံသရာတစ်ခွင့်ဝယ် နိယျာနိကသာသနာတော်နှင့်ဆန့်ကျင်သော ဘာသာ စကားလုံးများ(တိရစ္ဆာနကထာ)ကိုသာ ကြားသိခဲ့ကြ၊ သုံးနှုံး ခဲ့ကြ၊ ပြောဆို၍သာ နေခဲ့ကြလေသည်။

သတ္တဝါတို့သည် နိယျာနိကသာသနာထွက် တရားစကားဆိုလျှင် နားမျှမကြားလို၊ ခါးလှချေ၏၊ ထို့ကြောင့် အရက်ဆိုင်, ပွဲလမ်း သဘင်, နိက်ကလာပ်တို့၌သာလျှင် က,ခုန် ယစ်မူး အပျော်ကျူး၍ နေကြကုန်၏၊ တရားဆိုလျှင် မနာယူလို၊ မနာယူနိုင်ကြ၊ နာယူခက်၍ ကျားထက်ပင် ကြောက်ကြလေ၏၊

"အရှင်ဘုရား အဘယ်တရားဆိုးတို့ကြောင့် လူသားတွေ တရားမနာယူနိုင်ဘဲ ရှိနေကြရပါသနည်း၊ (တရားနာဘို့အရေး ဖင့်လေး ပျင်းရိနေကြပါသနည်း–ဟူလို)

**"အာနန္ဒာ… …**

၁။ ရာဂမီးလောင်မြိုက်နေသောကြောင့်၄င်း၊

၂။ ဒေါသဖမ်းစားထားသောကြောင့်၄င့်

၃။ မောဟကွန်ယက်တွင် ညိတွယ်နေသောကြောင့်၄င်း

၄။ တဏှာမြစ်ရေကြော မြောနေသောကြောင့်၄င်း၊ မနာယူနိုင်ကြခြင်းဖြစ်ပေသည်"။

အိုဓမ္မမိတ်ဆွေတို့ … မူးယစ်သောက်စား ပျော်ပါးဘို့, ချိန်းပွဲတွေသွားဘို့, နိုက်ကလာပ်တွေတက်ဘို့ တရားမနာနိုင် တရားအားမထုတ်နိုင်ကြဆိုလျှင် ရာဂမီးလောင်မြိုက်ခံနေရသောကြောင့်ဟု သိပါ။

တရားဟော တရားပြ ကျမ်းစာရေးသားသောပုဂ္ဂိုလ်ကို မကြေနပ်၍ ငါလောက်မသိ, မတပ်ထင်၍ တရားမနာ, တရားအားမထုတ်လျှင် ဒေါသဖမ်းစားခြင်း ခံနေရပြီဟု သိပါ။ အိုနာသေရေး ဒုက္ခဘေးကို မတွေးမိ၊ စားကာ, သောက်ကာ ပျော်မြူးကာဖြင့် လူ့ဘဝတန်ဘိုးဖြုံး၍ မေ့လျော့စွာ နေထိုင်လျှင် မောဟကွန်ယက်တွင် ညိတွယ်နေပြီဟုသိပါ။ သားရေး သွီးရေးကြောင့် စီးပွါးရေးကြောင့် မအားမလပ် တပင်တပန်း လုပ်ကိုင်ရှာဖွေနေရ၍ တရားမနာနိုင်၊ တရားအားမထုတ်နိုင်ဆိုလျှင်ကား တဏှာမြစ်ရေကြော မျှောနေရပြီဟု မှတ်ပါ။

ဤအမေးအဖြေ ဒေသနာနိဂုံးဆုံးလျှင် အလေးအမြတ် စိတ်စိုက်နာယူသော ဒါယကာတစ်ဦးသာလျှင် သောတာပတ္တိမဂ်ညာဏ် ဖိုလ်ညာဏ်ဆိုက်ရောက်၍ အမြိုက်ချမ်းသာကို အားပါးတရ သုံးဆောင်ခံစားရပေသည်၊ ကျန် ဒါယကာလေးဦးကား သက်တော်ထင်ရှား ဘုရားနှင့်တွေ့ရပါလျက် သုံးလူ့ထွဋ်ဇိုတင် ဘုရားရှင်၏ ဒေသနာတော်ကို နာယူရပါလျက် ဗူးလုံးနားမထွင်း အသိကင်း၍ လူဖြစ်ရကျိုးမနပ် ဖြစ်ခဲ့ကြပေသတည်း။(ဓမ္မပဒ ဋ္ဌ ဒု ပဥ္စဥပါသကဝတ္ထု)

အိုစာရှုသူ … သင့်လက်ထဲမှာရှိနေသည့် "ဤခဲယဉ်းလေးဖြာ ဒေသနာတရားတော်"စာအုပ်ကို စိတ်စိုက်မှတ်သား၍ တလေးတစားဖတ်ရှုပါ၊ ထို့နောက် နှလုံးထားမိ သိတိုင်းကျင့်သော"ပုထုပညပုဂ္ဂိုလ်" ဖြစ်အောင်ကြိုးစားပါ၊ သင့်ဘဝသည် ပျော်ရွှင် ချမ်းမြေ့၍ သင်သည် အဖိုးတန်လူသားတစ်ဦးဖြစ်ကာ လူဖြစ်

ရကျိုးနပ်သူ ဖြစ်လာပါလိမ့်မည်။ ။

- ❖ လူ ပီပီသသ ဖြစ်နိုင်ကြပါစေ၊
- ❖ အနှစ်သာရရှိရှိနဲ့ အသက်ရှည်နိုင်ကြပါစေ၊
- ❖ တရားတော်များ နာနိုင်ကြပါစေ၊ နာတတ်ကြပါစေ၊
- ❖ သာသနာနဲ့တွေ့ခိုက်တွင် နည်းမှန်လမ်းမှန်ဖြင့် အသုံးချနိုင်ကြပါစေ။ ။

အရှင်မဟောသဓ ပဏ္ဍိတ
9711 , old Court Rd.
Gwynn Oak,  MD  21244
USA
Tel: (410)922-2227

## အငြိမ်းစားသံအမတ်ကြီး ဦးချစ်မြိုင်၏
## အမြင်

၁၉၇၉–ခုနှစ်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် အမေရိကန်ပြည်ထောင်စုသို့ သာသနာပြုကြွရောက်ခဲ့စဉ်က ဆရာတော်အရှင်သီလာနန္ဒနှင့် ဆရာတော်အရှင်ကေလာသတို့နှစ်ပါးကို အမေရိကန်နိုင်ငံ၌ ရှေးဦးဆုံး ဌာနေသံဃာတော်များ (Resident Monks)အဖြစ် တာဝန်ပေးအပ်ထားခဲ့ရာမှ အရှင်ကေလာသအတွက် တာဝန်ယူထောက်ပန့်နိုင်ရန် ၁၉၈၀–ခုနှစ်တွင် "မြန်မာ–အမေရိကန် ဗုဒ္ဓဘာသာအသင်း"ကို စတင်တည်ထောင်ခဲ့ကြ၏၊ ၁၉၈၂–ခုနှစ်တွင် ဝါရှင်တန်မြို့တော်ဒေသတွင် "မင်္ဂလာရာမ" အမည်ရသော မြန်မာဘုန်းတော်ကြီးကျောင်းသည် ပေါ်ပေါက်လာခဲ့၏။

မင်္ဂလာရာမကျောင်းတွင် တောင်ပုလုဆရာတော်ဘုရားကြီး, မဟာစည်ဩဝါဒါစရိယဆရာတော်အရှင်ပဏ္ဍိတာဘိဝံသ(ယခု ရွှေတောင်ကုန်းရိပ်သာဆရာတော်ကြီး), ချမ်းမြေ့ရိပ်သာဆရာတော်အရှင်ဇနကာဘိဝံသ, သဒ္ဓမ္မရံသီရိပ်သာဆရာတော်အရှင်ကုဏ္ဍလာဘိဝံသ, စသောဆရာတော်ဘုရားကြီးများကလည်း အခါအားလျော်စွာ ကြွရောက်ပြီး ရက်တို ဝိပဿနာတရားစခန်းများ ဖွင့်လှစ်ပေးပြီး ဒေသခံဒါယကာ ဒါယိကာမများအား ချီးမြှောက်တော်မူခဲ့ကြပါ၏။

တရားစခန်းမရှိသည့် ကာလများတွင်မူ မင်္ဂလာရာမကျောင်းတွင် ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများ ရည်မှန်းသလောက် ခရီးမပေါက်ခဲ့ပေ၊ မိမိတို့ကျောင်း၏ ဘေး၌ရှိသော ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ တနင်္ဂနွေနေ့တိုင်း စုဝေးရောက်ရှိလာတတ်သည့် ပရိသတ်ကို တွေ့မြင်ရတိုင်းလည်း မိမိအဖို့ အားမလို အားမရဖြစ်ခဲ့မိပါ၏။

အကြောင်းအားလျော်စွာ ရန်ကုန်မြို့ ၊ ရှစ်မိုင်ခွဲ၊ ရွှေနှင်းဆီလမ်း၊ ကန်ဦးဇေတဝန်စာသင်တိုက်မှ တိုက်အုပ်ဆရာတော် အရှင်ကောဝိဒသည် မင်္ဂလာရာမကျောင်းသို့ နှစ်နှစ်ကာလမျှ ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်ပေးရန် ၁၉၉၇–ခုနှစ် မေလက ကြွရောက်လာခဲ့ရာ လေယာဉ်ကွင်းသို့ သွားရောက်ကြိုဆိုသူများအနက် မိမိလည်းပါဝင်ခဲ့ပြီး ကျောင်းသို့မရောက်မီ လမ်းခရီး၌ပင် အပတ်စဉ် တရားပွဲများ ကျင်းပပေးပါရန် မိမိကတောင်းပန်လျှောက်ထားခဲ့၏၊ အများစု သဘောပေါက်စေရန် အခြေခံမှစပြီး ဟောကြားပေးပါရန်လည်း လျှောက်ထားခဲ့ပါ၏။

ဆရာတော်ဘုရားသည် မိမိ၏ပင်ကိုယ်ရည်ရွယ်ချက်ကလည်း ရှိပြီးဖြစ်သည့်အတိုင်း ပုံမှန်တရားပွဲများကို တစ်ပတ်ခြား တနင်္ဂနွေနေ့တိုင်း ဟောကြားပေးလျက်ရှိပါ၏၊ နေ့စဉ်ရွတ်ဆိုနေကြသည့် "ဩကာသ ဘုရားရှိခိုး"ကိုပင် တရားနာသူတို့ နှစ်နှစ်ကာကာ သဘောပေါက်စေရန် "ဩကာသရှင်းတမ်း"ဟု အမည်တပ်ကာ ဆရာတော်က အသေးစိပ်ဟောကြားလာခဲ့ရာ တရားပွဲစဉ်အမှတ်(၁)မှ အမှတ် (၄)အထိ

လေးကြိမ်မျှဟောခဲ့ရ၏၊ ၄င်းသြကာသရှင်းတမ်းတရားအပြီးတွင် “ခဲယဉ်းလေးဖြာ ဒေသနာ”တရားတော်ကို ဆက်လက်ပြီး ဟောပြန်ရာ တရားပွဲစဉ်အမှတ်(၅)မှ အမှတ်(၈)အထိဖြစ်ခဲ့၏။

ဆရာတော်၏ တရားတော်များကို နာကြားရသူများအဖို့ သဒ္ဓါတရားတိုးပွါးလာခဲ့ကြပြီး မင်္ဂလာရာမကျောင်းတော်တွင် ယခင်ကနှင့်မတူ အထူးစည်ကား သိုက်မြိုက်လာလျက်ရှိပါ၏။ အကျွေးအမွေး အလှူအတန်းများလည်း ပြတ်သည်မရှိ၊ တိုး၍တိုး၍သာ များလျက်ရှိနေရာ သဒ္ဓါရှင်မြူး ကြည်နူး စရာပင်ဖြစ်နေပါ၏၊ အဖွဲ့၏ရံပုံငွေများလည်း တစ်နေ့တစ်ခြား တိုးပွါး၍သာ လာခဲ့ရာ ကျောင်းအဆောက်အဦဝယ်စဉ်က ကျန်ရှိနေသည့် အကြွေးများကိုလည်း အပြီးအပိုင် ပေးဆပ်ပြီးဖြစ်၍ လက်ရှိဓမ္မာရုံကိုပင် တိုးချဲ့ပြုပြင်ရန် စီစဉ် နိုင်လာပြီဖြစ်၏။

ဆရာတော်၏ တစ်ပတ်ခြားဟောပြသည့် တရားတော်များကို တိတ်ခွေဖြင့်ကူးယူပြီး အဖွဲ့ကဖြန့်ဝေလျက်ရှိ၏၊ ထို့ထက်ပို၍ ကျယ်ပြန့်စွာ ပြန့်နှံ့စေလိုသောစေတနာကြောင့် ဆရာတော် မင်္ဂလာရာမကျောင်းတွင် ဟောကြားသည့် တရားတော်များကို စာအုပ်အဖြစ် ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးဖို့ မိမိကပင် လျှောက်ထားတောင်းပန်ခဲ့ရာ ဤခဲယဉ်းလေးဖြာ ဒေသနာတရားတော်သည် မင်္ဂလာရာမကျောင်း သြဝါဒါစရိယဆရာတော်အဖြစ် တာဝန်ယူစဉ်အတွင်း ဆရာတော်ဦးကောဝိဒက ပဌမဦးစွာ ဖေါ်ထုတ်လိုက်သော ဓမ္မဒေသနာပင် ဖြစ်ပါ၏။

လူ့ဘဝကို ရဘို့ခဲယဉ်းကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း ယုံကြည်ကြပါသည်၊ လူ့ဘဝကို ရပြန်တော့လည်း လူတော်လူကောင်း ပီပီသသဖြစ်ဖို့ အလွန်ခဲယဉ်းကြောင်း သိရှိကြပါသည်၊ “ခဲယဉ်းလေးဖြာ ဒေသနာတရားတော်”တွင် ရရှိထားသည့် လူ့ဘဝကို အကျိုးအရှိဆုံးဖြစ်အောင် မိဘနှင့်သားသမီး, ဆရာနှင့်တပည့်, ဇနီးနှင့်ခင်ပွန်း, အလုပ်ရှင်နှင့်အလုပ်သမား, မိတ်ဆွေအချင်းချင်း, ဘုန်းတော်ကြီးနှင့် ဒါယကာစသည် အချင်းချင်း ဘယ်ပုံဘယ်နည်း ဆက်ဆံကြရမည်ကိုပါ ဗုဒ္ဓမြတ်စွာက ဟောကြားထားသည်ကို ပါဠိတော်အကိုးအကားနှင့်တကွ ဆရာတော်က ထောက်ပြထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။
အညွှန်းမာတိကာများကို ဖတ်ကြည့်ရုံမျှဖြင့် ဗုဒ္ဓဘာသာဝင်တို့ သိသင့်သိထိုက်သည့် တရားတော်များကို စာရှုသူတို့ ခြုံငုံမိအောင် ဆရာတော်က အကျယ်တဝင့် ရှင်းလင်းဟောပြထားသည်ကို တွေ့နိုင်မည်ဖြစ်ပါသည်။

ဝါရှင်တန်ဒေသ ၁၉၉၈–ခုနှစ်
ဦးချစ်မြိုင်
အငြိမ်းစားသံအမတ်ကြီး

ခဲယဉ်းလေးဖြာ ဒေသနာတရားတော်

မာတိကာ

အကြောင်းအရာ | စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကုက္ကိုပင်အောက်မှာဟောသည် | ၂ |
| လူတွေ အနှစ်နှစ်သောင်း အသက်ရှည်သည် | ၂ |
| လှေအဆင်း မြင်းအတက် | ၃ |
| ကြက်သွန်မလှီးကောင်း | ၃ |
| လဟုကအာပတ်လဲ ကြောက်စရာ | ၃ |
| ခဲယဉ်းလေးခု အကျဉ်းချုပ် | ၅ |
| တရားအရသာပေါ်အောင် ဖော်ပုံ | ၅ |
| လူ့ဘဝရဘို့ ဘယ်လိုခဲယဉ်းသလဲ | ၅ |
| လူ့ ဘယ်ကစသလဲ | ၆ |
| ကြိုက်တဲ့လမ်းရွေးပါ | ၈ |
| ဘာကြောင့် လူခေါ်သလဲ | ၈ |
| မြင့်မြတ်တဲ့စိတ်ဆိုဒါ ဘာလဲ | ၁၀ |
| မေတ္တာအကြောင်း သိကောင်းစရာ | ၁၀ |
| သူတော်ဘို့ အဓိကလား...?  ငါတော်ဘို့ အဓိကလား...? | ၁၀ |
| မေတ္တာရဲ့ ရန်သူနှစ်မျိုး | ၁၀ |
| ကရုဏာဆိုဒါ ဘာလဲ | ၁၁ |
| ကရုဏာရှင်တို့ရဲ့ သဘာဝ | ၁၁ |
| ကရုဏာ အယောင်ဆောင်တရား | ၁၂ |
| လူ့သစ်ငုတ်တို | ၁၄ |
| သံဃာ မပီသဘူးလို့ မပြောနဲ့ | ၁၄ |
| ကျင့်ဝတ်စည်းကမ်း ပျက်ခြင်း၏ အကျိုးဆက်များ | ၁၅ |
| စောင့်လေမျိုးနွယ်ဆိုဒါ | ၁၇ |
| ဗြဟ္မာကြီးတွေနဲ့ တူသူ | ၂၀ |
| ဘုရားက နိဗ္ဗာန်ရောက်ကြောင်းကိုသာ ဟောသလား | ၂၁ |
| အနာထပိဏ်ရဲ့ထုံး ကျင့်သုံးသင့် | ၂၂ |
| နိုင်ငံခြားရောက်မိဘများ | ၂၃ |
| ဆရာကောင်းဆိုဒါ | ၂၆ |
| ဆရာစားချန်ပြီး မသင်ရဘူး | ၂၆ |

အိမ်ထောင်မှု သာယာရေး၏ သော့ချက်တစ်ခု ၂၇
သိမ်းထုတ်သေချာလား?၊ သုံးထုပ် သေချာလား ? ၂၈
အပေးနဲ့အယူ, အယူနဲ့အပေး ၂၉
ဃဋိကာရထုံး နှလုံးမူပါ ၃၀
တရားကို ကောင်းမွန်းသိလျက် မကျင့်နိုင် ၃၁
ကြိုက်သည်ဖြစ်စေ, မကြိုက်သည်ဖြစ်စေ တိုက်တွန်း ၃၁
ဆရာဘုန်းကြီး၏ ဆုံးမစကား ၃၂
ကန်ဦးဇေတဝန်ရဲ့ ညီညွတ်ရေးစည်းကမ်း ၃၂
အလုပ်သမားများ၏ ခွင့်ရက်နှစ်မျိုး ၃၃
ရဟန်းဆိုဒါ ဖိတ်ထားမှ တောင်းကောင်းသည် ၃၅
စေတနာတံခါး ဖွင့်ထားပါ ၃၅
"တတ်အားလှူစေလား? တအားလှူစေလား? ၃၅
ကိုယ့်အပိုင်း သူ့အပိုင်းခွဲထားရမည် ၃၆
ဓမ္မပါလဆိုဒါ ဘာလဲ ၄၀
အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ ၄၂
တရားနာတာ အသက်ရှည်ကြောင်း ၄၂
အလှူပေးတာလဲ အသက်ရှည်ကြောင်း ၄၃
သမဏဆိုဒါ ရဟန်းကိုခေါ်တာလား? ၄၄
ဗြဟ္မဏဆိုဒါ ပုဏ္ဏားကိုခေါ်တာလား? ၄၅
ငါးပါးသီလသည် အသက်ရှည်ကြောင်း ၄၅
အသက်ရှည်ဘို့က ပဓာနလား? သီလရှိဘို့က ပဓာနလား? ၄၈
သီလကျိုးတယ်ဆိုဒါ ၄၉
သီလပေါက်တယ်ဆိုဒါ ဘာလဲ? ၄၉
"သီလကြောင်"၏ အဓိပ္ပါယ် ၅၀
လွှပ်လပ်ရေးမရတဲ့ သီလ ၅၀
အလုပ်နဲ့တရား ဘာကို အရင်လုပ်ကြမလဲ? ၅၃
စီးပွါးရေးမကောင်းလို့ ငြီးနေရင် လူပျင်း ၅၄
ရောဂါဖြစ်နေရင် ဘာကိုအရင်လုပ်ရမလဲ ၅၄
ဝီရိယနှစ်မျိုး ၅၅
ပညာရှိဘို့က ပဓာနလား? အသက်ရှည်ဘို့က ပဓာနလား? ၅၅
တရားတော်သည် ကြားနာရုံနဲ့ အပူစင်သည် ၅၉
တရားအသံကြောင့် ဖါးလဲ နတ်သားဖြစ် ၅၉
တရားတစ်ပွဲကို နှစ်ဘဝနဲ့ တရားနာသူ ၆၀

တရားနာနိုင်ဘို့ ခဲယဉ်းတာ သေချာရဲ့လား? ၆၁
တရားနာနည်းနှစ်မျိုး ၆၁
ဘိနပ်စီး ထီးဆောင်းပြီး တရားမနာကောင်းဘူး ၆၁
ဦးထုပ်ဆောင်းပြီးလဲ တရားမနာကောင်း ၆၂
အမြင့်က တရားနာကောင်းသလား ၆၂
အိပ်ရင်း တရားနာကောင်းသလား ၆၃
ကားစီး ရထားစီးရင်း တရားနာကောင်းသလား? ၆၃
စိတ်အမူအရာနဲ့ တရားနာနည်း ၆၄
ယောက်ျားများသာ ဘုရားဖြစ်နိုင်သည် ၆၅
သာသနာဆိုဒါ ဘာလဲ? ၆၈
သာသနာကို နည်းမှန် လမ်းမှန်အသုံးချနည်း ၆၉
ရဟန္တာများ ဝါသနာကို မပယ်နိုင် ၇၂
သာသနာကို ဘယ်နည်းနဲ့ သုံးမလဲ? ၇၄

# ခဲယဉ်းလေးဖြာ ဒေသနာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁၉၉၇ခုနှစ် စက်တဘ်ာလ(၅)ရက်နေ့၊ မင်္ဂလာရာမတရားပွဲစဉ်အမှတ်(၅)အဖြစ် ဆင်ယင်ကျင်းပရာ၌ ဟောကြားအပ်သော ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်+အဋ္ဌကထာ၌ လာရှိသော"ခဲယဉ်းလေးဖြာ ဒေသနာ တရား"။

ယနေ့ကစပြီး"ခဲယဉ်းလေးဖြာဒေသနာ"ဆိုတဲ့ တရားခေါင်းစဉ်တစ်ပုဒ်ဖြင့် ဓမ္မဒါနပြုပေးဘို့ အာရုံပြုထားပါတယ်၊ အဲဒီတရားဒေသနာတော်မြတ်ကို မဟောကြ,မနာကြသေးမီ ရှေးဦးစွာ ထိုတရားတော်မြတ်ကို သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ခွဲခြားထုတ်ဖေါ် ဟောကြားတော်မူခဲ့သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကိုမှန်းပြီး လက်အုပ်ချီမိုးရှိခိုးကြရအောင်၊ ပရိသတ်အားလုံး ဘုရားကိုအာရုံပြုထားကြပါ။

**အနာထာနဉ္စ ယော နာထော ၊ ဘီတာနံ အဘယံ ပဒေါ ။**
**ဝိဿာသဘူမိ သန္တာနံ ၊ သရဏံ သရဏေသိနံ။**

ယော နာထော–လူသုံးပါးတို့၏ အားကိုးရာတစ်ဆူ ဖြစ်တော်မူသော အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ အနာထာနံ– ညှိုးငယ်စွာဖြင့် ကိုးကွယ်ရာမဲ့နေကြကုန်သော ပုဂ္ဂိုလ်တို့အတွက်၊ နာထော– ကိုးကွယ်ရာအစစ် ဖြစ်ကြီးဖြစ်တော်မူပါပေ၏၊ ဗုဒ္ဓေါ– သစ္စာလေးတန်တရားမှန်ကို ပြတ်သားထင်ထင် သိမြင်ပေတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဘီတာနံ–ဘေးအန္တရာယ်တွေကြောင့် ကြောက်ရွံ့ထိတ်လန့်နေကြကုန်သောပုဂ္ဂိုလ်တို့အား၊ အဘယံ ပဒေါ– ဘေးမဲ့ရာကိုလည်း ပေးတော်မူတတ်ပါပေ၏၊ ဗုဒ္ဓေါ– သစ္စာလေးတန် တရားမှန်ကို ပြတ်သားထင်ထင် သိမြင်ပေတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ သန္တာနံ– ကိလေသာအပူမီးတို့ဖြင့် မချိအောင် ပူလောင်ငြီးနေကြကုန်သော ပုဂ္ဂိုလ်တို့အတွက်၊ ဝိဿာသဘူမိ– အပန်းဖြေရာ သာလာယံ ဇရပ်ကြီးနှင့်လည်း တူလှပါပေ၏၊ ဗုဒ္ဓေါ–သစ္စာလေးတန် တရားမှန်ကို ပြတ်သားထင်ထင် သိမြင်ပေတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ သရဏေသိနံ– ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခိုရာကို ရှာမှီးနေကြကုန်သော ပုဂ္ဂိုလ်တို့အတွက်၊ သရဏံ– ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာအစစ် ဖြစ်ကြီးဖြစ်တော်မူပါပေ၏၊ တံ ဗုဒ္ဓံ– ထိုလူနတ်ဗြဟ္မာ သတ္တဝါတို့၏ မှီခိုအားထားရာ, ဘေးမဲ့ကိုပေးရာ, အပန်းဖြေရာ သာလာယံ ဇရပ်ကြီးနှင့် တူလှစွာသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ မယံ–တရားဟောပုဂ္ဂိုလ်, တရားနာပုဂ္ဂိုလ် ခေါ်ဆိုကြကုန်သော ထိုထိုများစွာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့သည်၊ နမာမ– မင်္ဂလာစရဏ လက်ဦးစဝယ် ကြည်ဆွကော်ရော် ပူဇော်မြတ်နိုး ရှိခိုးကြပါကုန်၏၊ နမာမ– တရားဟော,တရားနာ ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းညွတ်လျှိုး လက်စုံမိုးကာ ရှိခိုး ဦးညွတ်ကြပါကုန်၏ မြတ်စွာဘုရား။

**ကိစ္ဆော မနုဿပဋိလာဘော ၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။**
**ကိစ္ဆံ သဒ္ဓမ္မဿဝနံ ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။ တိ**

ဣမံ ဓမ္မဒေသနံ သတ္ထာ ဗာရာဏသိယံ ဥပနိဿာယ သတ္တသိရီသကရုက္ခမူလေ ဝိဟရန္တော ဧရကပတ္တံ နာမ နာဂရာဇံ အာရဗ္ဘ ကထေသိ။

ကိစ္ဆော မနုဿပဋိလာဘောတိ ဣမံဓမ္မဒေသနံ– ကိစ္ဆော မနုဿပဋိလာဘော အစဖြာသော ဂါထာဒေသနာတော်ဖြင့် တန်ဆာဆင်ကာ ဟောကြာတော်မူအပ်သော "ခဲယဉ်းလေးဖြာ ဒေသနာ"ဆိုတဲ့ ဤတရားတော်မြတ်ကို၊ သတ္ထာ– လူနတ်တို့၏ ဆရာ တစ်ဆူ ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော် မြတ်ကြီးသည်၊ ဗာရာဏသိယံ–ဗာရာဏသီမြို့ကို၊ ဥပနိဿာယ–အမှီပြု၍၊ သတ္တသိရီသက ရုက္ခမူလေ– ကုက္ကိုခုနှစ်ပင်၏အနီးအောက်၌၊ ဝိဟရန္တော–ဣရိယာပထ မျှတစွင်ပြုး သီတင်းသုံးနေတော်မူစဉ်၊ ဧရကပတ္တံ နာမ –ဧရကပတ္တအမည်ရှိသော၊ နာဂရာဇံ–နဂါးမင်းကို၊ အာရဗ္ဘ–အကြောင်းပြု၍၊ ကထေသိ–ကောင်းစွာ မသွေ ဟောကြားတော် မူခဲ့ပါပေသတည်း။ (သာဓု သာဓု သာဓု )

ဒါဟာ"ခဲယဉ်းလေးဖြာ ဒေသနာ"ဆိုတဲ့ တရားတော်ရဲ့ နိဒါန်းပေါ့၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဗာရာဏသီမြို့တော်၏အနီး ကုက္ကိုခုနှစ်ပင်အောက်မှာ ဧရကပတ္တနဂါးမင်းကို အကြောင်းပြုပြီး ဟောတော်မူခဲ့တဲ့ ဒေသနာဖြစ်ပါတယ်။ တစ်ချို့တစ်ချို့ တရားတော်များကို ဦးဇင်းတို့ ပရိသတ်များ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဟောတယ်လို့ တော်တော်များများ ကြားခဲ့နာခဲ့ရပါတယ်။ ယခု "ခဲယဉ်းလေးဖြာ ဒေသနာ"ဆိုတဲ့ တရားတော်ကိုတော့ သာဝတ္ထိမှာ ဟောတာမဟုတ်ဘူး၊ မြတ်စွာဘုရား ကျောင်းတော်မှာ ဟောတဲ့တရားလဲ မဟုတ်ဘူး၊ ဗာရာဏသီမြို့အနီးက ကုက္ကိုခုနှစ်ပင် တန်းစီပေါက်နေတဲ့ ကုက္ကိုပင်အောက်မှာ မြတ်စွာဘုရား ဟောတော်မူခဲ့ပါတယ်။ ဟောတဲ့အခါကြတော့လဲ လူသား တစ်ယောက်ကို အကြောင်းပြုပြီး ဟောတာမဟုတ်ဘူး၊ နတ်ဗြဟ္မာတွေကို အကြောင်းပြုပြီး ဟောတာလဲ မဟုတ်ဘူး၊ ဧရကပတ္တလို့ ခေါ်တဲ့နဂါးမင်း တိရစ္ဆာန်ကို အကြောင်းပြုပြီး မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်။

ဘာဖြစ်လို့ ဒီဒေသနာကို ဟောတော်မူခဲ့သလဲလို့ အကြောင်းကိုသိရအောင် ဧရကပတ္တနဂါးမင်းရဲ့ အတ္ထုပ္ပတ္တိကို နဲနဲပြောပါမယ်၊ အကျယ်ချဲ့မပြောပါဘူး။ ဧရကပတ္တနဂါးမင်းဆိုဒါ ကဿပမြတ်စွာဘုရား လက်ထက်တော်တုံးက ဘုရားရှင်ရဲ့ သာသနာတော်ကြီးမှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတစ်ပါးအဖြစ် ဝင်ရောက်ပြီး သာသနာ့တာဝန် ထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ကဿပမြတ်စွာဘုရား လက်ထက်တော်တုန်းက လူတွေရဲ့သက်တမ်းဟာ အနှစ်နှစ်သောင်း အသက်ရှည်ပါတယ်၊ လူတွေ အနှစ်နှစ်သောင်းအသက်ရှည်တဲ့အချိန် ကဿပမြတ်စွာဘုရား သာသနာတော်ကြီးမှာဝင်ရောက်ပြီး ဒီဧရကပတ္တနဂါးမင်း အလောင်းအလျာဖြစ်တဲ့အမျိုးသားဟာ သာသနာ့တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ဘုရားရှင်ရဲ့ သာသနာတော်ကြီးမှာ နေတဲ့အခါမှာလဲ အနှစ်နှစ်သောင်းတမ်း ဆိုတော့ ဘယ်လောက်ကြာမယ်ဆိုဒါ စင်းစားကြည့်ပေါ့၊ နှစ်ပေါင်း သောင်းနဲ့ချီပြီး ရဟန်းတရားတွေ အားထုတ်, ဝိနည်းသိက္ခာပုဒ်တော်တွေကို တိတိကျကျ လိုက်နာကျင့်ကြံ အားထုတ်ရင်း ဒီကိုယ်တော်လေးဟာ

နေ့စဉ် နေ့စဉ် ဆွမ်းခံတဲ့အခါမှာ မြစ်တစ်ခုကို ဖြတ်ကူးပြီးမှ ဆွမ်းခံကြွတော်မူပါတယ်။

ဒီလိုကြွတဲ့အခါ နေ့စဉ်နေ့စဉ် ဒီဘက်ကမ်းက တစ်ဘက်ကမ်းကို လှေစီးပြီး ဆွမ်းခံကြွရပါတယ်။ တစ်နေ့တော့ လှေစီးပြီး တစ်ဘက်ကမ်းသို့အရောက် လှေပေါ်ကဆင်းတဲ့အခါမှာ ရေထဲ မြစ်ထဲလိမ့်ကျမလို ဖြစ်သွားပါတယ်၊ "လှေအဆင်း မြင်းအတက်"ဆိုတဲ့ မြန်မာစကားပုံ တစ်ခုရှိပါတယ်၊ မြင်းများဟာ စီးတော့မယ်ဆိုရင် အတက်ခက်ပါတယ်၊ သတိထားပြီး တက်ရပါတယ်၊ အဲဒီလိုပါဘဲ လှေစီးတဲ့ ပုဂ္ဂိုလ်များဟာလဲ လှေပေါ်ကဆင်းတဲ့အခါ တော်တော်သတိထားရပါတယ်၊ မဆင်းတတ်ရင် ခြေထောက်တစ်ဘက်က ကမ်းပေါ်ကို လှမ်းလိုက်တဲ့အချိန် ကျန်တဲ့ ခြေထောက်တစ်ဘက်က လှေကို ကန်ထုတ်လိုက်သလိုဖြစ်ပြီး ရေထဲလိမ့်ကျတတ်ပါတယ်၊ ဒါကြောင့် မြန်မာ စကားပုံက "လှေအဆင်း မြင်းအတက်"လို့ ဆိုပါတယ်။

အခုလဲ ကဿပမြတ်စွာဘုရား သာသနာတော်မှာ သာသနာ့တာဝန်ထမ်းဆောင်တော်မူခဲ့တဲ့ ဧရကပတ္တနဂါးမင်း၏ အလောင်းအလျာ ရဟန်းတော်ဟာ မြစ်ရဲ့တစ်ဖက်ကမ်းရောက်လို့ လှေပေါ်က ကမ်းပေါ်သို့အတက် သတိမထားလိုက်မိဘဲ လှေကို ခြေထောက်တစ်ဖက်နဲ့ ကန်ထုတ်သလိုဖြစ်ပြီး ရေထဲလိမ့်ကျမလိုဖြစ်သွားပါတယ်၊ အဲဒီအခါ မြစ်ကမ်းနဖူးမှာ ပေါက်နေတဲ့ ပိန်းပင်တစ်ပင်ကို ရေထဲ လိမ့်ကျမှာစိုးလို့ လှမ်းပြီးဆွဲလိုက်ပါတယ်၊ ထိုအခါ ရဟန်းတော်လေးဟာ မြစ်ထဲကျတဲ့အန္တရာယ်က လွတ်မြောက် သက်သာသွားပေမဲ့ ဆွဲလိုက်တဲ့ ပိန်းရွက်က ပြတ်သွားခဲ့ပါတယ်၊ ထိုပိန်းရွက်ပြတ်သွားခြင်းကြောင့် ရဟန်းတော်များမှာ "ဘူတဂါမပါတဗျတာယ ပါစိတ္တိယံ" ဆိုတဲ့ သိက္ခာပုဒ်တော်အရ အာပတ်သင့်ပါတယ်၊ ရဟန်းတော်များဆိုဒါ သစ်ပင်,သစ်ရွက်,မြက်စသည်တို့ကို မဖြတ်ကောင်းပါဘူး၊ မခုတ်ကောင်းပါဘူး၊ ခုတ်မယ်, ဖြတ်မယ်ဆိုရင် ပါစိတ်အာပတ်ဆိုတဲ့ အပြစ်ဖြစ်ပါတယ်။

ဒီသိက္ခာပုဒ်တော်ကြီးဟာ အလွန်ကျယ်ဝန်းပါတယ်၊ သစ်ပင်ခုတ်မှ မြက်နှုတ်မှသာ မဟုတ်သေးပါဘူး၊ အပင်ပေါက်နိုင်တဲ့သတ္တိရှိတဲ့ မီးဖိုချောင်ထဲမှာထားတဲ့ ကြက်သွန်စသည်များ, ထိုကြက်သွန်စသည်များမှ ပေါက်လာတဲ့ အညှောက်များကို ဖြတ်ရင်လဲ ရဟန်းတော်များမှာ အာပတ်သင့်ပါတယ်။

စောစောက ရဟန်းတော်ဟာ ထိုကဲ့သို့ အဖြစ်အပျက်တွေကြုံတွေ့ရတော့ သူ့စိတ်ထဲမှာ"ငါတော့ ပါစိတ်အာပတ်သင့်သွားပြီ" ဒီအာပတ်ကို အခြားရဟန်းတစ်ပါးတွေ့ရင် ဒေသနာပြောကြားမယ်လို့ စိတ်ကူးရှိခဲ့ပါတယ်၊ ဒီပါစိတ်အာပတ်ဟာ ကြီးလေးတဲ့အပြစ်တော့ မဟုတ်ပါဘူး၊ လဟုကအာပတ်–ပေါ့ပါးသေးငယ်တဲ့ အာပတ်လို့ခေါ်ပါတယ်၊ အခြားရဟန်းတစ်ပါးကိုတွေ့တဲ့အခါ ထိုရဟန်းတော်အထံမှာ ဒေသနာပြောကြားရင် ကင်းပျောက်နိုင်ပါတယ်။

**လဟုကအာပတ်လဲ ကြောက်စရာ**

ကဿပမြတ်စွာဘုရား လက်ထက်တော်က ထိုရဟန်းတော်ဟာ"ငါတော့ ပါစိတ်အာပတ် သင့်သွားပြီ"လို့ ဝိနယကုက္ကုစ္စတရားနှိပ်စက်ပြီး အခြားရဟန်းတစ်ပါး တွေ့ရင် ဒေသနာကြားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခြားရဟန်းတစ်ပါး တွေ့လိုတွေ့ငြား စောင့်စားရင်း

နောက်ဆုံး ဒေသနာမကြားနိုင်ခဲ့ဘဲ ပျန်လွန်တော်မူခဲ့ပါတယ်၊ ပျံလွန်တော်မူခါနီးအချိန်မှာ "ဟိုတစ်ချိန် လှေပေါ်က ဆင်းလိုက်တဲ့အခါ ပိန်းရွက်ကိုဖြတ်မိလို့ ငါ့မှာ ပါစိတ်အာပတ်နဲ့ပါလားလို့"စင်းစားမိတဲ့ ဝိနယကုက္ကုစ္စ နှိပ်စက်ပြီး ဒီဝိနယကုက္ကုစ္စအပြစ်ကြောင့် ဧရကပတ္တနဂါးမင်းဘဝ အဟိတ်တိရစ္ဆာန်ဖြစ်သွားရပါတယ်။

ဒါကြောင့် ကုက္ကုစ္စဟာ အလွန်ဆိုးပါတယ်၊ အသက်ထင်ရှားရှိစဉ်က ကိုယ့်ကိုယ်ကို လိမ်လို့ရပေမဲ့ သေခါနီးကာလကြရင် လိမ်လို့မရပါဘူး၊ ဒီအချိန်မှာ အာရုံနိမိတ်ကောင်းဘို့လိုပါတယ်၊ တစ်ချို့လဲ အကုသိုလ်တွေ စောစီးစွာလုပ်မိထားပြီး သေခါနီးလေးမှာ အာရုံနိမိတ်ကောင်းသွားလို့ ကောင်းရာသုဂတိ ရောက်သွားတာတွေလဲ အကြောင်းအထွေထွေ့ပွတ္တိတွေရှိပါတယ်၊ ဒါတွေထားပါတော့၊ ဧရကပတ္တနဂါးမင်းရဲ့ အကြောင်းကို ဦးဇင်းက အကျဉ်းချုပ်ပြီးတော့ ပြောနေတာဖြစ်ပါတယ်။

ကဿပမြတ်စွာဘုရား လက်ထက်တော်က ထိုရဟန်းတော်ဟာ ပါစိတ်အာပတ်က ကြီးလေးတဲ့အပြစ်မဟုတ်သော်လဲ ဝိနယကုက္ကုစ္စနှိပ်စက်လို့ တိရစ္ဆာန်ဘဝရောက်သွားရပါတယ်။ နောက်ထပ် ဘုရားတစ်ဆူပွင့်ချိန်ကို စောင့်ရင်းစောင့်ရင်းနဲ့ သူ့မှာအကြံတစ်ခုဖြစ်လာတယ်၊ အကြံက"သူ့သမီး နဂါးမလေးကို မြစ်ကမ်းနဖူးမှာ ကပွဲတစ်ခုဆင်ပြီး မြတ်စွာဘုရား ပွင့်, မပွင့် စုံစမ်းတဲ့သဘောနဲ့ သီချင်းသီကုံးပြီး အဆိုခိုင်းရရင် ကောင်းမှာဘဲ"လို့ စင်းစားပြီး ဆိုခိုင်း, ကခိုင်းပါတယ်၊ ဒီသီချင်းရဲ့အဖြေကို ဖြေဆိုနိုင်တဲ့ သူပေါ်ရင် လောကမှာ ဘုရားပွင့်တော်မူပြီဆိုဒါ အသိအမှတ်ပြုဘို့ မေးခွန်းသဘောပါတဲ့ သီချင်းဆိုခိုင်း, က,ခိုင်းတာဖြစ်ပါတယ်။

ဒီအချိန် ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရားက ဥတ္တရလုလင်ကို သီချင်းရဲ့အဖြေကို သင်ပေးလိုက်လို့ ဘုရားပွင့်မှန်းသိတဲ့အခါ ဧရကပတ္တနဂါးမင်းဟာ ဘုရားရှင်ထံလာပါတယ်၊ မြတ်စွာဘုရားကလဲ ဒီဧရကပတ္တနဂါးမင်းကို အကြောင်းပြုပြီး "ကိစ္ဆော မနုဿပဋိလာဘော"အစရှိတဲ့ ဒေသနာတော်ကို ဟောတော်မူပါတယ်။

**ကိစ္ဆော မနုဿပဋိလာဘော ၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။**
**ကိစ္ဆံ သဒ္ဓမ္မဿဝနံ ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။**

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မနုဿပဋိလာဘော–လူ့ဘဝရဘို့ရန်သည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ လူ့ဘဝရဘို့ ခဲယဉ်းတယ်ဆိုဒါ တစ်ခုလို့ မှတ်လိုက်ပါ။
မစ္စာနံ–သတ္တဝါဝေနေ များဗိုလ်ခြေတို့၏၊ ဇီဝိတံ–အသက်ရှည်ဘို့ရန်လဲဘဲ၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏။ အသက်ရှည်ဘို့ခဲယဉ်းတယ်လို့ အကျဉ်းချုပ် မှတ်ရပါမယ်။
သဒ္ဓမ္မဿဝနံ–သူတော်ကောင်းတရားနာရဘို့ရန်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ တရားနာရဘို့ ခဲယဉ်းတယ်လို့ တစ်ခုမှတ်လိုက်ပါ။

ဗုဒ္ဓါနံ–ဂဏီသဲတူ ပွင့်တော်မူကြကုန်သော ဆူဆူထွတ်ထား မြတ်ဘုရားတို့၏၊ ဥပ္ပါဒေါ–ပွင့်ထွန်း ပေါ် ပေါက်ဘို့ရန်လဲ၊ ကိစ္ဆော– ခဲယဉ်းလှပါပေ၏။ ဣတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ– ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု သာဓု သာဓု)

ဒီနေ့တော့ သာဓုတွေ အကြိမ်များများခေါ်ရလိမ့်မယ်၊ သာဓုအကြိမ်များများ ခေါ်ရတော့လဲ ကောင်း တာပေ့၊ ကြည်နူးစရာလဲ ကောင်းပါတယ်၊ ဒီဒေသနာတော်ရဲ့ အဓိပ္ပါယ်အကျဉ်းချုပ်က (၁)လူ့ဘဝ ရဘို့ ခဲယဉ်းတယ်၊ (၂)အသက်ရှည်ဘို့ ခဲယဉ်းတယ်၊ (၃)သူတော်ကောင်းတရား နာရဘို့ ခဲယဉ်းတယ်၊ (၄)ဘုရားပွင့်ဘို့ ခဲယဉ်းတယ်၊ ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့အတိုင်း ခဲယဉ်းတာ လေးခုရှိပါတယ်။

ဒီနေရာမှာ တစ်ချို့က ပြောတတ်ကြသေးတယ်၊ “တပည့်တော်တို့က အာဝဇ္ဇန်းရှိသလောက် ပြော ဟောနေတာထက် ဘုရားဟော တိုက်ရိုက်ဘဲ နာချင်တာဘုရားတဲ့”၊ ဒီလိုဘုရားဟောတာ တိုက်ရိုက် လောက်ဘဲ သိချင်တယ်၊ နာချင်တယ်ဆိုရင် တရားသိမ်းရုံဘဲ ရှိတော့တာပေ့၊ တကယ်တော့ ဒီဒေသနာ တော်ဟာ ဒီလို လေးပုဒ်ထဲရှိပေမယ့် စာအနေ ကျဉ်းပေမဲ့ ဘုရားရှင်ရဲ့ရည်ရွယ်ချက် အဓိပ္ပါယ်တွေဟာ အလွန်ကျယ်ဝန်းပါတယ်၊ ဒီလောက်ကျဉ်းကျဉ်းလေး ဟောရုံပြောရုံနဲ့ တရားရဲ့အရသာဟာ မပေါ်ပါဘူး၊ တရားရဲ့အရသာပေါ်အောင် ဘုရားဟောထားတဲ့ ဒေသနာတစ်ခုကို ဘုရားဟောထားတဲ့ အခြားသုတ္တန် များစွာနဲ့ ချဲ့ထွင်ပြီး ပေါ်လွင်အောင် ဖေါ်နိုင်မှ တရားရဲ့အရသာ ပေါ်လေပါဘဲ၊ ဒါကြောင့် ဒီဒေသနာကို အခြေခံပြီး ခဲယဉ်းလေးဖြာကို အကျယ်ချဲ့ပြီးဟောဘို့ စီစဉ်ထားပါတယ်။

တရားရဲ့အရသာ ပေါ်အောင် ဖေါ်ပုံ

ခဲယဉ်းလေးခုထဲက ပထမနံပတ်(၁)အကြောင်းအရာကို ဟောရမယ်ဆိုရင် “ကိစ္ဆော မနုဿပဋိလာဘော”တဲ့။

ကိစ္ဆော မနုဿပဋိလာဘောကို ရိုးရိုးလေး ဘာသာပြန်တဲ့အခါမှာ မနုဿပဋိ လာဘော–လူ့ဘဝရဘို့ရန်သည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ ဒါလောက်ပါဘဲ၊ လူ့ဘဝရဘို့ ခဲယဉ်းတယ်ဆို တော့ တစ်ချို့ကပြောတယ်၊ “အရှင်ဘုရား လူ့ဘဝရဘို့ ဘယ်ခဲယဉ်းလို့လဲ၊ တရုပ်ပြည်မှာဆိုရင် လူတွေ သန်းတစ်ထောင်ကျော်ရှိတယ်၊ အိန္ဒိယနိုင်ငံမှာ လူတွေ သန်းပေါင်း(၇၀၀)ကျော်ရှိသတဲ့၊ ဒီအမေရိကန်နိုင်ငံ မှာဆိုရင် သန်း(၃၀၀)လောက်ရှိတယ်လို့ ကြားဘူးပါတယ်တဲ့။

လူတွေ အဲဒီလို သန်းပေါင်း ထောင်ချီပြီး ရှိနေတာ လူ့ဘဝရဘို့ ဘာခဲယဉ်းလို့လဲလို့ သာမန်အပေါ်ယံ တွေးကြည့်ရင် တွေးစရာပါဘဲ၊ သို့သော် ပရိသတ်ကို ဦးဇင်းက ပေါ်လွင်တဲ့ သာဓကတစ်ခုပြပါမယ်၊ အခု ဒီတရားဒေသနာတော် ဟောနေ, နာနေကြတဲ့ ဓမ္မာရုံထဲမှာ လူဘယ်နှစ်ယောက်ရှိသလဲ ကြည့်ပါ၊ ရေတွက် လို့ ရနိုင်သလား?၊ မရနိုင်ဘူးလား?၊ (ရနိုင်ပါတယ်ဘုရား) အခု ဒီအချိန် ဒီဓမ္မာရုံထဲမှာ တရားနာနေတဲ့ လူ ပရိသတ် ဘယ်နှစ်ယောက်ရှိတယ်ဆိုဒါ အတိအကျ လူကိုရေတွက်လို့ ရပါတယ်၊ ဒီဓမ္မာရုံထဲမှာ လူမဟုတ်တဲ့ အခြားသတ္တဝါတွေ ဘယ်လောက်ရှိသလဲလို့မေးရင် ဒို့ပရိသတ် အတိအကျပြောနိုင်သလား?၊

(မပြောနိုင်ပါဘုရား)။

ပေါ်လွင်တဲ့ တိရစ္ဆာန်တစ်မျိုးကိုဘဲ ကြည့်ပါ၊ ဒီဓမ္မာရုံထဲမှာ တိရစ္ဆာန်ပေါင်း ဘယ်လောက်များမလဲ ဆိုဒါ၊ ပုရွက်ဆိပ်တွင်း တစ်တွင်းထဲကိုဘဲ ကြည့်ပါ၊ ဒါကို လက်တွေ့ကြည့်ခြင်းအားဖြင့် လူ့ဘဝရဘို့ ဘယ်လောက်ခဲယဉ်းတယ်ဆိုဒါ စင်းစားမိပါလိမ့်မယ်၊ ဒါကြောင့် မြတ်စွာဘုရားက"လူ့ဘဝရဘို့ ခဲယဉ်းတယ် လို့" ဟောပါတယ်။

"ကိစ္ဆော မနုဿပဋိလာဘော"ဒေသနာတော်ကို ဒီလောက်ဘာသာပြန်ရုံနဲ့လဲ တရားရဲ့အရသာ ဟာ သိပ်ပြီး မပေါ်သေးပါဘူး၊ ဒါကြောင့် အရသာပေါ်အောင် နောက်တစ်မျိုး လေးလေးနက်နက်ဖြစ်အောင် ဘာသာပြန်ပါမယ်။

ဘိက္ခဝေ-ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ မနုဿပဋိလာဘော-လူပီပီသသဖြစ်ဖို့ရန်သည်၊ ကိစ္ဆော-ခဲယဉ်းလှပါပေ၏၊ လူ့ဘဝရဘို့ ခဲယဉ်းတယ်ဆိုဒါကို ပိုပြီးလေးနက်သွားအောင် "လူပီပီသသဖြစ်ဖို့ ခံယဉ်းတယ်"လို့ မှတ်ပါ ၊ ဘာပီသဘို့ ခဲယဉ်းသလဲ?... ...

လူတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ လူမပီသတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်ဆိုဒါ ဒို့ပရိသတ်မှတ်ရမယ်။ ဒီနေရာမှာ "လူဘယ်က စ,သလဲ?၊ လူ့ရဲ့သမိုင်းကြောင်းကို ရှာပေးရမယ်၊ ဖေါ်ပေးရမယ်။

**လူ့အကြောင်း သိကောင်းစရာ**

လူဘယ်က စ,သလဲ?၊ ဘာဖြစ်လို့ လူခေါ်သလဲ?၊ ဘယ်လိုလူမျိုးမှ လူပီသ သလဲ?၊ အဓိပ္ပါယ်သုံးရပ်နဲ့ နဲနဲဖွင့်ရအောင်၊ ပထမတစ်အချက်"လူဘယ်က စ,သလဲ"ဆိုတော့ လောကနယ်ပယ်က ပြောတာတွေ ထည့်မပြောပါဘူး၊ တစ်ချို့က မျောက်ကဆင်းသက်တယ်စသည်ဖြင့် ပြောတာတွေ ကြားဘူးပါတယ်၊ ဒါတွေကို မပြောပါဘူး၊ ဗုဒ္ဓအဘိဓမ္မာနဲ့ ပြောပါမယ်။

"လူ ဘယ်က စ,သလဲ"?။ အဘိဓမ္မတ္ထသင်္ဂဟခေါ်တဲ့ သံဃာတော်များ ပရိယတ္တိသင်ကြားတဲ့ အခါမှာ "လက်သန်းအင်္ဂုကထာ"ဆိုတဲ့ သင်္ဂြိုဟ်စာအုပ်သေးသေးလေးရှိပါတယ်၊ အဲဒီစာအုပ်ထဲက လူ့ဘဝ ဖြစ်စဉ်ကိုပြောတဲ့ ပါဠိနဲနဲရွတ်ပြပါမယ်၊ "ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ"- ကာမာဝစရကုသလမ္ပိ-ကာမာဝစရကုသိုလ်ကံသည်လည်း၊ ကာမသုဂတိယမေဝ-ကာမသုဂတိ(၇)ဘုံ၌ သာလျှင်၊ ပဋိသန္ဓိံ ဇနေတိ-ပဋိသန္ဓေကို ဖြစ်စေနိုင်ပါပေ၏၊ (တနည်း)ပဋိသန္ဓိံ ဇနေတိ-လူဖြစ်စေနိုင်ပါပေ ၏၊ နတ်ဖြစ်စေနိုင်ပါပေ၏။

ကာမသုဂတိ(၇)ဘုံဆိုဒါ နတ်ပြည်(၆)ထပ်နဲ့ လူ့ပြည်ကိုခေါ်ပါတယ်၊ အခုရွတ်ဆိုလိုက်တဲ့ ဒေသနာ တော်က ဘာပြောသလဲဆိုရင် လူဟာ ဘာကြောင့်- ဘယ်ကနေဖြစ်လာသလဲ?= ကာမာဝစရကုသိုလ်ကံ ကြောင့် လူဖြစ်တာတဲ့၊ (တနည်း)ကာမာဝစရကုသိုလ်ကံကနေပြီး လူဖြစ်အောင် လုပ်ပေးလိုက်တာ၊ ဒို့ပရိသတ် မှတ်မိအောင် ပြန်မေးမယ်။ "လူဖြစ်အောင် ဘယ်သူလုပ်ပေးလိုက်သလဲ"?၊ (ကာမာဝစရ ကုသိုလ်ကံက လုပ်ပေးပါတယ်ဘုရား)။

"ကာမာဝစရကံက မဟုတ်ဘူးနော်"၊ အလည်မှာ "ကုသိုလ်"ဆိုတဲ့ စကားလုံးလေးပါတယ်၊ တရားက နဲနဲတော့ လေးနက်လိမ့်မယ်၊ ဘာကြောင့်လဲဆိုရင် အဘိဓမ္မာသဘောတွေ ပါလာလို့ဘဲ၊ ကာမာဝစရကံက မဟုတ်ပါဘူး၊ ကာမာဝစရကုသိုလ်ကံက လူဖြစ်အောင် ဖန်တီးပေးလိုက်ပါတယ်၊ ဒီအချက်ကို မှတ်ပါ။

ဒါဆိုရင် "ကာမာဝစရကုသိုလ်ကံဆိုဒါ ဘာလဲ?၊ ဘယ်ဟာလဲ?၊ ဘာတွေလဲ?၊လို့ နောက်တစ်ဆင့်မေးခွန်းပေါ်လာတယ်၊ ကာမာဝစရကုသိုလ်ကံဆိုဒါ– "ကာမာဝစရကုသလမ္ပိ ကာယဒွါရေ ပဝတ္တံ ကာယကမ္မံ, ဝစီဒွါရေ ပဝတ္တံ ဝစီကမ္မံ, မနောဒွါရေ ပဝတ္တံ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ"၊လို့ အဘိဓမ္မတ္ထသင်္ဂြိုလ်မှာ ဆိုထားပါတယ်၊ ကာယဒွါရနဲ့လုပ်တဲ့ကံ တနည်း စေတနာကို ကာယကံ၊ ဝစီဒွါရ– နှုတ်ကမြွက်ဆိုကြောင်း, စကားပြောဆိုကြောင်းဖြစ်တဲ့စေတနာကို ဝစီကံ၊ စိတ်ထဲမှာ စိတ်ကူးကြောင်းဖြစ်တဲ့စေတနာ (တနည်း)ကံကို မနောကံလို့ ခေါ်ပါတယ်၊ အဲဒီ ကာယကံ,ဝစီကံ,မနောကံသုံးပါးကို ကာမာဝစရကုသိုလ်ကံလို့ ခေါ်ပါတယ်။

ပရိသတ်အပေါင်း သူတော်ကောင်းတို့... နေ့စဉ် နေ့စဉ် ခန္ဓာကိုယ်ကြီးနဲ့ လှုပ်လှုပ်ရှားရှား အလုပ်တွေလုပ်နေကြတယ်၊ အဲဒီ လုပ်ကြောင်း ပြုလုပ်ကြောင်းဖြစ်တဲ့ စေတနာကို ကာမာဝစရကုသိုလ်ကံ, ကောင်းတဲ့အလုပ်ကို ပြုလုပ်ကြောင်းဖြစ်တဲ့ စေတနာကို ကာမာဝစရကုသိုလ်ကံဟု ခေါ်ပါတယ်။

နှုတ်ကလဲဘဲ တနေ့လုံး စကားတွေပြောကြပါတယ်၊ အဲဒီ ကောင်းတဲ့စကားတွေ ပြောဆိုကြောင်းဖြစ်တဲ့ စေတနာကို ကာမာဝစရကုသိုလ်ကံဟု ခေါ်ပါတယ်။

ခန္ဓာကိုယ်နဲ့မလုပ်ဘူး၊ နှုတ်ကမပြောဘူး၊ အလကားမနေဘဲ စိတ်ကူးတွေကြံစည်တယ်၊ ဒီကြံစည်တဲ့အထဲမှာ ကောင်းတာတွေ ကြံစည်ကြောင်းဖြစ်တဲ့ စေတနာကို ကာမာဝစရကုသိုလ်ကံဟု ခေါ်ပါတယ်၊ အဲဒီကောင်းတာတွေ ပြုလုပ်ကြောင်း, ပြောဆိုကြောင်း, ကြံစည်ကြောင်းဖြစ်တဲ့ စေတနာ(ကာမာဝစရကုသိုလ်ကံ)က လူဖြစ်အောင် ဖန်တီးပေးလိုက်တာ၊ လူဟာ အဲဒီ ကာမာဝစရကုသိုလ်ကံ စေတနာကြောင့် လူဖြစ်တာ၊ ဒါကတစ်မျိုး။

နောက်တနည်းပြောသေးတယ်၊ "တထာ ဒါနသီလဘာဝနာဝသေန"၊ တထာ–ထို့အတူ၊ ဒါနသီလဘာဝနာဝသေန–ဒါန သီလ ဘာဝနာအနေအားဖြင့်လဲဘဲ၊ ကာမာဝစရကုသလမ္ပိ– ကာမာဝစရကုသလံနာမ– ကာမာဝစရကုသိုလ်ကံမည်ပါပေ၏။

ကာမာဝစရကုသိုလ်ကံဆိုဒါ ဘာလဲဆိုရင် ဒါန သီလ ဘာဝနာသုံးမျိုးကို ကာမာဝစရကုသိုလ်ကံ ခေါ်ပါတယ်။ ဒီနေ့ ဒါနတွေလုပ်နေတာ ဘာစေတနာနဲ့လုပ်သလဲဆိုရင် ကာမာဝစရကုသိုလ်စေတနာ နဲ့လုပ်တယ်၊ သီလတွေဆောက်တည်နေတာ ဘာစေတနာနဲ့ ဆောက်တည်သလဲ?၊ ကာမာဝစရကုသိုလ်စေတနာနဲ့ ဆောက်တည်တယ်၊ သမထ ဝိပဿနာဘာဝနာအလုပ်တွေ အားထုတ်နေတာ ကာမာဝစရကုသိုလ်စေတနာနဲ့ အားထုတ်နေတာဖြစ်ပါတယ်၊ ဒါကြောင့် ဒါန သီလ ဘာဝနာ ဒီကုသိုလ်သုံးမျိုးကို "ကာမာဝစရကုသိုလ်"လို့ ခေါ်ပါတယ်။

အဲဒီ ဒါန သီလ ဘာဝနာကုသိုလ်စေတနာက လူဖြစ်အောင်လုပ်ပေးလိုက်တာ၊ ဒါကြောင့် လူဘာကြောင့်ဖြစ်သလဲဆိုရင် ဒါနကုသိုလ်,သီလကုသိုလ်,ဘာဝနာကုသိုလ်ကြောင့် လူဖြစ်တယ်လို့ မှတ်လိုက်ပါ။

နောက်တစ်မျိုးလဲ ပြောပါသေးတယ်။ "ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မဝသေန ဒသဝိဓံ ဟောတိ"လို့ အဘိဓမ္မတ္ထသင်္ဂြိုဟ်မှာ ဆိုထားပါတယ်။
အဓိပ္ပါယ်က "လှူဒါ, သီလဆောက်တည်တာ, ကမ္မဋ္ဌာန်းစီးဖြန်းတာ, ကြီးသူတွေကို အရိုအသေပြုတာ, ဝေယျာဝစ္စဆောင်ရွက်တာ, အမျှပေးဝေတာ, သာဓုခေါ်တာ, တရားနာတာ, လာဘ်လာဘမငဲ့ဘဲ တရားဟောတာ, မှန်ကန်သောအယူကို ယူတာတွေ အားလုံးဟာ ကာမာဝစရကုသိုလ်ကံ(စေတနာ)တွေချည်းပါဘဲ။

ပြန်ချုပ်ပြီးပြောရရင်– (၁)ကာယကံ, ဝစီကံ, မနောကံကုသိုလ်၊ (၂)ဒါန သီလ ဘာဝနာကုသိုလ်၊ (၃)ပုညကြိယဝတ္ထုဆယ်မျိုး ဒါတွေအားလုံး ကာမာဝစရကုသိုလ်ကံ(စေတနာ)တွေပါဘဲ၊ ဒီကာမာဝစရကုသိုလ်ကံ(စေတနာ)သည် လူဖြစ်စေတတ်တဲ့ကံ ခေါ်ပါတယ်၊ ဒီကံကြောင့် လူဖြစ်တာလို့မှတ်ပါ။။

ဒီတော့ "လူဘာကြောင့်ဖြစ်သလဲ, ဘယ်က စ ဖြစ်သလဲဆိုရင် ဒီကာမာဝစရကုသိုလ်ကံကြောင့် ဖြစ်တယ်၊ တနည်း ပိုပြီးရှင်းအောင် ပြောရရင် ဒါန သီလ ဘာဝနာကုသိုလ်တွေကြောင့် "လူဖြစ်တာ"လို့ မှတ်ရပါမယ်။ ဒီထက်ချဲ့ရင်လဲ ရပါသေးတယ်၊ ဘာဝနာဆိုတဲ့နေရာမှာ သမထ, ဝိပဿနာလို့ နှစ်မျိုးရှိပါတယ်၊ ဈာန်ကုသိုလ်မဟုတ်သေးဘူး, မဂ်ကုသိုလ်မဟုတ်သေးပါဘူး၊ ဂေါတြဘူဆိုတဲ့ ပရမတ္ထဓမ္မထိအောင် ဒါတွေဟာ ဈာန်လမ်းကဘဲတက်တက်, ဉာဏ်လမ်းကဘဲ တက်တက် သမထဝိပဿနာအားထုတ်လို့ ပထမဆုံး စိတ်အစဉ် တက်သွားတဲ့အခါမှာ ဈာန်မရောက်သေးခင်, မဂ်မရောက်သေးခင် ပရိကံ,ဥပစာ, အနုလုံ, ဂေါတြဘူလို့ ဒီလိုအဘိဓမ္မာသဘောတရားတွေ ရှိပါတယ်၊ အဲဒီ ဂေါတြဘူထိအောင်သည် ကာမာဝစရကုသိုလ်ကံတွေပါဘဲ၊ ဂေါတြဘူကနေ ရှေ့ကိုကူးလိုက်တဲ့အခါကျတော့ ဈာန်ဆိုဒါကို ကူးသွားတာရှိပါတယ်၊ မဂ်ဆိုဒါကို ကူးသွားတာရှိပါတယ်၊ အဲဒီမှာ နှစ်လမ်းသွားနိုင်တာရှိပါတယ်။

ကြိုက်တဲ့လမ်းကို ရွေးပါ

ဈာန်လမ်းဘက်ကိုကူးသွားရင် ဗြဟ္မာပြည်ထိအောင် သွားပါတယ်၊ ဒီလမ်းဟာ သံသရာက မထွက်နိုင်ပါဘူး၊ မဂ်လမ်းဘက်ကို ကူးသွားပြီဆိုရင်တော့ မဂ်ဉာဏ်လေးပါးရဲ့အဆုံး ဖိုလ်ဉာဏ်လေးပါးကိုရောက်ရင် လူပြန်မဖြစ်တော့ဘူး၊ ဒါကြောင့် ဒီလောကုတ္တရာကုသိုလ်ကံကို ဒီနေရာမှာ ထည့်မပြောပါဘူး။

ဘာကြောင့် လူခေါ်သလဲ

ဒုတိယအချက် ဘာကြောင့် လူခေါ်သလဲ?၊ အတ္ထာနတ္ထံ မနတိ ဇာနာတီတိ မနုဿော၊ အတ္ထာနတ္ထံ–အကျိုးရှိသည်–မရှိသည်ကို၊ မနတိ ဇနာတိ–သိတတ်ပါပေ၏၊ ဣတိ တသ္မာ–ထို့ကြောင့်၊ မနုဿော–လူလို့ခေါ်ပါပေ၏။

အကျိုးရှိမှန်း–မရှိမှန်းသိလို့ လူခေါ်တာ၊ ဒီအဓိပ္ပါယ်ကို ပြောင်းပြန် ပြန်လိုက်တော့ အကျိုးရှိမှန်း–မရှိမှန်း မသိဘူးဆိုရင် လူ မခေါ်နိုင်ဘူး၊ တနည်းအားဖြင့် လူ မပီသဘူးပေါ့၊ ကိုယ်လုပ်တဲ့အလုပ်, ကိုယ်ပြောတဲ့အပြော, ကိုယ်တွေးတဲ့ အတွေးအခေါ် အကြံအစည်ကို ကိုယ်ကိုယ်တိုင် သိရမယ်၊ ငါလုပ်နေတဲ့ အလုပ်ဟာ အကျိုးရှိသလား, မရှိဘူးလား၊ ငါပြောနေတဲ့ အပြောဟာ အကျိုးရှိသလား, မရှိဘူးလား၊ ငါစိတ်ကူးနေတဲ့ အကြံအစည်တွေဟာ အကျိုးရှိသလား, မရှိဘူးလားလို့ သိမှ လူ ခေါ်ပါတယ်။

အဲဒီလို ကိုယ်ပြောနေတာ ဘာပြောမှန်းမသိဘူး၊ အကျိုးရှိမှန်း, မရှိမှန်း မသိဘူး၊ ကိုယ်လုပ်နေတာ အကျိုးရှိမှန်း, မရှိမှန်း မသိဘူး၊ ကိုယ်တွေးခေါ် ကြံစည်နေတာတွေ အကျိုးရှိမှန်း, မရှိမှန်း မသိဘူးဆိုရင် ဘာဖြစ်မလဲ?၊ လူ မခေါ်ဘူး၊ တနည်းပြောရရင် လူ မပီသဘူးပေါ့၊ ဒါကြောင့် လောကမှာ လူတွေအများကြီး ရှိပေမယ်လို့ လူတိုင်းလူတိုင်း ကိုယ်လုပ်နေတဲ့အလုပ်ကို အကျိုးရှိတယ်, မရှိဘူးဆိုဒါ သိပ့ါမလား?၊ မသိဘူး၊ ကိုယ်ပြောနေတာ ကိုယ့်ပါးစပ်က ပြောနေပေမဲ့ မသိဘူး၊ မျက်စိနှလုံးပွင့်တဲ့အချိန်ကစပြီး မျက်စိနှလုံးမှိတ်အိပ်တဲ့အချိန်ထိ တစ်နေ့လုံး မနားဘဲ ပြောနေတာ၊ ဒါပေမဲ့ ကိုယ်ပြောနေတဲ့ စကားတွေဟာ အကျိုးရှိ သလား, မရှိဘူးလားဆိုဒါ မသိဘူး၊ အကျိုးရှိတဲ့နေရာမှာလဲ ဘယ်လောက်အတိုင်းအတာထိအောင် အကျိုးရှိသလဲ?၊ ငါ့အတွက်သာ အကျိုးရှိသလား?၊ သူတစ်ပါးအတွက်ရော အကျိုးရှိရဲ့လား?၊ သူတစ်ပါးအတွက်သာ အကျိုးရှိသလား?၊ ငါ့အတွက်ရော အကျိုးရှိရဲ့လား?၊ ဒီလိုခွဲခြား သိရပါမယ်။

ကိုယ့်အတွက်, သူတစ်ပါးအတွက် အကျိုးရှိတဲ့နေရာမှာလဲ ဒီနေ့အတွက်သာ အကျိုးရှိသလား?၊ နက်ဖန်အတွက်ကော အကျိုးရှိရဲ့လား?၊ ဒီလအတွက်သာ အကျိုးရှိသလား?၊ နောက်လအတွက်ကော အကျိုးရှိရဲ့လား?၊ ဒီဘဝအတွက်သာ အကျိုးရှိသလား?၊ နောက်ဘဝအတွက်ကော အကျိုးရှိရဲ့လား?၊ အဲဒီလို ကွဲကွဲပြားပြား ခွဲခြားပြီး သိမှ လူခေါ်ပါတယ်။

ကိုင်း ဒို့ပရိသတ် လူ ပီသဘို့လွယ်ရဲ့လား?၊ ဒါကို မြတ်စွာဘုရားမိန့်တော်မူနေတာ၊ သူတစ်ပါးနဲ့ စကားမပြောဘဲ တစ်ယောက်ထဲ နေတဲ့အချိန်မှာ တွေးနေတာဘဲ၊ အဲဒီအတွေးတွေလဲဘဲ ဒီလိုသိရမှာ၊ "ငါတွေးတဲ့ အတွေးဟာ အကျိုးဘယ်လောက်ရှိသလဲ၊ ကိုယ့်အတွက် အကျိုးရှိသလား၊ သူတစ်ပါးအတွက် အကျိုးရှိသလား၊ တစ်ဘဝအတွက်သာ အကျိုးရှိသလား၊ ဘဝဆက်တိုင်း ဆက်တိုင်းအတွက် အကျိုးရှိသလား၊ ဒီလိုခွဲခြားပြီး သိတာကို လူလို့ ခေါ်တာပါ။ ဒီလိုခွဲခြားပြီး မသိဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ လူဖြစ်ပေမဲ့ လူ မပီသဘူး၊ ဒါကြောင့် လူပီသဘို့ ခဲယဉ်းတယ်ဆိုတဲ့အကြောင်း "ကိစ္ဆော မနုဿပဋိလာဘော"–ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မနုဿပဋိလာဘော–လူပီသဘို့ရန်သည်၊ ကိစ္ဆော–ခဲယဉ်း လှပါပေ၏၊ မခဲယဉ်းဘူးလား ပရိသတ်?၊ (ခဲယဉ်းပါတယ်ဘုရား)၊ ဒီအတွက် နှုတ်ထဲရောက်အောင် ဆိုရမယ်။

**"လူဖြစ်လာငြား ထိုသူများ လူသားပီဘို့ ခဲယဉ်းသည်"**

(သုံးခေါက်ဆိုပါ)

လူဖြစ်ပေမဲ့လို့ လူသားပီပီသသ ဖြစ်ဖို့ကတော့ ခဲယဉ်းတယ်ဆိုတဲ့အတိုင်း ဒီကနေ ဦးဇင်းတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ဟာ ဒို့ဒီလို တရားနာရတာ အကျိုးရှိသလား၊ မရှိဘူးလားဆိုတာ သိသလား၊ (သိပါတယ်ဘုရား)၊ သိလို့ ဒို့အကျိုးရှိတဲ့အလုပ်တော့ လုပ်မှဘဲလို့ ဒီအတွေးအခေါ်နဲ့ ဒီဓမ္မာရုံထဲမှာ လာစုကြတာ၊ အဲဒီလို အကျိုးမှန်း, မရှိမှန်းသိလို့ ဘာခေါ်တယ်?၊ (လူခေါ်ပါတယ်)၊ လူပီသတယ်၊ ဒါဟာ "လူ"ရဲ့ အဓိပ္ပါယ်။

နောက်တစ်မျိုး ပြောရအုံးမယ်၊ "မနသော ဥဿန္နတ္တာ မနုဿော"၊ မနသော–စိတ်ဓာတ်အားဖြင့်၊ ဥဿန္န–မြင့်မြတ်သူတည်း၊ မနုဿော–စိတ်ထားမြင့်မြတ်သောသူ။ ဘာလို့ လူခေါ်သလဲဆိုရင်၊ စိတ်ထားမြင့်မြတ်လို့ လူ ခေါ်ပါတယ်၊ ဘာဖြစ်လို့ လူ ခေါ်သလဲ?၊ (စိတ်ထားမြင့်မြတ်လို့ လူခေါ်ပါတယ်ဘုရား)၊ ဒါကို ပြောင်းပြန် ပြန်လိုက်တော့ စိတ်ထားအောက်တန်းကျရင် ဘာဖြစ်မလဲ၊ လူ မပီသတော့ဘူး၊ လူတော့ ဟုတ်ပါတယ်၊ လူ မပီသတော့ဘူး။

ဒီတော့ "မြင့်မြတ်တဲ့ စိတ်ထားဆိုဒါ" ဘာတွေလဲ?၊ ဒီအချက်ကို ဒေသနာတော်တွေရှိသလောက် အကျယ်မချဲ့ပါဘူး၊ သိသင့်သလောက် အတိုင်းအတာတစ်ခုကိုဘဲ ပြောပါမယ်၊ မြင့်မြတ်တဲ့စိတ်ဆိုဒါ ဒို့ပရိသတ် ဗြဟ္မစိုရ်တရားဆိုဒါ ကြားဘူးပါတယ်၊ ဗြဟ္မစာရ– ဗြဟ္မစိုရ်၊ ဗြဟ္မ–မြင့်မြတ်တဲ့၊ စာရ–အကျင့်၊ ဗြဟ္မစာရ–မြင့်မြတ်တဲ့အကျင့်၊ ဘာတွေလဲဆိုရင် မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ ဒီတရားလေးမျိုးဟာ မြင့်မြတ်တဲ့တရားခေါ်မလား၊ နိမ့်ကျတဲ့တရားလို့ ခေါ်မလား?၊ (မြင့်မြတ်တဲ့တရားလို့ ခေါ်ပါတယ်ဘုရား) ဒါဖြင့်ရင် မေတ္တာစိတ်, ကရုဏာစိတ်,မုဒိတာစိတ်, ဥပေက္ခာစိတ်ရှိတဲ့လူကို "မြင့်မြတ်တဲ့စိတ် ရှိတယ်လို့ခေါ်မလား?၊ အောက်တန်းကျတဲ့စိတ် ရှိတယ်လို့ ခေါ်မလား?၊ (မြင့်မြတ်တဲ့စိတ်ရှိတယ်လို့ ခေါ်ပါတယ်ဘုရား)၊ ဒီလေးမျိုးထဲက ဒို့ပရိသတ်ကို မေတ္တာရယ်,ကရုဏာရယ်, မုဒိတာရယ် ဒီသုံးလုံးလောက်ကိုဘဲ ပြောပါမယ်။

**မေတ္တာအကြောင်း**

မေတ္တာဆိုဒါ "ဟိတာကာရပဝတ္တိလက္ခဏာ မေတ္တာ–သူတစ်ပါးအကျိုးစီးပွါး ဖြစ်စေချင်နေတာကို မေတ္တာခေါ်ပါတယ်၊ အဲဒီမေတ္တာစိတ်ဓာတ်မွေးနိုင်တဲ့ပုဂ္ဂိုလ်၊ မေတ္တာစိတ်ဓာတ် ပွါးနိုင်တဲ့ပုဂ္ဂိုလ်ကို လူပီသတယ်လို့ ခေါ်ပါတယ်၊ ပြောင်းပြန် ပြန်လိုက်ရင် မေတ္တာစိတ် မထားနိုင်တဲ့ပုဂ္ဂိုလ်တွေဟာ လူဟုတ်ပေမဲ့ လူ မပီသဘူးလို့ ဆိုလိုပါတယ်၊ ဒါကြောင့် ဒို့ပရိသတ်ကို တလောတုန်းက ပြောခဲ့ဘူးပါတယ်၊ "သူတော်ကောင်းဆိုဒါ– သူတော်တာ, မတော်တာ၊ သူကောင်းတာ, မကောင်းတာ အဓိကမဟုတ်ဘူး၊ ငါတော်ဘို့, ငါကောင်းဘို့က အဓိကပါလို့"။

ဒါကြောင့် ကိုယ့်ကိုယ်ကို လူပီသအောင် နံပတ်(၁)ကြိုးစားရမယ်၊ ဒီနေရာမှာ လူဆိုတော့ ဘုန်းကြီးတွေ မပါဘူးလားလို့ဆိုရင် ဘုန်းကြီးတွေလဲ ပါပါတယ်၊ အကုန်အတူတူပါဘဲ၊ နောက်ပိုင်းကျတော့ ပါလာပါလိမ့်မယ်၊ ဒါကြောင့် မေတ္တာစိတ်ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ လူဟုတ်ပေမဲ့ လူ မပီသပါဘူး။

ဒီမေတ္တာဖြစ်ဘို့ရာ မေတ္တာမှာ(၁)အနီးရန်သူ (၂)အဝေးရန်သူရယ်လို့ ရန်သူနှစ်မျိုးရှိပါတယ်၊ မေတ္တာပွါးတဲ့အခါ ပွါးရင်းပွါးရင်းနဲ့ ရာဂသဘောဘက်ကို သက်ဝင်သွားရင် မေတ္တာမှာ ရန်သူကပ်ဝင် ခံရတယ်လို့ ခေါ်ပါတယ်၊ ရန်သူနှိပ်စက် ခံရတယ်လို့ ခေါ်ပါတယ်၊ မေတ္တာပွါးတဲ့ပုဂ္ဂိုလ်များဟာ ရာဂဘက်ကို မရောက်စေရဘူး၊ မယိမ်းယိုင်စေရဘူး ရာဂဘက်ယိမ်းယိုင်သွားရင် အဲဒီမေတ္တာ ပျက်သွားပါတယ်၊

ဒါဟာ မေတ္တာရဲ့အနီးရန်သူလို့ ခေါ်ပါတယ်။

မေတ္တာရဲ့ အဝေးရန်သူဆိုဒါ ဒေါသတရားပါဘဲ၊ မေတ္တာဆိုဒါ သတ္တဝါပညတ်ကို အာရုံပြုပြီးတော့ ပို့ရတာဖြစ်ပါတယ်၊ မေတ္တာရဲ့အာရုံဟာ ပညတ်တရားပါ။ ပရမတ္ထတရားကို အာရုံပြုပြီးတော့ မေတ္တာပို့လို့ မရပါဘူး၊ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ရုပ်တွေ, နာမ်တွေကို ကျမ္မာပါစေ,ချမ်းသာပါစေလို့ ပရမတ္ထသဘောတရား တွေကို အာရုံပြုပြီးတော့ မေတ္တာပွါးလို့ မရပါဘူး၊ မေတ္တာဆိုဒါ ပုဂ္ဂိုလ်သတ္တဝါတည်းဟူသော ပညတ်ကိုသာ အာရုံပြုပြီးပွါးရပါတယ်၊ ဒါကြောင့် ပုဂ္ဂိုလ်တစ်ယောက်ကို အာရုံပြုပြီးတော့ မေတ္တာပွါးနေတဲ့အချိန် ပွါးရင်း ပွါးရင်းနဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ အားနည်းချက် ချို့ယွင်းချက်တွေ စိတ်ထဲပေါ်လာတဲ့အခါ ဒေါသစိတ်ဖြစ်မိရင် အဲဒီ မေတ္တာပျက်တတ်ပါတယ်၊ ဒေါသသည် မေတ္တာရဲ့ အဝေးရန်သူလို့ ခေါ်ပါတယ်။

မေတ္တာပို့ရင်းပို့ရင်းနဲ့ မေတ္တာအပို့ခံရတဲ့ ပုဂ္ဂိုလ်အပေါ်မှာ ရာဂဘက် ယိုင်သွားရင်လဲ မေတ္တာပျက်ပါ တယ်၊ ဒေါသဘက် ယိုင်သွားရင်လဲ မေတ္တာပျက်ပါတယ်၊ ဒါကြောင့် မေတ္တာပို့တဲ့အခါ ရာဂဘက်ကိုလဲ မယိုင် စေနဲ့၊ ဒေါသဘက်ကိုလဲ မယိုင်စေနဲ့၊ ဒါကို အထူးသတိထားရပါတယ်၊ ဒီလိုအထူး သတိထားပြီး မေတ္တာကို ကျကျနန ပွါးနိုင်တဲ့ပုဂ္ဂိုလ် မေတ္တာစိတ်ဓာတ် ထားနိုင်တဲ့ပုဂ္ဂိုလ်ကို လူ ပီသတယ်လို့ခေါ်ပါ၊ အဲဒီ မေတ္တာစိတ် ကို "မြင့်မြတ်တဲ့စိတ်"လို့ ခေါ်ပါတယ်။

**ကရုဏာအကြောင်း** ကရုဏာဆိုဒါ သာမန်ပြောရလို့ရှိရင် သနားတာကို ကရုဏာလို့ခေါ်ပါတယ်၊ စာပေနဲ့ ပြောတဲ့အခါကျတော့ "ပရဒုက္ခေ သတိ–သူတစ်ပါး ဒုက္ခရောက်နေတာတွေ့ရင်၊ ပရဒုက္ခသ အပနယန လက္ခဏာ–ထိုသူတစ်ပါး၏ဒုက္ခကို ပယ်ရှားလိုခြင်း,ကယ်တင်လိုခြင်းသဘောတရားကို ကရုဏာလို့ ခေါ်ပါ တယ်၊ မြန်မာလိုရှင်းရှင်းပြောတော့ သနားတယ်လို့ သုံးပါတယ်။

နောက်တစ်မျိုးက "ကံ သုခံ ရုန္ဓတီတိ ကရုဏာ"တဲ့၊ ကံ သုခံ–ချမ်းသာကို၊ ရုန္ဓတိ–ပိတ်ပင်တတ်၏၊ ဣတိ–ထို့ကြောင့်၊ ကရုဏာ ကရုဏာလို့ခေါ်ပါပေ၏။ (အဓိပ္ပါယ်) ကရုဏာကြီးမားတဲ့ပုဂ္ဂိုလ်များဟာ သူတစ်ပါးချမ်းသာမယ်ဆိုရင် ကိုယ့်ချမ်းသာကို စွန့်ပယ်နိုင်ကြတယ်တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သတ္တဝါဝေနေယျတွေအပေါ်မှာ ကရုဏာဘယ်လောက်ကြီးသလဲဆိုရင် ဒီပင်္ကရာမြတ်စွာဘုရားနဲ့တွေ့စဉ် သုမေဓာရှင်ရသေ့ဘဝတုန်းက ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းမှာ နိဗ္ဗာန်ချမ်းသာကိုယူရင် ရနိုင်ပါ လျက် သတ္တဝါအားလုံးတို့အပေါ်မှာ သနားကရုဏာကြီးမားတော်မူလွန်းလို့ ကိုယ်ရမည့် နိဗ္ဗာန်ချမ်းသာကြီး ကို စွန့်နိုင်ခဲ့ပါတယ်။

ဒီကရုဏာရဲ့ လက္ခဏာကိုပြောရရင် ပရဒုက္ခာပနယနလက္ခဏာ–သူတစ်ပါးဒုက္ခတွေကို ပယ်ရှားချင် တဲ့ ကယ်တင်ချင်တဲ့ သဘောတရားရှိပါတယ်၊ ဒုက္ခရောက်နေတဲ့သူတွေကိုတွေ့ရင် ဒီဒုက္ခတွေကို ပယ်ချင် တယ်, ကင်းစေချင်တယ်ဆိုဒါ ကရုဏာပါဘဲ။

ကရုဏာ၏
ရန်သူများ

ကရုဏာမှာလဲ အနီးရန်သူ, အဝေးရန်သူရယ်လို့ ရန်သူနှစ်မျိုးရှိပါတယ်၊ အနီးရန်သူဆိုဒါ ဒုက္ခရောက်သူကို သနားရင်း သနားရင်း ဘာဖြစ်တတ်သလဲဆိုရင် သောကဘက်ရောက်သွားတတ်ပါတယ်၊ သောကဆိုဒါ ကရုဏာအစစ်မဟုတ်ပါဘူး၊ တရားကိုယ်ကောက်ရင် ဒေါမနဿဝေဒနာပါဘဲ၊ ကရုဏာပျက်သွားပါတယ်၊ ဒါကြောင့် စာပေမှာ "သောကော ကရုဏာယ သတ္တေ ဝဉ္စေတိ- သောကသည် ကရုဏာယောင်ဆောင်ပြီး သတ္တဝါတွေကို လှည့်စားတတ်တယ်"လို့ ဆိုထားပါတယ်။ ကရုဏာအစစ်ကား ကုသိုလ်သဘောရှိ၍ စိတ်ကို ကြည်ကြည်လင်လင်ဖြစ်စေပါတယ်၊ ကရုဏာအတုအယောင်ဖြစ်တဲ့ သောကသည် စိတ်ကိုညစ်စေပါတယ်။

သနားတာကို အခြေခံပြီး မခံချင်စိတ်နဲ့ ညှင်းဆဲတဲ့ ဝိဟိံသလို့ဆိုတဲ့ ဒေါသသဘောဘက် ရောက်သွားတတ်တယ်၊ ဒါဆိုရင် ကရုဏာပျက်သွားပါတယ်။

(ဥပမာ)ဖါးလေးတစ်ကောင်ကိုမြွေကကိုက်တဲ့အခါ ဖားအော်သံကြားပြီး ကြည့်လိုက်တော့ ဖားကို သနားလို့ ဖားလေး သေတဲ့ဒုက္ခက လွတ်ပါစေတော့အနေနဲ့ မြွေကိုရိုက်သတ်တယ်ဆိုပါစို့၊ ဒီနေရာမှာ ကရုဏာကိုအခြေခံပြီး ဒေါသဘက် ယိုင်သွားပါတယ်၊ အဲဒါကရုဏာပျက်တယ်၊ ဒါကြောင့် ဒေါသဘက်လဲ မယိုင်အောင်, သောကဘက်လဲ မယိုင်အောင် ကရုဏာကိုပွါးရမယ်၊ ဒီလို ကရုဏာကိုပွါးနိုင်တဲ့ပုဂ္ဂိုလ်ကို မြင့်မြတ်တဲ့စိတ်ဓာတ်ရှိတဲ့အတွက်ကြောက် လူ ပီသတယ်လို့ ခေါ်ပါတယ်။

မုဒိတာအကြောင်း

မုဒိတာကို လွယ်လွယ်ဘာသာပြန်တော့ ဝမ်းသာကြည်နူးတာကို မုဒိတာခေါ်ပါတယ်၊ အရာရာပြည့်စုံနေသူကို တွေ့ရမြင်ရတဲ့အခါ သူတော်ကောင်းစိတ်ဓာတ်နဲ့ ဣဿာမဖြစ်ဘဲ ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့သဘောသည် မုဒိတာမည်ပါသည်။

များသောအားဖြင့် သတ္တလောကကြီးဟာ သူတစ်ပါးတွေ ပညာတတ်တာ, ရုပ်အဆင်းလှတာ, ပစ္စည်းချမ်းသာတာ,စတဲ့ပြည့်စုံမှုကို ကြည့်ပြီး မုဒိတာမပွါးနိုင်တာများတယ်၊ ဣဿာဖြစ်တာများတယ်၊ ဒီလို သူတစ်ပါးပြည့်စုံတာကို မကြည့်နိုင်ခြင်းဟာ ဣဿာပါဘဲ၊ ဒီဣဿာဖြစ်ရင် မုဒိတာပျက်ပါတယ်၊ ဒီလိုမုဒိတာပျက်ပြီး ဣဿာများနေတဲ့ပုဂ္ဂိုလ်တွေကို မြင့်မြတ်တဲ့စိတ်ထားမရှိတဲ့အတွက် လူ မပီသဘူးလို့ ခေါ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက"ကိစ္ဆော မနုဿပဋိလာဘော-လူပီသဘို့ ခဲယဉ်းတယ်"လို့ ဟောခဲ့တဲ့အတွက် ကိုယ့်အိမ်ထဲမှာ, ကိုယ့်ရပ်ကွက်ထဲမှာ, ကိုယ်နေတဲ့မြို့ထဲမှာ, ကိုယ်ရောက်နေတဲ့နိုင်ငံထဲမှာ လူပီသတဲ့သူ ဘယ်လောက်များများ ရှိသလဲဆိုဒါကြည့်ပါ၊ ဣဿာတွေများပြီး မုဒိတာမပွါးနိုင်သူတွေ အားလုံးဟာ ဘယ်လိုလူမျိုးဘဲဖြစ်ဖြစ် လူ မပီသတဲ့သူတွေချည်းဘဲလို့ မှတ်ရပါမယ်၊ မေတ္တာ,ကရုဏာ, မုဒိတာ,ဆိုတဲ့ မြင့်မြတ်တဲ့စိတ်ထားရှိသူမှ လူပီသတယ်လို့ခေါ်ပါတယ်။

ဒါကိုမြတ်စွာဘုရားက"ကိစ္ဆော မနုဿပဋိလာဘော"၊ ဘိက္ခဝေ-ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မနုဿပဋိလာဘော- လူ ပီသဘို့သည်၊ ကိစ္ဆော-ခဲယဉ်းလှပါပေ၏၊ ဣတိ-ဤသို့၊ ဘဂဝါ-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ- ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါ

ပေသတည်း။ (သာဓု သာဓု သာဓု)၊
ဒါကြောင့် လူပီသအောင်ဆိုရင် (၁)အကျိုးရှိတာ, မရှိတာကို သိအောင်လုပ်ရမယ်၊ (၂)မေတ္တာ,ကရုဏာ, မုဒိတာဆိုတဲ့ မြင့်မြတ်တဲ့စိတ်ထားရှိအောင် လုပ်ရမယ်၊ ဒါကိုမှတ်မိဘို့ စောစောက ဆောင်ပုဒ်ကို ထပ်ဆိုရအောင်=

## "လူဖြစ်လာငြား ထိုသူများ လူသားပီဘို့ ခဲယဉ်းသည်"

လူဘယ်က စသလဲ, ဘာကြောင့် လူခေါ်သလဲဆိုတဲ့ အဓိပ္ပါယ်တွေ ပြောခဲ့ပြီးပြီ၊ ရှေ့ကိုဆက်ပြောရမယ်ဆိုရင် လူဖြစ်လာပြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဒီလူ့လောကထဲ ရောက်လာတာနဲ့တစ်ပြိုင်နက် လူဆိုတဲ့ ဝေါဟာရမှ နောက်ထပ် "သားသမီး"ဆိုတဲ့ ဝေါဟာရအသစ်ပေါ်လာတယ်၊ မိဘဆိုတဲ့ ဝေါဟာရအသစ်ပေါ်လာတယ်၊ ဒါဟာ လူဆိုတဲ့ဝေါဟာရကနေပြီး တဆင့် ဝေါဟာရအသစ်တွေပေါ်လာတာ၊ အဲဒီ မိဘနဲ့သားသမီးတွေမှာ အသီးအသီးကျင့်ရမဲ့ ကျင့်ဝတ်တွေ ရှိသလား?၊ မရှိဘူးလား?၊ (ရှိပါတယ်ဘုရား)။

အဲဒီကျင့်ဝတ်တွေထဲက မိဘကလဲ မိဘကျင့်ဝတ်ကျေပွန်မှ ဒီမိဘဟာ မိဘပီသတယ်၊ လူပီသတယ်လို့ခေါ်ပါတယ်၊ သားသမီးကလဲ သားသမီးကျင့်ဝတ်တွေ ကျေပွန်မှ သားသမီးပီသပါတယ်၊ လူပီသတယ်လို့ခေါ်ပါတယ်၊ ဝတ္တရားမကျေပွန်တဲ့ မိဘနဲ့သားသမီးတွေဟာ လူ မပီသဘူးလို့ဆိုရပါတယ်၊ ဒါကို မြတ်စွာဘုရားက " ကိစ္ဆော မနုဿပဋိလာဘော–လူပီသဘို့ ခဲယဉ်းတယ်လို့ ဟောတာပါဘဲ။

အဲဒီနောက် ဒီလိုလူ့ဘဝရောက်လာပြီး အသက်(၄)နှစ်,(၅)နှစ်လောက် ရောက်တဲ့အခါ အဲဒီလူသားက ဒီအတိုင်းမနေဘဲ ဘယ်ကို သွားသလဲ?၊ ပညာသင်ဘို့ ကျောင်းကိုသွားပါတယ်၊ ကျောင်းသွားပြီ ဆိုကထဲက ဒီလူသားမှာ "ဆရာရယ်,တပည့်ရယ်"ဆိုတဲ့ ဝေါဟာရအသစ်တွေ တိုးလာပြန်တယ်၊ ဆရာနဲ့တပည့်မှာလဲ အသီးအသီး ဝတ္တရားတွေရှိတော့ ဒီဝတ္တရားတွေကျေပွန်မှ ဆရာပီသ, တပည့်ပီသပါတယ်၊ လူပီသ, တယ်လို့ခေါ်ပါတယ်၊ ဝတ္တရားမကျေပွန်တဲ့ ဆရာ, တပည့်တွေဟာ ဆရာ,မပီသဘူး၊ တပည့် မပီသဘူး၊ လူမပီသဘူးလို့ ဆိုလိုပါတယ်၊ ဒါကို မြတ်စွာဘုရားက"ကိစ္ဆော မနုဿပဋိလာဘော–လူပီသဘို့ ခဲယဉ်းတယ်၊ ဆရာပီသ, တပည့်ပီသဘို့ ခဲယဉ်းတယ်လို့ ဟောပါတယ်။

**အိမ်ထောင်သည် ဘဝ**

ကျောင်းနေပြီးလို့ တော်တော်လူလားမြောက်လာတဲ့အခါ လူ့လောကသဘာဝအရ ဒီအတိုင်းမနေဘဲ အိမ်ထောင် ပြုပြီလဲဆိုရော "လင်ရယ်,မယားရယ်"ဆိုတဲ့ ဝေါဟာရအသစ်တွေ တိုးလာပြန်တယ်၊ အဲဒီ လင်,မယား(ဇနီး+ ခင်ပွန်း)တွေမှာလဲ အသီးအသီး ဝတ္တရားတွေရှိပါတယ်၊ ဇနီးကလဲ ဇနီးဝတ္တရားကျေမှ, ခင်ပွန်းကလဲ ခင်ပွန်းဝတ္တရားကျေမှ ဇနီးပီသ, ခင်ပွန်းပီသပါတယ်၊ လူ ပီသပါတယ်၊ ဝတ္တရားမကျေပွန်တဲ့ ဇနီး,ခင်ပွန်းတွေဟာ ဇနီး မပီသ, ခင်ပွန်း မပီသဘူး၊ လူ မပီသဘူးလို့ ဆိုလိုပါတယ်၊ ဒါကိုလဲ မြတ်စွာဘုရားက"ကိစ္ဆော မနုဿပဋိလာဘော–လူပီသဘို့ ခဲယဉ်းတယ်၊ ဇနီးပီသဘို့, ခင်ပွန်းပီသဘို့ ခဲယဉ်းတယ်လို့ ဟောလိုခြင်းဖြစ်ပါတယ်။

အပေါင်းအသင်း
ရှိရမယ်

လူ့လောကအလယ်မှာ နေကြပြန်တော့ အပေါင်းအသင်း သူငယ်ချင်းဆိုဒါ ရှိရပါတယ်၊ လူဆိုဒါ အသိုင်းအဝိုင်းရှိရပါတယ်၊ အသိုင်းအဝိုင်းမရှိတဲ့သူကို"လူ့သစ်ငုတ်တို"လို့ပြောကြတယ်၊ လူဆိုဒါ အသိုင်းအဝိုင်းနဲ့ နေတဲ့အမျိုးအစားပါ။ ဒီလိုမိတ်ဆွေအပေါင်းအသင်းရှိတော့ သူငယ်ချင်းမိတ်ဆွေ အချင်းချင်း ကျင့်ရမည့်ဝတ္တရားတွေ ဘုရားရှင်ဟောထားပါတယ်၊ အဲဒီသူငယ်ချင်းခြင်း ကျင့်ရမည့်ဝတ္တရားတွေ ညီညွတ်မှ ကျေပွန်မှ သူငယ်ချင်းပီသနိုင်ပါတယ်၊ လူပီသနိုင်ပါတယ်၊ တာဝန်ဝတ္တရားတွေ ပျက်ကွက်ရင် သူငယ်ချင်း မပီသဘူး၊ လူ မပီသဘူးလို့ဆိုလိုပါတယ်၊ ဒီအချက်ကိုရည်ရွယ်ပြီးတော့လဲ "ကိစ္စော မနုဿပဋိလာဘော-လူ ပီသဘို့ ခဲယဉ်းတယ် သူငယ်ချင်းပီသဘို့ ခဲယဉ်းတယ်"လို့ ဟောခြင်းဖြစ်ပါတယ်။

အလုပ်သမားဘဝ

ပညာတွေတတ်မြောက်ပြီးတဲ့အခါ လူ့ဘဝစားဝတ်နေရေး, ကျန်းမာရေးအတွက် စီးပွါးရှာကြ အလုပ်လုပ်ကြရပြန်တယ်၊ အဲဒီလို အလုပ်လုပ်ကြပြန်ပြီဆိုတော့ "အလုပ်ရှင်, အလုပ်သမား"ဆိုတဲ့ ဝေါဟာရအသစ်တိုးပြန်တယ်၊ ဒီအခါ အလုပ်သမားမှာ အလုပ်သမားများ လိုက်နာရမည့် ဝတ္တရား စည်းကမ်းရှိသလို အလုပ်ရှင်မှာလဲ အလုပ်ရှင်စည်းကမ်းဆိုဒါ ရှိရပါတယ်၊ အဲဒီအလုပ်ရှင်နဲ့ အလုပ်သမားတွေဟာ အသီးသီး မိမိတို့ကျင့်ရမည့် ကျင့်ဝတ်စည်းကမ်းတွေကို ဖေါက်ဖျက်ကြမယ်, မပြည့်စုံကြဘူးဆိုရင် အလုပ်ရှင်မပီသ နိုင်ဘူး၊ အလုပ်သမား မပီသနိုင်ဘူး၊ ဒါဆိုရင် လူပီသဘို့လဲ ခဲယဉ်းသွားပြီးပေ့ါ၊ ဒါကြောင့် အလုပ်ရှင်, အလုပ်သမားလောကမှာလဲ လူပီသဘို့ ခဲယဉ်းတဲ့အတွက် "ကိစ္စော မနုဿပဋိလာဘော-လူပီသဘို့ ခဲယဉ်းသည်"လို့ ဗုဒ္ဓက ဟောခဲ့တာဖြစ်ပါတယ်။

ဆရာ+ဒကာ
ဘဝ

နောက်ထပ် ဝေါဟာရအသစ် ဘာတွေပေါ်လာနိုင်သေးသလဲဆိုရင် အသိဉာဏ်ရင့်ကျက်လာတဲ့အခါ မိမိယုံကြည်ရာ ဘာသာ သာသနာတွေကို ကိုးကွယ်ဆည်းကပ်လာပြီဆိုတော့"ဆရာ+ဒကာဆိုတဲ့"ဝေါဟာရပေါ်လာပါတယ်၊ ဒီအခါ ဆရာ(ဘုန်းကြီး)ကလဲ ဆရာ(ဘုန်းကြီး)ရဲ့ ကျင့်ဝတ်၊ ဒါယကာကလဲ ဒါယကာရဲ့ကျင့်ဝတ်တွေ ပြည့်စုံညီညွတ်ဘို့လိုပါတယ်၊ ဒါမှလဲ ဆရာ(ဘုန်းကြီး)ပီပီသသ, ဒါယကာပီပီသသဖြစ်ကြမှာပါ၊ ဘုရားတရားတော်တွေဟာ သိပ်ပြီး စေ့စပ်သေချာ တာဘဲ၊ ဒါယကာ, ဒါယိကာမများမှာ လိုက်နာရမည့် စည်းကမ်းတွေရှိသလို ဆရာ(ဘုန်းတော်ကြီး)များ ဘက်ကလဲ လိုက်နာရမည့် စည်းကမ်းတွေ အပြည့်အစုံ ဟောထားပါတယ်။

ဒီစည်းကမ်းကျင့်ဝတ်တွေကို ဒါယကာ,ဒါယိကာမတွေက မလိုက်နာ မပြည့်စုံဘူးဆိုရင် ဒီဒါယကာ, ဒါယိကာမတွေဟာ လူပီသဘို့ခဲယဉ်းပါတယ်၊ ဒါယကာ,ဒါယိကာမတွေကသာ ပြည့်စုံပြီး ဆရာ(ဘုန်းတော်ကြီး) များဘက်က ကျင့်ဝတ်တွေ ပျက်ကွက်ရင် မပြည့်စုံရင် အဲဒီဘုန်းကြီးတွေလဲ ဘာ မပီသဖြစ်မှာလဲ---------- ဘုန်းကြီး မပီသဘူးဖြစ်မှာပေ့ါ၊ ရဲရဲတင်းတင်း ပြောကြစမ်းပါ၊ ဗုဒ္ဓကိုယ်တိုင်ဟောထားတာပါ။

ဒီနေရာမှာ တစ်ခုတော့ရှိပါတယ်၊ အသုံးအနှုံးကို "သံဃာမပီသဘူး"လို့တော့ မပြောနဲ့၊ သံဃာမှာ သံဃာ မပီ မသရယ်လို့ မရှိပါဘူး၊ ပုဂ္ဂိုလ်များမှာသာ ပီသတယ်, မပီသဘူးဆိုဒါ ရှိပါတယ်၊ ဒီလိုခက်ခဲလွန်း

လို့ မြတ်စွာဘုရားက“ကိစ္ဆော မနုဿပဋိလာဘော–ဆရာပီသဘို့ ဒါယကာပီသဘို့ ခဲယဉ်းတယ်”လို့ ဟော ခဲ့တာပေါ့။

ဒါကြောင့် ကျင့်ဝတ္တရားတွေ စည်းကမ်းတွေဟာ အသီးအသီးရှိနေကြတာဘဲ၊ ဒီကျင့်ဝတ်စည်းကမ်း တွေ ပြည့်စုံမှ ကောင်းပါတယ်၊ မပြည့်စုံရင် ကိုယ်လိုချင်တဲ့ ချမ်းသာကိုလဲ မရနိုင်ပါဘူး၊ မြတ်စွာဘုရားရဲ့ ဒေသနာတစ်ခုမှာ=

**ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။**
**အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။**

အဓိပ္ပါယ်က= ဝတ္တံ အပရိပူရေန္တော–ဝတ္တရားတွေ မပြည့်စုံကြဘူး, ပျက်ကွက်ကြမယ်ဆိုရင်၊ သီလံ န ပရိပူရတိ–သီလဘယ်တော့မှ မပြည့်စုံဘူးတဲ့၊ အသုဒ္ဓသီလော ဒုပ္ပညော–သီလမရှိဘဲ ပညာမဲ့သောပုဂ္ဂိုလ် များမှာ၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ–သမာဓိမရနိုင်ဘူးတဲ့။

**ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ ၊သမ္မာ ဓမ္မံ န ပဿတိ။**
**အပဿမာနော သဒ္ဓမ္မံ ၊ ဒုက္ခာ န ပရိမုစ္စတိ။**

အဓိပ္ပါယ်က=ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ–စိတ်တွေပျံ့လွင့်ပြီး သမာဓိမရှိသူသည်၊ သမ္မာ ဓမ္မံ န ပဿတိ –တရားကိုမှန်ကန်စွာ မသိနိုင်ဘူးတဲ့၊ အပဿမာနော သဒ္ဓမ္မံ– သူတော်ကောင်းတရားကို မှန်ကန်စွာ မသိ မမြင်နိုင်သောပုဂ္ဂိုလ်သည်၊ ဒုက္ခာ န ပရိမုစ္စတိ–ဆင်းရဲဒုက္ခမှ မလွတ်နိုင်ဘူးတဲ့၊ ဒါတွေဟာ ဝတ္တရား ပျက်ကွက်တာကစပြီး ရရှိလာတဲ့ အကျိုးဆက်တွေပါဘဲ၊ ဒါကြောင့် ဆင်းရဲဒုက္ခကလွတ်ချင်ရင် ဓမ္မသဘာဝ တွေကို အမှန်အတိုင်း သိအောင်လုပ်ရမယ်၊ ဓမ္မသဘာဝတွေကို အမှန်အတိုင်း သိဘို့ဆိုဒါလဲ သမာဓိရှိဘို့လို ပါတယ်၊ သမာဓိရှိဘို့အတွက်ကျတော့ သီလလိုလာတယ်၊ သီလရှိဘို့အတွက် ဝတ္တရားကျေဘို့ လိုပါတယ်၊ အဲဒီဝတ္တရားကျေပွန်မှ လူပီသနိုင်ပါတယ် ဝတ္တရားတွေပျက်နေသ၍ လူပီသဘို့ ခဲယဉ်းတယ်၊ ဒါကိုရည်ရွယ် ပြီး မြတ်စွာဘုရားက=

“ကိစ္ဆော မနုဿပဋိလာဘော”၊ ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မနုဿ ပဋိလာ ဘော–လူပီပီသသဖြစ်ဘို့ရာသည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ ဣတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ– ကောင်းစွာမသေွ ဟောကြားတော်မူခဲ့ပါပေ သတည်း။ (သာဓု သာဓု သာဓု)

ဆောင်ပုဒ်တစ်ခုကို ဆိုရအောင်

**“လူ့ကျင့်ဝတ်များ ပြည့်စုံငြား လူသားပီနိုင်သည်”**

(သုံးခေါက်ဆိုပါ)

အထက်ကဆိုခဲ့ပြီးတဲ့ ဆောင်ပုဒ်နဲ့ပေါင်းပြီး တစ်ခေါက်ဆိုရမယ်၊ ပထမဆောင်ပုဒ်က အမေးသဘော မျိုးနဲ့ အခုဒုတိယဆောင်ပုဒ်ကို အဖြေပုံစံပေါ့။

**“လူဖြစ်လာငြား ထိုသူများ လူသားပီဘို့ ခဲယဉ်းသည်”**
**“လူ့ကျင့်ဝတ်များ ပြည့်စုံငြား လူသားပီနိုင်သည်”**

လူ့ကျင့်ဝတ်တွေကို အပြည့်အစုံပြောဘို့ လိုလာပြီဖြစ်လို့ တစ်ခုချင်းပြောရမယ်၊ ပထမဆုံးကျင့်ဝတ်က မိဘနဲ့သာသမီး၊ မိဘကျင့်ဝတ်,သားသမီးကျင့်ဝတ်တွေနဲ့ပတ်သက်ပြီး ပါဠိတွေ အကုန်မရွတ်ဆိုတော့ဘဲ သင်္ဇာ ဆရာတော်ရဲ့ လင်္ကာနဲ့ပြောပါမယ်၊ ဒီကျင့်ဝတ်တွေ ဘယ်မှာဟောထားသလဲဆိုရင် ဒီဃနိကာယ် ပါထိကဝဂ္ဂ ပါဠိတော် သိင်္ဂါလသုတ်မှာ အပြည့်အစုံ ဟောထားပါတယ်။

မိဘနဲ့သားသမီး
ကျင့်ဝတ်များ

"သားသမီးဝတ္တရားငါးပါး"

**ကျွေးမေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊**
**စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ် သားတို့တာ။**

သားသမီးများက မိဘတို့အပေါ် ပြုကျင့်ဆောင်ရွက်ရမည့် ဝတ္တရားငါးပါးဖြစ်ပါတယ်။

(၁)ကျွေးမွေးမပျက်ဆိုဒါ မိမိတို့ ငယ်စဉ် ကလေးဘဝတုန်းက မိမိတို့ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ မိဘတွေကို ဒီမိဘတွေ အိုမင်း မစွမ်းဖြစ်တဲ့အခါ မိမိကပြန်လည်ပြီး ကျွေးမွေးစောင့်ရှောက်ရပါတယ်၊ မိမိက ပြန်လည်ပြီး ကျွေးမွေးစောင့်ရှောက်နိုင်ပါလျက် မကျွေးမွေး မစောင့်ရှောက်ဘူးဆိုရင် အဲဒီသားသမီး ဝတ္တရား ကျေပါ့မလား?၊ (မကျေပါဘုရား)၊ ဝတ္တရားမကျေရင် ဒီသားသမီး ဘာဖြစ်မလဲ?၊ လူ မပီသဘူး၊ ဒို့ပရိသတ်... သေချာစင်းစားနော်၊ သူတစ်ပါးကို နောက်မှကြည့်ပါ၊ မိမိကိုယ်ကို မိမိအရင်ကြည့်၊ ငါတို့မှာ မိဘရှိသလား?၊ မရှိဘူးလား၊ ကြည့်လိုက်၊ ရှိတယ်ဆိုရင် အဲဒီရှိတဲ့မိဘကို ငါတို့ကျွေးမွေးရဲ့လား၊ မကျွေးမွေးရသေးဘူး ဆိုရင် "ငါလူမပီသသေးဘူး"လို့မှတ်လိုက်ပါ။

တစ်ချို့ကလဲ ဒို့မိဘတွေမှာ ချမ်းသာတာဘဲ၊ ဒို့ကပေးစရာမလိုဘူး၊ ကျွေးစရာမလိုဘူးလို့ စင်းစားကြ တယ်၊ မိဘများမှာ သူ့ဟာသူ ရှိတာ, မရှိတာ၊ ချမ်းသာတာ, မချမ်းသာတာတစ်ပိုင်း၊ ကိုယ်က ပေးရ, ကျွေး ရမှာက ကိုယ့်အပိုင်းဘဲ၊ အပိုင်းခွဲထားပြီး ကိုယ့်အပိုင်း ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင်လုပ်ရပါမယ်၊ ဒါကြောင့် မိဘရှိသေးတဲ့ ပုဂ္ဂိုလ်များဟာ ကိုယ်တတ်နိုင်သလောက် နဲသည်, များသည် အဓိကမဟုတ်ပါ၊ ကျွေးမွေးစောင့်ရှောက်ရမည့် ဝတ္တရားရှိသည့်အတိုင်း ကျွေးမွေးစောင့်ရှောက်မှသာလျှင် ဝတ္တရားကျေတဲ့ အတွက်ကြောင့် ဒီသား ဒီသမီးကို လူပီသတယ်လို့ခေါ်ပါတယ်။ လောကမှာ လူပီသတဲ့ပုဂ္ဂိုလ်နဲ့ မပီသတဲ့ ပုဂ္ဂိုလ် ဘယ်ဟာကများသလဲ?၊ ... ... (လူ မပီသတဲ့ပုဂ္ဂိုလ်တွေကများပါတယ်၊)

(၂)ဆောင်ရွက်စီမံဆိုဒါ= မိဘတွေလုပ်ရမည့် အလုပ်တွေကို မိဘတို့ကိုအနားပေးပြီး မိဘကိုယ်စား ကိုယ်ကလုပ်ရမယ်၊ လောကီအလုပ်ဘဲဖြစ်ဖြစ်, ဘာသာ သာသနာအလုပ်ဘဲဖြစ်ဖြစ် မိဘကိုယ်စား ကိုယ်က စီမံဆောင်ရွက် လုပ်ကိုင်ရပါမယ်၊ ဒီလိုဝတ္တရားရှိတာ မလုပ်ရင် ဝတ္တရားပျက်တဲ့အတွက်ကြောင့် လူ မပီသ ဘဲ ဖြစ်တတ်ပါတယ်။

(၃)မွေခံထိုက်စေ= မိဘရဲ့အမွေအနှစ်ကို ခံယူထိုက်အောင် ကျင့်သုံးရမည့်ဝတ္တရား သားသမီးများမှာ ရှိပါတယ်၊ မိဘရဲ့အမွေဆိုတဲ့နေရာမှာ (၁)အာမိသအမွေဆိုတဲ့ ပစ္စည်းအမွေကတစ်မျိုး၊ (၂)တရားဆိုတဲ့ ဓမ္မ အမွေဆိုဒါကတစ်မျိုးလို့ နှစ်မျိုးရှိပါတယ်၊ ဒီနှစ်မျိုးထဲက သားသမီးများဟာ များသောအားဖြင့် အာမိသလို့ ဆိုတဲ့ ပစ္စည်းအမွေကိုတော့ မိဘများအသက်ထင်ရှားရှိတုန်းလဲ ရအောင်ယူတာဘဲ၊ မိဘများ သေတဲ့အခါ

လဲ ယူတာဘဲ၊ တစ်ချို့များ မိဘများသေတဲ့အခါ အမွေမရလို့ ခိုက်ရန်ဒေါသတွေ ဖြစ်ကြပြန်သေးတယ်၊ ဓမ္မအမွေကျတော့ ယူရမှန်းတောင် မသိကြဘူး။

ဒါကြောင့် မိဘရဲ့အမွေကို ခံယူထိုက်အောင် ကျင့်သုံးဘို့ဆိုဒါ မိဘရဲ့အဆုံးအမကို နာယူမှ ခံထိုက်မှာလား?၊ မနာယူမှ ခံထိုက်မှာလား?။ မိဘရဲ့ အဆုံးအမဩဝါဒကို နာယူကျင့်သုံးမှ မိဘရဲ့အမွေကို ခံထိုက်မှာဖြစ်ပါတယ်၊ မိဘတို့မည်သည် သားသမီးကို ဆင်းရဲအောင်, ဒုက္ခရောက်အောင် ဘယ်တော့မှ ဆိုဆုံးမလေ့မရှိကြဘူး၊ ဒါကြောင့် မိဘရဲ့အဆုံးအမကို နာယူခြင်းဖြင့် အမွေခံထိုက်အောင် ကျင့်သုံးတဲ့သားသမီးသည် ဝတ္တရားကျေလို့ လူပီသနိုင်ပါတယ်။

(၄)စောင့်လေမျိုးနွယ်= မိဘအမျိုးအနွယ်ရဲ့ အစဉ်အလာကောင်းတွေကို သားသမီးများက ထိမ်းသိမ်းစောင့်ရှောက်ရပါမယ်၊ အမျိုးအနွယ်ရဲ့ အစဉ်အလာကောင်းတွေဆိုဒါကို အဋ္ဌကထာမှာ ဘာပြောသလဲဆိုရင် “မာတာပိတူနံ သန္တကံ ခေတ္တဝတ္ထုဟိရညသုဝဏ္ဏာဒိ” အဝိနာသေတွာ ရက္ခန္တော ပိ ကုလဝံသံ သဏ္ဌပေတိနာမ=မိဘတွေရှာဖွေခဲ့တဲ့ လယ်ယာရွှေငွေစတဲ့ စီးပွါးဥစ္စာတွေကို မပျက်စီးအောင် ထိမ်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးအနွယ်ရဲ့ အစဉ်အလာကောင်းတွေကို ထိမ်းသိမ်းတာလို့ ခေါ်သတဲ့၊ မိဘတွေကတော့ ရှာလိုက် ဖွေလိုက်ရတာ ကိုယ့်လက်ထက်ကျမှ အကုန်လုံးကုန်အောင် သုံးတယ်, ဖြုံးတယ်ဆိုရင် ဒီသားသမီးသည် လူ မပီသသူဖြစ်နိုင်တယ်။

နောက်တစ်မျိုးက “မာတာပိတရော အဓမ္မိကဝံသတော ဟာရေတွာ ဓမ္မိကဝံသေ ဌပေန္တော ပိ, ကုလဝံသေန အာဂတာနိ သလာကဘတ္တာဒီနိ အနုပစ္ဆိန္ဒိတွာ ပဝတ္တေန္တော ပိ ကုလဝံသံ သဏ္ဌပေတိနာမ” =အဓိပ္ပါယ်က– မိဘတွေ ကုသိုလ်မဖြစ်သေးရင် ကုသိုလ်ဖြစ်အောင် လုပ်ပေးရမယ်၊ မိဘတွေ လမ်းမှား(အယူဝါဒမှား)နေရင် အဲဒီလမ်းမှား(အယူဝါဒမှား)ကနေ လမ်းမှန်(အယူဝါဒမှန်)ပေါ်ရောက်အောင် သားသမီးက ပြုပြင်ပေးရမယ်၊ မိဘတွေ ဒါနကုသိုလ်မဖြစ်သေးရင် ဖြစ်အောင်, သီလကုသိုလ်မဖြစ်သေးရင် ဖြစ်အောင်, ဘာဝနာကုသိုလ်မဖြစ်သေးရင် ဖြစ်အောင်, ဒါနသီလဘာဝနာကုသိုလ် ဖြစ်နေရင်လဲ ပိုပြီးဖြစ်အောင် သားသမီးများက အထောက်အပန့် အကူအညီပေးရမယ်၊ အဲဒါမှ သားသမီးဝတ္တရားကျေသတဲ့၊ အခုတော့ မြေးထိမ်းရ, ပစ္စည်းထိမ်းရနဲ့ ခက်ကုန်တာပေါ့၊ ဒီလို မဖြစ်ကြပါစေနဲ့လို့ သတိပေးပါတယ်၊ တစ်ချို့တစ်ချို့သားသမီးတွေကို ပြောတာပါနော်၊ မိဘတွေကို အိမ်ခေါ်ထားကာ မြေးအထိမ်းခိုင်းပြီး ကုသိုလ်ဖြစ်အောင် အထောက်အပန့်မပေးတော့ အမျိုးအနွယ်ရဲ့ အစဉ်အလာကောင်းတွေကို ဖျက်ရာရောက်တယ်၊ တနည်း ဝတ္တရားပျက်ရာရောက်ပါတယ်၊ ကိုယ့်ကိုယ်ကို လူ မပီသအောင် လုပ်ရာရောက်တယ်၊ ဒီလိုမလုပ်ရဘူး၊ ဒါတွေသိအောင် နာရတယ်၊ နာပြီးရင်လဲ နာထားတဲ့အတိုင်း မိမိတို့စွမ်းနိုင်သမျှ ကျင့်ကြံ အားထုတ်ရပါတယ်၊ အကျဉ်းချုပ်ပြောတော့ ကုသိုလ်မဖြစ်သေးတဲ့မိဘကို ကုသိုလ်ဖြစ်အောင်နဲ့, ကုသိုလ် ဖြစ်နေတဲ့မိဘကို အဲဒီကုသိုလ်တွေ ခိုင်မြဲအောင် ပြုလုပ်ပေးရမည့်တာဝန်သည် သားသမီးတွေရဲ့ ဝတ္တရားဘဲ လို့ မှတ်လိုက်ပါ၊ မိဘတွေလက်ထက်က တည်ထားတဲ့ စာရေးတန်ဆွမ်း စသည်ကိုလဲ မိမိလက်ထက်မှာ မပြတ်တောက်ဘဲ ဆက်လက် တည်စေခြင်းဖြင့်လဲဘဲ အစဉ်အလာကို ထိမ်းသိမ်းပါ။

(၄)လှူမျှဝေ၍= ဒါက မိဘတွေကွယ်သွားတဲ့အခါ မိဘတွေကိုရည်စူးပြီး ကုသိုလ်ကောင်းမှုပြု အမျှပေးဝေရတယ်၊ မပေးဝေဘဲ မိဘတွေရှာဖွေခဲ့တဲ့ စီးပွါးဥစ္စာတွေကို ထိုင်စားပြီး မိဘတွေအတွက် ကုသိုလ်အမျှဝေဘို့ မေ့လျော့နေတယ်ဆိုရင် ဒီသားသမီး ဝတ္တရားပျက်လို့ လူ မပီနိုင်တော့ဘူး၊ ဒါကြောင့် မိဘမရှိတော့တဲ့ပုဂ္ဂိုလ်တွေက ဒို့တော့ ဝတ္တရားဆောင်ရွက်စရာမလိုတော့ဘူးလို့ မထင်လိုက်နဲ့၊ မရှိတော့တဲ့မိဘတွေအတွက် ဒါနသီလဘာဝနာကုသိုလ်တွေပြုပြီး အမျှပေးဝေလိုက်ပါ၊ ပေးဝေတဲ့အခါမှာလဲ တစ်ခါတစ်ရံမှ ပေးဝေတာမျိုး မဖြစ်စေနဲ့၊ နေ့စဉ်ပေးဝေရတယ်၊ နေ့စဉ်ဘုရားရှိခိုး, တရားနာ, တရားထိုင်, ကုသိုလ်လုပ်တိုင်း အမျှဝေရင် နေ့စဉ် လူပီသတာပေ့ါ၊ တစ်လမှ တစ်ခါလောက်, တစ်နှစ်မှ တစ်ခါလောက် အမှတ်တရ ကုသိုလ်လုပ်ပြီး အမျှဝေရင် တစ်လမှ တစ်ခါ, တစ်နှစ်မှ တစ်ခါဘဲ လူပီသလိမ့်မယ်၊ ဒို့ပရိသတ်က တစ်ခါတစ်ရံမှ လူ ပီသ ချင်သလား?၊ အမြဲတမ်း လူ ပီသချင်သလား?၊ (အမြဲတမ်း လူပီသချင်ပါတယ်)၊ ဒါဖြင့်ရင် မိဘတွေအတွက် ရည်စူးပြီး ကုသိုလ်လုပ် အမျှဝေရမှာက တစ်ခါ တစ်ရံလား?၊ အမြဲတမ်းလား?၊ ... ... အမြဲတမ်းလုပ်မှ အမြဲတမ်း လူ ပီသတယ်လို့မှတ်ပါ၊ ဒါကြောင့် ဒီလိုသိပြီးလုပ်တတ်တဲ့ သားသမီးဖြစ်ဖို့ ခဲယဉ်းတဲ့အတွက် မြတ်စွာဘုရားက=

"ကိစ္ဆော မနုဿပဋိလာဘော၊ ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မနုဿပဋိလာဘော–လူပီပီသသဖြစ်ဘို့ရာသည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ က္ကတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ–ကောင်းစွာ မသွေဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု သာဓု သာဓု)

ဒီနေ့ နာရီစေ့ပြီဖြစ်တဲ့အတွက် တရားသိမ်းကြရအောင်။

**ယံ ပတ္တံ ကုသလံ တေန၊ ကုသလာ သဗ္ဗပါဏိနံ။**

**သဗ္ဗေ ဣစ္ဆန္တု သင်္ကပ္ပါ ၊ လဘန္တု မဓုရံ ဖလံ။**

ဘောန္တော–တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သူတော်စင်ပရိသတ်အပေါင်းတို့၊ မယာ–သိစေလိုကြောင်း ကျင့်စေလိုကြောင်း စိတ်ထားကောင်းဖြင့် လမ်းကောင်းညွှန်ပြ ဓမ္မကထိကဟု နာမသမုတ်အကျွန်ုပ်သည်၊ ယံ မဟာပုညံ–အကြင်"ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့တရားတော်၏ ပထမအပိုင်းကို ထုတ်ပြန်ကာ ဟောကြားရခြင်းတည်းဟူသော ဓမ္မဒေသနာ ပုညကြိယာကုသိုလ်ထူးကို၊ ပတ္တံ–ကောင်းစွာမသွေ ရရှိရောက်ရှိခဲ့ပေပြီ၊ တုမှေပိ–တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သင်သူတော်စင်ပရိသတ်အပေါင်းတို့သည်လည်း၊ ယံ မဟာပုညံ–အကြင်ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့တရားတော်၏ ပထမအပိုင်းကို သဒ္ဓါတရားထက်သန်စွာဖြင့် ရှိသေစွာနာကြားရခြင်းတည်းဟူသော ဓမ္မဿဝန ပုညကြိယာကုသိုလ်ထူးကို၊ ပတ္တံ–ကောင်းစွာမသွေ ရကြရောက်ကြလေကုန်ပြီ၊ တေန ပုညေန–ထိုဓမ္မဿဝန, ဓမ္မဒေသနာပုညကြိယာထူးကြောင့်၊ သဗ္ဗပါဏိနံ–တရားနာသူ များဗိုလ်လူတို့နှင့်တကွ ခပ်သိမ်းများစွာ သတ္တဝါဟူ နတ်လူဗြဟ္မာ ပေါင်းများစွာတို့၏၊ ကုသလာ–အပြစ်မဲ့ကင်း ချမ်းသာသော အကျိုးပေးခြင်း လက္ခဏာ ရှိကြပေကုန်သော၊ သင်္ကပ္ပါ–စိတ်ထဲက ကြံသမျှ စီသမျှ ဒို့တတွေ ဒီကနေ့စပြီး လူပီသအောင် ကျိုးစားကြမယ်လို့ဆိုတဲ့ ကောင်းမြတ်တဲ့ အကြံအစီဟူသမျှတို့သည်၊ သမိဇ္ဈန္တု တစ်ဆံခြည်မျှ မလျော့ရဘဲ မုချကိန်း

သေ ပြီးပြည့်စုံကြပါစေကုန်သတည်း၊ သမိဒ္ဓါ–တစ်ဆံခြည်မျှ မလျော့ရဘဲ မုချကိန်းသေ ပြီးပြည့်စုံကြ ကုန်သည်ဖြစ်၍၊ မဇ္ဈရုံ ဖလံ–သာသနာတော်၏ ချိုမြိန်တဲ့အရသာတည်းဟူသော ဈာန်ချမ်းသာ,မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတည်းဟူသော ချမ်းသာသုခတရားတွေကို၊ လဘန္တု–ကိုယ်စီကိုယ်၄ ရရှိခံစားနိုင်ကြပါစေကုန်သတည်း၊ လဘန္တု–မဂ်ဖိုလ် လေးဆင့် ထီးဖြူဖွင့်ကာ မလင့်ပုံသေ ရရှိခံစားနိုင်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

# ခဲယဉ်းလေးဖြာ ဒေသနာတရားတော်
# ဒုတိယအပိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁၉၉၇ခုနှစ် စက်တင်ဘာလ(၁၃)ရက်နေ့ မင်္ဂလာရာမတရားပွဲစဉ်အမှတ်(၆)အဖြစ် ဆင်ယင်ကျောင်းပရဝုဏ်၌ ဟောကြားအပ်သော ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်+အဋ္ဌကထာ၌ လာရှိသော"ခဲယဉ်းလေးဖြာ ဒေသနာတရားတော်"ဒုတိယအပိုင်း။

(ဘုရားရှိခိုးခြင်း ဗုဒ္ဓပဏာမအစီအစဉ်ကို ပထမအပိုင်းကဲ့သို့ မှတ်ယူပြီး ဤ၌ချန်လှပ်ခဲ့ပါသည်)

ပြီးခဲ့သောပထမအပတ်က ခဲယဉ်းလေးဖြာတရားတော်၏ ပထမအပိုင်းကို ဟောခဲတာ လူ့ကျင့်ဝတ်များနှင့်ပတ်သက်ပြီး ပြောတဲ့နေရာမှာ သားသမီးများက မိဘများအပေါ် ပြုကျင့်ရမည့်ဝတ္တရားကို ဟောခဲ့ပါတယ်၊ ဒီနေ့လဲ နဲနဲထပ်ပြီးပြောပါအုံးမယ်။

**ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ။**
**လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊**
**ကျင့်ဘွယ်သားတို့တာ။**

မြန်မာစကားပြေများနဲ့ပြောပေမဲ့ ပါဠိတော်များကိုလဲ ထည့်သင့်တဲ့နေရာများမှာ အနီးငယ်ထည့်ပါမယ်၊ တစ်ချို့စကားတွေက ပါဠိနဲ့တွဲပြီးပြောမှ အဓိပ္ပါယ်က ပိုပြီးပေါ်လွင်ပါတယ်၊ ဒါကြောင့် တစ်ချို့နေရာမှာ ပါဠိထည့်ပေးရပါတယ်။ ကျွေးမွေးမပျက်ဆိုတဲ့အတိုင်း မိမိတို့ငယ်စဉ်က မိမိတို့ကို ပြုစုစောင့်ရှောက်ခဲ့တဲ့ မိဘများကို မိမိတို့က ပြန်လည်ပြီး ကျွေးမွေးစောင့်ရှောက်နိုင်တဲ့အခါ မပျက်မကွက် ပြန်လည်ပြီး စောင့်ရှောက်ပါလို့ဆိုလိုပါတယ်။

ဘာဖြစ်လို့ ကျွေးမွေးစောင့်ရှောက်ရသလဲ?၊ ဒီနေရာမှာ မိဘရဲ့ဂုဏ်ကျေးဇူးတွေကို တစ်ခမ်းတစ်နား ပြောဘို့တော့ ကောင်းပါတယ်၊ သို့သော် တရားသိပ်ရှည်ပြီး မျောသွားမှာစိုးလို့ သင့်သလောက်ဘဲ ပြောပေးပါမယ်။

ဘုရားဟောပါဠိတော်များမှာ မိဘများကို ဗြဟ္မာကြီးများနဲ့ တူတယ်လို့ဆိုထားပါတယ်၊ ဗြဟ္မာကြီးများဟာ မေတ္တာ,ကရုဏာ, မုဒိတာ,ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးနဲ့ ပြည့်ပြည့်ဝဝ အမြဲနေကြသလို မိဘတိုင်းဟာလဲ မိမိတို့၏ သားသမီးလေးတွေ အပေါ်မှာ မေတ္တာ,ကရုဏာ,မုဒိတာ, ဥပေက္ခာ တရားလေးပါး အပြည့်အဝရှိကြတယ်ဆိုဒါ မိဘရှင်တိုင်း သဘောပေါက်နားလည်ကြပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက မိဘများကို ဗြဟ္မာကြီးတွေဘဲလို့ ဟောတာဖြစ်ပါတယ်။

မိဘများကို"ပုဗ္ဗာစရိယ–ပထမဆုံးဆရာ"လို့လဲ ဟောပါသေးတယ်၊ ဒို့ဒါယကာကြီး, ဒါယကာမကြီးတွေဟာ မိမိတို့ရဲ့ သားသမီးလေးတွေ မွေးလာလို့ နဲနဲသိတတ် စကားပြောတတ်တဲ့အရွယ်ရောက်တာနဲ့ "ဒါက မေမေခေါ်တယ်၊ ဒါက ဖေဖေခေါ်တယ်၊ ဒါက ဦးဦးခေါ်တယ်၊"စသည်ဖြင့် ပြောတတ်ဆိုတတ် နေတတ်ထိုင်တတ်အောင် အခြေခံကစပြီး သင်ပေးခဲ့ပါတယ်၊ ဒါကြောင့် ပုဗ္ဗာစရိယ– ပထမဆုံးဆရာလို့ ဟောပါတယ်၊ ဒါတင်မသေးပါဘူး မိဘများဟာ သားသမီးလေးတွေနဲ့ သင့်တော်တဲ့ အစားအစာတွေပေးလို့, နို့ချိုတွေ

တိုက်ကျွေးလို့, မှက်ခြင် ယင်စသော ဘေးအန္တရာယ်တွေ မကျရောက်အောင် အမျိုးမျိုးအဖုံဖုံ ကာကွယ် စောင့်ရှောက်ပေးခဲ့ပါတယ်၊ အဲဒီလို ကျေးဇူးတွေများလွန်းလို့ မိဘများကို ကျွေးမွေးစောင့်ရှောက်ရပါတယ်၊ ဒီဝတ္တရားတွေ ကျေပွန်တဲ့ သားသမီးမှ လူပီသလိမ့်မယ်၊ သားသမီးတွေရဲ့ဝတ္တရားတွေကို အရင်အပတ်ကလဲ ပြောပြီးပြီဖြစ်လို့ ဒီလောက်ဆိုရင် တော်လောက်ပါပြီ၊ မိဘတွေရဲ့ ဝတ္တရားတွေကို ပြော ကြအုံးစို့။

"မိဘဝတ္တရားငါးပါး"

**မကောင်းမြစ်တား့ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊**
**ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊**
**ဖခင်မယ်တို့တာ။**

မိဘများလဲ သားသမီးတို့အပေါ် ပြုလုပ်ရမည့်ဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက်မှ မိဘပီသ ပါ တယ်၊ လူပီသတယ်လို့ခေါ်နိုင်ပါတယ်၊ ငါတို့က မိဘတွေဘဲဆိုပြီး ဝတ္တရားမကျေရင် ပျက်ကွက်ရင် ဒီမိဘ တွေလဲ လူ မပီသတော့ဘူး၊ ဒါကြောင့် လူပီသနိုင်ဘို့အတွက် မိဘဝတ္တရားများကို သိထားဘို့လိုပါတယ်၊ တစ်ချို့က ဘုရားကိုပြောတယ်၊ "ဘုရားက နိဗ္ဗာန်ရောက်ကြောင်းကိုဘဲ ဟောတာပါတဲ့၊ နောင်ဘဝ ကောင်း စားရေးသာ ဟောတာပါတဲ့"၊ တကယ်တော့ မြတ်စွာဘုရားက နောင်ဘဝကောင်းစားရေးအတွက်ရော၊ ပစ္စုပ္ပန်ကောင်းစားရေးအတွက်ရော ဟောပါတယ်၊ အောက်ထစ်ဆုံး ဘယ်အထိဟောသလဲဆိုရင် အိမ်ထောင်ရေးအထိ အိမ်ထောင်ရေးပြေလည်အောင်၊ အဆင်ပြေအောင် ဘာတွေလုပ်သင့်တယ်ဆိုဒါတွေ ဟောထားပါတယ်။

မိဘတွေဝတ္တရားထဲက= မကောင်းမြစ်တားဆိုဒါ မိဘများဟာ ကိုယ့်သား ကိုယ့်သမီး မကောင်းတာ လုပ်နေတာတွေ့ရင် မကောင်းတာ ပြောနေတာတွေ့ရင် မကောင်းတာ စိတ်ကူးကြံစည်နေတာ သိခဲ့ရင် မိဘများက ဒီအတိုင်း ကြည့်နေရမလား?၊ တားမြစ်ရမလား?၊ (တားမြစ်ရမှာပါဘုရား)၊

ဒီသား ဒီသမီး ပြောရ ဆိုရခက်တယ်ဆိုပြီး မပြောဘဲ ဒီအတိုင်းကြည့်နေရင် အဲဒီမိဘ ဝတ္တရားကျေ မလား?၊ (မကျေပါဘုရား)၊ မကျေခဲ့ရင် အဲဒီမိဘ ဘာဖြစ်မလဲ?၊လူ မပီသတော့ဘူး၊ ဒါကြောင့် မကောင်း မြစ်တားဆိုဒါ မကောင်းတာလုပ်နေတာ တွေ့ရင်, မကောင်းတာ ပြောနေတာကြားရင်, မကောင်းတာ စိတ်ကူးနေတာသိရင် မိဘများက တားမြစ်ရမယ်၊ လိုက်နာတာ,မလိုက်နာတာက သူတို့အပိုင်း၊ တစ်ပိုင်း ထားလိုက်ပါ၊ တားမြစ်ရမည့် တာဝန်ဝတ္တရားက ဒို့တာဝန်ဘဲ၊ တာဝန်ရှိတဲ့အတိုင်း မတားမြစ်ရင် ဒို့ဝတ္တရား ပျက်လို့ ဒို့ လူ မပီသဘဲဖြစ်လိမ့်မယ်လို့ မိဘများနားလည် သဘောပေါက်ပြီး ကိုယ့်တာဝန် ကိုယ်ကျေပွန် အောင် ထမ်းဆောင်ကြရပါတယ်။

ကောင်းရာညွှန်လတ်= မိဘရှင်တိုင်းဟာ ကိုယ့်သား ကိုယ့်သမီးတွေကို ကောင်းရာ ကောင်းကြောင်း လမ်းမှန်တွေကို ညွှန်ပြသင့်ပါတယ်၊ ကောင်းတဲ့လမ်းကို နည်းမျိုးစုံနဲ့ ဆွဲဆောင်ရတယ်၊ ပို့ပေးရတယ်၊ ညွှန်ပြ ရပါမယ်၊ တိုက်တွန်းရပါမယ်၊ ဒါဟာ မိဘများရဲ့တာဝန်ပါဘဲ၊ ဒီလို ကောင်းတဲ့လမ်းတွေကို မညွှန်ပြ မတိုက် တွန်းဘူးဆိုရင် မိဘများသည် ဝတ္တရားပျက်ကွက်တဲ့အတွက် မိဘ မပီသဘူး၊ လူ မပီသဘူးလို့ ဆိုရပါမယ်။

တရားတော်ထဲမှာ အခုလို လောကကြီး ယဉ်ကျေးစေနိုင်တဲ့ တိုးတက်စေနိုင်တဲ့ နည်းလမ်းတွေ အများကြီးပါပါတယ်၊ ဒီလို နေရာမျိုးတွေကို ကိုယ့်သား ကိုယ့်သမီးတွေရောက်အောင် နည်းအမျိုးမျိုးနဲ့ ဆွဲဆောင်သင့်သလား၊ မဆွဲဆောင်သင့်ဘူးလား?၊ ဆွဲဆောင်သင့်တယ်၊ လမ်းညွှန်သင့်တယ်၊ ဒီလိုတရားပွဲတွေထဲ ရောက်အောင် နည်းအမျိုးမျိုးနဲ့ ဆွဲဆောင်ရပါတယ်။

အနာထပိဏ်ကို အတုခိုးသင့်

အဲဒီလို ဆွဲဆောင်တဲ့နေရာမှာ အနာထပိဏ်ကျောင်းဒါယကာကြီးကို နည်းယူသင့်ပါတယ်၊ ကျောင်းဒါယကာကြီးရဲ့ ဆွဲဆောင်နည်းကို ပြောပါရစေ၊ ဘုရားကျောင်းဒါယကာကြီး အနာထပိဏ်ဟာ မိမိကိုယ်တိုင် သောတာပန်ကျောင်းဒါယကာကြီးဖြစ်ပေမဲ့ သားဖြစ်သူ မောင်ကာလကျတော့ ကျောင်းကို တစ်ခေါက်မှမသွားဘူး၊ ဘုရားဖူး,တရားနာဖို့ တစ်ခါမှမသွားခဲ့ဘူး၊ ဖခင်ကျောင်းဒါယကာကြီးက ဘုရားကျောင်းသွားခိုင်းရင် "ကျောင်းသွားလို့ ဘုရားနဲ့သံဃာတွေကို ရှိခိုးရတဲ့အခါ ဒူးပွန်းတာတို့, ပုဆိုးနွမ်းတာတို့, ခါးညောင်းတာတို့ အကြောင်းပြပြီး ငြင်းဆိုခဲ့ပါတယ်၊ ဒါပေမဲ့ ကျောင်းဒါယကာကြီးအနာထပိဏ်က ကျောင်းမသွားချင်တဲ့ သားမောင်ကာလကို လက်မလျှော့ဘူး။

တစ်နေ့တော့ သား မောင်ကာလကိုခေါ်ပြီး"ငါ့သား...မင်း ဘုရားကျောင်းသွားစမ်းပါ၊ သွားမယ်ဆိုရင် တစ်နေ့ကို"ငွေ(၁၀၀)ပေးမယ်"လို့ဆိုတော့ သားဖြစ်သူ မောင်ကာလက"အဖေ... ကိန်းသေပေးမယ်ဆိုရင် ကျောင်းသွားမယ်"ဆိုပြီး ငွေ(၁၀၀)လိုချင်လို့ ကျောင်းကိုသွားခဲ့ပါတယ်၊ ဒါဟာ ပထမအဆင့်အနေနဲ့ ကျောင်းရောက်အောင် ဆွဲဆောင်လိုက်ခြင်းပါဘဲ၊ ဒီကနေ့ မိဘရှင်များလဲ ဒီနည်းအတိုင်း ကျင့်သုံးသင့်ပါတယ်၊ သားဖြစ်သူ မောင်ကာလဟာ ကျောင်းကိုသွားပြီး ရောက်တဲ့အခါ သင့်တော်ရာမှာ အိပ်ကာ ဘုရားလဲ မဆည်းကပ်, သံဃာလဲ မဆည်းကပ်, တရားလဲမနာဘဲ ညနေစောင်းတော့ အိမ်ပြန်လာခဲ့တယ်၊ ကျောင်းဒါယကာကြီးကလဲ ငါ့သားလေး ကျောင်းသွားဖော်ရတယ်၊ ပြန်လာတဲ့အခါ ကောင်းကောင်းမွန်မွန်စားရအောင် ချက်ထားပြီး သားပြန်လာတာနဲ့ ထမင်းခေါ်ကျွေးတယ်။

သားဖြစ်သူ မောင်ကာလက ငွေ(၁၀၀)အရင်ရမှ ထမင်းစားမယ်ဆိုလို့ ငွေ(၁၀၀)အရင်ပေးခဲ့ရတယ်၊ ဒီလိုနဲ့ မကြာမကြာ ကျောင်းကိုလွှတ်တော့ တစ်ဖြေးဖြေး ကျောင်းမြဲလာတယ်၊ အနာထပိဏ်ကျောင်းဒါယကာကြီးက သူ့သား ဘုရားကျောင်းရောက်ရုံနဲ့ အားမရ မကျေနပ်သေးပါဘူး၊ တစ်နေ့ကျတော့ "ငါ့သား... မင်းကျောင်းသွားတာ ခေါက်ရေတော့များပါတယ်၊ ဒီတစ်ခါကျရင် ဘုရားဟောတဲ့ တရားတော်ထဲက တစ်လုံးလောက် မှတ်မိအောင် နာခဲ့စမ်းပါ၊ ငွေ(၁၀၀၀)ပေးမယ်"လို့ ပြောလိုက်ပါတယ်။

မောင်ကာလကလဲ တရားတစ်လုံး မှတ်မိအောင် နာနိုင်ရင် ငွေ(၁၀၀၀)ရမယ်ဆိုတော့ ဟန်ကျပြီဆိုပြီး တရားတစ်လုံး မှတ်မိအောင် နာရတာ ဘာခက်လို့လဲ၊ ဒီတစ်ခါ ကျောင်းရောက်ရင် သေသေချာချာ တစ်လုံးလောက် မှတ်မိအောင် နာလိုက်မယ်လို့တွေးပြီး ငွေတစ်ထောင်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျောင်းရောက်တဲ့အခါ တရားဟောပလ္လင်ရှေ့နားကနေပြီး တရားကို အာရုံစိုက်ပြီး နာလိုက်ပါတယ်၊ နာရင်းနာရင်းနဲ့ မောင်ကာလ တရားပွဲက မထနိုင်တော့ဘူး၊ ဘာပြုလို့လဲ?၊ ဘုရားတရားတော်ဆိုဒါ အစ, အလယ်, အဆုံးကောင်းခြင်းဆိုတဲ့ ကောင်းခြင်းမျိုးစုံနဲ့ ပြည့်စုံပါတယ်၊ ဒီလိုကောင်းခြင်းမျိုးစုံနဲ့ ပြည့်စုံတဲ့

တရားကို နာရတော့ တရားတော်ရဲ့အရသာကို တရားပွဲလဲပြီးဆုံးရော မောင်ကာလ သောတာပန် အရိယာဖြစ်သွားပါတယ်။

တရားပွဲပြီးဆုံးလို့ အိမ်ပြန်တဲ့အခါလမ်းမှာ မောင်ကာလ စင်းစားတာက"အိမ်ရောက်တဲ့အခါ ငါ့အဖေက ငါ့ကို ငွေတစ်ထောင် မပေးဘဲနေရင်ကောင်းမှာ၊ ဒီလိုသူစင်းစားတာ"၊ အရင်အခေါက်တွေတုန်းက ငွေ(၁၀၀)ရမှ ထမင်းစားမယ်"လို့ စင်းစားတယ်၊ အရင်အခေါက်တွေနဲ့ ဒီတစ်ခေါက် စင်းစားတာခြင်း မတူတော့ဘူး၊ ပြောင်းသွားပါပြီ၊ ဘာကြောင့်လဲဆိုတော့ အဲဒီငွေ(၁၀၀)(၁၀၀၀)ထက် အဆပေါင်းနှိုင်းယှဉ် လို့မရအောင် သာလွန်ကောင်းမွန်တဲ့ တရားရဲ့အရသာကို မောင်ကာလ သိသွားပြီ၊ ဒါကြောင့် မောင်ကာလ ငွေမမက်တော့ပါဘူး၊ အိမ်ပြန်ရောက်တဲ့အခါ အနာထပိဏ်ကျောင်းဒါယကာကြီးက ငွေ(၁၀၀၀)အရင်ပေးပေမဲ့ မယူတော့ဘူး၊ ဒါဟာ ကျောင်းဒါယကာအနာထပိဏ်ရဲ့ မယဉ်ကျေးတဲ့ သားမောင်ကာလကို ကောင်းတဲ့ ဘက်ကို ဆွဲဆောင်တဲ့နည်းဘဲ၊ အတုခိုး နည်းယူသင့်တဲ့ အချက်ဘဲဖြစ်ပါ တယ်။

ဒီကနေ့ မိဘရှင်များလဲ မိမိတို့ရဲ့သားသမီးတွေကို ပြောမရဘူးဆိုပြီး ပစ်မထားသင့်ဘူး၊ နည်းအမျိုးမျိုးနဲ့ ကောင်းတဲ့ဘက်ကို ဆွဲဆောင်ရပါတယ်၊ သားသမီးကောင်းဘို့ဆိုဒါ မိဘတွေအပေါ် အများကြီးတည်ပါတယ်၊ များသောအားဖြင့် မိဘကောင်းရင် သားသမီးကောင်းတတ်ပါတယ်၊ **"မိမိတို့ကိုယ်တိုင်က မိကောင်းဖခင်နဲ့တွေ့ဘူးမှ ကိုယ်တိုင်လဲ သားကောင်းမိခင်, သားကောင်းဖခင် ဖြစ်နိုင်ပါတယ်"**၊ အနည်းအကျဉ်းတော့ ပင်ကိုယ်ဇာတိကိုက ညံ့တဲ့ သားသမီးလဲရှိတတ်ပါတယ်၊ သို့သော် မိဘအပေါ် အများကြီး တည်တယ်လို့ ဦးဇင်းတို့ အကဲခတ်လို့ရပါတယ်။

အနာထပိဏာကျောင်းဒါယကာသည် သက်တော်ထင်ရှား ဘုရားသာသနာတော်ကြီးနဲ့တွေ့သော်လဲ ရိုင်းစိုင်းနေတဲ့ သား မောင်ကာလကို ပရိယာယ်နဲ့ ဆွဲဆောင်တဲ့အတွက် ကောင်းတဲ့ဘက်ကို ရောက်ခဲ့သလို ဒီကနေ့ မိဘရှင်များဖြစ်ကြတဲ့ ဒို့ဒကာ ဒကာမတွေလဲဘဲ ကိုယ့်သားသမီးတွေကို ကိုယ်ကျွမ်းကျင်ရာ နည်းလမ်းနဲ့ ကောင်းတဲ့ဘက်ကို ဆွဲဆောင်စေချင်ပါတယ်။

နိုင်ငံခြားရောက်နေကြတဲ့ မိဘရှင် တော်တော်များများက ပြောနေကြပါတယ်၊ နိုင်ငံခြားရောက်နေတဲ့ သူတို့သားသမီးတွေ ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုတွေ ပျောက်ကုန်တော့မှာဘဲဆိုတဲ့ စိုးရိမ်စိတ်တွေ မြန်မာပီပီ ရှိနေကြတာတော့ အမှန်ပါဘဲ။ မိမိတို့ရဲ့ သားသမီးတွေကို ဘုရားရဲ့အဆုံးအမ, ဘာသာ သာသနာရဲ့ ယဉ်ကျေးမှု, ကိုယ့်မြန်မာ့ယဉ်ကျေးမှုတွေကို သိစေချင်, တတ်စေချင်တဲ့ ဆန္ဒရှိနေရုံနဲ့တော့ ဒီသားသမီးတွေ ကောင်းတဲ့လမ်းဘက် ရောက်မလာနိုင်ကြပါဘူး။ ဒီသားသမီးတွေကို ပထမဆုံး ဘုန်းကြီးကျောင်း ရောက်အောင် ဘယ်လိုလုပ်ကြမလဲ?၊ အရင်လုပ်ကြပါ၊ ကျောင်းရောက်လာပြန်တော့လဲ ရောက်လျှင်ရောက်ချင်း တရားစခမ်းထဲ သွင်းလိုက်လို့ မရသေးပါဘူး၊ တစ်ခါထဲနဲ့ ပြန်ပြေးကုန်လိမ့်မယ်။

ဒုတိယအဆင့်အနေနဲ့ ကျောင်းမှာပျော်အောင် လုပ်ရပါမယ်၊ ကျောင်းမှာပျော်ပြီဆိုတော့မှ တစ်စ တစ်စ ဘုရားနဲ့နီးအောင်, တရားနဲ့နီးအောင်, သံဃာနဲ့နီးစပ်အောင် လုပ်ကြရပါမယ်၊ ဒီလို တစ်ဆင့်တစ်ဆင့် လုပ်နိုင်မှ"ကောင်းရာညွှန်လတ်"ဆိုတဲ့ဝတ္တရားကျေပါလိမ့်မယ်၊ ဒီလိုမဟုတ်ဘဲ"ပြောမကောင်းပါဘူး၊ ပြောလို့ရမှာမဟုတ်ပါဘူး"ဆိုပြီး လျစ်လျူရှုထားရင် ဝတ္တရားပျက်တဲ့အတွက် ထိုမိဘများသည် "လူ မပီသ" ဖြစ်ကုန်တတ်ပါတယ်။

"အတတ်သင်စေ"= ဒီဝတ္တရားမှာလဲ သားသမီးများ ပညာသင်ရမည့်အရွယ်မှာ ပညာသင်ပေးရပါမယ်၊ စီးပွါးရေးခက်ခဲတာတွေ စားဝတ်နေရေး ခက်ခဲတာတွေ အကြောင်းပြပြီး ပညာသင်မပေးဘူး၊ စီးပွါးရေးနယ်ပယ်ထဲကို စောစီးစွာပို့ပြီး ခိုင်းစားမယ်ဆိုရင် မိဘများဝတ္တရားပျက်လို့ ထိုမိဘများသည် မိဘ မပီသ, လူ မပီသဖြစ်နိုင်ပါတယ်။

"ပေးဝေနှီးရင်း"= ကိုယ့်သားသမီးအရွယ်ရောက်လို့ စီးပွါးရှာရမည့်အရွယ်, အလုပ်လုပ်ရမည့်အရွယ် ရောက်တဲ့အခါ မိဘတို့က အရင်းအနှီးထုတ်ပေးသင့်ရင် ထုတ်ပေးရပါမယ်၊ ဒါလဲ မိဘတို့ရဲ့ ဝတ္တရားတစ်ခုဆိုဒါ မိဘများ သိထားရပါမယ်။

"ထိမ်းမြားခြင်းလျင်" သားသမီးများအရွယ်ရောက်တဲ့အခါ သင့်တော်သော အိမ်ထောင်ဘက်ကို ရွေးချယ်ပြီး အိမ်ထောင်ချထား ပေးရမည့်ဝတ္တရားဟာ မိဘများရဲ့ ဝတ္တရားတစ်ခုပါဘဲ၊ ဒါလဲ မိဘများ အထူးသတိထားသင့်တဲ့အချက်ပါဘဲ၊ ဒီဝတ္တရားကို မဆောင်ရွက်မိဘဲ သားသမီးတွေကို ပစ်ထားရင် ဖြစ်ချင်တိုင်းဖြစ်ဖြစ်ပြီး နောက်ပိုင်းမှာ မလိုလားအပ်သော အကျိုးဆက်များဖြစ်တတ်ပါတယ်၊ ဒါတွေ မဖြစ်ရအောင် မြတ်စွာဘုရားက ထိမ်းမြားခြင်းလျှင်ဆိုတဲ့ ဝတ္တရားထည့်ထားတာဖြစ်ပါတယ်။

ဒီလို မိဘနဲ့သားသမီး အပြန်အလှန်ဝတ္တရားတွေ ကျေပွန်ကျမှ လောကရေးသာယာပြီး လောကုတ္တရာရေးဘက်အထိ အကျိုးပြုလို့ မိကောင်း,ဖကောင်း, သားကောင်း,သမီးကောင်းတွေဖြစ်ပြီး လူပီပီသသ ဖြစ်ကြရမှာပါ။ ဒီလိုဖြစ်ဖို့ ခဲယဉ်းလွန်းလို့ မြတ်စွာဘုရားက "ကိစ္ဆော မနုဿပဋိလာဘော–လူ ပီသဘို့ ခဲယဉ်းသည်"လို့ ဟောခဲ့တာဖြစ်ပါတယ်။

ကျောင်းသားဆိုဒါ

အသက်လေးငါးနှစ်ရှိလို့ ကျောင်းရောက်တဲ့အခါ ဆရာ+တပည့်ဆိုဒါဖြစ်လာရင် ဆရာနဲ့+တပည့် အသီးသီး ဝတ္တရားတွေရှိပါတယ်။

**"တပည့်ဝတ္တရားငါးပါး"**

**ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး ၊**
**သင်တွေးအံရွတ် ၊တပည့်ဝတ်၊ မချွတ်ငါးခုသာ။**

ညီညာထကြွ= ပါဠိတော်က"ဥပဋ္ဌာနေန"ဆိုပါတယ်၊ တပည့်ဆိုဒါ ဆရာသွားထံ တက်တက်ကြွကြွချဉ်းကပ်ရပါမယ်၊ ဖြစ်နိုင်ရင် တစ်နေ့သုံးကြိမ်ချဉ်းကပ်သင့်ပါတယ်၊ စာသင်ဘို့အတွက်ကတော့ မလွဲမသွေ ဆရာ့ထံ သွားရမယ်လို့ဆိုလိုပါတယ်၊ "ငါသိပြီးသား၊ ငါ တတ်ပြီးသား"ဆိုပြီး ဆရာ့ထံ မချဉ်းကပ်ဘူး

မသွားဘူးဆိုရင် ဒီတပည့်ဟာ ဝတ္တရားတစ်ခုပျက်ပါတယ်၊ ဒါဆိုရင် ဆရာ့ထံက ခက်ခဲတဲ့ ပညာရပ်တွေ, အတွေးအခေါ်အယူအဆတွေ မရရှိဘဲ အကျိုးယုတ်ပါလိမ့်မယ်။

ဆုံးမနာယူ= ဆရာသမားဆိုဒါ တပည့်တွေအပေါ် အမြဲတမ်း မေတ္တာစေတနာရှိတဲ့အတွက် ကောင်းရာကောင်းကြောင်းကိုသာ ဆုံးမလေ့ရှိပါတယ်၊ ဒီလို ကောင်းရာကောင်းကြောင်း ဆုံးမလာတဲ့ ဆရာသမားရဲ့ အဆုံးအမကို တပည့်များက နာယူရပါတယ်၊ ဒီလို နာယူရမည့်ဝတ္တရားရှိပါလျက် ဆရာဟာ ဒို့လောက် မသိပါဘူး၊ မတတ်ပါဘူးဆိုပြီး ဆုံးမတာကို မနာယူဘူးဆိုရင် ဝတ္တရားပျက်ပါတယ်၊ ဆုံးမတာကို နာယူတဲ့ အခါလဲ ယုံယုံကြည်ကြည်နဲ့ နားထောင်ဘို့လိုပါတယ်၊ ဆရာ့အပေါ် ယုံကြည်မှုမရှိဘူးဆိုရင် ရသင့်ရထိုက်တဲ့ အကျိုးတရားများကို မရနိုင်ပါဘူး။

လာမူကြိုဆီး=ဆရာသမားများ အဝေးကပြန်လာတာတွေ့ရင် ဆရာသမားကို ဆီးကြိုနှုတ်ဆက်ရပါတယ်၊ ဆီးကြိုဆိုဒါ ဆရာရဲ့ လက်ထဲက အထုပ်အပိုးစသည်ကို လှမ်းယူရပါတယ်၊ နေရာခင်းပေးရပါတယ်၊ ဆရာထိုင်တဲ့အခါ ယပ်ခပ်ပေးသင့်ရင် ခပ်ပေးရမယ်၊ ခြေဆေးပေးရပါမယ်၊ ဒီဝတ္တရားကို လူလဲ လူ့အလျောက်, ရဟန်းလဲ ရဟန်းအလျောက် လုပ်ရပါမယ်၊ ဒါဟာ ဆရာနဲ့တပည့်ကြားမှာ မေတ္တာအရိပ်အယောင်,ကရုဏာအရိပ်အယောင်,မုဒိတာအရိပ်အယောင်တွေ ပါတဲ့အတွက်ကြောင့် ဒီဆရာနဲ့တပည့်ဟာ ဘယ်တော့မှ ကွဲပြားမှုမဖြစ်တော့ပါဘူး၊ ဒါကို သိတော်မူလို့ ဘုရားရှင်က လာမူကြိုဆီးဆိုတဲ့ ဝတ္တရားကို ဟောတာပါ၊ ဒီလိုဝတ္တရားကျေပွန်တဲ့ တပည့်ကိုရခဲလွန်းလို့ “ကိစ္ဆော မနုဿပဋိလာဘော-လူပီသဘို့ ခဲယဉ်းသည်”လို့ ဟောတာဖြစ်ပါတယ်။

ထံနီးလုပ်ကျွေး= ဆရာသမားကို အနီးကပ်ပြုစုလုပ်ကျွေးရမယ်လို့ဆိုလိုပါတယ်၊ ဘယ်လိုအနီးကပ် ပြုစုလုပ်ကျွေးရမလဲ?၊ တပည့်ဆိုဒါ ဆရာ့အရင် စောစောအိပ်ယာကထပြီး မျက်နှာသစ်ရေ+ဒံပူ (သွားတိုက်ဆေး)ကို ပေးရမယ်၊ ဆွမ်းစားပြီးတဲ့အခါ သောက်ရေပေးရမယ်၊ ဆရာ့အဝတ်အစားတွေ ညစ်နွမ်းရင် လျှော်ဖွပ်ပေးရမယ်၊ ချိုးရေစီမံပေးရမယ်၊ မကျန်းမာတဲ့အခါ အနီးကပ်ပြုစုလုပ်ကျွေးရပါမယ်၊ ဒါတွေဟာ ရှေးမြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ အပြည့်အစုံရှိခဲ့ဘူးပါတယ်။

သင်တွေးအံရွတ်= ဆရာသင်ပေးလိုက်တဲ့ ပညာရပ်တွေကို ရိုရိုသေသေ လေးလေးစားစား သင်ပါတဲ့၊ ရိုရိုသေသေသင်ဆိုဒါ နဲနဲသင်ပြီး အကြိမ်များစွာ ရွတ်ဖတ်သရဇ္ဈာယ်ရမယ်လို့ ဆိုလိုပါတယ်၊ အဓိပ္ပါယ်တစ်ခုတည်းကိုပင် ရှင်းရှင်းလင်းလင်းသိအောင် သင်ပါလို့ဆိုလိုပါတယ်၊ စိတ်မဝင်စားဘဲ မိဘကခိုင်းလို့ ဝတ်ကျေ တန်းကျေလောက် သင်ကြားရင် ဝတ္တရားပျက်တယ်၊ တာဝန်မကျေဘူး၊ အခုပြောခဲ့တာတွေဟာ တပည့်များ လိုက်နာရမည့် ဝတ္တရားများဖြစ်ပါတယ်။

**“ဆရာ၏ ကျင့်ဝတ်များ”**

**အတတ်လည်းသင် ၊ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန် ၊ဘေးရန်ဆီးကာ၊**

**သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဘို့ဝတ်ငါးဖြာ။**

ဆရာဆိုဒ်

**"အတတ်လည်းသင်"** အတတ်ပညာသင်ကြားပေးတဲ့အခါ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် သင်ကြားပေးရပါတယ်၊ မိမိ၏ တာဝန်ချိန်ကုန်ရင် ပြီးတာဘဲလို့ သဘောမထားရပါဘူး၊ ဒီကနေ့ခေတ်မှာ ဆရာတစ်ချို့ဟာ တပည့်များအပေါ် စေတနာ,မေတ္တာနဲ့ကြပြီး မိမိသင်ပေးရမည့် အချိန်နာရီစေ့ရင်ပြီးတာဘဲ သဘောထားပြီး သင်နေကြတာများပါတယ်၊ ဒါတွေဟာ အလိုလိုနေရင်း မိမိတို့ရဲ့ ဆရာအရည်အသွေးတွေ ကျဆင်းနေတာပါဘဲ၊ ဒီတရားတော်နဲ့ပြောရရင် ဆရာ မပီသဘူး၊ လူ မပီသဘူးပေါ့ ။

**"ပဲ့ပြင်ဆုံးမ"** မိမိထံရောက်လာတဲ့ တပည့်တွေကို ပညာသင်ပေးရုံနဲ့ မပြီးသေးပါဘူး၊ ဆုံးမစရာရှိရင် ကျကျနန ဆုံးမရပါမယ်၊ ငါ့တာဝန်က ပညာသင်ပေးရုံဘဲလို့ သဘောထားပြီး မဆုံးမခဲ့ရင် ဆရာ့ဝတ္တရားပျက်ပါတယ်၊ "ကျကျနနဆုံးမဆိုဒ်" သွားပုံ,လာပုံ,စားပုံ, နေပုံ,ထိုင်ပုံစသည်အားလုံး ဆုံးမရပါမယ်၊ မကောင်းတဲ့မိတ်ဆွေကိုရှောင်ပြီး မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းတတ်ဖို့လဲ သင်ပေးရပါမယ်၊ နားထောင်တာ, မထောင်တာက သူတို့အပိုင်းဘဲ၊ ကိုယ့်တာဝန် ကိုယ်ကျေအောင် ဆောင်ရွက်တတ်ဖို့လိုပါတယ်။

**"သိပ္ပမချန်"** ဆရာဆိုဒ် တပည့်ကို ပညာသင်ပေးတဲ့အခါ မိမိသိသမျှ တတ်သမျှ မချန်မချွင်းဘဲ အကုန်သင်ပေးရပါတယ်၊ ဆရာစားချန်ပြီး သင်ပေးရင် ဆရာ့ဝတ္တရားပျက်ပါတယ်။

**"ဘေးရန်ဆီးကာ"**မိမိ၏တပည့် အန္တရာယ်ကျရောက်မည့်အရေး မိမိသိခဲ့ရင် ကိုယ်နဲ့မဆိုင်သလို မနေရပါဘူး၊ အကာအကွယ် ပေးရပါမယ်၊ မိမိတတ်နိုင်သမျှ ကာယကံအားဖြင့်၄င်း,ဝစီကံအားဖြင့်၄င်း ကာကွယ်စောင့်ရှောက်ပေးရပါတယ်၊ ဒါမှ ဆရာ့ဝတ္တရား ကျေပါလိမ့်မယ်။

**"သင့်ရာအပ်ပို့"** မိမိ၏တပည့် ပညာတတ်ပြီဆိုတဲ့အခါ ငါ့တာဝန်ကျေပြီလို့ ဒီလိုမတွက်ရပါဘူး၊ ဆိုင်ရာလုပ်ငန်းတွေမှာ အပ်နှံပေးရပါအုံးမယ်၊ မိမိတပည့်၏ အရည်အသွေးတွေကို ပြောကြားပြီး မိတ်ဆွေအပေါင်းအသင်းတွေထံမှာ တာဝန်ယူ အပ်နှံပေးရပါသေးတယ်၊ ဒါတွေဟာ ဆရာကောင်းပီသတဲ့ ပုဂ္ဂိုလ်တို့ရဲ့ ဝတ္တရားတွေဘဲဖြစ်ပါတယ်၊ ဒီဝတ္တရားတွေ ကျေတဲ့ဆရာဖြစ်ဖို့ လိုအပ်ပါတယ်၊ ဒီလို ဆရာကလဲ ဆရာ့ဝတ္တရား, တပည့်ကလဲ တပည့်ဝတ္တရားတွေ ကျေအောင်ကျင့်သုံးကြမယ်ဆိုရင် လောကကြီးကို အလှဆင်ရာလဲရောက်ပါတယ်၊ အဲဒီလို ဆရာ+တပည့်မျိုးရဘို့ ခဲယဉ်းလှန်းလို့ ဘုရားရှင်က "ကိစ္ဆော မနုဿပဋိလာဘော– လူ ပီသဘို့ ခဲယဉ်းတယ်၊"လို့ ဟောခဲ့တာဖြစ်ပါတယ်။

အိမ်ထောင်ရှင်ကောင်း

လူ့လောကဓမ္မတာအရ အိမ်ထောင်ပြုကြပြီဆိုပြန်တော့ ခင်ပွန်း(ယောကျ်ား)ဘက်က ဝတ္တရားရှိသလို ဇနီး(မယား)ဘက်ကလဲ ဝတ္တရားတွေ အသီးသီးရှိပါတယ်၊ ဒီဝတ္တရားတွေ ကျေပွန်ကြမှ ခင်ပွန်းကောင်း, ဇနီးကောင်း ပီသကြမှာဖြစ်ပါတယ်။

"ခင်ပွန်း(ယောကျ်ား)ဝတ္တရား"

**မထေမဲ့ကင်း ၊အပ်နှင်းဥစ္စာ ၊မိန္ဓာမမှား ၊**

**ဝတ်စားဆင်ယင် ၊မြတ်နိုးကြင် ၊ငါးအင်လင်ကျင့်ရာ။**

**"မထေမဲ့ကင်း"** အမျိုးသားများသည် မိမိတို့၏ ဇနီးမယားအပေါ် ကိုယ့်ဇနီးမယားဘဲဆိုပြီး မထေမဲ့မြင် ဘယ်တော့မှ မလုပ်ရပါဘူး၊ ငါပိုင်တယ်, ငါဆိုင်တယ်, ငါ့ဇနီးဘဲဆိုပြီး မထေမဲ့မြင် မထီလေးစား လုပ်ရင် ဒီအမျိုးသားဟာ ခင်ပွန်း(ယောကျ်ား)ကောင်း တစ်ယောက် မဖြစ်နိုင်ပါဘူး၊ လင်ရယ်, မယားရယ် လို့ ဖြစ်လာရင် တစ်ဦးနဲ့တစ်ဦး လေးစားမှ အိမ်ထောင်ရေးလဲ သာယာပါလိမ့်မယ်၊ ဒီစည်းကမ်းကို အိမ်ထောင်မှုသာယာရေး စည်းကမ်းလို့ ဆိုချင်ဆိုပေါ့။။

**"အပ်နှင်းဉစ္စာ"** ဒို့အမျိုးသား(လင်ယောကျ်ား)တွေ အလုပ်လုပ် စီးပွါးရှာတဲ့အခါ ရလာတဲ့ငွေကို ကိုယ့်ဟာကိုယ်သီးခြား ဘဏ်စာရင်း(Bank Accounts)ဖွင့်ရမှာလား?၊ ဇနီးအပ်ရမှာလား?၊ ကိုင်း ဖြေကြ ... ... ...---- ဇနီးအပ်ရမှာတဲ့ဗျား၊ ဒို့အမျိုးသား ဒကာကြီးတွေ ငြိမ်နေကြတယ်၊ (Joint Accounts) လုပ်ရမှာပါဘုရား)------- မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး လောကရေးကို ဘယ်လောက်အထိ မြင်တော်မူသလဲကြည့်ပါ။ အမျိုးသား(လင်ယောကျ်ား)တွေကလဲ ကိုယ့်စာရင်းနဲ့ကိုယ်၊ အမျိုးသမီး(ဇနီး)တွေ ကလဲ ကိုယ့်စာရင်းနဲ့ကိုယ် လုပ်ကြမယ်ဆိုရင် ဘာတွေဖြစ်လာနိုင်သလဲ၊ "ငါလဲ ငါ့ရှိတာ ငါသုံးတာ၊ သူလဲ သူ့ရှိတာ သူသုံးတာဘဲ"ဆိုပြီး တစ်ယောက်နဲ့တစ်ယောက် မလေးစားတော့ဘူး၊ ဒီဇနီး+ခင်ပွန်းနှစ်ယောက် ကြားမှာ တစ်ချိန်ချိန်တော့ ပူညံပူညံကိန်းသေဖြစ်လာမှာဘဲ၊ ဒီကနေ့ အိမ်ထောင်ရေးတွေမှာ ပူညံပူညံဖြစ်နေ ကြတာကို အနီးကပ်လေ့လာကြည့်ရင် ဒီလိုအခြေခံတွေက စ လာကြတာများပါတယ်၊ ဒါကြောင့် ဒီဝတ္တရား တွေ ကျေနိုင်ကြပါစေ။

**"မိစ္ဆာမမှား"** အမျိုးသား(လင်ယောကျ်ား)များသည် မိမိ၏ဇနီးကို ပစ်ပယ်ထားပြီး အခြား အမျိုးသမီးများအပေါ် ဘယ်တော့မှ မဖေါက်ပြားရဘူး၊ ဒါလဲ အိမ်ထောင်ရေးသာယာဘို့ အဓိကကျတဲ့ အချက်တစ်ချက်ပါဘဲ၊ သတိထားဘို့ ကောင်းပါတယ်။

**"ဝတ်စားဆင်ယင်"** ဇနီး(မယား)များကိုယ်တိုင် သူ့ဟာသူ အဝတ်အစား ဝယ်တတ်ကြပါတယ်၊ ဒါပေမဲ့ ဇနီးနဲ့ခင်ပွန်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြစ်အောင် အမျိုးသားများက တစ်ခါတစ်ခါ ကိုယ်တိုင် ဝယ်ပြီး ကိုယ့်ဇနီးကို ဆင်မြန်းပေးရသတဲ့၊ ဒီလိုဆင်မြန်းပေးလိုက်ရင် မကျေနပ်တဲ့ ဇနီး(မယား)ဆိုဒါ ရှိနိုင် အုံးမလား၊ မရှိနိုင်ပါဘူး၊ ကျေနပ်ကြတာချည်းပါဘဲ၊ ဒို့ခင်ပွန်းတွေက ဒို့ကို သိပ်ဂရုစိုက်ကြတာဘဲဆိုပြီး ကျေနပ်ကြလို့ အိမ်ထောင်ရေး သာယာနေကြတာ ကိုယ်တွေ့တွေ့ဖြစ်ကြမှာပါ။ အဝတ်အစားတင်မကပါဘူး၊ အခြားအသုံးအဆောင်များလဲ သင့်တော်ရာကို ဝယ်ယူဆင်မြန်းပေးနိုင်ကြရင် ကောင်းမှာပါဘဲ။

**"မြတ်နိုးကြင်"** လင်ယောကျ်ားများက ဇနီးမယားကိုဘဲဖြစ်ဖြစ်, ဇနီးမယားက ခင်ပွန်း လင် ယောကျ်ားကိုဘဲဖြစ်ဖြစ် ခေါ်ဝေါ်ပြောဆိုတဲ့အခါ ကြင်ကြင်နာနာ ခေါ်ဝေါ်ပြောဆိုရမယ်တဲ့၊ ရိုင်းရိုင်း စိုင်းစိုင်း မပြောရဘူး၊ ကလက်တက်တက် ခေါ်ဘို့ပြောတာမဟုတ်ပါဘူး၊ မေတ္တာ,ကရုဏာအရိပ်အယောင်နဲ့ သိမ်သိမ် မွေ့မွေ့ခေါ်ပါ၊ အခုပြောခဲ့တဲ့ ခင်ပွန်းဝတ္တရား ကျေပွန်အောင်ဆောင်ရွက်တဲ့ အမျိုးသားမှ ခင်ပွန်းကောင်းပီသ ပါမယ်၊ လူ ပီသပါမယ်။ ဒီလို ခင်ပွန်းကောင်း ပီသဘို့, လူပီသဘို့ ခဲယဉ်းလွန်းလို့ "ကိစ္ဆော မနုဿပဋိလာ

–ဘော– လူ ပီသတို့ ခဲယဉ်းတယ်”လို့ ဟောပါတယ်။

## ဇနီး(မယား)ဝတ္တရား”

အမျိုးသား ခင်ပွန်းယောက်ျားနဲ့ပတ်သက်လို့ ပြီးပြီဆိုတော့ အမျိုးသမီးဇနီးတွေဘက် ပြောကြအုံးစို့၊ ဒို့အတွက် ဝတ္တရားမရှိဘူးလို့ မထင်လိုက်ကြနဲ့။

**အိမ်တွင်းမှုလုပ် ၊သိမ်းထုပ်သေချာ ၊မိတ္တာကျဉ်ရှောင် ၊**
**လျော်အောင်ဖြန့်ရှိ ၊ပျင်းရိမမူ ၊ဝတ်ငါးဆူ၊**
**အိမ်သူကျင့်အပ်စွာ။**

**“အိမ်တွင်းမှုလုပ်”** မိမိတို့၏အိမ်မှာ လုပ်စရာကိစ္စတွေကို အမျိုးသမီးများက ပြုလုပ်ရမယ်၊ အမျိုးသားများက အိမ်အပြင် စီးပွါးရေးဆိုင်ရာ လုပ်ငန်းတွေမှာ အလုပ်လုပ်ကြတဲ့အခါ အမျိုးသမီးများကလဲ တစ်ဖက်တစ်လမ်းက ကူညီသည့်အနေအားဖြင့် အိမ်မှာလုပ်ရမည့် ထမင်းချက်ခြင်းစသော လုပ်ငန်းကိစ္စတွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ရမယ်လို့ဆိုလိုပါတယ်။

**“သိမ်းထုပ်သေချာ”** ရှေ့ပိုင်းတုန်းက ဒါယကာကြီးတွေရှာသမျှ စီပွါးဥစ္စာတွေကို အမျိုးသမီးများကို အပ်ရမယ်လို့ ဆိုခဲ့ပါတယ်၊ ဒီတော့ အမျိုးသမီးတွေက “ဒို့တော့ ဟန်ကျတာဘဲ၊ အပ်သမျှအကုန်သုံးလိုက်မယ်, ဖြုံးလိုက်မယ်လို့” မလုပ်ပါနဲ့တဲ့၊ ဝတ္တရားက“သိမ်းထုပ်သေချာ”တဲ့နော်၊ “သုံးထုပ်သေချာ”မဟုတ်ဘူး၊ ရှိတာတွေ အကုန်သုံးမဲ့“သုံးထုပ်သေချာ”မဟုတ်ဘူးဆိုဒါလဲ သိထားကြအုံး။

ဒါယကာကြီးတွေက ပင်ပင်ပန်းပန်းနဲ့ ရှာဖွေအပ်နှံလာတဲ့ စီပွါးဥစ္စာတွေကို သေသေချာချာ ထိမ်းထိမ်းသိမ်းသိမ်းနဲ့ မကုန်သင့်တာ မကုန်ရအောင်၊ မပျက်စီးသင့်တာ မပျက်စီးရအောင် “စီးတဲ့ရေ ဆည်တဲ့ကန်သင်း”ဆိုဒါလို အိမ်ထောင်တာဝန်ကို ထိန်းသိမ်းတတ်ရမယ်လို့ဆိုလိုပါတယ်။

**“မိတ္တာကြင်ရှောင်”** အမျိုးသားဝတ္တရားမှာကဲ့သို့ပင် အမျိုးသမီးများလဲ မိမိတို့၏ခင်ပွန်း လင်ယောက်ျားကို ပစ်ပယ်ထားပြီး အခြားအမျိုးသားများနဲ့ ဖေါက်ပြားတဲ့ မှားယွင်းတဲ့ မိတ္တာအကျင့်ကို ရှောင်ကြဉ်ရမယ်လို့ ဆိုလိုပါတယ်။

**“လျော်အောင်ဖြန့်ချိ”** ဇနီး+ခင်ပွန်းရယ်ဖြစ်လာပြီဆိုရင် သူ့ဘက်+ကိုယ့်ဘက် ဆွေမျိုးရှိလာပါတယ်၊ အဲဒီဆွေမျိုးတွေကို ပေးကမ်းချီးမြှင့်တဲ့ အချိန်ရောက်တဲ့အခါမှာ ကိုယ့်ဆွေမျိုးကိုတစ်မျိုး, သူ့ဆွေမျိုးကိုတစ်ဖုံ ဒီလိုမခွဲခြားပါနဲ့၊ ကိုယ့်ဆွေမျိုးကျတော့ သာသာထိုးထိုးနဲ့ များများကောင်းတာပေးပြီး သူ့ဆွေမျိုးကျတော့ နဲနဲညံ့ပေးတာမျိုး မလုပ်ရဘူးတဲ့၊ နောက်ပြီး ကိုယ့်ဆွေမျိုးလာတော့ ပြုံးပြုံး, သူ့ဆွေမျိုးလာတော့ မျက်နှာမဲ့မဲ့နဲ့ ငြိုငြင်နေမယ်ဆိုရင် ဝတ္တရားမကျေလို့ ဇနီးကောင်း မပီသဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် သူ့အချိန်နဲ့ သူ, သူ့နေရာနဲ့သူ သင့်လျော်အောင် “ပေးကမ်းခြင်း, ချိုသာခြင်း, အကျိုးရှိအောင် ဆောင်ရွက်ခြင်း, ကိုယ်ချင်းစာခြင်း”ဆိုတဲ့ သင်္ဂဟတရားနဲ့အညီ ကျင့်သုံးတတ်ဖို့ ဒီဝတ္တရားကို မိန့်တော်မူတာဖြစ်ပါတယ်။

**"ပျင်းရိမမူ"** အိမ်ထောင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်တဲ့အခါ ပျင်းရိဖင့်နွဲ့ပြီး မနေရဘူးတဲ့၊ သွက်သွက်လက်လက် တက်တက်ကြွကြွနဲ့ "မောင်တစ်ထမ်း, မယ်တစ်ရွက်"ဆိုဒါလို စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ပါလို့ဆိုလိုပါတယ်။

ဇနီး+ခင်ပွန်းအသီးသီး ဝတ္တရားကျေပြီဆိုရင် အိမ်ထောင်သာယာမှု လောကရေးတွေ အဆင်ပြေလို့ ကုသိုလ်တွေလဲ တစ်နေ့တစ်ခြား တိုးတက်ပါလိမ့်မယ်၊ ဒီလိုဝတ္တရားကျေတဲ့ ဇနီးကောင်း, ခင်ပွန်းကောင်း ဖြစ်ဖို့ ခဲယဉ်းလွန်းလို့ မြတ်စွာဘုရားက "ကိစ္ဆော မနုဿပဋိလာဘော–လူ ပီသဘို့ ခဲယဉ်းတယ်"လို့ ဟောတော်မူတာဖြစ်ပါတယ်။

မိတ်ဆွေဝတ္တရားများ

**ပေးကမ်းချီးမြှင့် ၊ကိုယ်နှင့်ယှဉ်ထား၊ စီပွါးဆောင်ရွက်၊**
**နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊**
**ကျင့်လေမိတ်သဟာ။**

**"ပေးကမ်းချီးမြှင့်"** လူ့လောကအလယ်ရောက်လို့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့နေရတဲ့အခါ မိတ်ဆွေသူငယ်ချင်းဆိုဒါ ရှိလာပါတယ်၊ ဒီအခါ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေအချင်းချင်း ကိုယ်က ပေးတဲ့အခါပေးလို့, သူ့ဆီက ယူတဲ့အခါယူလို့ ဒီလို အပေးအယူဆိုဒါ ရှိရပါတယ်၊ ကိုယ်ကချည်းယူပြီး ကိုယ်ကပေးဘို့အလှည့်ကြုံတဲ့အခါ တွန့်တိုနေမယ်ဆိုရင် အဲဒီမိတ်ဆွေနှစ်ယောက်ဟာ ကြာရှည် ဘယ်တော့မှမပေါင်းနိုင်ဘူး၊ မဆက်ဆံနိုင်ပါဘူး၊ ဒီနေ့ ဒိုပရိသတ် ကိုယ်တွေ့တွေ့ပါ၊ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံတဲ့အခါ ယူဘို့သာစင်းစားပြီ ပေးဘို့ စိတ်မကူးတဲ့သူကို ရေရှည်အပေါင်းအသင်းမလုပ်ပါဘူး၊ ဒါကို "လောကစည်းရုံးရေးတရား"လို့ခေါ်ပါတယ်၊ သင်္ဂဟတရားလို့ စာပေသဘောနဲ့ ခေါ်ချင်ခေါ်ပေါ့။ တစ်ယောက်နဲ့တစ်ယောက် ရေရှည်ပေါင်းခြင်ရင်"အပေးနဲ့အယူ, အယူနဲ့အပေး"ဆိုဒါ ရှိရပါတယ်။

**"ကိုယ်နှင့်ယှဉ်ထား"** မိတ်ဆွေအချင်းချင်း ပေါင်းသင်းတဲ့အခါ ကိုယ်ချင်းစာတရားရှိဘို့ သိပ်အရေးကြီးပါတယ်၊ လောကကြီးမှာ တစ်ကိုယ်ကောင်းဆန်တဲ့သူတွေ သိပ်များပါတယ်၊ တစ်ယောက်နဲ့တစ်ယောက်သာ မဟုတ်ပါဘူး၊ တစ်အိမ်နဲ့တစ်အိမ်, တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက်, တစ်မြို့နဲ့တစ်မြို့, တစ်နယ်နဲ့တစ်နယ်, တစ်တိုင်းပြည်နဲ့တစ်တိုင်းပြည် နေရာတိုင်းမှာ ကိုယ်ချင်းစာတရားရှိဘို့လိုပါတယ်၊ ကိုယ်ချင်းစာတရားမရှိတဲ့ ဆက်ဆံရေးဟာ စိုစိုပြေပြေမရှိနိုင်ပါဘူး၊ ဒါကြောင့် ကိုယ်ချင်းစာတရားမပါတဲ့ စည်းရုံးရေးဟာ အောင်မြင်နိုင်ဘို့ ခဲယဉ်းပါတယ်၊ တကယ်တော့ သူငယ်ချင်းချင်းသာ မကသေးပါဘူး၊ မိဘနဲ့သားသ္မီးဘဲဖြစ်ဖြစ်, ဆရာနဲ့တပည့်ဘဲဖြစ်ဖြစ်, လင်နဲ့မယားဘဲဖြစ်ဖြစ် "အရာရာမှာ ကိုယ်ချင်းစာ"ဆိုတဲ့ ဆိုင်းဘုတ်တတ်ထားဘို့ကောင်းပါတယ်။

**"စီးပွါးဆောင်ရွက်"** မိတ်ဆွေအချင်းချင်း ကူညီဆောင်ရွက်လုပ်ကိုင်ပေးတဲ့အခါ အကျိုးရှိရာ ရှိကြောင်းကိုသာ ဆောင်ရွက်ဖို့လဲလိုအပ်ပါတယ်၊ တယောက်နဲ့တစ်ယောက် ပေါင်းသင်းတဲ့အခါ အကျိုးရှိရာ

ကိုလုပ်, အကျိုးရှိရာကိုသာပြော, အကျိုးရှိရာကို တိုင်ပင်ဆွေးနွေးသင့်ပါတယ်၊ ကူညီတော့ကူညီပါရဲ့ အကျိုးမရှိတာတွေချည်းများရင် ကြာလာတဲ့အခါ တစ်ဦးနဲ့တစ်ဦး လေးစားမှုနဲလာတတ်ပါတယ်၊ "ဒီလူက ငါပေါင်းလာတာ ကြာပါပြီ၊ ငါ့ အကျိုးရှိရာရှိကြောင်း တစ်ခါမှ အကြံမပြုဘူးဘူး, မပြောဘူးဘူး, မဆောင်ရွက်ဘူးဘူး၊ သူနဲ့ပေါင်းရတာ အကျိုးမရှိပါဘူး"ဆိုပြီး အထင်သေးမှုတွေ ဖြစ်လာတတ်ပါတယ်၊ ဒါကြောင့် မိတ်ဆွေအချင်းချင်း ကူညီတဲ့အခါ ကြိုက်သည်ဖြစ်စေ, မကြိုက်သည်ဖြစ်စေ အကျိုးရှိလောက်အောင် ကူညီဆောင်ရွက်ရင် ရေရှည်ပေါင်းသင်းလို့ ကောင်းပါတယ်။

ဇောတိပါလနဲ့ ဃဋိကာရတို့လို

ဒီနေရာမှာ သာဓကတစ်ခုလောက် ပြောချင်ပါတယ်၊ ကဿပဘုရားရှင်လက်ထက်တော်က ဂေါတမဘုရားအလောင်းတော်ဟာ အဲဒီခေတ်အခါက ဇာတ်မြင့်လို့ သတ်မှတ်တဲ့ ဗြဟ္မဏမျိုးမှာ ဇောတိပါလလုလင်ဆိုဒါ ဖြစ်ပါတယ်။

သူ့မှာ ဇာတ်နိမ့်မျိုးထဲက သိပ်ပြီးရင်းနှီးတဲ့ ဃဋိကာရအမည်ရှိတဲ့ အိုးလုပ်သမား သူငယ်ချင်းတစ်ယောက် ရှိပါတယ်၊ သူငယ်ချင်းချင်း ချစ်ခင်ရင်းနှီးပေမဲ့ တစ်ယောက်နဲ့တစ်ယောက် အတွေးအခေါ် အယူအဆချင်း, အယူဝါဒချင်း မတူညီကြပါဘူး။

ဃဋိကာရလုလင်က မိအိုဖအိုတွေကို လုပ်ကျွေးပြီး ကဿပမြတ်စွာဘုရားကို ကြည်ညိုပါတယ်၊ ဇောတိပါလလုင်ကတော့ ဘုရားကို မကြည်ညိုဘူး၊ ဒါပေမဲ့ ဇာတ်နိမ့်ဖြစ်တဲ့ဃဋိကာရက သူငယ်ချင်းကောင်း ပီသစွာ ဇာတ်မြင့်ဖြစ်တဲ့ ဇောတိပါလကို ကဿပမြတ်စွာဘုရားအား သွားရောက်ဖူးမျှော်ရန် သုံးကြိမ်တိုင်တိုင် တိုက်တွန်းပါတယ်၊ "သူငယ်ချင်းရာ လောကမှာ ကဿပဘုရားဆိုဒါ ပွင့်နေပါတယ်၊ ထိုဘုရားရှင်ဟောတော်မူတဲ့ တရားတော်တွေကလဲ သိပ်ကောင်းပါတယ်၊ ကျင့်ကြံအားထုတ်သူတိုင်း ဆင်းရဲတွေ ငြိမ်းနိုင်ပါတယ်"၊ စသည်ဖြင့် သွားချင်အောင်လဲ ပြောပါတယ်။

ဇောတိပါလက ဘာပြန်ပြောသလဲဆိုရင် "မင်းတို့ ဦးပြည်းရဟန်းတော်တွေဆီသွားလို့ ဘာမှအကျိုးမရှိပါဘူး၊ မသွားချင်ပါဘူး" လို့ သုံးကြိမ်တိုင်အောင် ရင့်ရင့်သီးသီး ပြောဆိုငြင်းပယ်ခဲ့ပါတယ်၊ ဒီနေရာမှာ ဇောတိပါလဆိုဒါ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူးနော်၊ ဘုရားအလောင်းတော်ကြီးဘဲ၊ အမျိုးဇာတ်နဲ့ပတ်သက်ပြီး မာနတွေကြောင့် ဒီလိုရင့်သီးစွာ ပြောဆိုခဲ့တာဖြစ်ပါတယ်၊ သူကငြင်းပေမဲ့ ဃဋိကာရလုင်က လက်မလျော့ပါဘူး၊ တနေ့တော့ ပရိယာယ်နဲ့ ဘုရားကျောင်းတော်ရဲ့အနီးက မြစ်ဆိပ်တစ်ခုမှာ ရေချိုးဘို့ ခေါ်လာခဲ့ပါတယ်။

ရေချိုးဆိပ်မှာ ရေချိုးပြီးတဲ့အခါ ဃဋိကာရက ဒီတစ်ခါ သူငယ်ချင်းဇောတိပါလကို ဘုရားကျောင်းတော်အရောက် ခေါ်မှဘဲလို့ တွေးပြီး ပြောပါတယ်"မိတ်ဆွေဇောတိပါလ... အခုငါတို့ရေချိုးဆိပ်ရဲ့ မနီးမဝေးမှာ ကဿပဘုရားကျောင်းတော်ရှိပါတယ်၊ ဘုရားဖူး သွားဘို့သင့်ပါတယ်၊"လို့ တိုက်တွန်းပါတယ်၊ သုံးကြိမ်တိုင်အောင် တိုက်တွန်းပေမဲ့ ငြင်းဆိုနေခဲ့ပါတယ်၊ ဒီအခါမှာတော့ ဃဋိကာရက ဇောတိပါလရဲ့ ခါးပုံစ (ပုဆိုးစ)ကို ကိုင်ဆွဲပြီး "သူငယ်ချင်း ... ဘုရားကျောင်းတော်ဟာ သိပ်နီးနေပါပြီ၊ ဒီနား ကြုံတုန်းကြုံခိုက် ဘုရားဖူး သွားသင့်ပါတယ်"လို့ တိုက်တွန်းပြန်ပါတယ်၊ တော်တော်ဇွဲကောင်းတဲ့ သူငယ်ချင်းလို့ဆိုရမှာပါ။

ဒီအခါမှာလဲ ပုဆိုးစကိုလွှတ်ခိုင်းပြီး ငြင်းဆိုပြန်ပါတယ်၊ သုံးကြိမ်တိုင်အောင် ငြင်းနေပြန်တော့ ဃဋိကာရက လက်မလျော့ဘဲ နောက်ဆုံးအဆင့်အနေနဲ့ ဇာတ်နိမ့်တဲ့ ဃဋိကာရအိုးလုပ်သမားက ဇာတ်မြင့်ဖြစ်တဲ့ ဇောတိပါလရဲ့ ရောင်ထုံး(ဆံထုံး)ကို ကိုင်ဆွဲပြီး မလိုက်ရင် မဖြစ်တဲ့အကြောင်း အတင်းတိုက်တွန်းပါတယ်။

အဲဒီခေတ်က ဇာတ်နိမ့်သူတစ်ယောက်က ဇာတ်မြင့်သူရဲ့ ဆံထုံးကို ကိုင်ဆွဲရဲတယ်ဆိုဒါ တော်ရုံသတ္တိ မဟုတ်ပါဘူး၊ ဇောတိပါလလုလင်လဲ ဒီလို မိမိရဲ့ဆံထုံးကို ကိုင်ဆွဲလောက်အောင် ဖြစ်လာတော့ သိပ်ပြီးအံ့အား သင့်သွားပါတယ်၊ မဖြစ်စဖူး ထူးကဲတဲ့ လုပ်ရပ်ကို ကြည့်ပြီး ဇောတိပါလလုလင် စင်းစားပါတယ်၊"ဇာတ်နိမ့်တဲ့ သူငယ်ချင်းဃဋိကာရဟာ ငါလိုဇာတ်မြင့်သူရဲ့ ဆံထုံးကို ကိုင်ဆွဲရလောက်အောင် ပြုလုပ်တယ်ဆိုဒါ တော်ရုံ အကျိုးရှိလို့တော့ မဟုတ်လောက်ဘူး၊ သူပြောတဲ့ ကဿပဘုရားထံ သွားရင် ဧကန်အကျိုးရှိလို့ ဖြစ်မှာဘဲ "လို့ စင်းစားပြီး "သူငယ်ချင်းဃဋိကာရ... ... သင်ပြောတဲ့ ကဿပဘုရားထံ သွားတဲ့ကိစ္စက ငါရဲ့ဆံပင်ကို ကိုင်ဆွဲရလောက်အောင် အရေးကြီးပါသလား"လို့ မေးတဲ့အခါ အရေးကြီးကြောင်း ပြောပြီး ဘုရားထံ ရောက်အောင် သွားဘို့တိုက်တွန်းပါတယ်။

နောက်ဆုံးတော့ ဇောတိပါလလုလင်လဲ ဃဋိကာရနှင့်အတူ ကဿပဘုရားရှင်ထံ လိုက်သွားပြီး ဘုရားထံရောက်လို့ တရားနာရတဲ့အခါ တရားရဲ့အရသာတွေကိုသိပြီး ဇောတိပါလက ဃဋိကာရကို မေးပါ တယ်"အဆွေတော် ဃဋိကာရ... ... သင်ဟာ ကဿပဘုရားရှင်၏တရားတော်တွေကို ဒီမျှကြာရှည်အောင် နာခဲ့ရပြီး တရားကောင်းမှန်း မသိဘူးလား"လို့ မေးပါတယ်။

ဃဋိကာရက တရားကောင်းမှန်းသိတဲ့အကြောင်း ပြန်ပြောပါတယ်၊ ဒီတော့ ဇောတိပါလက " တရားကောင်းမှန်းသိပါလျက် ဘာကြောင့် သာသနာတော်မှာ ရဟန်းမဝတ်နိုင်ရတာလဲ"လို့မေးပြန်ပါ တယ်၊ ဒီအခါ ဃဋိကာရက "မိတ်ဆွေ ဇောတိပါလ... ...ကျွန်ုပ်ဟာ တရားကောင်းမှန်းတော့သိပါတယ်၊ ဒါပေမဲ့ မျက်မမြင် မိအိုဖအိုတွေရှိနေတဲ့အတွက် ဒီမိဘနှစ်ပါးကို ပြုစုစောင့်ရှောက်နေရသေးလို့ ရဟန်းမပြု နိုင်သေးတဲ့အကြောင်း ပြောပါတယ်၊ ဒို့ပရိသတ်... ဃဋိကာရ ဘာကြောင့် သင်္ကန်းမဝတ်နိုင်တာတဲ့လဲ?၊ (မိဘနှစ်ပါးကို စောင့်ရှောက်နေရလို့ပါဘုရား)၊ ဒါဖြင့် ဒို့ပရိသတ်က ဘယ်သူ့ကို စောင့်ရှောက်နေရလို့ ပါလိမ့် ?။

ဒီအချိန်ကစပြီး ဇောတိပါလလုလင်ဟာ ကဿပဘုရားသာသနာမှာ ဝင်ရောက်ပြီး သင်္ကန်းဝတ် ခဲ့ပါတယ်၊ သို့သော် အဲဒီဘုရား သာသနာမှာ တရားထူးတရားမြတ်မရခဲ့ပါဘူး၊ ဘာကြောင့်လဲဆိုရင် ဘုရားအလောင်းဖြစ်နေလို့ပါဘဲ၊ အကယ်၍ တရားထူးရနေရင်လဲ ဘုရားဘယ်ဖြစ်တော့မှာလဲ၊ ဒါတွေ အားလုံးဟာ ဘာပြောလိုတာလဲဆိုရင် သူငယ်ချင်းကောင်းပီသခဲ့ရင် အကျိုးရှိတဲ့လုပ်ငန်းကို ကြိုက်သည် ဖြစ်စေ, မကြိုက်သည်ဖြစ်စေ အတင်းတိုက်တွန်းဆွဲဆောင်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ပါဘဲ၊ ဒါကို "စီးပွါးဆောင် ရွက်"လို့ ဆောင်ပုဒ်က ပြောထားပါတယ်။

**"နှုတ်မြွက်ချိုသာ"** တစ်ဦးနဲ့တစ်ဦး ကြာရှည်စွာပေါင်းလာတဲ့အခါ သတိထားရမည့်အချက် တစ်ချက်က ရင်းနှီးတာကို အခြေခံပြီး ကြမ်းကြမ်းတမ်းတမ်း မပြောမိဘို့, မထေမဲ့မြင် မပြောမိဘို့ အရေးကြီး ပါတယ်၊ မှတ်သားစရာ သိပ်ကောင်းပါတယ်၊ တစ်ချို့က ရင်းနှီးတယ်ဆိုပြီး အပြောအဆိုတွေ မထေမဲ့မြင်နဲ့ ခေါ်မိတတ်တယ်၊ ပြောမိတတ်တယ်၊ ဒီလိုပြောရင်းပြောရင်းနဲ့ စိတ်ထဲမှာ အခန့်မသင့်ဘဲ မကြည်လင်တဲ့ အချိန်နဲ့ကြုံရင် တကယ့်ရန်သူကြီးတွေ ဖြစ်သွားတတ်တယ်။

ဆရာဘုန်းကြီး
ဆုံးမပုံ

ဦးဇင်းတို့ ငယ်စဉ်(၁၄)နှစ်သားလောက်က ဆရာဘုန်းတော်ကြီးက ဆုံးမဘူးပါတယ်၊ ဘုန်းကြီးက မှတ်လောက်သားလောက်အောင် ပြောပါတယ်၊ "ကိုရင်... ...ပေါင်းသင်း ဆက်ဆံတဲ့အခါ ခွေးပေါင်း မပေါင်းရဘူး၊ လူပေါင်း ပေါင်းရတယ်"တဲ့၊ ဒီလိုဆုံးမပြီး ဆရာဘုန်းကြီးက ဆက်ပြောပါသေးတယ်၊ "ခွေးပေါင်း မပေါင်းရဘူး၊ လူပေါင်း ပေါင်းရတယ်"ဆိုဒါ ကိုရင် နားလည်လားတဲ့၊ နားမလည်ပါဘုရားဆိုတော့ "ခွေးလေးတွေ ကြည့်ပါလားတဲ့၊ ငယ်စဉ်က ချစ်လိုက်ကြတာ၊ တစ်ကောင်နဲ့ တစ်ကောင် ပြေးလိုက်, လွှားလိုက်,ခုန်ပေါက်လိုက်နဲ့ ကစားကြတယ်၊ ဒီလို ပြေးလွှား ခုန်ပေါက် ကစားရင်း ဘဲ တော်တော်ကြာတော့ တကယ် ကိုက်ကုန်ကြတယ်၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ကိုရင်အချင်း ချင်း, ရဟန်းအချင်းချင်း, လူအချင်းချင်း ပေါင်းသင်းဆက်ဆံတဲ့အခါ "ငါ့သူငယ်ချင်းဘဲ၊ ငါနဲ့ရင်းနှီးတာဘဲ ဆိုပြီး မထေမဲ့မြင် မလုပ်ရဘူး၊ ဒါကြောင့် ဦးဇင်းတို့ ရန်ကုန် ကန်ဦးဇေတဝန်စာသင်တိုက်မှာ ညီညွတ်ရေး အတွက် "(၁)လူမျိုးရေးစကား မပြောရဘူး၊ (၂)အရပ်ဒေသစကား မပြောရဘူး"လို့ စည်းကမ်း ထုတ်ထား ပါတယ်။

**လူမျိုးရေးစကားဆိုဒါ** "မင်းက ကရင်ပုပ်ကြီး၊ ရှမ်းပုပ်ကြီး"စသည်ဖြင့် မပြောရဘူး၊ ပြောခဲ့သော် စိတ်ထဲမှာ ကြည်လင်နေတုန်းတော့ ပြဿနာမဖြစ်ဘူးပေါ့ ၊သူ့စိတ်ထဲမှာ တစ်စုံတစ်ခုသော အကြောင်း ကြောင့် အနှောက်အယှက်ဖြစ်နေတဲ့အခါ မကြည်မလင်ဖြစ်နေတဲ့အခါ ပြောမိဆိုမိရင် အကြီးအကျယ် ရန်သူ ဖြစ်တတ်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက လောကဆက်ဆံရေး နယ်ပယ်မှာ အရေးကြီးလို့ "နှုတ်မြွက် ချိုသာ"ဆိုတဲ့ ကျင့်ဝတ်တစ်ပါးထည့်ထားတာပေါ့။။

**"သစ္စာမှန်စေ"** သူငယ်ချင်းချင်း တစ်ဦးနဲ့တစ်ဦး ဆက်ဆံတဲ့အခါ ပြောကြဆိုကြတဲ့အခါ မှန်မှန် ကန်ကန် ဆက်ဆံပါတဲ့၊ မလိမ်မကောက်ပါနဲ့၊ လိမ်ကောက်လာပြီဆိုရင် မသိသေးခင်တော့ ကိစ္စမရှိသေးဘူး ပေါ့၊ သိပြီလဲဆိုရော"ဒီပုဂ္ဂိုလ်ဟာ ရှေ့တစ်မျိုး, ကွယ်ရာတစ်မျိုး, လုပ်တတ်တဲ့သူဘဲ"ဆိုပြီး တစ်ဦးနဲ့တစ်ဦး ကွဲတော့တာဘဲ၊ ဒါကြောင့် မြတ်စွာဘုရားက "သစ္စာမှန်စေ၊ ဝတ်ငါးထွေ ၊ကျင့်လေ မိတ်သဟာ"လို့ ဟော တာပေါ့၊ ဒီကျင့်ဝတ်တရားတွေနဲ့ ညီညွတ်တဲ့သူမှ သူငယ်ချင်းကောင်းပီသပြီး ဒီကျင့်ဝတ်တွေ ပျက်ရင်တော့ သူငယ်ချင်း မပီသဘဲ လူ မပီသဖြစ်ပါလိမ့်မယ်။

"အလုပ်ရှင်ကောင်း ကျင့်ဝတ်"

**ဝစ္စာကျွေးမွေး ၊ပြုရေးစီရင် ၊နာလျှင်ကုစေ၊ မျှဝေရသာ၊**
**အခါကိုလွှတ်၊အရှင့်ဝတ် ၊ဟောရွှတ်ပဉ္စမာ။**

**"ပြုရေးစီရင်"** အလုပ်ရှင်ဖြစ်တဲ့ပုဂ္ဂိုလ်ဆိုဒါ ပါဠိကဘာပြောသလဲ"ယထာဗလံ ကမ္မန္တသံဝိဓာနေန" ကိုယ့်ရဲ့အလုပ်သမားနဲ့ သင့်တင့်လျောက်ပတ်တဲ့ အလုပ်ကိုဘဲခိုင်းရမယ်၊ တစ်ချို့က ကာယဗလအားရှိတယ်၊ ဉာဏဗလအားမရှိဘူး၊ တစ်ချို့ကျပြန်တော့ ဉာဏဗလအားရှိတယ်, ကာယဗလအားမရှိပြန်ဘူး၊ တစ်ချို့က ကာယဗလရော ဉာဏဗလရောရှိပါတယ်၊ တစ်ချို့က ကာယဗလ,ဉာဏဗလနှစ်မျိုးလုံး မရှိတတ်ဘူး၊ အဲဒီလို အလုပ်သမားအမျိုးမျိုးရှိတဲ့အထဲက ကိုယ့်အလုပ်သမားဟာ ဘယ်လိုအမျိုးအစားလဲ သိပြီး သူနဲ့သင့်တင့် လျောက်ပတ်တဲ့ အလုပ်ကိုသာ ခိုင်းပါတဲ့၊ သူနဲ့မတန်တဲ့ မလျောက်ပတ်တဲ့အလုပ်ကို ပေးမိခိုင်းမိရင် အဲဒီ အလုပ်ရှင်နဲ့အလုပ်သမားကြားမှာ ဝိရောဓိ–ဆန့်ကျင်ဘက်ဖြစ်တတ်ပါတယ်၊ ဒါဟာ အလုပ်ရှင်ရဲ့ ဝတ္တရား တစ်ခုလို့မှတ်ပါ။

**"ဝစ္စာကျွေးမွေး"** ဒီကျင့်ဝတ်တွေကို အခုရှင်းပြတဲ့အခါ လင်္ကာအစဉ်နဲ့မဟုတ်ဘဲ ပါဠိတော်အစဉ်နဲ့ ရှင်းပြနေတာဖြစ်လို့ လင်္ကာအစဉ်မကျဘဲ ဖြစ်နေပါလိမ့်မယ်၊ အလုပ်သမားနဲ့သင့်တော်တဲ့ အလုပ်ကိုခိုင်းပြီး ရင်လဲ အလုပ်နဲ့တန်တဲ့ လစာရိက္ခာကို ပေးပါလို့ဆိုလိုပါတယ်၊ ခိုင်းတာကများများ လစာကနဲနဲဆိုရင် ဒီ အလုပ်သမား ကျေနပ်နိုင်ပါ့မလား၊ မကျေနပ်နိုင်ဘူးဆိုရင် ဒီအလုပ်ရှင်မှာ ဝတ္တရားပျက်ပြီလို့မှတ်ပါ။

**"နာလျှင်ကုစေ"** မိမိထံမှာ အလုပ်လုပ်တဲ့ အလုပ်သမား မကျမ်းမမာဖြစ်ရင် ပစ်မထားဘဲ အလုပ်ရှင် က ဆေးဝါး,ဓာတ်စာစသည် ပေးပြီး ရောဂါဝေဒနာပျောက်အောင် ကုသပေးရပါမယ်၊ ဒါမှ အလုပ်သမားကလဲ အလုပ်ရှင်အပေါ် ပြန်ပြီးအကျိုးပြုမှာပေါ့။

**"မျှဝေရသာ"** အလုပ်ရှင်ဟာ မိမိကိုယ်တိုင် ကောင်းတာစားရင် ကိုယ့်အိမ်မှာ ခိုင်းထားတဲ့ အလုပ်သမားကိုလဲ ခွဲခြမ်းဝေဘန်ပြီး ပေးရကျွေးရမယ်တဲ့၊ ကိုယ်ကတော့ ကောင်းတာစားပြီး အလုပ်သမားကျ တော့ မကောင်းတာကျွေးရင် "မျှဝေ"ဆိုတဲ့ ဝတ္တရားပျက်လို့ အလုပ်ရှင်ကောင်း မဖြစ်နိုင်တော့ဘူးပေါ့။

**"အခါကိုလွှတ်"** အလုပ်သမားများအတွက် အားလပ်ခွင့်ရက်ကိုလဲ သင့်တော်တဲ့အချိန်မှာ ပေးရ မယ်တဲ့၊ ခွင့်ရက်ဆိုဒါလဲ (၁)ပုံမှန် ခွင့်ရက်၊ (၂)ရှောင်တစ်ခင်ခွင့်ရက်လို့ နှစ်မျိုးရှိပါတယ်၊ အဲဒီထဲက ပုံမှန်ခွင့် ရက်ဆိုဒါ အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်တဲ့ လွတ်လပ်ရေးနေ့, ပြည်ထောင်စုနေ့တို့လို ရက်မျိုးကို ခေါ်ပါ တယ်၊ ရှောင်တစ်ခင်ခွင့်ရက်ဆိုဒါကတော့ မကျန်းမာတဲ့အခါ, လူမှုရေးကိစ္စပေါ်တဲ့အခါစသည် ရုတ်တရက် ချက်ချင်း တွေ့ကြုံတဲ့အခါမျိုးမှာပေးရတဲ့ ခွင့်ရက်မျိုးကိုဆိုလိုပါတယ်၊ ဒါတွေအားလုံးဟာ အလုပ်ရှင်ကောင်း တစ်ယောက်ရဲ့ ကျင့်ဝတ်များဖြစ်ပါတယ်၊ ဒီကျင့်ဝတ်တွေနဲ့ ညီညွတ်တဲ့အလုပ်ရှင်မှ အလုပ်ရှင်ကောင်း ပီသ ပါမယ်၊ ဒီလိုအလုပ်ရှင်ကောင်းတစ်ယောက်ဖြစ်ဖို့ ခဲယဉ်းလွန်းလို့ "ကိစ္ဆော မနုဿပဋိလာဘော–လူ ပီသ ဘို့ ခဲယဉ်းတယ်"လို့ ဟောတာဖြစ်ပါတယ်။

"အလုပ်သမားကောင်း ကျင့်ဝတ်များ"

**အိပ်သော်နောက်ကျ ၊ ထ,သော်ကားရှေး ၊ပေးမှယူအပ်၊**
**စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။**

**"အိပ်သော်နောက်ကျ"** အလုပ်သမားဆိုဒါ လုပ်စရာကိစ္စ အားလုံးပြီးစီးအောင်လုပ်ပြီး အလုပ်ရှင်ရဲ့ နောက်မှအိပ်ရပါတယ်၊ အိပ်ယာက ထတဲ့အခါမှာ အလုပ်ရှင်ရဲ့ရှေးဦးစွာ ထ,ရပါမယ်၊ ဒါမှ အလုပ်သမား ကောင်း ပီသမှာပေါ့၊ ဒီလိုမဟုတ်ရင် အလုပ်သမားကောင်းလဲ မပီသတော့ဘူး၊ ဝတ္တရားလဲ ပျက်ပါတယ်။

**"ပေးမှယူအပ်"** တစ်စုံတစ်ခုကို မိမိအတွက်ယူတဲ့အခါ အလုပ်ရှင်ပေးမှယူပါ၊ မပေးတာကို အလုပ်ရှင် သိသည်ဖြစ်စေ, မသိအောင်ဖြစ်စေ မယူရပါဘူးတဲ့၊ (ဥပမာ)မိမိအနေနဲ့ ရှစ်နာရီအလုပ်လုပ်ဖို့ တာဝန်ရှိပါလျက် ခုနစ်နာရီဘဲ အလုပ်လုပ်ပြီး တစ်နာရီစောကာ အလုပ်ဆင်းရင် ဒီအလုပ်သမားဟာ အချိန်တစ်နာရီ ခိုးရာရောက်ပါတယ်၊ တစ်နာရီအတွက် လုပ်ခကိုလဲ ခိုးရာရောက်ပါတယ်၊ ဒါဆိုရင် "ပေးမှယူအပ်"ဆိုတဲ့ ကျင့်ဝတ်ကို ဖေါက်ဖျက်ရာရောက်တဲ့အတွက် အလုပ်သမားကောင်း မပီသတော့ဘူး၊ မိမိကိုယ်ကို လူ့အဆင့် အတန်း နှိမ့်ချလိုက်တာဘဲ ဖြစ်ပါတယ်။

**"စေ့စပ်ဆောင်ရွက်"** အလုပ်လုပ်တဲ့အခါ စေ့စေ့စပ်စပ်လုပ်ပါ၊ ဝတ်ကျေတန်းကျေ မလုပ်ပါနဲ့လို့ ဆိုလိုပါတယ်၊ ပေါ့ပေါ့တန်တန် ဝတ်ကျေတန်းကျေလုပ်ရင် အလုပ်ရှင်နဲ့အလုပ်သမားကြားမှာ ဆန့်ကျင်ဘက် ဖြစ်တတ်ပါတယ်။

**"ကျေးဇူးမြွက်"** မိမိအလုပ်ရှင်ရဲ့ ဂုဏ်ကျေးဇူးကို မျက်မှောက်မှာဖြစ်စေ, မျက်ကွယ်မှာဖြစ်စေ ပြောဆိုပါလို့ ဆိုလိုပါတယ်၊ ရှေ့မှာတော့ ကောင်းကြောင်းပြောပြီး ကွယ်ရာမှာ အလုပ်ရှင်ရဲ့ အတင်းအဖျင်း တွေပြောနေမယ်ဆိုရင် အလုပ်သမားကောင်း မပီသတော့ပါဘူး၊ ဒီလို အလုပ်ရှင်ကောင်း, အလုပ်သမား ကောင်းတွေဖြစ်မှ လောကကြီး ငြိမ်းချမ်းသာယာပါလိမ့်မယ်။

ဆရာ+ဒကာ ပီသရေး

ဆရာနဲ့ဒကာဆိုဒါ ဘုန်းတော်ကြီးများနဲ့ ဒါယကာ ဒါယိကာမများကို ပြောတာဖြစ်ပါတယ်၊ အဲဒီ အထဲက ဒကာ+ဒကာမတွေရဲ့ ဝတ္တရားတွေကို ရှေးဦးစွာ ပြောကြစို့ ။

**မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို ၊**
**လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ကျင့်လေ ဒါယကာ။**

**"မေတ္တာစိတ်သက်"** အိမ်မှာနေတဲ့ ဒကာ+ဒကာမတွေက ကျောင်းမှာသီတင်းသုံးတော်မူကြတဲ့ ဘုန်းတော်ကြီးများအပေါ် "ကျမ်းမာချမ်းသာစေကြောင်း" စိတ်ထဲက မနောကံမေတ္တာပို့လွှတ်ပြီးနေရမယ်။

**"ဆောင်ရွက်ချစ်ခင်"** ဘုန်းတော်ကြီးများနဲ့ တွေ့တဲ့အခါဖြစ်စေ, ကျောင်းရောက်တဲ့အခါဖြစ်စေ, ဝေယျာဝစ္စဆောင်ရွက်တဲ့အခါဖြစ်စေ, မေတ္တာစေတနာရှေ့ထားပြီး ဆောင်ရွက်ပါတဲ့၊ ရဟန်းတော်များအပေါ် မေတ္တာစိတ်ဖြင့် ဝတ်ကြီးဝတ်ငယ်ပြုပါ၊ ရှိခိုးပါ၊ ခရီးဦးကြိုဆိုပါ၊ ကာယကံမေတ္တာထားပြီး ဆောင်ရွက်ပြုစု ပါလို့ ဆိုလိုပါတယ်။

**"ခင်မင်နှုတ်ချို"** ဆရာဘုန်းတော်ကြီးတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါ မေတ္တာစိတ်ရှေ့သွားပြုပြီး ချိုချိုသာသာပြောပါ၊ သံဃာတော်များ ဆွမ်းခံကြွလာတဲ့အခါ "ဆွမ်းလှူကြပါ, ယာဂုလှူကြပါ၊ စသည်ကို ပြောဆိုခြင်းဖြင့်၄င်း၊ သာဓုခေါ်ခြင်း, တရားနာခြင်း,စသည်ကို ရှိသေလေးစွာပြုလုပ်ခြင်းဖြင့်၄င်း၊ ဝစီကံ မေတ္တာပို့လွှတ်နေပါလို့ ဆိုလိုပါတယ်၊ လိုရင်းကတော့ ကာယကံမေတ္တာ, ဝစီကံမေတ္တာ မနောကံမေတ္တာပို့ လွှတ်နေခြင်းသည် ဒကာ+ဒကာမများ အလိုလိုဝတ္တရားကျေနေတယ်လို့ ခေါ်ပါတယ်။

**"လိုလျှင်ဖိတ်ထား"** ဆရာတော်သံဃာတော်များနဲ့ တွေ့တဲ့အခါ "အလိုရှိရာ အလှူခံတော်မူပါ ဘုရား"လို့ ဖိတ်ထားရမယ်၊ ရဟန်းတော်များဆိုဒါ ဖိတ်ထားမှ တောင်းကောင်းပါတယ်၊ မဖိတ်ထားတဲ့သူကို မတောင်းကောင်းပါဘူး၊ တောင်းခဲ့ရင် အပြစ်ဖြစ်ပါတယ်၊ ဒါကြောင့်"လိုအပ်တာရှိရင် အလှူခံတော်မူပါ ဘုရား"လို့ ဖိတ်ထားရမှာသည် ဘယ်သူ့ဝတ္တရားလဲ?၊(ဒကာ+ဒကာမတွေရဲ့ ဝတ္တရားပါဘုရား)၊ မဖိတ်ထား ရင် ဝတ္တရားမကျေဘူး၊ ဝတ္တရားမကျေရင် ဒကာ+ဒကာမ မပီသဘူး၊ အဆင့်အတန်း တစ်ဆင့်နိမ့်ကျသွား တယ်လို့ ခေါ်ရပါတယ်။

**"လိုလျှင်ဖိတ်ထား"**ဆိုတဲ့စကားကို ပါဠိတော်ကတော့ "အနာဝဋဒွါရတာယ"လို့ဆိုပါတယ်၊ အဓိပ္ပါယ်က–တံခါးဖွင့်ထားရမယ်လို့ဆိုလိုပါတယ်၊ ဒီနေရာမှာ အိမ်တံခါးအဖွင့်+အပိတ်နဲ့ပတ်သက်ပြီး ရှင်းပြ ထားပုံက အိမ်တံခါးတွေအားလုံးတော့ ဖွင့်ထားပါရဲ့ ဒါပေမဲ့ သီလရှိသောအလှူခံပုဂ္ဂိုလ်တို့အား မလှူဘူး ဆိုရင် တံခါးပိတ်ထားတယ်လို့ဘဲ ခေါ်ရပါတယ်။

အိမ်တံခါးတွေအားလုံး ပိတ်ထားပေမဲ့ သီလရှိသော အလှူခံပုဂ္ဂိုလ်တို့အား သင့်တော်သော အချိန် မှာ လှူဒါန်းတယ်ဆိုရင် တံခါးဖွင့်ထားတယ်လို့ဘဲ ခေါ်ရပါတယ်၊ ဒါကြောင့် သီလရှိသောအလှူခံပုဂ္ဂိုလ်များ အား အိမ်တံခါးရောက်လာခဲ့ရင် လှူစရာရှိပါလျက် "မရှိဘူး"လို့မပြောဘဲ လှူသင့်ပါတယ်၊ တနည်း ပြော ကြစို့ဆိုရင် မိမိတို့သန္တာန်မှာ "စေတနာတံခါး အမြဲဖွင့်ထားရမယ်"လို့ မှတ်သားထားရပါ မယ်။

**"တတ်အားလှူစေ"** နောက်ထပ် ဒကာ+ဒကာမတွေရဲ့ ဝတ္တရားက "တတ်အားလှူစေ"တဲ့၊ ဘာတဲ့ လဲ ဒို့ပရိသတ်?၊ တတ်အား လှူစေပါတဲ့ဘုရား၊ "တအား လှူစေ"မဟုတ်ဘူးနော်၊ တတ်နိုင်သမျှ လှူပါလို့ ဆိုလိုပါတယ်၊ "တအားလှူစေ မဖြစ်စေနဲ့၊ တော်တော်ကြာ ဘုန်းကြီးတွေက သူတို့ဘက်ကြတော့ "တအား (အများကြီး)လှူစေလို့ဆိုတယ်ဖြစ်နေအုံးမယ်၊ "တအား(အများကြီး)မဟုတ်ဘူးနော်၊ "တတ်အား(တတ်နိုင် သမျှ)လှူစေတဲ့နော်၊ ဘုရားက အကုန်လှူဘို့ မတိုက်တွန်းပါဘူး၊ လှူဒါန်းတဲ့အခါ ဘုရားပေးထားတဲ့နည်းက သိပ်ကောင်းပါတယ်၊ လူတွေက မသိကြလို့ မလိုက်နာကြလို့ပါ၊ ဘုရားရှင်က=

**ဧကေန ဘောဂေ ဘုဉ္ဇေယျ ၊ဒွီဟိ ကမ္မံ ပယောဇယေ။**

**စတုတ္ထဉ္စ နိဓာပေယျ ၊ အာပဒါသု ဘဝိဿတိ ။တဲ့**

မြတ်စွာဘုရားက တစ်နေ့တစ်နေ့ ရှာလို့ရတာကို လေးပုံ ပုံပါတဲ့၊ "ဧကေန ဘောဂေ ဘုဉ္ဇေယျ"–တစ်ပုံကို စားပါ၊ နေ့စဉ်အသုံးစရိတ်အဖြစ် တစ်ပုံကို သုံးပါလို့ဆိုလိုပါတယ်၊ "ဒွီဟိ ကမ္မံ ပယောဇယေ–နှစ်ပုံကို အရင်း အနှီးထဲ ပြန်ထဲ့ပါတဲ့၊ ဘုရားပေးထားတဲ့ နည်းဘဲ၊ ကိုယ်တွေ့သုံးကြည့်ပေါ့၊ ကြီးပွါးနိုင်သလား၊

မကြီးပွါးနိုင်ဘူးလားဆိုဒါ ကိုယ်တွေ့ဖြစ်မှာပေါ့၊ "စတုတ္ထဥ္စ နိဓာပေယျ အာပဒါသု ဘဝိဿတိ –ကျန်တဲ့ တစ်ပုံကို လူမှုရေး,ဘာသာရေး,ကျမ္မာရေး, ပညာရေးအစရှိတဲ့ အရေးပေါ်ကိစ္စကြုံတွေ့ရင် အဆင်သင့်ဖြစ်ဖို့ အတွက် သိမ်းထားပါတဲ့၊ ဘုရားပေးထားတဲ့နည်းတွေက သိပ်ပြီးစနစ်ကျပါတယ်၊ ဒီလိုနည်းကောင်းတွေကို လက်တွေ့ ကျင့်မိကြရဲ့လားဆိုဒါ ကိုယ့်ကိုယ်ကို ပြန်စစ်ကြည့်ဘို့ လိုပါတယ်၊ ဒို့ပရိသတ် လေးပုံကုန်သွားပြီ၊ လှူဘို့ပါသလား?၊ ဘုရားက လှူဘို့ သီးသန့်မဟောဘူးနော်၊ ဘယ်ကလှူရမှာလဲဆိုတော့ မိမိစားတဲ့အထဲ က တတ်နိုင်သမျှလှူပါတဲ့၊ အကုန်လှူပါလို့ မဟောပါဘူး။

ဦးဇင်းငယ်စဉ်က ဒါယကာကြီးတစ်ယောက်က လျှောက်ဘူးပါတယ်၊ "အရှင်ဘုရား... တပည့်တော် က တစ်ရာရှိရင် တစ်ဆယ် လှူပါတယ်ဘုရား၊ တစ်ထောင်ရှိရင် တစ်ရာဘဲလှူပါတယ်ဘုရား" လို့လျှောက် ပါတယ်၊ ရည်ရွယ်ချက်ပြောပါအုံးဆိုတော့"အရှင်ဘုရား... တစ်ရာရှိလို့ တစ်ရာအကုန်လှူလိုက်ရင် မိမိရဲ့ စေတနာ တွန့်သွားနိုင်လို့ပါဘုရားတဲ့၊ မှန်ပါတယ်၊ လက်ထဲ တစ်ရာရှိတဲ့လူက အကုန်လှူလိုက်ရင် ပြီးတော့ မှ စားစရာ သုံးစရာမရှိတဲ့အခါ "ငါ အရင်နေ့က တစ်ဆယ်လောက်ဘဲ လှူလိုက်ရရင် အကောင်းသား, ငါးဆယ်လောက်ဘဲ လှူလိုက်ရရင် အကောင်းသား"ဆိုပြီး စေတနာတွန့်သွားမယ်ဆိုရင် လှူပေမဲ့ လှူရ ကျိုး ကုန်ရကျိုး မနပ်ဘဲဖြစ်တတ်ပါတယ်၊ ဒါကြောင့် ဘုရားရှင်က"တတ်အားလှူစေ"လို့ ဟောတာပေါ့၊ ဒီလို ဒါယကာ+ဒါယိကာမတွေဟာ မိမိတို့ရဲ့ဝတ္တရားတွေကို ရှိတဲ့အတိုင်း သိထားပြီး လက်တွေ့ကျကျကျင့် သုံးနိုင်ဘို့ လိုပါတယ်၊ ဒါမှလဲ ဒါယကာကောင်း ပီပီသသဖြစ်လာမှာပါ။

ဒါယကာတွေ ဝတ္တရားပြီးပြီဆိုတော့ ဆရာ(ဘုန်းတော်ကြီး)တွေဘက် လှည့်ကြအုံးစို့၊ ဦးဇင်းကတော့ တရားတော်အရှိအတိုင်း ဟောမှာပါ၊ ဘယ်သူ့မှ ချန်မထားပါဘူး။

**"ဆရာ(ဘုန်းတော်ကြီး)များ ဝတ္တရား"**

**မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြူး ၊**

**နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလဲပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သေချာ။**

**"မကောင်းမြစ်တား"** ဘုန်းတော်ကြီးများဆိုဒါ ဒါယကာ+ဒါယိကာမတွေ မကောင်းတာလုပ်နေတာ တွေ့ရင်, မကောင်းတာ ပြောနေတာတွေ့ရင်, မကောင်းတာ စိတ်ကူးကြံစည်နေတာတွေ့ရင် တားမြစ်ရပါ မယ်၊ "ငါ့ ဒါယကာ+ဒါယိကာမ မဟုတ်ဘူး၊ ငါနဲ့ မဆိုင်ဘူး၊ ငါပြောလဲ ရမှာမဟုတ်ဘူး၊"ဆိုပြီး ပစ်ထားရင် အဲဒီဘုန်းကြီးမှာ ဝတ္တရားမကျေဘူး၊ ဝတ္တရားမကျေရင် ဘုန်းကြီး မပီသဘူး၊ ဒါကြောင့် ဆုံးမရပါမယ်၊ သိရင် တားမြစ်ရပါမယ်၊ လိုက်နာတာ, မလိုက်နာတာ သူ့အပိုင်း၊ ဝတ္တရားရှိတဲ့အတိုင်း ဆုံးမတာက ကိုယ့်အပိုင်း ဘဲ၊ အဲဒီလို အပိုင်းခွဲထားရပါတယ်၊ မရောစေနဲ့၊ ရောလိုက်ရင် ရှုပ်ထွေးကုန်မယ်၊ ဒါကြောင့် သူ့ဟာသူ ရှောင်သည်ဖြစ်စေ, မရှောင်သည် ဖြစ်စေ မကောင်းတဲ့လုပ်ငန်း တားမြစ်ပါ။

**"ကောင်းရာညွှန်လစ်"** ဒါယကာ+ဒါယိကာမတို့အတွက် ကောင်းတဲ့နည်းလမ်းတွေကို အမြဲညွှန်ကြားပေးပါ၊ ဦးဆောင်ပေးပါ၊ အကယ်၍ မညွှန်ကြားဘူးဆိုရင် ဘုန်းတော်ကြီးများ ဝတ္တရားမကျေဘူး။

**"အသစ်ဟောကြူး"** ဒါယကာ+ဒါယိကာမများ မနာဘူးတဲ့ တရားအသစ်တွေကို ဟောပေးရမှာသည် ဘုန်းတော်ကြီးများ တာဝန်ဖြစ်ပါတယ်၊ မဟောဘဲနေရင် ဝတ္တရားပျက်လို့ ဘုန်းကြီးတာဝန်မကျေဘူး။ တစ်လုံးဖြစ်စေ, နှစ်လုံးဖြစ်စေ တတ်နိုင်သလောက် ဟောပေးရပါတယ်။

**"နာဘူးထပ်မံ"** ဟောပြီးသား တရားတော်များကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိရအောင်, သံသယရှိနေတာတွေ ရှင်းသွားအောင် ထပ်မံ၍ဟောပေးရပါတယ်တဲ့၊ "ဒီတရားကို ဒို့ နာပြီးသားတွေပါလို့" မလုပ်ပါနဲ့၊ ဘုန်းတော်ကြီးများ ဝတ္တရားရှိတဲ့အတိုင်း တစ်ခါတစ်ခါ ထပ်မံပြီး ဟောပေးရပါတယ်။

**"နတ်ထံတင်ရာ"** ဒါယကာ+ဒါယိကာမတွေ နတ်ရွာသုဂတိ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မှန်တွေကို ဟောပေးရပါတယ်၊ ဝတ္တရားငါးခုရှိသွားပြီ။

**"မေတ္တာလဲပြု"** ဘုန်းတော်ကြီးများသည် ဒါယကာ+ဒါယိကာမတွေ လှူတာစား, လှူတာသုံးပြီး ကျောင်းမှာ အလကားအိပ် မနေရဘူး၊ ဒီဒါယကာ+ဒါယိကာမတွေ ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့ပေးရမယ်၊ ဒါယကာ+ဒါယိကာမတွေအပေါ် မေတ္တာမပို့တဲ့ ဘုန်းကြီးဟာ ဘုန်းကြီးဝတ္တရားပျက်တဲ့အတွက် ဘုန်းကြီး မပီသနိုင်ဘူး၊ ဒါတွေဟာ ဘုရားရှင်ဟောထားတာတွေဘဲ၊ ဒီလိုသာ ဘုန်းကြီးကလဲ ဘုန်းကြီးဝတ္တရား၊ ဒါယကာများကလဲ ဒါယကာဝတ္တရား အသီးသီးကျေပွန်နေကြပြီဆိုရင် ဒီဆရာနဲ့ဒကာကြားမှာ ပြဿနာဖြစ်စရာရှိအုံးမလား?၊ ဘာမှ မရှိနိုင်တော့ဘူး၊ သိပ်ပြီး တိုးတက်မှာဘဲ၊ ဒါကြောင့် အသီးသီး ဝတ္တရားကျေခြင်းဖြင့် သာသနာတော်ကြီးလဲ တိုးတက်စည်ကား၊ ဘဝမှာလဲ လူပီပီသသဖြစ်ကြရလိမ့်မယ်။

ဒီဝတ္တရားတွေအားလုံး ခြုံငုံပြီး ဘုရားရှင်က"ကိစ္ဆော မနုဿပဋိလာဘော၊ ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မနုဿပဋိလာဘော–လူ့ဘဝ ရဘို့ရန်သည်၊ (ဝါ)လူ ပီပီသသဖြစ်ဖို့ရန်သည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ ဣတိ–ဤသို့၊ ဘဂဝါ–ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ–ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု

ဒီဒေသနာကို ပြန်ပြီးချုပ်ကြရမယ်ဆိုရင် လူပီသဘို့ ခဲယဉ်းတယ်၊ အဲဒီ လူပီသဘို့အတွက် လိုအပ်တာက အသီးသီး ဝတ္တရားကျေရမယ်၊ ဒီဝတ္တရားတွေ အသီးသီးကျေပွန်အောင်နေနိုင်ကြမှ လူ့ဘဝမှာ လူပီသကြလိမ့်မယ်၊ ဒါကြောင့် ကိစ္ဆော မနုဿပဋိလာဘော ဒေသနာတော်ရဲ့ ဆောင်ပုဒ်ကို ဆိုကြရအောင်၊

**"လူဖြစ်လာငြား ထိုသူများ လူသားပီဘို့ ခဲယဉ်းသည်"**
**"လူ့ကျင့်ဝတ်များ ပြည့်စုံငြား လူသားပီနိုင်သည်"**

ဒီဒေသနာလာရှိသည့်အတိုင်း ဒို့ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မိမိတို့ဘဝမှာ လူပီပီ သသ, အထက်တန်းကျကျ ဖြစ်ဖို့အတွက် မိမိတို့ဆိုင်ရာ ကျင့်ဝတ်များကို ပြည့်စုံအောင် ကြိုးစားခြင်းဖြင့် “လူပီသဘို့ ခဲယဉ်းတယ်”ဆိုတဲ့ ခဲယဉ်းမှုကို ကျော်လွှားနိုင်ကြပါစေလို့ တိုက်တွန်းပြီး တရားသိမ်းကြစို့။

**ယံ ပတ္တံ ကုသလံ တေန၊ ကုသလာ သဗ္ဗပါဏိနံ။**
**သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ လဘန္တု မဓုရံ ဖလံ။**

ဘောန္တော–တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သူတော်စင်ပရိသတ်အပေါင်းတို့၊ မယာ–သိစေလိုကြောင်း ကျင့်စေလိုကြောင်း စိတ်ထားကောင်းဖြင့် လမ်းကောင်းညွှန်ပြ ဓမ္မကထိကဟု နာမသမုတ်အကျွန်ုပ်သည်၊ ယံ မဟာပုညံ–အကြင်“ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့တရားတော်၏ ဒုတိယအပိုင်းကို ထုတ်ပြန်ကာ ဟောကြားရခြင်းတည်းဟူသော ဓမ္မဒေသနာ ပုညကြိယာကုသိုလ်ထူးကို၊ ပတ္တံ–ကောင်းစွာမသွေ ရရှိရောက်ရှိခဲ့ပေပြီ၊ တုမှေပိပိ–တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သင်သူတော်စင်ပရိသတ်အပေါင်းတို့သည်လည်း၊ ယံ မဟာပုညံ–အကြင်ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့တရားတော်၏ ဒုတိယအပိုင်းကို သဒ္ဓါတရားထက်သန်စွာဖြင့် ရိုသေစွာနာကြားရခြင်းတည်းဟူသော ဓမ္မသဝန ပုညကြိယာကုသိုလ်ထူးကို၊ ပတ္တံ–ကောင်းစွာမသွေ ရကြရောက်ကြလေကုန်ပြီ၊ တေန ပုညေန–ထိုဓမ္မဒေသနာ, ဓမ္မသဝနပုညကြိယာကုသိုလ်ထူးကြောင့်၊ သဗ္ဗပါဏီနံ–တရားနာသူ များဗိုလ်လူတို့နှင့်တကွ ခပ်သိမ်းများစွာ သတ္တဝါဟူ နတ်လူပြဟ္မာ ပေါင်းများစွာတို့၏၊ ကုသလာ–အပြစ်မဲ့ကင်း ချမ်းသာသော အကျိုးပေးခြင်းလက္ခဏာရှိကြပေကုန်သော၊ သင်္ကပ္ပါ–စိတ်ထဲက ကြံသမျှ စီသမျှ ဒို့တတွေ ဒီကနေ့စပြီး လူပီသအောင် ကြိုးစားကြမယ်လို့ဆိုတဲ့ ကောင်းမြတ်တဲ့ အကြံအစီဟူသမျှတို့သည်၊ သမိဇ္ဈန္တု– တစ်ဆံခြည်မျှ မလျော့ရဘဲ မုချကိန်းသေ ပြီးပြည့်စုံကြပါစေကုန်သတည်း၊ သမိဒ္ဓါ–တစ်ဆံခြည်မျှ မလျော့ရဘဲ မုချကိန်းသေ ပြီးပြည့်စုံကြကုန်သည်ဖြစ်၍၊ မဓုရံ ဖလံ–သာသနာတော်၏ ချိုမြိန်တဲ့အရသာတည်းဟူသော ဈာန်ချမ်းသာ,မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတည်းဟူသော ချမ်းသာသုခတရားတွေကို၊ လဘန္တု–ကိုယ်စီကိုယ်ငှ ရရှိခံစားနိုင်ကြပါစေကုန်သတည်း၊ လဘန္တု–မဂ်ဖိုလ် လေးဆင့် ထီးဖြူဖွင့်ကာ မလင့်ပုံသေ ရရှိခံစားနိုင်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

# ခဲယဉ်းလေးဖြာ ဒေသနာတရားတော်
# တတိယအပိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁၉၉၇ခုနှစ် စက်တင်ဘာလ(၂၇)ရက်နေ့ မင်္ဂလာရာမတရားပွဲစဉ်အမှတ်(၇)အဖြစ် ဆင်ယင်ကျောင်းပရဝုဏ်၌ ဟောကြားအပ်သော ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်+အဋ္ဌကထာ၌ လာရှိသော"ခဲယဉ်းလေးဖြာ ဒေသနာတရားတော်"တတိယအပိုင်း။

(ဘုရားရှိခိုးခြင်း ဗုဒ္ဓပဏာမအစီအစဉ်ကို ပထမအပိုင်းကဲ့သို့ မှတ်ယူပြီး ဤ၌ချန်လှပ်ခဲ့ပါသည်)

ခဲယဉ်းလေးဖြာဆိုတဲ့အတိုင်း ခဲယဉ်းမှုလေးပါးကို အကျဉ်းချုပ် ပြန်ပြောပါမယ်၊(၁)ကိစ္ဆော မနုဿပဋိလာဘော–လူ့ဘဝရဘို့ ခဲယဉ်းတယ်၊ (၂)ကိစ္ဆံ မစ္စာန ဇီဝိတံ–အသက်ရှည်ဘို့ ခဲယဉ်းတယ်၊ (၃)ကိစ္ဆံ သဒ္ဓဿဝနံ–တရားနာရဘို့ ခဲယဉ်းတယ်၊ (၄)ကိစ္ဆော ဗုဒ္ဓါန မုပ္ပါဒေါ–သာသနာနဲ့တွေ့ကြုံရဘို့ ခဲယဉ်းတယ်၊ ဒီခဲယဉ်းလေးခုကိုမူတည်ပြီး ကိစ္ဆော မနုဿပဋိလာဘော–ဒေသနာတော်အရ လူ့ဘဝရဘို့ ခဲယဉ်းတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး နှစ်ကြိမ်တိတိ သိသင့်သိထိုက်တာတွေ ဟောပေးခဲ့တာ စုံသလောက်ရှိသွားပါပြီ၊ ဒါကြောင့်လဲ အဲဒီမှာ အမေးဆောင်ပုဒ်အနေနဲ့–

လူဖြစ်လာပြီး ထိုသူများ၊ လူသားပီဘို့ ခဲယဉ်းသည်၊ လို့ စီပေးထားပြီး၊

အဖြေသဘောမျိုးနဲ့ တစ်ခါ

လူ့ကျင့်ဝတ်များ ပြည့်စုံငြား၊ လူသားပီနိုင်သည်၊ လို့ ဆောင်ပုဒ်စီပေးထားပါတယ်။

လူ့ကျင့်ဝတ်များနဲ့ပြည့်စုံမှ လူသားတစ်ယောက်ပီသနိုင်တယ်ဆိုတဲ့အကြောင်း အကျယ်ဖွင့်ပြီး ဟောပြီးသွားပြီ၊ သို့သော် အကုန်လုံး ပြည့်စုံပြီလို့တော့ မဆိုနိုင်သေးပါဘူး၊ တစ်ချို့တစ်ချို့ သုတ္တန်များကြတော့လဲ ဆက်စပ်ရာဆက်စပ်ရာထည့်ပြီး နောက်ပိုင်းမှာ ပြောပေးပါအုံးမယ်၊ ဒီနေ့ ရှေ့ဆက်ကြရအောင်။

အမှတ်(၂)ခဲယဉ်းမှုက ဘာတဲ့လဲ?၊အသက်ရှည်ဘို့ ခဲယဉ်းတယ်၊ ဒါကိုမြတ်စွာဘုရားပါဠိတော်က "ကိစ္ဆံ မစ္စာနဇီဝိတံ"–ဘိက္ခဝေ ချစ်သားချစ်သမီးတို့၊ မစ္စာနံ–သတ္တဝါဝေနေ များဗိုလ်ခြေတို့၏၊ ဇီဝိတံ–အသက်ရှည်ဘို့ရန်သည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ ဣတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ–ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း၊

အသက်ရှည်ဘို့ ခဲယဉ်းတယ်၊ ဒီလိုပါဠိတော်အရှိအတိုင်း ဘာသာပြန်ရပါတယ်၊ ဒီဒေသနာတော်ကို ပိုပြီးလေးနက်အောင် ထပ်ပြီး ဘာသာပြန်ပေးရလို့ရှိရင်– ဘိက္ခဝေ–ချစ်သားချစ်သမီးတို့၊မစ္စာနံ–သတ္တဝါဝေနေ များဗိုလ်ခြေတို့၏၊ ဇီဝိတံ–အနှစ်သာရပြည့်ပြည့်ဝဝနဲ့ အသက်ရှည်ဘို့ရန်သည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ အသက်ရှည်ဘို့ခဲယဉ်းတယ်ဆိုဒါထက် အနှစ်သာရပြည့်ပြည့်ဝဝနဲ့– အနှစ်သာရရှိရှိနဲ့ အသက်ရှည်ဘို့ ခဲယဉ်းတယ်လို့ဆိုရင် ပိုပြီးတော့ အဓိပ္ပါယ်လေးနက်သွားပါတယ်၊ အသက်ရှည်တာ ဘယ်လောက်ဘဲရှည်ရှည်

အနှစ်သာရမပါဘဲနဲ့ အသက်ရှည်ရင် တန်ဘိုးမရှိဘူး၊ အနှစ်သာရရှိပြီး အသက်ရှည်မှ အသက်ရှည်ရခြင်းရဲ့ အကျိုး တန်ဘိုးရှိပါတယ်။

ဒီတော့ ဒီဒေသနာတော်နဲ့ပတ်သက်ပြီး အသက်ရှည်ကြောင်းတရားတွေကို ပထမပြောပါမယ်၊ ဒုတိယအနေနဲ့ အဲဒီအသက်ရှည်တဲ့အခါမှာ အနှစ်သာရရှိအောင် အနှစ်သာရပြည့်ဝအောင် ဘယ်လိုကြိုး စားရမလဲ၊ ဒီအချက်ကို ဒုတိယပိုင်းအနေနဲ့ ခွဲပြီးဟောရမှာပါ။ ဒီဒုတိယခဲယဉ်းမှုလဲ သိသင့်သိထိုက်တာ တော့ ပြည့်စုံသင့်သလောက် ပြည့်စုံအောင် ပြောဘို့ရည်ရွယ်ထားတယ်။

ဒီအသက်ရှည်ဘို့ ခဲယဉ်းတယ်ဆိုတဲ့နေရာမှာ အသက်ရှည်ကြောင်းတရားတွေ ဘုရားဟောထား တာရှိတယ်၊ ဒီတော့ အသက်ရှည်ကြောင်းတရားတွေနဲ့ပတ်သက်ပြီး ငါးရာငါးဆယ် ဇာတကအဋ္ဌကထာ ပါဠိမှာလာတဲ့ “ဓမ္မပါလဇာတ်တော်ကြီးက”ယူပြီးပြောပါရစေ၊ ဓမ္မပါလဇာတ်ကြောင်းကိုလဲ အကျဉ်းချုပ် ပြောရရင်=

## ဓမ္မပါလဇာတ်တော်ကြီး

အတိတ်သံသရာတစ်ခွင်က ဘုရားအလောင်းတော်ဟာ ဓမ္မပါလဆိုတဲ့ရွာကြီးမှာ လူဖြစ်ခဲ့ပါတယ်၊ ဒီရွာကြီးကို ဘာကြောင့်“ဓမ္မပါလ”ခေါ်သလဲဆိုရင် အဲဒီရွာမှာနေတဲ့ လူတွေအားလုံးလောက်ဟာ “ဓမ္မ– တရားကို၊ ပါလ–စောင့်တယ်၊” တရားကိုစောင့်ကြတဲ့ တရားကိုကျင့်ကြံအားထုတ်ကြတဲ့ လူတွေနေထိုင်ရာ ဖြစ်တဲ့ ရွာကြီးဖြစ်လို့မို့“ဓမ္မပါလ”ခေါ်ပါတယ်၊ ဒီနေ့ ဒီဓမ္မာရုံကြီးထဲမှာ တရားတော်ကို နာယူကြ, ကျင့်ကြံ အားထုတ်ကြ, ပွါးများကြတဲ့ပုဂ္ဂိုလ်တွေ စုဝေးနေတာဆိုတော့ ဒီဓမ္မာရုံကြီးကိုလဲဘဲ “ဓမ္မပါလဓမ္မာရုံကြီး”လို့ ခေါ်ရင်ရပါတယ်။

အဲဒီလို ဓမ္မပါလခေါ်တဲ့ တရားစောင့်သုံးသူတွေ နေထိုင်ရာရွာကြီးမှာ ဘုရားအလောင်းတော်က အကြီးအကဲဖြစ်တဲ့ ရွာသူကြီးရဲ့ သားတစ်ယောက်အနေနဲ့ဖြစ်တော့ ပညာသင်ချိန်အရွယ်ရောက်တဲ့အခါ တက္ကသိုလ်သွားပြီး ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ပါတယ်၊ ထိုဓမ္မပါလဘုရားအလောင်း အမျိုး သားလေးဟာ ပညာဉာဏ်ထက်မြက်တဲ့အတွက်ကြောင့် မကြာမီအတွင်းမှာဘဲ ဒိသာပါမောက္ခဆရာကြီးရဲ့ တပည့်ငါးရာတို့ကို အကြီးအကဲခေါင်းဆောင်လုပ်ရတဲ့ လက်ထောက်တပည့်ကြီး ဖြစ်ခဲ့ပါတယ်။

တစ်နေ့တော့ ဆရာကြီးရဲ့ အသက်ငယ်ငယ် သားတစ်ယောက်သေဆုံးခဲ့ပါတယ်၊ ဒီအခါ ဆရာကြီးရဲ့ ဆွေမျိုးတွေ, တပည့်တွေအားလုံး ဝိုင်းဝန်းပြီး သင်္ဂြိုလ်ကြပါတယ်၊ မိဘတွေ,ဆွေမျိုးတွေမှာ သောက ပရိ ဒေဝတွေဖြစ်ကြပါတယ်၊ ဆရာကြီးရဲ့တပည့်တွေဟာ စုဝေးပြီး“ငါတို့ဆရာကြီးရဲ့ သားလေးတော့ ငယ်ငယ် ရွယ်ရွယ်နဲ့ ဘဝတစ်ပါးပြောင်းသွား သေဆုံးရရှာတယ်”စသည်ဖြင့် စိတ်မကောင်းများစွာနဲ့ ပြောဆိုနေကြ စဉ် ဓမ္မပါဘုရားအလောင်းအမျိုးသားက တွေ့မြင်တဲ့အခါ “သူငယ်ချင်းတို့... ဘာတွေစုဝေးပြောဆိုနေကြ တာလဲ”လို့ မေးတော့ ဒို့ဆရာကြီးရဲ့ သားလေးသေသွားလို့ စိတ်မကောင်းဖြစ်ကြတဲ့အကြောင်း ပြောနေကြ တာပါဆိုတော့ ဓမ္မပါလအမျိုးသားက “ဒို့ဆရာကြီးရဲ့သားက ငယ်ငယ်လေးရှိသေးတာဘဲမဟုတ်လား?၊

ဘာကြောင့် ငယ်ငယ်လေးနဲ့ သေရတာလဲ''လို့ ပြန်မေးတဲ့အခါ ကျန်တဲ့တပည့်တွေအားလုံးက ''သူငယ်ချင်း ဓမ္မပါလ... ...မင်းဘယ်လိုပြောလိုက်တာလဲ၊ ရှိရှိသမျှ သတ္တဝါအားလုံးတွေဟာ အနိစ္စ–မမြဲဘူး၊ သေကြရတဲ့ သဘောတရားရှိတယ်ဆိုဒါ မင်း နားမလည်ဘူးလား''လို့ ပြောကြတော့''နားလည်ပါတယ်၊ ဒါပေမဲ့ ငယ်ငယ် လေးနဲ့ မသေနိုင်ပါဘူး''လို့ ပြန်ပြောလိုက်ပါတယ်။

အခြားတပည့်တွေက''မင်းတို့ အမျိုးထဲမှာ ငယ်ငယ်နဲ့ သေတာတွေ မရှိဘူးလားလို့ ဓမ္မပါလကို မေး ကြတဲ့အခါ'' ငါတို့ အမျိုးထဲမှာ ငယ်ငယ်နဲ့ သေတာမရှိပါဘူး၊ အသက်တမ်းစေ့နေပြီး အရွယ်ကြီးမှ သေကြ ပါတယ်''လို့ ဖြေပါတယ်၊ ဒီစကားကြားရတဲ့ တပည့်တွေအားလုံးဟာ အထူးအဆန်းတွေ ဖြစ်ကုန်ကြ, တအံ့ တသြတွေဖြစ်ကုန်ကြရပါတယ်။

နောက်ဆုံး ဒိသာပါမောက္ခဆရာကြီးထံ ရောက်ကြတဲ့အခါ တပည့်တွေအားလုံးက ဆရာကြီးကို '' ဆရာကြီး... ဒီဓမ္မပါလအမျိုးသားဟာ သူတို့ရွာမှာ သူတို့အမျိုးထဲမှာ ငယ်တဲ့သူတွေ မသေဘူးလို့ ပြောနေ ပါတယ်၊ ဒီစကားဟာ သိပ်ပြီးထူးဆန်းပါတယ်''လို့ ပြောကြပါတယ်၊ ဒီစကားကြားရတဲ့ ဆရာကြီးကလဲ ဓမ္မပါလအမျိုးသားကို မေးမြန်းတဲ့အခါ ''မှန်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ အမျိုးထဲမှာ ငယ်ငယ် ရွယ် ရွယ်နဲ့ သေတယ်ဆိုတာ မရှိပါဘူး၊ အသက်ရှည်ကြပါတယ်''လို့ အခိုင်အမာပြောဆိုပါတယ်၊ ဒါကို မယုံကြည် တဲ့ ဆရာကြီးက ဒီအကြောင်းစုံစမ်းမယ်ဆိုပြီး လူ၏အရိုးနဲ့ ဆင်တူသော ဆိတ်အရိုးများကိုရှာကာ တပည့် အနီးငယ်နဲ့အတူ ဓမ္မပါလရွာကြီးကို သွားကြပါတယ်။

ဓမ္မပါလရွာကို ရောက်တဲ့အခါ ဓမ္မပါလရဲ့ မိဘဆွေမျိုးများနဲ့တွေ့ဆုံးပြီး ဒိသာပါမောက္ခဆရာကြီးက ပြောပါတယ်–''ဦးကြီးတို့... ဦးလေးတို့ခင်ဗျား... စိတ်ထိတော့ မကောင်းမရှိကြပါနဲ့၊ သင်တို့ရဲ့သားလေး မောင်ဓမ္မပါလဟာ ရုတ်တရက် ရှောင်တခင် ရောဂါဖြစ်ပြီး သေဆုံးသွားပါတယ်၊ ဒီအကြောင်းကို အခု လာရောက်ပြီး ပြောရခြင်းဖြစ်ကြောင်း'' ခပ်တည်တည်နဲ့ ပြောလိုက်ပါတယ်၊ ဒီအခါ မိဘဆွေမျိုး အားလုံး က မယုံကြည်တဲ့အမူအရာနဲ့ ခပ်ပြုံးပြုံးလုပ်နေကြတော့ သွားပြီးစုံစမ်းတဲ့ ဒိသာပါမောက္ခဆရာကြီးက ခိုင်လုံအောင်ဆိုပြီး–''မိဘဆွေမျိုးများက ကျွန်တော်ပြောတာ မယုံဘူးလားခင်ဗျာ၊ မယုံကြည်ဘူးဆိုရင် ကျွန်တော်သက်သေပြပါမယ်ဆိုပြီး အသင့်ယူဆောင်သွားတဲ့ဆိတ်ရိုးတွေကို ထုတ်ပြပြီး ဒီအရိုးတွေကို မြင်ရ ခြင်းဖြင့် သင်တို့ ယုံကြည်ပါတော့လို့ ပြောဆိုတဲ့အခါ မိဘဆွေမျိုးတွေအားလုံးက လက်ခုပ်လက်ဝါး တီးပြီး ရယ်ကြပါသတဲ့။

ဒီအမူအရာတွေ တွေ့ကြရတဲ့ ဆရာကြီးနဲ့တပည့်တွေဟာ တအံ့တသြဖြစ်ကုန်ပြီး ဘာကြောင့် ဒီလို ရယ်မောကြပါသလဲလို့ မေးတဲ့အခါမှာ ''ဒီအရိုးတွေဟာ တစ်စုံတစ်ခုသောသတ္တဝါ၏ အရိုးဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တို့ရဲ့အမျိုးထဲမှာ ငယ်ငယ်နဲ့သေတယ်ဆိုဒါ မရှိပါဘူး၊ ဆရာကြီးဟာ ကျွန်တော်တို့ကို လာရောက် လိမ်လည်နေခြင်းသာဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်တို့ရဲ့သား မောင်ဓမ္မပါလဟာ ဘယ်နည်းနဲ့မှ မသေနိုင်ပါဘူး''လို့ ပြောဆိုကြပါတယ်၊ ဒီအခါ ဒိသာပါမောက္ခဆရာကြီးက ''သင်တို့ရဲ့အမျိုးမှာ ငယ်ငယ် ရွယ်ရွယ်နဲ့ မသေဘဲ အသက်ရှည်ခြင်းရဲ့အကြောင်းတွေကို ပြောပြပါလို့'' မေးမြန်းတဲ့အတွက် ဓမ္မပါလရဲ့ မိဘဆွေမျိုးတွေက အသက်ရှည်ခြင်း၏ အကြောင်းတွေကို ပြောပြပါတယ်။

ဒီနေ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့လဲဘဲ ကျမ်းကျမ်းမာမာနဲ့ အသက်ရှည်ချင်ကြတယ်ဆိုရင် ဒီဓမ္မပါလဇာတ်တော်မှာ လာတဲ့ ကျင့်စဉ်များကို လက်တွေ့ကျင့်သုံးတဲ့အခါ မိမိတို့ကိုယ်တွေ့ဖြစ်ကြ ပါလိမ့်မယ်၊ လက်တွေ့လဲဘဲ ကျင့်သုံးဘို့ အလွန်ကောင်းပါတယ်။

အသက်ရှည်ကြောင်း
နည်းလမ်းကောင်းများ

**ဓမ္မံ စရာမ န မုသာ ဘဏာမ၊ ပါပါနိ ကမ္မာနိ ပရိဝဇ္ဇယာမ။**
**အနရိယံ ပရိဝဇ္ဇေမု သဗ္ဗံ၊ တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။**

အာစရိယ–အို… ဒိသာပါမောက္ခ နာမဘွဲ့ချီး ဆရာကြီး၊ မယံ–ကျွန်တော်တို့ ဓမ္မပါလအမျိုးတို့သည်၊ ဓမ္မံ–ဒါန,သီလ စသည်အပြား ကုသလကမ္မပထတရားဆယ်ပါးကို၊ စရာမ–ကျင့်သုံးကြပါကုန်၏။

**(၁)ဒါန,သီလ,ဘာဝနာစသော ကုသလကမ္မပထတရားဆယ်ပါးကို ကျင့်သုံးခြင်းသည် အသက်ရှည်ကြောင်းတစ်မျိုး။**

မယံ–ငါတို့သည်၊ မုသာ–မဟုတ်မမှန်သောစကားကို န ဘဏာမ–မပြောဆိုခြပါကုန်။

**မုသာဝါဒမှရှောင်ကြဉ်ခြင်းသည် အသက်ရှည်ကြောင်းတစ်မျိုး။**

မယံ–ငါတို့သည်၊ ပါပါနိ ကမ္မာနိ–မကောင်းမှုအကုသိုလ်တို့ကို၊ ပရိဝဇ္ဇယာမ–ရှောင်ကြဉ်ကြပါကုန်၏၊

**မကောင်းမှုအကုသိုလ်တို့မှ ရှောင်ကြဉ်ခြင်းသည် အသက်ရှည်ကြောင်းတစ်မျိုး။**

မယံ–ငါတို့ဓမ္မပါလအမျိုးသည်၊ သဗ္ဗံ–အလုံးစုံသော၊ အနရိယံ–သူတော်မဟုတ် သူယုတ်မာတို့၏ အကျင့်ကို၊ ပရိဝဇ္ဇေမု–ရှောင်ကြဉ်ကြပါကုန်၏။

**လူယုတ်မာတို့၏ အမူအကျင့်အားလုံးမှ ရှောင်ကြဉ်ခြင်းသည် အသက်ရှည်ကြောင်းတစ်မျိုး။**

ဒီဂါထာမှာ အသက်ရှည်ကြောင်းတရားတွေကို ရေတွက်လိုက်ရင် လေးမျိုးရတယ်ဆိုဒါ မှတ်သားထားရ ပါမယ်။

တရားနာခြင်းသည်
အသက်ရှည်ကြောင်း

တရားနာတာနဲ့ပတ်သက်ပြီး အသက်ရှည်ကြောင်းဖြစ်တဲ့ အကြောင်းကိုလဲ ဘုရားဟောထားပါတယ်။

**သုဏောမ ဓမ္မံ အသတံ သတဉ္စ၊ န စာပိ ဓမ္မံ အသတံ ရောစယာမ။**
**ဟိတွာ အသန္တေ န ဇဟာမ သန္တေ၊ တသ္မာ ဟိ အမှံ ဒဟာရာ န မီယရေ။**

ဘော အာစရိယ–အို ဒီသာပါမောက္ခဆရာကြီး၊ မယံ–ကျွန်တော်တို့ဓမ္မပါလရွာသူရွာသားတို့သည်၊ အသတဉ္စ–သူတော်မဟုတ် သူယုတ်မာတို့၏၄င်း၊ သတဉ္စ–သူတော်ကောင်းတို့၏၄င်း၊ ဓမ္မံ–ဟောသမျှတရား တွေကို၊ သုဏောမ–နာကြပါကုန်၏။

ကျွန်တော်တို့က တရားနာရင် သူတော်ကောင်းတရားကိုသာမက သူတော်ကောင်းကဘဲ ဟော ဟော, သူယုတ်မာတွေကဘဲ ဟောဟော ဘယ်သူဟောဟော တရားနာပါတယ်တဲ့၊ ဒိုဒါယကာကြီးတွေ, ဒါယိကာမကြီးတွေ မှတ်ထားကြ၊ ဒို့က သူတော်ကောင်းဟောမှ တရားနာတာလို့ မလုပ်နဲ့၊ အသက်ရှည် ခြင်းရဲ့အကြောင်းတွေထဲမှာ သူတော်ကောင်းကဘဲဟောဟော, သူယုတ်မာကဘဲဟောဟော ကျွန်တော်တို့ တရားနာပါသတဲ့။

န စ ဓမ္မံ အသတံ ရောစယာမ၊ ရှေ့ကတစ်ပုဒ်ထဲတင် မကြည့်လိုက်နဲ့အုံး၊ နောက်တစ်ပုဒ်လဲ ကြည့် လိုက်အုံး၊ ဘော အာစရိယ–အို ဒီသာပါမောက္ခဆရာကြီး၊ မယံ–ကျွန်တော်တို့ဓမ္မပါလအမျိုးသည်၊ အသတံ–သူယုတ်မာတို့၏၊ ဓမ္မံ–တရားကို၊ န ရောစယာမ–မနှစ်သက်ကြပါကုန်၊(ဝါ) မထောက်ခံကြပါကုန်။

သူယုတ်မာတို့၏တရားကို မဆန့်ကျင်အောင်ဆိုတဲ့အနေနဲ့ နာရုံသာ နာတာပါတဲ့၊ ဒါပေမဲ့ မနှစ်သက် ဘူး၊ မကြိုက်ဘူး၊ မထောက်ခံဘူးတဲ့၊ အဲဒီတော့ တရားနာပါဆိုလို့ သူယုတ်မာတို့၏တရားတွေကိုလဲ နာပြီး ရင် ထောက်ခံရမှာလားဆိုရင် မဟုတ်ဘူးတဲ့။

သူယုတ်မာတို့၏တရားကို မကြိုက်လိုက်နဲ့၊ မနှစ်သက်လိုက်နဲ့၊ မထောက်ခံလိုက်နဲ့တဲ့၊ ဟိတွာ အသန္တေ၊ မယံ–ကျွန်တော်တို့ ဓမ္မပါလအမျိုးသည်၊ အသန္တေ–သူတော်မဟုတ် သူယုတ်မာတို့ကို၊ ဟိတွာ–ကာယကံ, ဝစီကံ, မနောကံသုံးပါးလုံးနဲ့ ပယ်ထားပြီးတော့၊ သူယုတ်မာတို့ရဲ့တရားကို နာရုံနာနေဒ် မပေါင်းနဲ့တဲ့၊ ဟိတွာ အသန္တေ– သူယုတ်မာတွေကို ရှောင်ရှားပြီး၊ သန္တေ–သူတော်ကောင်းတို့ကို ဘဇာမ–မှီဝဲဆည်းကပ်ပါ ကုန်၏။

တကယ်ပေါင်းရမှာက သူတော်ကောင်းနဲ့ ပေါင်းရမှာတဲ့၊ ဘော အာစရိယ–အို ဆရာကြီး၊ တသ္မာ ဟိ–တသ္မာ ဧဝ–ထိုကဲ့သို့ မည်သူ၏တရားဘဲဖြစ်ဖြစ် နာပြီးလျှင် မသူတော်တို့ရဲ့တရားကို ပယ်ရှား, သူတော်ကောင်းတရားကို နာကြား နှစ်သက်မြတ်နိုးလေ့ရှိသည့်အတွက်ကြောင့်လဲဘဲ၊ အမှံ–အမှာကံ= ကျွန်တော်တို့၏၊ ကုလေ–အမျိုး၌၊ ဒဟရာ န မီယရေ–ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြပါကုန်၊ (ဝါ) အသက် ရှည်ကြပါကုန်၏။

**❁ သူတော်ကောင်းတရားကိုနာကြားပြီး သူတော်ကောင်းနဲ့ပေါင်းခြင်းသည် အသက်ရှည်ကြောင်း တရားတစ်မျိုး။**

အလှူပေးခြင်းသည်
အသက်ရှည်ကြောင်း

ဒါနကုသိုလ်နဲ့ ပတ်သက်ပြီးတော့လဲ ဘုရားရှင်က

**ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊ ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ။**
**ဒတွာပိ ဝေ နာနုတပ္ပါမ ပစ္ဆာ၊ တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။**

ဘော အာစရိယ–အို  ဒိသာပါမောက္ခဆရာကြီး၊ မယံ–ကျွန်တော်တို့သည်၊ ဒါနာ–အလှူဒါနပြုလုပ်သည်မှ၊ ပုဗ္ဗေဝ–ရှေးဦးကပင်လျှင် (ဝါ) ပုဗ္ဗေဝ ဒါနာ–မလှူမီရှေးဦးကပင်လျှင်၊ သုမနာ–ရွှင်ရွှင်လန်းလန်း ဝမ်းပန်းတသာရှိကြကုန်သည်၊ ဘဝါမ–ဖြစ်ကြပါ ကုန်၏။

ဆရာကြီး... ကျွန်တော်တို့အမျိုး ကျွန်တော်တို့ရွာသူ ရွာသားတွေဟာ အလှူဒါနလုပ်တော့မယ် ဆိုရင် မလှူခင်ထဲက ရွှင်ရွှင်လန်းလန်း ဝမ်းပန်းတသာရှိကြတယ်၊ ဦးဇင်းတို့ပရိသတ်လဲ ဒါနကုသိုလ် ကောင်းမှုတွေ လုပ်ကြပါလိမ့်မယ်၊ အဲဒီအခါ မလှူခင် ရွှင်ရွှင်လန်းလန်း ဝမ်းပန်းတသာရှိရမယ်။   လှူနေတုန်းကော ==

ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ၊  ဒဒမ္ပိ–လှူနေတုန်းအခါမှာလဲ၊ ဝေ–စင်စစ်ကေန် အမှန်အားဖြင့်၊ အတ္တမနာ–ရွှင်ရွှင်လန်းလန်း ဝမ်းပန်းတသာရှိကြကုန်သည်၊ ဘဝါမ–ဖြစ်ကြပါကုန်၏။
မလှူခင်ဝမ်းသာပြီး လှူနေတုန်း စိတ်ညစ်နေသလားဆိုတော့ မဟုတ်ပါဘူးတဲ့၊ ကျွန်တော်တို့က လှူနေတုန်းလဲ ပျော်နေကြတာဘဲတဲ့၊ ဒို့ ပရိသတ်မှတ်ထား၊ လှူနေတုန်းလဲ မျက်နှာရော,စိတ်ရော,ကိုယ်ရော ပြုံးပြုံးရွှင်ရွှင် ဖြစ်နေရမယ်တဲ့။

လှူပြီးတော့ ပူပန်နေကြသလားဆိုရင်= ဒတွာပိ ဝေ နာနု တပ္ပါမ ပစ္ဆာ၊ မယံ–ကျွန်တော်တို့သည်၊ ဒတွာပိ ပစ္ဆာ–လှူပြီးတဲ့နောက်မှာလဲ၊ နာနုတပ္ပါမ– ပူပန်ကြောင့်ကြမှုမရှိကြပါကုန်။

လှူပြီးရင်လဲ ကျွန်တော်တို့စိတ်ထဲမှာ“ဒို့ လှူဒါ ကုန်သွားလေခြင်းရယ်လို့ ပူပန်မှုမဖြစ်ပါဘူး၊ တသ္မာ ဟိ–တသ္မာ ဝေ–ထိုသို့ အလှူဒါနပြုလုပ်တဲ့အခါ မလှူမီလဲဝမ်းသာ,လှူနေဆဲလဲ ရွှင်လန်း, လှူပြီး တော့လဲ ပြုံးပြုံးပျော်ပျော်ရှိနေကြတဲ့အတွက်ကြောင့်၊ အမှံ–အမှာကံ–ကျွန်တော်တို့၏၊ ကုလေ–အမျိုး၌၊ ဒဟရာ–အသက်အရွယ် ငယ်ကြကုန်သောပုဂ္ဂိုလ်တို့သည်၊ န မီယရေ–မသေကြပါကုန်၊ (ဝါ) ဒဟရာ န မီယရေ–အသက်ရှည်ကြပါကုန်၏။

တိုတိုပြောရရင်  ပုဗ္ဗစေတနာ,မုဥ္စစေတနာ,အပရစေတနာဆိုတဲ့  စေတနာသုံးတန်  ပြတ်သားပြီးမှ ကျွန်တော်တို့အမျိုးက  လှူတာတဲ့၊  အဲဒီလို   အလှူဒါနပြုတဲ့အခါ  စေတနာသုံးတန်  ပြတ်သားပြီးမှ လှူခြင်းသည် အသက်ရှည်ခြင်း၏ အကြောင်းတရားတဲ့။

ဒါဖြင့်ရင် စေတနာသုံးတန်ပြတ်သားပြီး ဘယ်သူ့ကို လှူရမှာတုန်းဆိုတော့–

**သမဏေ မယံ ဗြာဟ္မဏေ အဒ္ဓိကေစ၊ ဝနိဗ္ဗကေ ယာစနကေ ဒလိဒ္ဒေ။**

**အန္နေန ပါနေန အဘိတပ္ပယာမ၊ တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။**

ဘော အာစရိယ–အို... ဒိသာပါမောက္ခဆရာကြီး၊ မယံ–ကျွန်တော်တို့သည်၊ သမဏေစ–ကိလေသာငြိမ်းအောင် ကျင့်ကြကုန် သောပုဂ္ဂိုလ်တို့ကိုင်း၊     **<u>သမဏဆိုဒါ=</u>**ရဟန်းတစ်ခုထဲတင်  မယူနဲ့၊  များသောအားဖြင့် သမဏလို့ဆိုလိုက်ရင် ရဟန်းကိုဘဲ မြင်ကြတယ်၊ သမဏဆိုတဲ့ပုဒ်က ကိလေသာအပူငြိမ်းအောင် ကျင့်နေသူတွေဟာ သမဏဘဲ၊ ဒီလို ကိလေသာအပူငြိမ်းအောင် ကျင့်နေသူတွေကို ကျွန်တော်တို့က လှူနေတာတဲ့။

ဖြဟ္မဏေစ–ကိလေသာတွေကို မိမိစိတ်သန္တာန်အစဉ်က ဖယ်ထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့ကိုငှင်း၊

ကိလေသာတွေကို လုံးဝငြိမ်းအောင် မလုပ်နိုင်ကြပေမဲ့ တဒင်္ဂအားဖြင့်, ဝိက္ခမ္ဘနအားဖြင့် မိမိရဲ့စိတ်အစဉ်က နှလုံးသားအစဉ်က မရှိအောင် တွန်းကန် ဖယ်ထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကို **ဖြဟ္မဏာတဲ့၊** ဒီလိုပုဂ္ဂိုလ်မျိုးကိုလဲ ကျွန်တော်တို့က လှူပါတယ်တဲ့။

အဒ္ဓိကေစ–ခရီးသွားကြသူတို့ကိုငှင်း။ ခရီးသွားနေတဲ့သူတွေကိုတွေ့ရင်လဲ မိမိတတ်နိုင်သလောက်လှူလိုက်တာဘဲတဲ့၊ ဝနိဗ္ဗကေစ–သီချင်းဆိုပြီး တောင်းရမ်းစားသောက်ကြကုန်သော ပုဂ္ဂိုလ်တို့ကိုငှင်း၊ ယာစကေစ–သီချင်းမဆိုဘဲ သာမန်တောင်းစားကြကုန်သောပုဂ္ဂိုလ်တို့ကိုငှင်း၊ ဒလိဒ္ဒေစ–ဆင်းရဲနေကြသူတို့ကိုငှင်း၊ အန္နေန–စားဖွယ်ဖြင့်ငှင်း၊ ပါနေန–သောက်ဖွယ်ဖြင့်ငှင်း၊ အဘိတပ္ပယာမ–လှူဒါန်းပေးကမ်း ရောင့်ရဲစေကြပါပေကုန်၏။ ကျွန်တော်တို့က လှူတဲ့အခါမှာ အလှူခံပုဂ္ဂိုလ်ကို အယုတ်,အလတ်, အမြတ်မရွေးဘဲ လှူတာပါတဲ့၊ တသ္မာ ဟိ–တသ္မာ ဧဝ–ထိုသို့ အယုတ်,အလတ်,အမြတ်မရွေး လှူဒါန်းခြင်းကြောင့်သာလျှင်၊ အမှံ–ကျွန်တော်တို့၏၊ ကုလေ–အမျိုး၌၊ ဒဟရာ န မီယရေ–အသက်ရှည်ကြပါကုန်၏။ အဲဒီလို လှူတဲ့အခါ အယုတ်,အလတ်,အမြတ်မရွေး လှူဒါန်းခြင်းကြောင့်လဲ ကျွန်တော်တို့ အသက်ရှည်တာပါတဲ့။

**☸ လှူတဲ့အခါ အလှူခံကို အယုတ်,အလတ်,အမြတ်မရွေးလှူခြင်းသည် အသက်ရှည်ကြောင်းတစ်မျိုး၊**

အခုပြဆိုခဲ့တာတွေဟာ ဒါနနဲ့ပတ်သက်ပြီး အသက်ရှည်နိုင်ပုံကို ပြဆိုချက်တွေပါဘဲ။

ငါးပါးသီလလဲ
အသက်ရှည်ကြောင်း

သီလပိုင်းနဲ့ပတ်သက်ပြီး အသက်ရှည်နိုင်ပုံကို ဘာဆက်ပြီး ဟောသလဲဆိုရင်

**မယဉ္စ ဘရိယာ နာတိက္ကမာမ၊ အမှေစ ဘရိယာ နာတိက္ကမန္တိ။**
**အညတြ တာဟိ ဖြဟ္မစရိယံ စရာမ၊ တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။**

ဘော အာစရိယ–အို ဒိသာပါမောက္ခဆရာကြီး၊ မယဉ္စ–ကျွန်တော်တို့ကလည်း၊ ဘရိယာ–မိမိတို့၏ ဇနီးမယားတို့ကို၊ နာတိက္ကမာမ–ကျော်လွန်၍ အခြားအမျိုးသို့မီးများသို့ သွားလာဖေါက်ပြားမှုမရှိကြပါကုန်၊ (ဝါ) လင်သားကျင့်ရာ ဝတ်ငါးဖြာကို ကျေပွန်သောအားဖြင့် မကျော်လွှားကြပါကုန်။

ကျွန်တော်တို့အမျိုးသားခင်ပွန်းယောကျ်ားများက မိမိတို့ ဇနီးမယားအပေါ် ဝတ္တရားငါးပါး ကျေပွန်အောင် ဆောင်ရွက်နေခြင်းကြောင့်လဲ အသက်ရှည်ကြပါသတဲ့၊ ဝတ္တရားငါးပါးကို ရှေ့ပိုင်းမှာအကျယ်ဟောပြီးပါပြီ။

ဘရိယာစ–ကျွန်တော်တို့၏ ဇနီးမယားတို့ကလဲ၊ အမှေ–ကျွန်တော်တို့ကို၊ နာတိက္ကမန္တိ–ကျော်လွန်၍ အခြားအမျိုးသားများအပေါ် သွားလာဖေါက်ပြားမှု မရှိကြပါကုန်။ ဇနီးမယားများကလဲ ခင်ပွန်း(လင်ယောကျ်ား)များအပေါ် ဝတ္တရားငါးပါးကို ကျေပွန်အောင်ဆောင်ရွက်နေခြင်းသည်လည်း အသက်ရှည်

ကြောင်းတရားပါဘဲတဲ့၊ ဒါကြောင့်လဲ မယားဝတ္တရားငါးပါးကျေပွန်ကြတဲ့ ကျွန်တော်တို့ ဇနီးတွေဟာ အသက်ရှည်ကြပါသတဲ့။

တာပဟိ–ထိုသူ့လင်,သူ့မယားတို့ကို၊ အညတြ–ကြဉ်ထား၍၊ ဗြဟ္မစရိယံ–မြတ်သောအကျင့်ကို၊ စရာမ–ကျင့်ကြပါကုန်၏၊ တသ္မာ ဟိ–တသ္မာ ဝေ–ထိုသို့ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်တော်ကြီးကို ရှိသေလေးစားစွာ လိုက်နာကြသောကြောင့်သာလျှင်၊ အမှံ– ကျွန်တော်တို့၏၊ ကုလေ–အမျိုး၌၊ ဒဟရာ–အသက်ငယ်ကြကုန်သောသူတို့သည်၊ န မီယရေ–မသေကြပါကုန်။

***ဆိုလိုရင်းအစိပ်ပွါယ်မှာ*** ငါးပါးသီလထဲက ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်တော်ကြီးကို ရှိသေလေးစားစွာ လိုက်နာကျင့်ကြံအားထုတ်ရင် အသက်ရှည်နိုင်တယ်လို့ ဆိုလိုပါတယ်။

**ပါဏာတိပါတာ ဝိရမာမ သဗ္ဗေ ၊လောကေ အဒိန္နံ ပရိဝဇ္ဇယာမ။**

**အမဇ္ဇပါ နောပိ မုသာ ဘဏာမ၊ တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။**

ဘော အာစရိယ–အို ဒိသာပါမောက္ခဆရာကြီး၊ မယံ–ကျွန်တော်တို့သည်၊ ပါဏာတိပါတာ–သူ့အသက်သတ်ခြင်းမှ၊ ဝိရမာမ– ရှောင်ကြဉ်ကြပါကုန်၏၊ လောကေ–လောက၌၊ အဒိန္နံ–ပိုင်ရှင်မပေးသောသူတစ်ပါးဥစ္စာကို ယူခြင်းကို၊ ပရိဝဇ္ဇယာမ–ရှောင်ကြဉ်ကြပါကုန်၏၊ အမဇ္ဇပါ–သုရာမေရယသိက္ခာပုဒ်တော်ကြီးကို ရှိသေလေးစားသောအားဖြင့် သေအရက်ကိုလဲ မသောက်ကြပါကုန်၊ တသ္မာ ဟိ–တသ္မာ ဝေ–ထိုသို့ ပါဏာတိပါတ,အဒိန္နာဒါန,မုသာဝါဒ,သုရာမေရယသိက္ခာပုဒ်လေးခုကို လေးလေးစားစား လိုက်နာကျင့်ကြံကြသောကြောင့်သာလျှင်၊ အမှံ–ကျွန်တော်တို့၏၊ ကုလေ–အမျိုး၌၊ ဒဟရာ–ငယ်ရွယ်သူတို့သည်၊ န မီယရေ–မသေကြပါကုန်၊ (ဝါ) အသက်ရှည် ကြပါကုန်၏။

ဒီဂါတာမှာ ငါးပါးသီလထဲက ကာမေသုမိစ္ဆာစာရမှတစ်ပါး ကျန်သိက္ခာပုဒ်ေပါးကို ရှိရှိသေသေ လေးလေးစားစားကျင့်ရင် အသက်ရှည်နိုင်တယ်လို့ ပြောပါတယ်။ အထက်ကဂါတာနဲ့ပေါင်းရင် ငါးပါးသီလလုံခြုံ မြဲမြဲသူတွေဟာ အသက်ရှည်ကြတယ်၊ ဒီစကားအားလုံးဖြင့်=

**☸ ငါးပါးသီလသည် အသက်ရှည်ကြောင်းတရားဘဲလို့ မှတ်ရပါမယ်။**

**တောသု ဝေ ဇာယရေ သုတ္တမာသု ၊မေဓာဝိနော ဟောန္တိ ပဟူတပညာ။**

**ဗဟုဿုတာ ဝေဒဂုနောစ ဟောန္တိ၊ တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။**

ဘော အာစရိယ–အို ဒိသာပါမောက္ခဆရာကြီး၊ ဥတ္တမာသု–မြတ်သောအကျင့်ရှိကုန်သော၊ တောသု–ထိုအမျိုးသမီးတို့၌၊ ဇာယရေ– မွေးဖွါးကုန်သောသားသမီးတို့သည်၊ မေဓာဝိနော–ကိလေသာ အစိုင်အခဲကို ဖေါက်ခွဲနိုင်သော ပညာရှိကုန်သည်၄င်း၊ ပဟူတပညာစ–ကိစ္စအားလုံး၌ ပြုစွမ်းနိုင်သော ပညာရှိကုန်သည်၄င်း၊ ဗဟုဿုတာစ–အကြားအမြင်များကုန်သည်၄င်း၊ ဝေဒဂုနောစ–အသိဉာဏ်ပညာတို့၏ အထွဋ်အထိပ်သို့ရောက်ကုန်သည်၄င်း၊ ဟောန္တိ–ဖြစ်ကုန်၏၊ တသ္မာဟိ–တသ္မာဝေ–ထိုသို့လျင်သော ပညာ, ပြန့်ပြောသောပညာရှိခြင်း, ဗဟုဿုတရှိခြင်း,ပညာ၏အထွဋ်အထိပ်သို့ရောက်ရှိခြင်းကြောင့်သာလျှင်၊ အမှံ–ကျွန်တော်တို့၏၊ ကုလေ–အမျိုး၌၊ ဒဟရာ–အသက်ငယ်သူတို့သည်၊ န မီယရေ–မသေကြပါကုန် (ဝါ)အသက်ရှည်ကြပါကုန်၏။

ဒီစကားက ဘာပြောသလဲဆိုရင် မိကောင်း,ဖခင်ဖြစ်လျှင် သားကောင်း,သမီးကောင်းရနိုင်တယ်၊ အသိဉာဏ်ပညာ, ဗဟုသုတအထွင့်အထိပ်သို့ ရောက်သောသားသမီးများသည် အသက်ရှည်တတ်ပါတယ်၊ ဒါကြောင့် ဉာဏ်ပညာကြီးခြင်းသည် အသက်ရှည်ခြင်း၏ အကြောင်းတစ်ခုလို့မှတ်ရပါမယ်။

တရားကျင့်တာ
အားလုံးပါ

**မာတာ ပိတာစ ဘဂိနီ ဘာတရောစ၊ ပုတ္တာစ ဒါရာစ မယံစ သဗ္ဗေ။**
**ဓမ္မံ စရာမ ပရလောကဟေတု၊ တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။**

ဒီဂါတာကို အနက်မြန်မာ မပြန်ဆိုတော့ဘဲ လိုရင်းကိုပြောရရင် ဒီလို အသက်ရှည်ကြောင်း အကျင့်ကောင်းတွေ ကျင့်တာဟာ တစ်ဦးတစ်ယောက်မဟုတ်ပါဘူး၊ မိဘတွေ,သားသမီး,သားမယားတွေ,အမကြီးညီမငယ်, အကိုကြီး ညီငယ်တွေအားလုံး တရားကျင့်ကြပါတယ်၊ ဒါကြောင့်လဲ တစ်ရွာလုံး အသက်ရှည်ကြတာဖြစ်ပါတယ်။

အလုပ်သမားတွေပါ
မကျန်

**ဒါသာစ ဒါသျော အနုဇီဝိနောစ၊ ပရိစာရကာ ကမ္မကရာစ သဗ္ဗေ။**
**ဓမ္မံ စရန္တိ ပရလောကဟေတု၊ တသ္မာ ဟိ အမံ ဒဟရာ န မီယရေ။**

ရှေးခေတ်အနေနဲ့ပြောတော့ ကျွန်ယောကျာ်း, ကျွန်မိမ္မတွေ, အလုပ်သမားတွေအားလုံးလဲ တရားကျင့်တာပါဘဲ၊ ဒီနှစ်ဂါထာနဲ့ ဓမ္မပါလရွာကြီးမှာ အယုတ်,အလတ်,အမြတ်မရွေး တရားကျင့်ကြတယ်၊ တရားမကျင့်တဲ့ ဓမ္မပါလရွာသားဆိုဒါ မရှိဘူးလို့ပြပါတယ်၊ ဒါကြောင့် ရွာသူရွာသားအားလုံး တစ်ညီတစ်ညွတ်တည်း အကုန်အသက်ရှည်ကြပါတယ်။

ဒို့ပရိသတ်အပေါင်း သူတော်ကောင်းတို့လဲ ကျမ်းကျမ်းမာမာနဲ့ အသက်ရှည်ချင်ကြရင်—

- **ကုသလကမ္မပထတရားကိုကျင့်ရခြင်း။**
- **မကောင်းတာမှန်သမျှ ရှောင်ရခြင်း။**
- **လူယုတ်မာတို့၏ အကျင့်မှန်သမျှမှ ရှောင်ရခြင်း။**
- **တရားမှန်သမျှကို ကောင်းသည်ဖြစ်စေ,မကောင်းသည်ဖြစ်စေ နာယူရခြင်း။**
- **နာယူပြီးတဲ့အခါ သူယုတ်မာတို့ရဲ့ ဟောပြောချက်ကို မထောက်ခံရခြင်း။ တရားနာတာကတော့ သူတော်ကောင်းတရားရော, သူယုတ်မာတရားရော မဆန့်ကျင်အောင် နာယူပါ။**
- **သူတော်ကောင်းနဲ့ ပေါင်းရခြင်း။**
- **ငါးပါးသီလကို လုံအောင်စောင့်ရခြင်း။**

ဒီအင်္ဂါရပ်တွေဟာ အသက်ရှည်ခြင်းရဲ့အကြောင်းတွေပါဘဲ၊ ဒီကနေ့ အသက်ရှည်ကြသူတွေဟာ ဒီကျင့်ဝတ်တွေနဲ့ ပြည့်စုံကြလို့ပါဘဲ၊ ဓမ္မပါလအမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေဘူးဆိုဒါ ဒါကြောင့်ပါဘဲ၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အချိန်မကျသေးခင် မသေချင်ကြသေးပေမဲ့ အသက်ရှည်ကြောင်းတရားတွေကို မလိုက်နာနိုင်ကြတဲ့အတွက်ကြောင့် အသက်ရှည်သူက ရှည်လို့, တိုတဲ့လူက တိုကြပါတယ်။

ကိုယ့်ကံတရားအတိုင်း ကိုယ်ဖန်တီးကြရတာ၊ ဒါကြောင့် အသက်ရှည်ချင်ကြသူများ အထက်ကပြောခဲ့တဲ့ ကျင့်ဝတ်တွေကို လိုက်နာရပါမယ်။

အသက်ရှည်ကြောင်းတွေကို သိပြီးပြီဆိုတော့ အနှစ်သာရရှိရှိနဲ့ အသက်ရှည်အောင် ဘာလုပ်ကြမလဲ?၊ ဓမ္မပဒပါဠိတော်မှာ ဘာပြောသေးလဲဆိုရင် အသက်ရှည်ရုံနဲ့မပြီးသေးဘူးတဲ့၊ ဒီကနေ့ အသက်ရှစ်ဆယ်, တစ်ရာရှည်တဲ့သူတွေရှိပါတယ်၊ တစ်ချို့များ တစ်ရာ့ငါးဆယ်ရှည်တယ်လို့ကြားရပါတယ်၊ ဒါကြောင့် အသက်ရှည်ဘို့ ဘာခဲယဉ်းလဲလို့လဲလို့ ပြောကြလိမ့်မယ်၊ အသက်ရှည်ရုံနဲ့ မပြီးသေးဘူး၊ အနှစ်သာရရှိရှိနဲ့ အသက်ရှည်ဘို့လိုသေးတယ်၊ ဒါကို မြတ်စွာဘုရားက–

**ယောစ ဝဿသတံ ဇီဝေ ၊ဒုဿီလော အသမာဟိတော။**

**ဧကာဟံ ဇီဝိတံ သေယျော ၊သီလဝန္တဿ ဈာယိနော။**

ဘိက္ခဝေ–ချစ်သားချစ်သမီးတို့၊ ယော–အကြင်ပုဂ္ဂိုလ်သည်၊ အသမာဟိတော–တည်ကြည်သော သမာဓိမရှိဘဲ၊ ဒုဿီလော–ကိုယ်ကျင့်သီလမရှိပါဘဲလျက်၊ ဝဿသတံ–အနှစ်တစ်ရာတိုင်တိုင်၊ ဇီဝေ–ဇီဝေယျ=အသက်ရှည်လေရာ၏၊ အမျိုးကောင်းသား,သမီးတစ်ယောက်သည် ကိုယ်ကျင့်သီလမရှိဘဲ ကိုယ်ကျင့်တရားပျက်ပြားပြီး အနှစ်တစ်ရာအသက်ရှည်သတဲ့၊

ယောစ–အကြင်သူသည်ကား၊ သီလဝါ–ကိုယ်ကျင့်သီလရှိသည်ဖြစ်၍၊ ဈာယိနော–ကိလေသာကို လောင်ကျွမ်းစေနိုင်သော သမာဓိရှိသည်ဖြစ်၍၊ ဧကာဟံ–တစ်နေ့တစ်ရက်တစ်နံနက်မျှ ၊ဇီဝေ–ဇီဝေယျ= အသက်ရှည်လေရာ၏၊ နောက်တစ်ယောက်ကတော့ ကိုယ်ကျင့်သီလနှင့်ပြည့်စုံပြီး တစ်ရက်ထဲ အသက်ရှည်သတဲ့၊ ပုဂ္ဂိုလ်နှစ်ယောက်နော်၊

တေသံ–ထိုသီလမရှိဘဲ အသက်တစ်ရာရှည်တဲ့သူရယ်, သီလရှိပြီး တစ်ရက်ထဲ အသက်ရှည်တဲ့သူရယ်လို့ ပုဂ္ဂိုလ်နှစ်ယောက်တို့တွင်၊ ဈာယိနော–ကိလေသာကိုလောင်မြိုက်စေသည်ဖြစ်၍၊ သီလဝန္တဿ–သီလရှိသောပုဂ္ဂိုလ်၏၊ ဧကာဟံ–တစ်နေ့တစ်ရက်တစ်နံက်မျှ၊ ဇီဝံ–အသက်ရှည်ခြင်းသည်သာလျှင်၊ သေယျော–မြတ်လှပါပေ၏။

သီလရှိပြီး တစ်ရက်ထဲအသက်ရှည်တဲ့သူက ပိုပြီးမြတ်သတဲ့၊ ဒီဒေသနာတော်အရပြောရရင် ဒီ့ပရိသတ် အသက်ရှည်ဘို့က ပဓာနလား?၊ သီလရှိဘို့က ပဓာနလား?၊ (သီလရှိဘို့က ပဓာနပါဘုရား)။ သီလမရှိဘဲ အသက်တစ်ရာရှည်ချင်ရှည်ပါစေ၊ တန်ဘိုးမရှိပါဘူး၊ ဒါကြောင့် ဒို့ပရိသတ်အပေါင်း သူတော်ကောင်းတို့က မိမိတို့၏ အသက်ရှည်မှုကို အနှစ်သာရရှိစေချင်ရင် ဘာနဲ့တွဲပေးရမလဲ၊ သီလနဲ့တွဲပေးရပါမယ်၊ သီလမရှိဘဲ အသက်ရှည်ချင်သလောက် ရှည်ပါစေ ဘာမျှအနှစ်သာရမရှိပါဘူး။

### သီလသည် အနှစ်သာရတရားလို့ မှတ်လိုက်ပါ။

သီလရှိကြစို့ဆိုတော့ ဘယ်လိုသီလမျိုးရှိရမလဲ၊ "တပည့်တော်တို့က နေ့တိုင်း သီလတွေစောင့်နေတာဘဲ၊ သီလတွေရှိတာပေါ့"လို့ သာမံအပေါ်ယံ မတွေးကြပါနဲ့၊ နက်နက်နဲနဲ တွေးနိုင်မှ အနှစ်သာရရှိတာ၊ သီလမှာ ဂုဏ်အင်္ဂါရှစ်မျိုးရှိပါတယ်၊ ရှစ်ပါးသီလကိုပြောတာ မဟုတ်ပါဘူး။

## "သီလရဲ့ဂုဏ်အင်္ဂါရှစ်မျိုး"

**အဟော ဝတ မေ သီလံ ဟော၊ အခဏ္ဍံ အဆိဒ္ဒံ ဟဝေ။**
**အသဗလံ အကမ္မာသံ ဘုဇိဿံ အပရာမာသံ၊**
**ပသတ္ထံ သဗ္ဗဝိညူဟိ သမာဓိသံဝတ္တနကံ။**

မေ–အများမဆံ တရားမှန်ကို အားသန်ကျင့်လို ဤငါ့ကိုယ်၏၊ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဒီကနေ့ သီလတွေစောင့်ကြတယ်, တရားတွေအားထုတ်ကြတယ်၊ သူလိုငါလို စောင့်ချင်တာလား, သူများ ထက်ထူးချွန်အောင် စောင့်ချင်တာလား?၊... (သူများထက် ထူးချွန်အောင် စောင့်ချင်တာပါဘုရား)၊ အေး... သူများထက် ထူးချွန်အောင်စောင့်ချင်တယ်ဆိုရင် ---မေ–အများမဆံ တရားမှန်ကို အားသန်ကျင့်လို ဤငါ့ကိုယ်၏၊ သီလံ–ထိမ်းသိမ်းစောင့်စည်း သီလတည်းဟူသော အကျင့်ကြီးသည်၊ အခဏ္ဍံ–အဝတ်အနား ပြတ်သည့်လားသို့ အနားမြိတ်စပ် အကျိုးအပြတ်လဲမရှိပါတကား။

ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဝတ်ထားတဲ့အဝတ်တွေမှာ ဘေးအနားတွေက စုပ်ပြတ်နေ မယ်ဆိုရင် ဝတ်လို့လဲ မကောင်း, ကြည့်ရှုလို့လဲ ကောင်းပါ့မလား?၊(မကောင်းပါဘုရား)၊ လူကြား သူကြား ထဲလဲ သွားလို့မကောင်းဘူး၊ မတော်ဘူး၊ ဘာဖြစ်လို့လဲ၊ အဝတ်အနားတွေ စုပ်ပြတ်နေလို့၊ အဲဒီလိုဘဲ မိမိတို့ စောင့်တဲ့ သီလမှာ အစသိက္ခာပုဒ်နဲ့ အဆုံးသိက္ခာပုဒ်ပျက်ရင် အဲဒီပုဂ္ဂိုလ်ရဲ့သီလဟာ "သီလကျိုးတယ်"လို့ ခေါ်ပါတယ်၊ သေသေချာချာမှတ်စေချင်ပါတယ်။

"သီလကျိုးတယ်,သီလကျိုးတယ်"ဆိုရဲ့ ဝေါဟာရကို ဒို့ပရိသတ် ကြားဘူးတယ်နော်၊ ဘယ်လိုဖြစ် ရင် သီလကျိုးတယ်ဆိုဒါကိုတော့ နားလည်ချင်မှနားလည်မှာ၊ ထပ်ပြီးပြောပါမယ်၊ ငါးပါးသီလထဲက ပါဏာတိပါတဆိုတဲ့ အစဆုံးသိက္ခာပုဒ်နဲ့ သုရာမေရယဆိုတဲ့ အဆုံးသိက္ခာပုဒ်ပျက်ရင် အဲဒီပုဂ္ဂိုလ်ရဲ့သီလကို "သီလကျိုး"လို့ခေါ်ပါတယ်၊ အဲဒီလို ကျိုးတဲ့သီလမျိုးဆိုရင် အနှစ်သာရမရှိဘူး၊ ဒါကြောင့် မိမိတို့စောင့်တဲ့ သီလဟာ ဒီလို ကျိုးတဲ့သီလမျိုး မဖြစ်စေနဲ့တဲ့။

"အဆိဒ္ဒံ"–အဝတ်အလယ် ပေါက်သည့်နှယ်သို့ အလယ်သိက္ခာ အရာရာတွင် အပေါက်လဲ မထင်ပါ တကား။ နောက်တစ်ခု ဥပမာပေးထားတယ်၊ ကိုယ်ဝတ်ထားတဲ့အဝတ်မှာ အလယ်ခေါင်က အပေါက် ကြီးတွေပေါက်နေရင် အဲဒီအဝတ်ရော ဝတ်လို့ကောင်းပါ့ မလား?၊ (မကောင်းပါဘုရား)၊

ထိုနည်းတူစွာဘဲ ကိုယ်စောင့်တဲ့သီလမှာ အလယ်သိက္ခာပုဒ်ပျက်ရင် အဲဒီပုဂ္ဂိုလ်ရဲ့သီလကို "သီလ ပေါက်"လို့ခေါ်ပါတယ်၊ ဒါကြောင့် ငါးပါးသီလမှာ အလယ်သိက္ခာပုဒ်ဖြစ်တဲ့ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် ပျက်ရင် သီလပေါက်တာလို့ခေါ်ပါတယ်။

သီလကျိုးတာနဲ့ပေါက်တာ မတူဘူးနော်၊ ကျိုးလဲ မကျိုးစေနဲ့၊ ပေါက်လဲ မပေါက်စေနဲ့၊ ကိုယ်စောင့်တဲ့ သီလ ကျိုးနေ, ပေါက်နေရင် အနှစ်သာရရှိပါ့မလား၊ မရှိနိုင်ဘူး၊ သီလစောင့်တဲ့နေရာမှာ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ နှစ်သက်မြတ်နိုးအပ်တဲ့ အရိယကန္တသီလဆိုဒါ ဒီလို ကျိုးလဲ မကျိုး, ပေါက်လဲ မပေါက်တဲ့သီလမျိုးဖြစ်ရပါမယ်။

"အသဗလံ"–နွားကြောင် နွားကြား ပုံအလားသို့ အများဆက်လျက် အကြားအကွက်လဲ မရှိပါတကား။ နောက်တစ်မျိုးက ဥပမာပေးရရင် တစ်ချို့တစ်ချို့နွားတွေရဲ့ကျောကုန်းမှာ အကွက်ကြီးတွေ အကြီးကြီး ဟိုနားတစ်ကွက် သည်နားတစ်ကွက်ရှိနေသလို မိမိစောင့်တဲ့သီလထဲမှာလဲ သိက္ခာပုဒ်နှစ်ခု သုံးခု ဆက်တိုက်ပျက်ရင် အဲဒီပုဂ္ဂိုလ်ရဲ့သီလကို "သီလကြောင်တယ်"လို့ခေါ်ပါတယ်၊ "သီလကြောင်"ပေါ့။

"သီလကြောင် သီလကြောင်"ဆိုဒါ လူတွေတော်တော်ပြောကြတယ်၊ သီလကြောင်ဆိုဒါ ဘာလဲလို့ မေးရင် နားမလည်ကြဘူး၊ ဥပမာ=ပါဏာတိပါတ,အဒိန္နာဒါန,ကာမေသုမိစ္ဆာစာရသုံးခုဆက်တိုက်သော်၄င်း, အဒိန္နာဒါန,ကာမေသုမိစ္ဆာစာရ, မုသာဝါဒသုံးခုဆက်တိုက်သော်၄င်း, ကာမေသုမိစ္ဆာစာရ,မုသာဝါဒ, သုရာမေရယသုံးခုဆက်တိုက်သော်၄င်း၊ ဒီလိုနှစ်ခု သုံးခုဆက်တိုက် လုံအောင်မစောင့်နိုင်လို့ ပျက်ပြီဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့သီလကို"သီလကြောင်"လို့ခေါ်ပါတယ်၊ "သီလကျိုး,သီလပေါက်,သီလကြောင်" ဝေါဟာရ သုံးခုရဲ့အဓိပ္ပါယ်ဟာ တစ်မျိုးစီဘဲ၊ ဒါတွေမသိတော့ တစ်ချို့က သီလကျိုးတွေ, တစ်ချို့က သီလပေါက်တွေ, တစ်ချို့က သီလကြောင်တွေ ဖြစ်ကြရတယ်။

အကမ္မာသံ–ဝါစိပျောက်နွား ပုံအလားသို့ ကြိုးကျားပေါက်အင် အပြောက်လဲမထင်ပါတကား။ နောက်တစ်မျိုးက တစ်ချို့တစ်ချို့ နွားကျတော့ အဲဒီလို အကွက်ကြီးတွေမဟုတ်ဘူး၊ ဝါစိပြောက်လေးတွေလို အပြောက်အပြောက်ကလေးတွေ တစ်ကိုယ်လုံးမှာထင်နေတယ်၊ ဒီလိုပါဘဲ မိမိတို့စောင့်တဲ့သီလမှာ သိက္ခာပုဒ်တစ်ခုပျက်လိုက် တစ်ခုလုံခြုံလိုက်နဲ့ ဒီလိုတစ်ခုခြားပျက်ရင် အဲဒီသီလကို "သီလပြောက်"လို့ ခေါ်ပါတယ်။

**သီလပျက်တာနဲ့ပတ်သက်ပြီး ဝေါဟာရလေးခု(၁)သီလကျိုး (၂)သီလပေါက် (၃)သီလကြောင် (၄)သီလပြောက်**

ဘုဇိဿံ–လောကီချမ်းသာ မမှန်းပါသဖြင့် တဏှာ၏ကျွန် တာဝန်မဲ့ကင်း သန့်ရှင်းလေစွတကား။

သီလကိုစောင့်တဲ့အခါ တဏှာ၏ကျွန်အဖြစ်က လွတ်အောင်စောင့်တတ်ရပါတယ်၊ တဏှာ၏ကျွန် အဖြစ်က မလွတ်ရင် အဲဒီသီလဟာ အနှစ်သာရမရှိဘူး၊ တနည်းပြောကြစို့ဆိုရင် အရိယာသူတော်ကောင်း တွေ မြတ်နိုးနိုင်တဲ့သီလ မဖြစ်နိုင်ဘူး။

ကျွန်အဖြစ်ကလွတ်တဲ့ သီလမျိုး

တဏှာကျွန်အဖြစ်က မလွတ်တဲ့သီလဆိုဒါ ဘယ်လိုဟာလဲမေးရင်

"ဣမိနာဟံ သီလေန ဒေဝေါဝါ ဘဝိဿာမိ ဒေဝညတရောဝါ"–အဟံ–ငါသည်၊ ဣမိနာ သီလလေန–ဤကဲ့သို့ ထိမ်းသိမ်းစောင့်စည်းရတဲ့ သီလကုသိုလ်ကြီးကြောင့်၊ ဒေဝေါဝါ–တန်ခိုးကြီးတဲ့ နတ်သားကြီးသော်လည်း၊ ဘဝိဿာမိ–ဖြစ်ရပါလို၏၊ ဒေဝညတရောဝါ–တန်ခိုးသေးတဲ့ နတ်သားလေးသော်လည်း၊ ဘဝိဿာမိ–ဖြစ်ရပါလို၏။ တိုတိုပြောရရင် လောကီချမ်းသာတစ်ခုခုကို တောင့်တပြီး စောင့်စည်းတဲ့သီလဟာ တဏှာကျွန်အဖြစ်က မလွတ်တဲ့သီလပါဘဲ၊ လွတ်လပ်ရေးမရတဲ့ သီလခေါ်ပါတယ်။

တဏှာကျွန်အဖြစ်က မလွတ်တဲ့သီလသည် ဘာကိုတောင့်တသလဲ၊ လောကီချမ်းသာကို တောင့်တပါတယ်၊ လောကမှာ စီးပွါးရေးတွေ တက်ချင်လို့, ရာထူးတွေ တက်ချင်လို့ မြဲချင်လို့စသည်အားဖြင့် လူ့ချမ်းသာ, နတ်ချမ်းသာ,ဗြဟ္မာချမ်းသာတွေရချင်လို့ စောင့်တဲ့သီလမျိုးဟာ တဏှာကျွန်အဖြစ်က မလွတ်ဘူး၊ ဒါဖြင့်ရင် တဏှာကျွန်အဖြစ်ကလွတ်အောင် ဘယ်လိုစောင့်ရမလဲဆိုရင်–

"ဣဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု"၊ မေ–ငါ၏၊ ဣဒံပုညံ–ဤသီလစောင့်ရတဲ့ ကုသိုလ်သည်၊ ဗောဓိဉာဏဿ– သစ္စာလေးပါး သိကြောင်းဖြစ်တဲ့ ဗောဓိဉာဏ်၏၊ ပစ္စယော–အထောက်အပန့်သည်၊ ဟောတု–ဖြစ်ရပါလို၏။

ဤသီလကုသိုလ်ကြောင့် သစ္စာလေးပါးသိကြောင်းဖြစ်တဲ့ ဗောဓိဉာဏ်၏ အကြောင်းအထောက်အပန့် ဖြစ်ရပါလို၏၊ တနည်း ရှင်းအောင်ပြောရရင် နိဗ္ဗာန်ကိုတောင့်တပြီး စောင့်တဲ့သီလမျိုးမှ တဏှာကျွန်အဖြစ်က လွတ်ပါတယ်၊ ဒါကြောင့် သီလစောင့်တဲ့အခါ တဏှာကျွန်အဖြစ်က လွတ်တဲ့သီလမျိုးဖြစ်ရအောင် စောင့်ရပါတယ်။

အပရာမဋ္ဌံ–တစ်စုံတစ်ရာ ပြစ်အနာကို ဖွေရှာသုံးသပ် မစွပ်စွဲအပ်လေစွတကား။

သူတစ်ပါးကနေပြီး ကိုယ့်သီလကို"ခဗျားသီလက ဒီလိုဒီလိုအပြစ်တွေရှိနေတာဘဲ"လို့ အစွပ်အစွဲ မခံရတဲ့ သီလမျိုးဖြစ်အောင်စောင့်ရပါမယ်၊ ဒါကတော့ ရှေ့အင်္ဂါငါးပါးနဲ့ပြည့်စုံရင် ဒီအင်္ဂါလဲ ပြည့်စုံပြီးဖြစ်သွားပါတယ်။

သဗ္ဗဝိညူပ္ပသတ္ထံ–အဘိဏ္ဍာကင်း ဣသာရှင်း၍ ကောင်းခြင်းလိုလား ပညာရှိအများတို့သည်၊ ပသတ္ထံ–နည်းလမ်းအလိုက် ချီးမွမ်းထိုက်သည်ဖြစ်၍။ ပညာရှိသူတော်ကောင်းများ ချီးမွမ်းထိုက်တဲ့သီလမျိုးဖြစ်အောင် စောင့်ရမယ်၊ ပညာရှိများချီးမွမ်းထိုက်တဲ့ သီလဆိုဒါ မကျိုး,မပေါက်,မကြောင်,မပြောက်မကျား, တဏှာကျွန်အဖြစ်ကလွတ်ခြင်းဆိုတဲ့ အင်္ဂါတွေနဲ့ပြည့်စုံရင် ပညာရှိတွေ ချီးမွမ်းထိုက်တဲ့ သီလဖြစ်ပါတယ်၊ သတ္တမမြောက်အင်္ဂါလဲ ပြည့်စုံသွားပါတယ်။

သမာဓိသံဝတ္တနကံ–ဈာန်မဂ်ဖိုလ်ရှိ သမာဓိကို ထိမိစေရန် အခြေခံဘို့ ဧကန်ပင်ကောင်းမြတ်တဲ့ သီလကြီးဖြစ်ပါပေတော့သတည်း။ သမာဓိကို အထောက်အပန့်ပေးနိုင်တဲ့ သီလမျိုးဖြစ်အောင်စောင့်ရမယ်၊ ဈာနသမာဓိ,ဝိပဿနာသမာဓိ,မဂ္ဂသမာဓိ, အဲဒီသမာဓိတွေကို ရစေနိုင်လောက်တဲ့ သီလမျိုးဖြစ်အောင် ဆိုဒါက ရှေ့ပိုင်းအင်္ဂါတွေနဲ့ ပြည့်စုံရမှာလား?၊မပြည့်စုံရမှာလား?၊ (ပြည့်စုံရမှာပါဘုရား)၊ ဟုတ်ပါတယ်၊ ပြည့်စုံရမယ်။

မိမိရဲ့သီလက မစင်ကြယ်ရင် တရားအားထုတ်ရင်း"ငါ့ရဲ့သီလက ကျိုးနေတာပါလား, အပေါက်ကြီးနဲ့ ပါလား, ငါ့သီလက သီလကြောင်ကြီးပါလား"လို့ ကိုယ့်သီလကိုစင်းစားတိုင်း စင်းစားတိုင်း ကျိုးနေတာ, ပေါက်နေတာ, ကြောင်နေတာ, ကျားနေတာတွေတွေ့ရင် သမာဓိရနိုင်ပါ့မလား?၊ (မရနိုင်ပါဘုရား)။ ကိုယ့်သီလစင်ကြယ်လေ စိတ်ကြည်လင်လေဘဲ၊ စိတ်ကြည်လင်လေ သမာဓိရလေပါဘဲ၊ ဒါကြောင့် ဒီလို အင်္ဂါရှစ်ချက်နဲ့ပြည့်စုံတဲ့သီလမျိုးရှိနေရင် အဲဒီပုဂ္ဂိုလ်ရဲ့ အသက်ရှည်မှုဟာ အနှစ်သာရရှိမှာလား?၊ အနှစ်သာရကင်းမှာလား?၊ (အနှစ်သာရရှိမှာပါဘုရား)၊ မိမိရဲ့ဘဝမှာ အသက်ရှည်တာကို အနှစ်သာရရှိအောင် ဒီအင်္ဂါ

ရှစ်ချက်နဲ့ပြည့်စုံတဲ့ သီလမျိုးရှိအောင် ကြိုးစားပါ။ အသက်တော့ရှည်ပါရဲ့ အနှစ်မဟုတ်တဲ့ အဖျင်းတွေချည်း ဘဲဆိုရင် အလကားဘဲ၊ နောက်တစ်ခု ပြောအုံးမယ်။

**ယောစ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ဝိရိယမာရဘတော ဒဠှံ။**

မြန်မာလိုတိုတိုဘဲပြောပါမယ်၊ ဝိရိယမရှိဘဲ အပျင်းထူပြီး အသက်တစ်ရာရှည်ရတာရယ်, ဝိရိယရှိရှိနဲ့ တစ်ရက်ထဲ အသက်ရှည်ရတာရယ် အဲဒီနှစ်ခုထဲမှာ ဘယ်ဟာက မြတ်မယ်ထင်သလဲ?၊ (ဝိရိယရှိပြီး အသက်ရှည်ရတာက မြတ်ပါတယ်ဘုရား)၊ မှန်ပါတယ်၊ မြတ်စွာဘုရားက"ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ– ဝီရိယရှိပြီး တစ်ရက်ထဲ အသက်ရှည်ရတာက မြတ်တယ်တဲ့၊ ဒါဖြင့်ရင် အသက် ရှည်ဘို့က ပဓာနလား၊ ဝီရိယရှိဘို့က ပဓာနလား?၊ (ဝီရိယရှိဘို့က ပဓာနပါဘုရား)။

ဒါကြောင့် မိမိတို့၏အသက်ရှည်မှုကို အနှစ်သာရရှိအောင် အခုဒုတိယဘာနဲ့တွဲပေးရမလဲ?၊ (ဝီရိယနဲ့တွဲ ပေးရပါမယ်)၊ နံပတ်(၁)က သီလနဲ့တွဲ၊ (၂)က ဝီရိယနဲ့တွဲရမယ်။

ဒီနေရာမှာလဲ ဝီရိယရှိသူဟုတ်,မဟုတ် စစ်ရမယ်ဆိုရင် အင်္ဂုတ္တရနိကာယ် ဝီရိယာရမ္ဘသုတ္တန်နဲ့ ညှိပြီးစစ်ကြည့်ရအောင်၊ ကိုယ့်ကိုယ်ကိုလဲ စစ်ရမယ်၊ သူများကိုလဲ စစ်ရမယ်၊ အဓိကကတော့ ကိုယ့်ကိုယ်ကို စစ်ရမယ်၊ ဝီရိယရှိသူတို့ရဲ့ လက္ခဏာဆိုဒါ ကိုယ့်ကိုယ်ကို စင်းစားရမယ်တဲ့၊ "ဣဓ ဘိက္ခဝေ ဘိက္ခုနော ကမ္မံ ကာတဗ္ဗံ ဟောတိ၊ ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ ဣဓ–ဤလောက၌၊ ဘိက္ခုနော– သံသရာရေး ထောက်တွေးမြော်မြင် ပညာရှင်အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ ကမ္မံ ကာတဗ္ဗံ ဟောတိ– မလွဲမသွေလုပ်ရမည့် ကိစ္စတွေရှိနေပါပေ၏၊

(၁) ပုဂ္ဂိုလ်တစ်ယောက်မှာ မလွဲမသွေလုပ်ရမဲ့ အလုပ်တွေရှိနေပြီတဲ့၊ ကဲဒို့ပရိသတ် ရှိသလား၊ မရှိဘူးလား?၊ (ရှိပါတယ်ဘုရား)၊ အဲဒီလို မလွဲမသွေ လုပ်ကိုလုပ်ရမဲ့ အလုပ်ရှိနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ ကိုယ့်ကိုယ်ကို စင်းစားရမယ်တဲ့၊ "တဿ ဧဝံ ဟောတိ"ဒီလို စင်းစားပါတဲ့၊ "ကမ္မံ ခေါ မေ ကာတဗ္ဗံ ဟောတိ–ငါ့မှာ လုပ်စရာကိစ္စတွေရှိနေပြီ၊ ကမ္မံ ခေါ မယံ ကရောန္တေန န သုကရံ ဗုဒ္ဓါနံ သာသနံ မနသိ ကာတုံ–အဲဒီလုပ်စရာကိစ္စတွေကို ငါလုပ်နေရတဲ့အချိန်မှာ ဘုရားဟောထားတဲ့ အဆုံးအမတရားတွေကို အားထုတ်နိုင်မှာမဟုတ်ဘူး၊ လောကအလုပ်တွေ လုပ်စရာပေါ်နေတဲ့ လူတစ်ယောက်ဟာ "ငါ့မှာ လုပ်စရာ အလုပ်တွေရှိနေတယ်၊ ဒီအလုပ်တွေ လုပ်နေစဉ် ဘုရားဟောထားတဲ့တရားတွေကို အားထုတ်နိုင်မှာမဟုတ် ဘူး"လို့ စင်းစားပြီး ...

"ဟန္ဒာဟံ ပဌိကစ္စေဝ ဝီရိယမာရဘာမိ အပတ္တဿ ပတ္တိယာ၊ အနဓိဂတဿ အဓိဂမာယ၊ အသစ္ဆိကတဿ သစ္ဆိကိရိယာယ၊ အဟံ–ငါသည်၊ ပဌိကစ္စေဝ–ကြိုကြိုတင်တင်ကသာလျှင်၊ ဝီရိယ မာရ ဘာမိ–ကြိုးကြိုးစားစားနှင့် တရားကိုအားထုတ်လိုက်ပေတော့အံ့။

ငါအလုပ်တွေလုပ်နေစဉ် တရားကိုအားထုတ်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် အလုပ်မလုပ်သေးခင် မရောက် သေး မရသေးတဲ့တရားကို ရအောင်၊ မျက်မှောက်မပြုရသေးတဲ့ တရားထူးကို မျက်မှောက် ပြုနိုင်အောင် တရားကို အားထုတ်လိုက်မှာဘဲ"လို့ ကြိုးစားအားထုတ်တဲ့ လူမှ ဝိရိယရှိတယ်လို့ခေါ်ပါတယ်။

ကိုင်း... ဒို့ပရိသတ် အလုပ်ကို အရင်လုပ်ရမှာလား၊ တရားကိုအရင် အားထုတ်ရမှာလား?၊ (တရားကိုအရင်အားထုတ်ရမှာပါဘုရား)၊ ဒါ ကိုယ့်ဟာကို စစ်ပါ၊ ဒီလိုမဟုတ်ဘဲ ငါ့မှာ အလုပ်တွေရှိနေတာဘဲဆိုပြီး တရားကိုပစ်ထားကာ အလုပ်ကို အရင်လုပ်တဲ့သူဟာ ဝိရိယရှိသူခေါ်မှာလား၊ မရှိသူခေါ်မှာလား?၊ (ဝိရိယမရှိသူခေါ်ရမှာပါဘုရား)။

(၂) ပုဂ္ဂိုလ်တစ်ယောက်က အလုပ်လုပ်ပြီးပြီဆိုပါစို့၊ ပထမလူက အလုပ်မလုပ်ရသေးတဲ့သူ၊ ဒီလူက လုပ်ပြီးပြီ၊ အဲဒီလို အလုပ်လုပ်ပြီးတဲ့ပုဂ္ဂိုလ်ဟာ စင်းစားရမယ်တဲ့၊ "ငါအလုပ်တွေ လုပ်ပြီးပြီ ၊ဒီအလုပ်ကို လုပ်နေရစဉ်က ဘုရားတရားတော်တွေကို အားမထုတ်နိုင်ခဲ့ဘူး၊ ဒါကြောင့် အလုပ်ပြီးတဲ့အချိန်မှာ ငါနားနေလို့မဖြစ်ဘူး၊ ချက်ချင်းဘဲ တရားကိုအားထုတ်ရမယ်"လို့ စင်းစားပြီး တရားကို အားထုတ်တဲ့သူမှ ဝိရိယရှိသူလို့ ခေါ်ပါတယ်။

အခုတော့ ငါဟာ အလုပ်တွေလုပ်ခဲ့တာ ပင်ပန်းလိုက်တာ, မောလိုက်တာ နားအုံးမှလို့ စင်းစားကြတယ်၊ ဒို့ပရိသတ်... အလုပ်ပြီးတဲ့သူဟာ မောတယ်ဆိုပြီး နားနေရမှာလား၊ တရားကို ချက်ချင်းအားထုတ်ရမှာလား?၊ (အားထုတ်ရမှာပါဘုရား)၊ နားနေရင် ဝိရိယရှိသူလား၊ အပျင်းထူသူလား?၊ (အပျင်းထူသူလို့ခေါ်ရမှာပါဘုရား)။

(၃) တတိယပုဂ္ဂိုလ်တစ်ယောက်ကတော့ ခရီးသွားစရာကိစ္စပေါ်လာတယ်၊ ဝိရိယရှိသူဆိုဒါ အဲဒီလို ခရီးသွားဘို့ကိစ္စပေါ်လာတဲ့အခါ "ငါ့မှာ ခရီးသွားစရာကိစ္စရှိတယ်၊ ဒီခရီးသွားနေခိုက်မှာ တရားအားထုတ်နိုင်မှာမဟုတ်ဘူး၊ ဒီတော့ ခရီးမသွားခင် တရားအား ထုတ်အုံးမှဘဲ"လို့ ကြိုးစားတဲ့သူကို "ဝိရိယရှိသူ"လို့ ခေါ်ပါတယ်၊ အခုတော့ ငါခရီးသွားစရာကိစ္စရှိတယ်၊ ပြန်လာမှဘဲ တရားအားထုတ် ပါတော့မယ်ဆိုတဲ့ လူတွေများတယ်။

(၄) စတုတ္ထနောက်တစ်ယောက်က ခရီးသွားပြီးပြီ ၊ပြန်ရောက်တဲ့အခါ "ငါခရီးသွားနေတုန်းက တရားအားမထုတ်နိုင်ခဲ့ဘူး၊ ဟိုကိစ္စ,ဒီကိစ္စတွေနဲ့ ကိစ္စတွေများလွန်းလို့ တရားကို အားမထုတ်နိုင်ဘူး၊ အခုပြန်ရောက်တဲ့အခါ မြန်မြန်တရားအားထုတ်မှဘဲလို့" ချက်ချင်းတရားအားထုတ်ရမှာလား၊ ပင်ပန်းပါတယ်ဆိုပြီး နားနေရမှာလား?၊ (ချက်ချင်း တရားအားထုတ်သင့်ပါတယ်ဘုရား)၊ "ငါ ခရီးက ပြန်ရောက်ခါစဘဲရှိပါသေးတယ်၊ တရားပွဲ မသွားသေးပါဘူး"ဆိုတဲ့သူဟာ ဝိရိယရှိသူလား၊ အပျင်းထူသူလား?၊ (အပျင်းထူသူပါဘုရား)။

အစားအသောက်ရှား
လို့

(၅) ပဉ္စမမြောက် နောက်တစ်ယောက်က ရဟန်းတော်များဆိုရင် ဆွမ်းခံတဲ့အခါ ကောင်းတဲ့ဆွမ်းဘဲဖြစ်ဖြစ် မကောင်းတဲ့ဆွမ်းဘဲဖြစ်ဖြစ် လိုချင်သလောက်မရဘူးဆိုကြပါစို့၊ အဲဒီရဟန်းဟာ ဘယ်လိုစင်းစားရမလဲ၊ "ငါသည် အစားအသောက် သိပ်ပြီးဝဝမစားရတော့လဲ ခန္ဓာကိုယ်ပေါ့ပေါ့ပါးပါးနဲ့ တရားအားထုတ်လို့ ကောင်းတာပေါ့"လို့ စင်းစားပြီး တရားအားထုတ်ပါ၊ ဆွမ်းမပြည့်စုံဘူးဆိုပြီး ငြီးငြူမနေရဘူး၊ သင်္ကန်းမပြည့်စုံဘူး,ကျောင်းမပြည့်စုံဘူးဆိုပြီး ငြီးမနေရဘူး။

လူတွေဆိုရင်လဲ စီးပွါးရေးမကောင်းတဲ့အခါ “ငါသည် ဒီစီးပွါးရေးကောင်းနေရင် ကြောင့်ကြနေရသေး တယ်၊ အခုတော့ တရားကို လွတ်လွတ်လပ်လပ် အားထုတ်ခွင့်ရတာပေါ့”လို့တွေးပြီး တရားအားထုတ်ပါ။ ငြီးမနေပါနဲ့၊ စီးပွါးရေးမကောင်းလို့, အလုပ်အကိုင်မကောင်းလို့ ငြီးနေတဲ့သူတွေဟာ ဝိရိယရှိသူလား၊ မရှိသူလား?၊ (ဝိရိယမရှိသူပါဘုရား)။

စီးပွါးရေးကောင်းလဲ မမေ့နဲ့

(၆) နောက်တစ်ယောက် လူဆိုရင် စီးပွါးရေးကောင်းသူ, အဆင်ပြေသူပေါ့၊ ရဟန်းဆိုရင်လဲ ပစ္စည်းလေးပါး ပြည့်စုံနေတဲ့ရဟန်းပေါ့၊ အဲဒီလိုအခါမျိုးမှာ “ငါသည် ဒီပစ္စည်းတွေကို ဇိမ်ခံစားနေရမှာ မဟုတ်ဘူး၊ ငါ့မှာ စီးပွါးရေး အတွက်, ပစ္စည်းလေးပါးအတွက် ကြောင့်ကြစိုက်စရာမလိုတော့ဘူး၊ တရားကိုဘဲ လွတ်လွတ်လပ်လပ် အား ထုတ်တော့မယ်”လို့ စင်းစားပြီး တရားကိုအားထုတ်တဲ့သူကို “ဝိရိယရှိသူ”လို့ခေါ်ပါတယ်၊ ကိုယ့်စီပွါးရေး ပြည့်စုံနေတာတွေကို ဇိမ်နဲ့ လောကီအာရုံတွေခံစားနေရင် အပျင်းထူတဲ့သူလား၊ ဝိရိယရှိသူလား?၊ (အပျင်း ထူတဲ့သူပါဘုရား)။

ရောဂါဖြစ်နေရင် ဘာလုပ်မလဲ

(၇)နောက်တစ်ယောက်က ရောဂါတစ်ခု စပြီးဖြစ်နေတယ်၊ ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုစင်းစားမလဲ၊ “ဥပ္ပန္နော ခေါ မေ အယံ အပ္ပမတ္တကော အာဗာဓော– ငါ့မှာ ရောဂါအနည်းငယ်ဖြစ်နေပြီ ၊ “ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ၊ ယံ မေ အာဗာဓော ပဝဍ္ဎေယျ၊ ဟန္ဒာဟံ ဝိရိယမာရဘာမိ– ငါ့မှာ ဒီဖြစ်ခါစရောဂါဟာ တိုးပွါးလာနိုင်တယ်၊ ဒီရောဂါ တိုးလာရင် တရားအားထုတ်နိုင်မှာမဟုတ်ဘူး၊ ဒီတော့ ရောဂါမတိုးမီ တရားအားထုတ်မယ်”လို့ ကြိုးစား သူကို ဝိရိယရှိသူလို့ခေါ်ပါတယ်၊ ကဲ ဒို့ပရိသတ်က ရောဂါစတင်ဖြစ်လာပြီဆိုရင် တရားကို အရင်အားထုတ် ရမှာလား၊ ရောဂါကို အရင်ဆေးကုရမှာလား?၊--------တရားကို အရင် အားထုတ်ပါတဲ့၊ ဘာကြောင့် လဲဆိုရင် ဒီရောဂါက ပျောက်, မပျောက်မသေချာဘူး၊ ဆေးကုနေတုန်း သေသွားလို့ တရားအားမထုတ် လိုက်ရရင် လူဖြစ်ကျိုးနပ်ပါ့မလား?၊ (မနပ်ပါဘုရား)၊ လူဖြစ်ကျိုးမနပ်နိုင်ဘူး၊ ဒါကြောင့် တရားကို အရင် အားထုတ်ပါ၊ အဲဒီလို တရားအားထုတ်ရင်း သေသွားလဲ ကောင်းရာသုဂတိရောက်နိုင်ပြီး လူဖြစ်ကျိုး နပ်နိုင်ပါတယ်။

(၈) နောက်တစ်ယောက်ကျတော့ ရောဂါပျောက်သွားပြီ၊ အဲဒီလို ရောဂါပျောက်သွားတဲ့သူက“ငါ့မှာ ရောဂါတွေပျောက်သွားပြီ၊ ဒါပေမဲ့ ပျောက်သွားတဲ့ရောဂါဟာ အချိန်မရွေး ပြန်ဖြစ်နိုင်တယ်၊ ဒီရောဂါပြန် မဖြစ်ခင် တရားအားထုတ်မှဘဲ”လို့ ကျိုးစားသူကို ဝိရိယရှိသူလို့ခေါ်ပါတယ်။ ရှစ်ယောက်ရှိသွားပါပြီ ။

ဒီရှစ်မျိုးသောအကြောင်းကြောင့် ကိုယ့်ကိုယ်ကို ဆင်ခြေတွေပေးမနေဘဲ တရားကို ကျိုးကျိုးစားစား အားထုတ်သူမှ ဝိရိယရှိသူ အစစ်ဘဲ၊ အခုတော့ ရဟန်းတော်များကလဲ ရဟန်းနဲ့ဆိုင်ရာ ဆင်ခြေတွေပေး ကြတာဘဲ၊ တရားဟောတဲ့ရဟန်းက“တရားဟောနေရလို့”ပေါ့၊ စာချပေးရတဲ့ရဟန်းကလဲ “စာချပေးနေရ လို့”ပေါ့၊ ဒါယကာ,ဒါယိကာမတွေကို ဆုံးမစရာရှိတဲ့ရဟန်းကလဲ “ဒါယကာ,ဒါယိကာမတွေကို ဆုံးမနေရ လို့”စသည်ဖြင့် ဆင်ခြေတွေ အမျိုးမျိုးပေးကြတာဘဲ။

လူတွေကလဲ စီးပွါးရေးကောင်းတဲ့သူက“စီးပွါးရေးအလုပ်တွေ များနေလို့”ပေါ့၊ စီးပွါးရေးမကောင်းတဲ့ သူကလဲ “စီးပွါးရေးအဆင်မပြေလို့”ပေါ့၊ ဆင်ခြေပေးတတ်ကြတယ်၊ မကျမ္မာတဲ့သူက“မကျမ္မာလို့ တရား အားမထုတ်နိုင်သေးဘူးပေါ့၊ ကျမ္မာတဲ့သူကလဲ တစ်ခြားဆင်ခြေပေးပြန်တာဘဲ၊ ဒီနေရာမှာ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးပြောသလိုပေါ့၊ “အမြတ်တရား ဟောတုံငြားလဲ ဘုရားအကြိုက်မလိုက်သာ ဘဲ”တဲ့၊ အလွန်မြင့်မြတ်တဲ့ တရားတော်တွေ ဟောထားပါလျက် ဘုရားရဲ့အကြိုက် မလိုက်နိုင်ကြဘူး။

“ဘာ့ကြောင့် ဘယ့်ကြောင့် အမယ့်ကြောင့်ဟု၊ အနှောင့်အယှက်၊ အထောင့်ဆင်ခြေ အသချေ်နှင့်” ဟိုကြောင့်, ဒီကြောင့်, သားကြောင့်, သမီးကြောင့်, မြေးကြောင့်,စီးပွါးရေးကြောင့်, အလုပ်ကြောင့်နဲ့ အကြောင်းတွေအမျိုးမျိုးပြနေတာဟာ “အနှောင့်အယှက် အထောင့်ဆင်ခြေ၊ အသချေ်နှင့်”တဲ့၊ ဆင်ခြေ တွေပေးကြတာ မနဲပါဘူး၊ ကဲ...ငါတို့ရော ဆင်ခြေပေးသလား၊ မပေးဘူးလားဆိုတာ ကိုယ့်ဟာကို စင်းစား ကြတော့၊ မနဲဘူး ထွက်လာလိမ့်မယ်ထင်တယ်။

ဒီလိုဆင်ခြေတွေပေးပြီး တရားအားမထုတ်နိုင်ကြဘူး၊ အားထုတ်ပြန်တော့လဲ လျော့လျော့ရဲရဲနဲ့အားထုတ် သူများဟာ ဝိရိယမရှိသူလို့ခေါ်သတဲ့၊ ဒါကြောင့် ဒို့ပရိသတ်ဟာ အနှစ်သာရရှိရှိနဲ့ အသက်ရှည်ချင်ရင် ဝိရိယရှိကြရပါမယ်။

ဒီဝိရိယဆိုတဲ့တရားကလဲ (၁)ကောင်းတဲ့ဘက်ကို ဦးတည်တဲ့ဝိရိယရယ်၊ (၂)မကောင်းတဲ့ဘက်ကို ဦးတည်တဲ့ဝိရိယရယ်လို့ နှစ်မျိုးရှိပါတယ်၊ အဲဒီနှစ်မျိုးထဲက ကုသိုလ်ရေးနဲ့ပတ်သက်တဲ့ ကောင်းတဲ့ဘက်ကို ဦးတည်တဲ့ ဝိရိယမျိုးနဲ့အသက်ရှည်မှ အနှစ်သာရရှိတယ်လို့ခေါ်ပါတယ်၊ ကာမဂုဏ်နဲ့ပတ်သက်ပြီး မကောင်း တဲ့ဘက်ကိုဦးတည်တဲ့ ဝီရိယမျိုးနဲ့အသက်ရှည်ရင် အလကား အဖျင်းနဲ့ အသက်ရှည် တယ်လို့ခေါ်ပါတယ်။ အနှစ်သာရရှိကြောင်းတရား သီလနဲ့ဝိရိယ နှစ်မျိုးရသွားပြီနော်။

**ယောစ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။**
**ကောဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈာယိနော။**

မြန်မာလိုဘဲပြောပါမယ်၊ ပညာမရှိဘဲ အနှစ်တစ်ရာအသက်ရှည်ရတာရယ်၊ ပညာရှိပြီး တစ်ရက်ထဲ အသက်ရှည်ရတာရယ်၊ ဘယ်ဟာကမြတ်မယ်ထင်သလဲ?၊ (ပညာရှိပြီး တစ်ရက်ထဲအသက်ရှည်ရတာက မြတ်ပါတယ်ဘုရား)၊ မှန်ပါတယ်၊ ပညာဆိုတဲ့နေရာမှာ လောကီပညာကို မဆိုလိုပါဘူး၊ လောကုတ္တရာ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရစေနိုင်တဲ့ ဝိပဿနာပညာ,မဂ်ပညာ,ဖိုလ်ပညာမျိုးကိုယူပါ၊ ဒီလို ပညာမျိုးရှိပြီး တစ်နေ့တစ်ရက် တစ်နံက်မျှ အသက်ရှည်ရတာက ပိုပြီးမြတ်တယ်ဆိုတော့ အသက်ရှည်ဘို့က ပဓာနလား၊ ပညာရှိဘို့က ပဓာနလား?၊ (ပညာရှိဘို့က ပဓာနပါဘုရား)၊ ပညာရှိဘို့က ပဓာနပါတဲ့၊ ပညာမရှိဘဲ အနှစ် တစ်ရာ တစ်ထောင် ရှည်ချင်သလောက် ရှည်ပါစေ၊ အနှစ်သာရမရှိပါဘူး၊ တန်ဘိုးမရှိဘူးပေါ့၊ ဒါကြောင့် မိမိတို့ရဲ့ အသက်ရှည်မှုကို အနှစ်သာရရှိအောင် တွဲပေးရမဲ့တရားတွေက (၁) သီလ (၂)ဝီရိယ (၃)ပညာ၊ ဒီသီလ,ဝိရိယ, ပညာသုံးမျိုးနဲ့ပြည့်စုံအောင် ကျိုးစားနေတဲ့ပုဂ္ဂိုလ်ရဲ့ အသက်ရှည်မှုသည် အနှစ်သာရရှိ သော အသက်ရှည်မှုပါဘဲ၊ ဒီလိုအနှစ်သာရရှိပြီး အသက်ရှည်ဘို့ ခဲယဉ်းလို့–

“ကိစ္ဆံ မစ္စာန ဇီဝိတံ”

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မစ္စာနံ–သတ္တဝါဝေနေ များဗိုလ်ခြေတို့၏၊ ဇီဝိတံ–အသက်ရှည်ဘို့သည်၊ (ဝါ) အနှစ်သာရရှိရှိနဲ့ အသက်ရှည်ဘို့ရန်သည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ တ္တတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ–ကောင်းစွာ မသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။ (သာဓု သာဓု သာဓု)။

ဒီဒေသနာနဲ့ပတ်သက်ပြီး ဆောင်ပုဒ်ဆိုရအောင်–

- **"အသက်ရှည်ပြန် နှစ်ပြည့်ရန် အမှန်ခဲယဉ်းသည်"။ (သုံးခေါက်ဆိုပါ)**
- **"သိက္ခာသုံးရစ် ပြည့်စုံလစ် အနှစ်ပြည့်နိုင်သည်"။ (သုံးခေါက်ဆိုပါ)**

သိက္ခာသုံးရစ်ဆိုဒါ သီလသိက္ခာ,သမာဓိသိက္ခာ,ပညာသိက္ခာသုံးပါးဖြစ်ပါတယ်၊ ဒီသိက္ခာသုံးပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်၏အသက်ရှည်မှုဟာ အနှစ်သာရရှိတယ်လို့ခေါ်ရပါတယ်၊ စောစောက ပြောခဲ့တဲ့တရား သုံးမျိုးမှာ သီလဆိုဒါ–သီလသိက္ခာ၊ ဝိရိယဆိုဒါက–သမာဓိသိက္ခာ၊ ပညာဆိုဒါက–ပညာသိက္ခာဘဲ၊ အဲဒီ သီလ သမာဓိ ပညာသိက္ခာသုံးပါး၊ တနည်း မဂ္ဂင်ရှစ်ပါးကျိုးစားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့အသက်ရှည်မှု သည် အနှစ်သာရရှိတယ်လို့ခေါ်ပါတယ်၊ ကဲ… ဒို့ပရိသတ် အသက်ရှည်ဘို့ ကြိုးစားရမှာလား၊ အနှစ်သာရ ရှိဘို့ ကြိုးစားရမှာလား?၊ (အနှစ်သာရရှိဘို့ကြိုးစားရမှာပါဘုရား)၊

အနှစ်သာရရှိအောင်ဆိုရင် (၁)ဘာနဲ့ပြည့်စုံရမလဲ၊ (သီလနဲ့ပြည့်စုံရပါမယ်ဘုရား) (၂)ဘာနဲ့ပြည့်စုံရ မလဲ၊ (သမာဓိနဲ့ပြည့်စုံရပါမယ်ဘုရား)၊ (၃)ဘာနဲ့ပြည့်စုံရမလဲ၊ (ပညာနဲ့ပြည့်စုံရပါမယ်ဘုရား)၊

"ကိစ္ဆံ မစ္စာနဇီဝိတံ"ဆိုတဲ့အပိုဒ်ကို ဒီလောက်ဆိုရင် တော်လောက်ပါပြီ၊ ပထမအပိုဒ်နဲ့ ပြန်ပေါင်းရ မယ်ဆိုရင် ပထမအပိုဒ်က ဘာခဲယဉ်းသလဲ?၊(လူဖြစ်ဘို့ခဲယဉ်းပါတယ်ဘုရား)၊ လူဖြစ်ဘို့ခဲယဉ်းတာလား၊ လူပီသဘို့ ခဲယဉ်းတာလား?၊ (လူပီသဘို့ ခဲယဉ်းတာပါဘုရား)။ ဒုတိယအပိုဒ်က ဘာခဲယဉ်းသလဲ?၊ အနှစ်သာရရှိရှိနဲ့ အသက်ရှည်ဘို့ခဲယဉ်းတယ်။

**ခဲယဉ်းမှုနှစ်ခုရဲ့ ဆောင်ပုဒ်ကို ပေါင်းဆိုရအောင်"**

- **လူဖြစ်လာငြား ထိုသူများ လူသားပီဘို့ ခဲယဉ်းသည်။**
- **လူ့ကျင့်ဝတ်များ ပြည့်စုံငြား လူသားပီနိုင်သည်။**
- **အသက်ရှည်ပြန် နှစ်ပြည့်ရန် အမှန်ခဲယဉ်းသည်။**
- **သိက္ခာသုံးရစ် ပြည့်စုံလစ် အနှစ်ပြည့်နိုင်သည်။**

**ကိစ္ဆော မနုဿပဋိလာဘော ၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။**
**ကိစ္ဆံ သဒ္ဓမ္မဿဝနံ ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။**

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မနုဿပဋိလာဘော–လူ့ဘဝရဘို့ရန်သည်၊ (ဝါ) လူပီသဘို့ရန်သည်၊ ကိစ္ဆော– ခဲယဉ်းလှပါပေ၏၊ မစ္စာနံ–သတ္တဝါဝေနေ များဗိုလ်ခြေတို့၏၊ ဇီဝိတံ–အသက် ရှည်ဘို့ရန်သည်၊ (ဝါ) အနှစ်သာရရှိရှိနဲ့ အသက်ရှည်ဘို့ရန်သည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ သဒ္ဓမ္မဿဝနံ– သူတော်ကောင်းတရား နာရဘို့ရန်သည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ ဥပ္ပါဒေါ–ပွင့်ထွန်း

ပေါ်ပေါက်ဘို့ရန်သည်၊ (ဝါ) ဗုဒ္ဓါနုမုပ္ပါဒေါ–ဘုရားသာသနာတော်ကြီးနဲ့ တွေ့ရဘို့ရန်သည်၊ ကိစ္စော–ခဲယဉ်းလှပါပေ၏၊ ဣတိ–ဤသို့ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ–ကောင်းစွာမသေ့ ဟောကြားတော်မူခဲ့ပါပေသတည်း။

ဒါကြောင့် ဒို့ပရိသတ်အပေါင်းတို့ဟာ လူပီသအောင်ကြိုးစားကြပါ၊ လူ ပီသနေပြီဆိုရင်လဲ ဒီအဆင့်က လျောကျမသွားအောင် ကြိုးစားကြပါ၊ မိမိတို့၏အသက်ရှည်မှုကိုလဲ အနှစ်သာရရှိအောင် သီလ သမာဓိ ပညာနဲ့ ယှဉ်တွဲပြီး ကြိုးစားကြပါလို့ တိုက်တွန်းပြီး ဒီကနေ့ တရားသိမ်းကြရအောင်–

**ယံ ပတ္တံ ကုသလံ တေန၊ ကုသလာ သဗ္ဗပါဏိနံ။**

**သဗ္ဗေ ဣဇ္ဈန္တု သင်္ကပ္ပါ ၊ လဘန္တု မဓုရံ ဖလံ။**

ဘောန္တော–တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သူတော်စင်ပရိသတ်အပေါင်းတို့၊ မယာ–သိစေလိုကြောင်း ကျင့်စေလိုကြောင်း စိတ်ထားကောင်းဖြင့် လမ်းကောင်းညွှန်ပြ ဓမ္မကထိကဟု နာမသမုတ် အကျွန်ုပ်သည်၊ ယံ မဟာပုညံ–အကြင်“ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့တရားတော်၏ တတိယအပိုင်းကို ထုတ်ပြန်ကာ ဟောကြားရခြင်းတည်းဟူသော ဓမ္မဒေသနာ ပုညကြိယာကုသိုလ်ထူးကို၊ ပတ္တံ–ကောင်းစွာ မသေ့ ရရှိရောက်ရှိခဲ့ပေပြီ၊ တုမှေဟိပိ–တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သင်သူတော်စင် ပရိသတ်အပေါင်းတို့သည်လည်း၊ ယံ မဟာပုညံ–အကြင်ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့တရားတော်၏ တတိယအပိုင်းကို သဒ္ဓါတရားထက်သန်စွာဖြင့် ရိုသေစွာနာကြားရခြင်းတည်းဟူသော ဓမ္မသဝန ပုည ကြိယာကုသိုလ်ထူးကို၊ ပတ္တံ–ကောင်းစွာမသေ့ ရကြရောက်ကြလေကုန်ပြီ၊ တေန ပုညေန–ထိုဓမ္မဒေသနာ, ဓမ္မသဝန ပုညကြိယာကုသိုလ်ထူးကြောင့်၊ သဗ္ဗပါဏိနံ–တရားနာသူ များဗိုလ်လူတို့နှင့်တကွ ခပ်သိမ်း များစွာ သတ္တဝါဟူ နတ်လူဗြဟ္မာ ပေါင်းများစွာတို့၏၊ ကုသလာ–အပြစ်မဲ့ကင်း ချမ်းသာသော အကျိုးပေး ခြင်းလက္ခဏာရှိကြပေကုန်သော၊ သင်္ကပ္ပါ–စိတ်ထဲက ကြံသမျှ စီသမျှ ဒို့တတွေ ဒီကနေ့စပြီး လူပီသအောင် ကျိုးစားကြမယ် အနှစ်သာရရှိရှိနဲ့ အသက်ရှည်အောင် ကြိုးစားမယ်လို့ဆိုတဲ့ ကောင်းမြတ်တဲ့ အကြံအစီ ဟူသမျှတို့သည်၊ သမိဇ္ဈန္တု– တစ်ဆံခြည်မျှ မလျော့ရဘဲ မုချကိန်းသေ ပြီးပြည့်စုံကြပါစေကုန်သတည်း၊ သမိဒ္ဓါ–တစ်ဆံခြည်မျှ မလျော့ရဘဲ မုချကိန်းသေ ပြီးပြည့်စုံကြ ကုန်သည်ဖြစ်၍၊ မဓုရံ ဖလံ–သာသနာတော်၏ ချိုမြိန်တဲ့ အရသာတည်းဟူသော ဈာန်ချမ်းသာ,မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတည်း ဟူသော ချမ်းသာသုခတရားတွေကို၊ လဘန္တု–ကိုယ်စီကိုယ်င ရရှိခံစားနိုင်ကြပါစေကုန်သတည်း၊ လဘန္တု–မဂ်ဖိုလ်လေးဆင့် ထီးဖြူဖွင့်ကာ မလင့်ပုံသေ ရရှိခံစားနိုင်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

# ခဲယဉ်းလေးဖြာ ဒေသနာတရားတော်
# စတုတ္ထအပိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
၁၉၉၇ခုနှစ် အောက်တိုဘာလ(၁၂)ရက်နေ့၊ မင်္ဂလာရာမတရားပွဲစဉ်အမှတ်(၈)အဖြစ် ဆင်ယင်ကျောင်းပရာ၌ ဟောကြားအပ်သော ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်+အဋ္ဌကထာ၌ လာရှိသော"ခဲယဉ်းလေးဖြာ ဒေသနာတရားတော်"စတုတ္ထအပိုင်း။
(ဘုရားရှိခိုးခြင်း ဗုဒ္ဓပဏာမအစီအစဉ်ကို ပထမအပိုင်းကဲ့သို့ မှတ်ယူပြီး ဤ၌ချန်လှပ်ခဲ့ပါသည်)

ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့အတိုင်း ခဲယဉ်းလေးဖြာရဲ့ အနှစ်ချုပ် ဘုရားဟောပုံက–

**ကိစ္ဆော မနုဿပဋိလာဘော ၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။**
**ကိစ္ဆံ သဒ္ဓမ္မဿဝနံ ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။**

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မနုဿပဋိလာဘော–လူ့ဘဝရဘို့ရန်သည်၊ (ဝါ) လူပီပီသသဖြစ်ဘို့ရန်သည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ ခဲယဉ်းလေးခုဆိုဒါ (၁)လူ့ဘဝရဘို့ခဲယဉ်းတယ်၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ အပိုင်း(၁)အနေနဲ့ ဟောပြီးပြီ။

ကိစ္ဆံ မစ္စာန ဇီဝိတံ= မစ္စာနံ–သတ္တဝါဝေနေ များဗိုလ်ခြေတို့၏၊ ဇီဝိတံ–အသက်ရှည်ဘို့ရန်သည်၊ (ဝါ) အနှစ်သာရရှိရှိနဲ့ အသက်ရှည်ဘို့ရန်သည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ ဒုတိယခဲယဉ်းမှုက အသက်ရှည်ဘို့ ခဲယဉ်းတယ်၊ ဒီအသက်ရှည်ဘို့ ခဲယဉ်းတယ်ဆိုတာထက် အနှစ်သာရရှိရှိနဲ့အသက်ရှည်ဘို့ ခဲယဉ်းတယ်ဆိုတဲ့အကြောင်းလဲ ဟောပြီးပြီ၊ ဒီနေ့ဆက်ပြီးဟောရမှာက ကိစ္ဆံ သဒ္ဓမ္မဿဝနံ= သဒ္ဓမ္မဿဝနံ–သူတော်ကောင်းတရား နာရဘို့ရန်လဲ၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ တတိယခဲယဉ်းမှုက တရားနာရဘို့ ခဲယဉ်းတယ်။

စတုတ္ထက "ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ"= ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ ဥပ္ပါဒေါ–ပွင့်ထွန်းပေါ်ပေါက်ဘို့ရန်သည်၊ (ဝါ) ဗုဒ္ဓါနမုပ္ပါဒေါ–ဘုရားသာသနာတော်ကြီးနဲ့ တွေ့ရဘို့ရန်သည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ စတုတ္ထ ခဲယဉ်းတာက ဘုရားပွင့်ဘို့–ဘုရားသာသနာနဲ့ကြုံတွေ့ဘို့ ခဲယဉ်းတယ်လို့ အဲဒီလိုခဲယဉ်းမှုလေးခု မူတည်ထားခဲ့တဲ့နေရာမှာ ဒီကနေ့ တတိယခဲယဉ်းမှုက"ကိစ္ဆံ သဒ္ဓမ္မဿဝနံ"တရားနာရဘို့ ခဲယဉ်းတယ်။ ဒီတတိယခဲယဉ်းမှုမှာ (၁)တရားနာရဘို့ ခဲယဉ်းတာရယ်၊ (၂)တရားနာနိုင်ဘို့ ခဲယဉ်းတာရယ်၊ (၃)တရားနာတတ်ဘို့ ခဲယဉ်းတာရယ်လို့ ဒီလို ဦးဇင်းက နဲနဲချဲ့ထွင်ပြီး သုံးမျိုးလောက်ပြောဘို့ ရည်ရွယ်ထားပါတယ်။

တရားတော်ဆိုဒါဟာ အလွန်ကောင်းမြတ်တဲ့တရား၊ မိမိဘဝ အဆင့်အတန်းမြင့်ရေးအတွက်ဖြစ်လို့ အလွန်ကောင်းပါတယ်၊ ဒါကြောင့် တရားတော်ရဲ့ ဂုဏ်သတ္တိတွေထဲမှာ ဒိုးပရိသတ်ကြားဘူးပြီးဖြစ်တဲ့ တရားဂုဏ်တော်(၆)မျိုးထဲက "သွာက္ခာတ"ဆိုတဲ့ ဂုဏ်တော်ကြီးကို ပူဇော်ကန်တော့ကြတဲ့အခါ–ဘဂဝတာ–ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဓမ္မော–တရားတော်မြတ်ကို၊ သွာက္ခာတော– ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလဲ လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခမ်းသင့်အောင် မှန်းလင့်ရည်ရော် ကောင်း

စွာ ဟောကြားတော်မူအပ်ပါပေ၏။

ဘုရားရှင်ရဲ့ တရားတော်တွေဆိုဒါ ဘယ်လိုဂုဏ်သတ္တိတွေရှိသလဲဆိုရင် "ကြားနာရုံပင် အပူစင်၍" တဲ့၊ တရားနာရတဲ့အခါ တရားနာရခြင်းအကျိုးက နာရရုံလေးနဲ့ကိုဘဲ အပူတွေစင်သတဲ့၊ ကင်းသတဲ့၊ အပူတွေဆိုဒါ ဘာတွေလဲဆိုရင်=လောဘအပူ–လိုချင်မက်မောမှု၊ ဒေါသအပူ–စိတ်ဆိုး စိတ်ပျက် စိတ်ညစ်မှု အလိုမကျမှု၊ မောဟအပူ, မာနအပူ, ဣဿအပူ, မစ္ဆရိယအပူ,စသည်အားဖြင့် အပူ ဆယ်မျိုးရှိပါတယ်၊ အဲဒီအပူ(၁၀)မျိုးဟာ တရားနာရရင် ငြိမ်းတယ်တဲ့၊ ဒါကြောင့် ဘုရားတရားတော်တွေဟာ ကျင့်တာကို ထားလိုက်ပါအုံး၊ မကျင့်နိုင်သေးလို့ နာကြားရုံလေးနဲ့တောင်မှ ဒီလို ကိလေသာအပူတွေ ငြိမ်းနိုင်ပါတယ်။

**မဏ္ဍုကဒေဝပုတ္တ ဖားနတ်သား**

သာဓကေတစ်ခုပြောရရင် ဘုရားသက်တော်ထင်ရှားရှိစဉ်က တစ်ချိန်မှာ ဘုရားရှင်သည် ဂဂ္ဂရာဆိုတဲ့ ရေကန်အနီးမှာ အခုလိုတရားပွဲကြီး ကျင်းပနေပါတယ်၊ ဒီအချိန်မှာ ရေကန်ထဲက ဖားလေးတစ်ကောင်ဟာ ဘုရားအသံတော်ကိုကြားလို့ ရေကန်ထဲက တက်လာပြီး အသံတော်ကိုနှစ်သက်တဲ့စိတ်နဲ့ နားထောင်နေပါတယ်၊ တိရစ္ဆာန်ဆိုတော့ တရားတော်ရဲ့ အတိမ်အနက်ကို ဘာမှမသိပါဘူး၊ ကောင်းမှန်းဆိုးမှန်းလဲ မသိပါဘူး၊ သို့သော် ဘုရားအသံတော်ဟာ ရှိသမျှ သတ္တဝါအားလုံးတို့အသံထက် အလွန်ကြည်လင်သန့်ရှင်းတယ်, ပြတ်သားတယ်, သာယာနာပျော် ဘွယ်ရှိပါတယ်၊ ဒါကြောင့် အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ ဖားကလေးသည်ပင် အသံတော်ကိုကြားရတော့ ဒီအသံကို သေသေချာချာ နားထောင်နေပါတယ်။

ဒီအချိန်မှာဘဲ တရားပွဲရဲ့ မလှမ်းမကမ်းမှာ နွားကျောင်းနေတဲ့ နွားကျောင်းသားတစ်ယောက်ကလဲ လူတွေစုရုံးပြီး တရားနာနေတာကို တွေ့ရတဲ့အခါ ငါလဲ ကြုံကြိုက်တုန်း တရားနာလိုက်အုံးမှဘဲလို့ တရားပွဲ အနီးလာပြီး ပရိသတ်ရဲ့အစွန်အဖျားနားမှာ နွားမောင်းတဲ့ဒုတ်– ဒီနွားမောင်းတဲ့ဒုတ်ကို နှင်တံလို့လဲ ခေါ်ပါ တယ်၊ နွားကန်လို့လဲခေါ်ပါတယ်၊ တန်ပြာလို့လဲခေါ်ပါတယ်၊ အရပ်ဒေသအလိုက် အခေါ် အဝေါ်ပြောင်းတတ် ပါတယ်၊ နွားကျောင်းသားဟာ ဒီနွားကျောင်းတဲ့ဒုတ်ကို မြေကြီးပေါ်ထောက်ပြီး ဒုတ်ရဲ့အပေါ်မှာ လက်ဖဝါး နှစ်ဖက် မှောက်လျက်တင်, လက်ဖမိုးပေါ်မှာ မေးတင်ကာ မတ်တပ်ရပ် တရားနာနေပါတယ်၊ နွားကျောင်း သားဖြစ်ပေမဲ့ တရားတော့နာသားဘဲ၊ ဒါပေမဲ့ မတ်တပ်ရပ်နေ၁။

ဒီလိုတရားနာနေတော့ သူထောက်ထားတဲ့ဒုတ်က စောစောက ဘုရားအသံကိုနှစ်သက်ပြီး တရားကို နားထောင်နေတဲ့ ဖားရဲ့ ခေါင်းပေါ် ထောက်မိလျက်သားဖြစ်နေပါတယ်၊ ဒါကို နွားကျောင်းသားက မသိပါဘူး၊ ထောက်ခါစက သာသာလေးထောက်ထားပေမဲ့ ကြာလာတော့ တရားနာရင်းနာရင်း ဒုတ်က အားစိုက်ဖိမိပြီး အောက်က ဖားလေး သေသွားပါတယ်။

သေသွားတဲ့အခါ ဘုရားအသံပေါ်မှာ ကြည်ညိုတဲ့သဒ္ဓါ(ပသာဒသဒ္ဓါအဆင့်လောက်ဘဲရှိပါမယ်၊ ဩကပ္ပနသဒ္ဓါအဆင့်မရှိပါဘူး)၊ အဲဒီ ပသာဒသဒ္ဓါအဆင့်လောက်နဲ့ တရားကိုနာရတဲ့အတွက်ကြောင့်ပင် ဖားကလေးဟာ တာဝတိံသာနတ်ပြည်မှာ "မဏ္ဍုကဒေဝပုတ္တ" အမည်နဲ့ နတ်သားဖြစ်ခဲ့ပါတယ်။

ဒီတော့ အဲဒီဖားကလေးဟာ တရားတော်ရဲ့အသံကို နားထောင်ရရုံလေးနဲ့ လူ့ဘဝမှာတွေ့ကြုံနိုင်တဲ့ ဇာတိ,ဇရာ,ဗျာဓိ,မရဏမီးတွေ ငြိမ်းသွားပါတယ်၊ တနည်း တရားကိုနားထောင်နေရတဲ့အချိန် ဖားကလေး စိတ်ထဲမှာ လောဘတွေ အခိုက်အတန့်ငြိမ်းနေတယ်၊ ဒေါသတွေငြိမ်းနေပါတယ်၊ ဒီလိုတရားကို နားထောင် ရင်း တရားအာရုံနဲ့သေရတဲ့အတွက်ကြောင့် တာဝတိံသာနတ်ပြည်မှာ "မဏ္ဍုက ဒေဝပုတ္တနတ်သား"ဖြစ်ရ ပါတယ်၊ ဒါကြောင့်"ကြားနာရုံပင် အပူစင်၍"ဆိုဒါ ဒါကိုပြောဒါပေါ့။

ဖားကလေးဟာ နတ်သားဖြစ်လျှင်ဖြစ်ချင်း ဘယ်လိုကောင်းမှုကြောင့် နတ်ပြည်မှာဖြစ်ရတာပါလိမ့်, ဘယ်လိုကုသိုလ်ထူးတွေ လုပ်ခဲ့လို့ပါလိမ့်လို့ ပြန်တွေးတဲ့အခါ လူ့ပြည်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဂဂ္ဂရာရေကန်အနီး၌ တရားဟောနေတာကို မြင်သိပါတယ်၊ ထိုတရားပွဲမှာ တရားကိုနားထောင်ရတဲ့ အတွက်ကြောင့် ဘုရားအသံတော်လောက်ကိုဘဲ ကြည်ညိုတဲ့စိတ်နဲ့ နားထောင်ခဲ့ရလို့ နတ်ပြည်ရောက် တာဘဲ၊ ဘုရားတရားတော်တွေဟာ သိပ်ပြီးကျေးဇူးတင်စရာ ကောင်းတာဘဲဆိုပြီး လူ့ပြည်ကို ချက်ချင်း ပြန်ဆင်းလာခဲ့ပါတယ်၊

ဒီမှာ ဘုရားရှင်ရဲ့တရားပွဲက မပြီးဆုံးသေးဘူးနော်၊ ဘုရားရှင်လဲ နတ်သားရောက်လာတာကို သိတော်မူပြီး ပရိသတ်ထဲ ထင်ရှားစေလိုတဲ့အတွက် "ကော မေ ဝန္ဒတိ ပါဒါနိ–အခုလို ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ ငါဘုရားကို ရှိခိုးနေတာ ဘယ်သူလဲ"လို့ မေးတဲ့အခါ နတ်သားက"တပည့်တော် မဏ္ဍုက ဒေဝပုတ္တနတ်သားပါဘုရား၊ တပည့်တော်သည် အရင်ဘဝက ဖားလေးဖြစ်ပြီး ဘုရားရှင်၏ ဒီတရားပွဲကြီး စတင်ချိန် ဖားဘဝနဲ့ တရားတော်၏အသံကို နားထောင်နေခိုက် နွားကျောင်းသားက ဒုတ်နဲ့ထောက်လိုက် လို့ တရားအာရုံနဲ့ သေခဲ့ရပြီး တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ခဲ့ရပါတယ်ဘုရား"လို့ ဒီအကြောင်း တွေ လျှောက်ထားပါတယ်၊ ဒါတွေဟာ ဘာပြောတာလဲဆိုရင် "ကြားနာရုံပင် အပူစင်၍" တရားတော်ရဲ့ ဂုဏ်သတ္တိဟာ ဒီလောက်ကြီးတယ်ဆိုဒါကို ညွှန်ပြလိုက်တာပါဘဲ။

နောက်တစ်ခုက"ကျင့်လျှင်ချမ်းသာ"တဲ့၊ နာရုံတင်မကသေးပါဘူး၊ ဒီတရားတော်မှာပါတဲ့ ကျင့်စဉ်တွေ ကို လက်တွေ့ကျင့်နိုင်ပြီဆိုရင် ဘယ်လိုချမ်းသာတယ်ဆိုဒါ ကျင့်ဘူးသူတိုင်း သိပါလိမ့်မယ်၊ "ကျင့်ပြီးခါလဲ"– တရားတော်ကို အပြည့်အစုံကျင့်ပြီးပြီဆိုပါစို့၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်,နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဖြစ်တဲ့ အခါ ဘယ်ချမ်းသာနဲ့မှမတူတဲ့ ချမ်းသာခြင်းအကျိုးကျေးဇူးတွေကို ရပါတယ်၊ ဒါကြောင့် ဒီလိုတရားတော် များကို နာရဘို့ဆိုဒါ အလွန်ခဲယဉ်းပါတယ်။

ဒီနေ့ ဦးဇင်းတို့ပရိသတ်က အခုလို တရားပွဲတွေကို ပုံမှန်ကျင်းပပြီး တရားတော်တွေကို နာကြားနေ ရတော့ တရားနာရဘို့ ဘယ်လောက်ခဲယဉ်းတယ်ဆိုဒါ သေသေချာချာ စင်းစားမိချင်မှ စင်းစားမိမယ်၊ ဆိုကြပါစို့ ပြီးခဲ့တဲ့အတိတ်အကြောင်းတွေကို ပြန်ပြီးစင်းစားကြည့်ပါ၊ ဒီနေရာ ဒီဌာနမှာ ဒီလိုတရားပွဲမျိုး ဖြစ်ဖို့အတွက် အခုလက်ရှိအမှုဆောင်လူကြီးတွေ လုပ်ဆောင်နေရတာလဲ ခက်ခဲတာ တစ်ပိုင်းဘဲ။

သို့သော် ဒီနေရာ ဒီဌာနမှာ ဒီလိုကျောင်းမျိုးဖြစ်ဖို့ ဒီကျောင်းကို စတင်ပြီးလုပ်ခဲ့တဲ့ ဆိုကြပါစို့ အခု ဒီမှာ ဒါယကာကြီးဦးချစ်မြိုင်နှင့်တကွ အဲဒီတုန်းက အမှုဆောင်လူကြီးတွေအားလုံး ပိုပြီးသိပါတယ်၊ ကျောင်းဖြစ်လာပြန်တော့လဲ တရားပွဲတစ်ခု ပုံမှန်ဖြစ်ဖို့ ဘယ်လောက်အထိ ကြိုးစားရတယ်ဆိုဒါ သေချာ

စင်းစားကြည့်ရင် သိနိုင်ပါတယ်၊ ဒါကြောင့် တရားတစ်ပွဲနာရဘို့ အလွန်ခဲယဥ်းတယ်တဲ့၊ တစ်ချို့တစ်ချို့ ပြည်နယ်တွေမှာရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ဒီလိုတရားနာရဘို့ နေနေသာ သံဃာတော်များ ဖူးတွေ့ရဘို့ကို မလွယ်ပါဘူး၊ ကုသိုလ်ကောင်းမှု ပြုချင်လို့ ပြုခွင့်ရဘို့ မလွယ်ဘူးဆိုဒါ ဦးဇင်းတို့ကို လျှောက်တာ အတော်များများတွေ့ရပါတယ်။

အခုဒို့ပရိသတ်တို့ တရားတွေကို အခုလိုနာနေရတာ ဘယ်လောက်ခက်ခဲတယ်ဆိုဒါသိရင် ဒီတရားတော်ကို နာချင်တဲ့စိတ်တွေ တစ်ဖွါးဖွါးပေါ်လာလိမ့်မယ်၊ မသိတဲ့အခါကျတော့ တရားပွဲကြီးတွေ ကျင်းပနေစေကာမူ တရားမနာနိုင်ကြဘူး၊ တရားနာနိုင်ဘို့ လွယ်သလား၊ ခက်သလား?၊(ခက်ပါတယ်ဘုရား)၊ အခုဝါရှင်တန်ဒီစီတစ်ဝိုက်မှာ ထေရဝါဒဗုဒ္ဓဘာသာဖြစ်တဲ့ မြန်မာလူမျိုးတွေ တော်တော်များများရှိပါတယ်၊ ဦးဇင်းတို့ သိရသလောက်ဆိုရင် ဒီတစ်ဝိုက်မှာ ဦးဇင်းတို့အသင်းက ပွဲတော်များကျင်းပတဲ့အခါ ဖိတ်စာပို့တာ (၂၄၀)ကျော်လောက်ရှိပါတယ်။ အိမ်ထောင်စုပေါင်း(၂၀၀)လောက်ရှိတယ်ဆိုကြပါစို့၊ လျော့တွက်နဲ့တွက်ရင် အိမ်ထောင်စုတစ်ရာရှိတယ်ဆိုပါတော့၊ တစ်အိမ်ထောင် တစ်အိမ်ထောင်မှာ လူဦးရေမိသားစု အနဲဆုံး သုံးယောက်တော့ရှိမှာပါ၊ အဲဒီလိုသုံးယောက်ဆိုရင် လူဦးရေ သုံးရာရှိမှာပေါ့၊ အဲဒီလူဦးရေ သုံးရာထဲက ခက်ခက်ခဲခဲကျင်းပနေတဲ့ တရားပွဲမှာ တရားနာနိုင်တာက နဲနဲလေးဘဲ၊ ဒါကြောင့်“တရားနာနိုင်ဘို့”ခဲယဥ်းတယ်ဆိုဒါ သေချာတယ်နော်။

နောက်တစ်ခု ဒီလိုတရားနာနိုင်ပြန်တော့လဲ ဘာခဲယဥ်းပြန်သလဲ၊ **တရားနာတတ်**ဖို့ ခဲယဥ်းပြန်တယ်၊ တရားနာ တရားနာဆိုဒါလဲ တပည့်တော်တို့ ဒီလိုတရားပွဲမှာ မနာနိုင်ပေမဲ့ တိတ်ခွေတွေနာလဲ ရတာပါဘဲလို့ လျှောက်ပါ။ မှန်ပါတယ်၊ သို့သော် တရားနာတတ်ဖို့ ဘယ်လောက်ခဲယဥ်းတယ်ဆိုဒါ ပြောပြပါမယ်။

တရားနာတဲ့အခါ (၁)ကိုယ်အမူအရာနဲ့ တရားနာနည်း (၂)စိတ်အမူအရာနဲ့ တရားနာနည်းလို့ နှစ်မျိုးရှိပါတယ်၊ တရားနာတဲ့အခါ တော်တော်သတိထားဘို့ ကောင်းပါတယ်၊ ကိုယ်အမူအရာနဲ့ တရားနာနည်းတွေက–

(၁)“န ပါဒုကာရူဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ”၊ န ဥပါဟနာရူဠှဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ”။ အဂိလာနဿ–ကျမ္မာနေပါလျက်သားနဲ့၊ ပါဒုကာရူဠှဿ–ဥပါဟနာရူဠှဿ–ဘိနပ်စီးထားတဲ့ပုဂ္ဂိုလ်အား၊ ဓမ္မံ–တရားကို၊ န ဒေသေဿာမိ–မဟောရဘူး၊ မနာရဘူး၊ ဣတိ–ဤသို့၊ သိက္ခာ–သင်ခြင်း,ကျင့်ခြင်း,အားထုတ်ခြင်းကို၊ ကရဏီယာ–ပြုအပ်ပါပေ၏။ ကျမ္မာလျက် ဘိနပ်စီးပြီး တရားနာတဲ့ပုဂ္ဂိုလ်ကို တရားမဟောကောင်းဘူး၊ တရားလဲ မနာကောင်းဘူး၊ ဟောရင်, နာရင် တရားတော်ကို မရိုသေရာကျတယ်၊ အပြစ်လဲဖြစ်ပါတယ်။

**ဒါကြောင့် ဘိနပ်စီးပြီး တရားမနာကောင်းဘူး။**

(၂)“န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ”၊ အဂိလာနဿ–ကျမ္မာနေပါလျက်သားနဲ့၊ ဆတ္တပါဏိဿ–ထီးဆောင်းထားတဲ့ပုဂ္ဂိုလ်အား၊ ဓမ္မံ–တရားကို၊ န ဒေသေဿာမိ–မဟောရဘူး,မနာရဘူး၊ ဣတိ–ဤသို့၊ သိက္ခာ–သင်ခြင်း,ကျင့်ခြင်း,အားထုတ်ခြင်းကို၊ ကရဏီယာ–ပြုအပ်

ပါပေ၏၊ ကျမ္မာပါလျက် ထီးဆောင်းထားတဲ့ပုဂ္ဂိုလ်အား တရားမဟောကောင်းဘူး၊ နာလဲ မနာကောင်းဘူး။

**❁ ကျမ္မာလျက် ထီးဆောင်းပြီး တရားမနာကောင်းဘူး။**

(၃) "နဥပါဟနာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ"၊ အဂိလာနဿ–ကျမ္မာနေပါလျက်သားနဲ့၊ ဩဂုဏ္ဌိတသီသဿ–ခေါင်းမြီးခြုံထားသောပုဂ္ဂိုလ်အား၊ ဓမ္မံ–တရားကို၊ န ဒေသေဿာမိ–မဟောအံ့,မနာအံ့၊ ဣတိ–ဤသို့၊ သိက္ခာ–သင်ခြင်း,ကျင့်ခြင်း အားထုတ်ခြင်း ကို၊ ကရဏီယာ–ပြုအပ်ပါပေ၏။

**❁ ကျမ္မာလျက် ခေါင်းမြီးခြုံပြီး တရားမနာကောင်းဘူး။**

(၄) နဝေဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ"၊ အဂိလာနဿ–ကျမ္မာနေပါလျက်သားနဲ့၊ ဝေဌိတသီသဿ–ခေါင်းပေါင်းထား(ဦးထုပ်ဆောင်းထား)သောပုဂ္ဂိုလ်အား၊ ဓမ္မံ–တရားကို၊ န ဒေသေဿာမိ–မဟောအံ့(မနာအံ့)၊ဣတိ– ဤသို့၊ သိက္ခာ–သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်း ကို၊ ကရဏီယာ–ပြုအပ်ပါပေ၏။

ကျမ္မာပါလျက် ခေါင်းမြီးခြုံပြီး တရားနာတဲ့ပုဂ္ဂိုလ်,ဦးထုပ်ဆောင်းပြီး တရားနာတဲ့ပုဂ္ဂိုလ်တွေကို တရားမဟောကောင်းပါဘူး၊ ဟောရင် အပြစ်ဖြစ်ပါတယ်၊ မကျမ္မာတဲ့သူတွေကိုတော့ ဘုရားက ချွင်းချက် အနေနဲ့ "အဂိလာနဿ"လို့ ချန်ထားပါတယ်။

**❁ ကျမ္မာပါလျက် ခေါင်းပေါင်းပြီး(ဦးထုပ်ဆောင်းပြီး) တရားမနာကောင်းဘူး။**

(၅) န နီစေ အာသနေ နိသိန္နော ဥစ္စေ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ"၊ နီစေ အာသနေ နိသိန္နော–နိမ့်သောနေရာမှာ ထိုင်နေသောတရားဟောပုဂ္ဂိုလ်သည်၊ ဥစ္စေ အာသနေ နိသိန္နဿ–မြင့်သောနေရာ၌ထိုင်နေသော၊ အဂိလဂနဿ–ကျမ္မာနေသူအား၊ ဓမ္မံ–တရား ကို၊ န ဒေသေဿာမိ–မဟောအံ့(မနာအံ့)၊ ဣတိ–ဤသို့၊ သိက္ခာ–သင်ခြင်း, ကျင့်ခြင်း,အားထုတ်ခြင်းကို၊ ကရဏီယာ–ပြုအပ်ပါပေ၏။

တရားဟောတဲ့ပုဂ္ဂိုလ်က အနိမ့်ကနေပြီး တရားနာတဲ့ပုဂ္ဂိုလ်က အမြင့်ကနာရင် တရားမဟောကောင်းပါ ဘူး၊ နာလဲ မနာကောင်းပါဘူး၊ တရားနာတတ်ဖို့ဆိုဒါ ဒါတွေကိုပြောတာ။ ကက်ဆက်နဲ့နာတဲ့ပုဂ္ဂိုလ်တွေလဲ ကက်ဆက်ကို ကြမ်းပြင်မှာထားပြီး လူက ခုံပေါ်,ခုင်ပေါ်က နာရင် အပြစ်ဖြစ်ပါတယ်၊ မနာကောင်းပါဘူး၊ ဒါတွေ သတိထားစရာကောင်းပါတယ်၊ မကျမ္မာတဲ့သူတွေကိုတော့ ချွင်းချက်နဲ့ထားပေ့ါ။

**❁ တရားဟောတဲ့ပုဂ္ဂိုလ်ရဲ့ အထက်(အမြင့်)ကနေပြီး တရားမနာကောင်းဘူး။**

(၆) န သယနဂတဿ အဂိလဂနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ"၊ အဂိလာနဿ–ကျမ္မာနေပါလျက်၊ သယနဂတဿ–အိပ်ယာပေါ်လှဲအိပ်နေသောပုဂ္ဂိုလ်အား၊ ဓမ္မံ–တရားကို၊ န ဒေသေဿာ မိ– မဟောအံ့၊(တရားမနာအံ့)။

တစ်ချို့တစ်ချို့အိမ်မှာတရားနာတဲ့ပုဂ္ဂိုလ်တွေ ကျမ္မာပါလျက် အိပ်ယာထဲဇိမ်နဲ့လှဲအိပ်ပြီး ကက်ဆက်ဖွင့် တရားနာတတ်ကြတယ်၊ ဓမ္မအဂါရဝ–တရားကို မရိုသေရာရောက်ပါတယ်၊ ဟောလဲ မဟောကောင်းဘူး၊ နာလဲ မနာကောင်းဘူး။

## ကျမ္မာလျက် အိပ်ယာထဲ လှဲအိပ်ပြီး တရားမနာကောင်းဘူး။

(၇) "န ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ"၊ ဒို့ပရိသတ်ကို စောင်းပြီးပြောတယ်များ ပြောမလားမသိဘူး၊ အဂိလာနဿ–ကျမ္မာနေပါလျက်၊ ယာနဂတဿ–ယာဉ်စီးနေတဲ့ပုဂ္ဂိုလ်အား၊ ကားစီးနေတဲ့, ရထားစီးနေတဲ့, လေယာဉ်စီးနေတဲ့ပုဂ္ဂိုလ်အား၊ ဓမ္မံ–တရားကို၊ န ဒေသေဿာမိ–တရားမဟောအံ့။

> ကားစီးရင်း
> တရားမနာနဲ့

စောင်းပြောနေပြီလို့ ပြောတော့မှာဘဲ၊ ဘာဖြစ်လို့လဲ၊ တစ်ချို့ ဒါယကာကြီးတွေ, ဒါယကာမကြီးတွေက လျှောက်ပါတယ်၊"တပည့်တော်တို့ မအားလို့ဘုရား၊ လမ်းသွားရင်း ကားပေါ်မှာ ကက်ဆက်ဖွင့်ပြီး တရားနာသွားရပါတယ်၊"တဲ့၊ အခုပြောနေပြီ၊ အဲဒီလို ကားစီး, ရထားစီးနေတဲ့ပုဂ္ဂိုလ်ကို တရားမဟောကောင်းဘူး၊ (တနည်း) ကားစီးရင်း, ရထားစီးရင်း ကျမ္မာနေတဲ့ ပုဂ္ဂိုလ်များ တရားမနာကောင်းဘူး၊ "ကားမောင်းသွားရင်း သီချင်းနားထောင်တာထက် တရားဖွင့်နားထောင် သွားတာက ပိုပြီးမကောင်းဘူးလို့ မေးစရာရှိပါတယ်၊" သာမန်ပြောရင်တော့ တရားနားထောင်တာ ကောင်းတာပေါ့လို့ ဆိုစရာရှိပါတယ်၊ သို့သော် တရားအားထုတ်တာကောင်းတယ်ဆိုပြီး ပွဲခင်းထဲ တရားထိုင်နေလို့ မဖြစ်သလို သူ့နေရာနဲ့သူမှ ကောင်းပါတယ်၊ နောက်ပြီး တရားနာတယ်ဆိုဒါ သမာဓိဖြစ်အောင် နာမှ အကျိုးရှိပါတယ်၊ သမာဓိမဖြစ်တဲ့အပြင် ဓမ္မအဂါရဝ–တရားကို မရိုသေရာလဲကျတဲ့အတွက် ကားစီးရင်း တရားမနာသင့်ပါဘူး။

တရားနာတဲ့အခါ တရားဟောတဲ့ပုဂ္ဂိုလ်ကို အာရုံမပြုဘဲ တရားတော်ကို အာရုံပြုပြီး နာသင့်ပါတယ်၊ ဒါမှမဟုတ်ရင် တရားနာတဲ့အခါ မြတ်စွာဘုရားကိုယ်တော်တိုင် မိမိရှေ့မှောက်ကို ကြွရောက်ပြီး ဟောနေတာဘဲလို့ ဘုရားအထိအာရုံပြုပြီး နာရင်လဲ နာသင့်ပါတယ်၊ နောက်တစ်နည်း ဒီလိုအဆင့်အတန်းမြင့်တဲ့တရားတော်တွေကို နာမှာဘဲလို့ ကက်ဆက်တိတ်ခွေနဲ့ နာရင်တောင်မှ ကက်ဆက်ကို အမြင့်မှာတင်ပြီး ရိုရိုသေသေထိုင်ပြီး ကျကျနနတရားကို အာရုံစိုက်ပြီးနာမှ တရားကိုရိုသေရာရောက်ပါတယ်။

ဒီလိုမဟုတ်ဘဲ လူက ကုလားထိုင်ပေါ်ထိုင်ပြီး ကက်ဆက်ကို ကြမ်းပြင်ပေါ်ချထား, နောက်နားက ချထား,ဘေးနားကချထားကာ ဒီလိုတရားနာတာမျိုးဟာ တကယ်တန်းစစ်ရင် တရားတော်ကို မရိုသေရာကျပါတယ်၊ တရားတော်ကို တကယ်လေးစားတဲ့ပုဂ္ဂိုလ်ဆိုရင် ရိုရိုသေသေနာမှ သဘာဝကျပါတယ်။

(၈) "န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ"။
အဂိလာနဿ–ကျမ္မာနေပါလျက်၊ ဒဏ္ဍပါ ဏိဿ–တောင်ဝှေးကိုင်ထားသောပုဂ္ဂိုလ်အား၊ ဓမ္မံ–တရားကို၊ န ဒေသေဿာမိ–မဟောအံ့၊ (မနာအံ့)။

တောင်ဝှေးထောက်ပြီး တရားနာတဲ့ပုဂ္ဂိုလ်တွေကို တရားမဟောကောင်းဘူး၊ ကျမ္ဘာလျက် တောင်ဝှေးထောက်ပြီး တရားမနာကောင်းဘူး၊ ဒါကြောင့် တရားနာတတ်ဖို့ ခက်တယ်လို့ဟောတာပေါ့။ ဒါဟာ ကိုယ်အမူအရာနဲ့တရားနာနည်းလို့ ခေါ်ပါတယ်၊ ဒီအမူအရာတွေကို မသိတော့ ဒီလိုမသင့်တင့်တဲ့ အမူအရာတွေနဲ့ တရားနာမိတတ်ပါတယ်၊ နာမိတော့ ဓမ္မအဂါရဝဖြစ်ပါတယ်၊ တရားတော်ကို မရှိသေရာ ကျပါတယ်၊ ဒါကြောင့် တရားနာတဲ့အချိန်ကို သီးသန့်ယူပါ၊"မအားလို့ အလုပ်ရှုပ်လို့ အကြောင်းမပြပါနဲ့၊ တရားတော့ နာပါရဲ့ ဓမ္မအဂါရဝဖြစ်နေရင် မကောင်းပါဘူး၊ တစ်ခြားတစ်ခြား လူမှုရေးတွေ, စီးပွါးရေးတွေ အတွက် အချိန်ပြည့်တောင်ပေးနိုင်သေးရင် သာသနာနဲ့ကြုံခိုက် တရားနာတဲ့အချိန်ကိုလဲ နာရီဝက်လောက် ဖြစ်ဖြစ်, (၁၅)မိနစ်လောက်ဖြစ်ဖြစ် သီးသန့်အချိန်ယူသင့်ပါတယ်၊ အဲဒီလို သီးသန့်အချိန်ယူပြီး ကျကျနန တရားနာပါ၊ ဖြစ်ကတတ်ဆန်း တရားနာရင် ဖြစ်ကတတ်ဆန်း အကျိုးပေးမှာပေါ့။

**စိတ်အမူအရာနဲ့ တရားနာနည်း**

စိတ်အမူအရာနဲ့တရားနာနည်းဆိုဒါက တရားနာတဲ့အခါ တဏှာနဲ့နာတာရယ်, သဒ္ဓါနဲ့နာတာရယ်လို့ နှစ်မျိုးရှိပါတယ်၊ မိမိရဲ့စိတ်ထဲမှာ တဏှာတွေဖြစ်ပြီး တရားနာခြင်း, မိမိရဲ့စိတ်ထဲမှာ သဒ္ဓါတရားတွေဖြစ်ပြီး တရားနာခြင်းလို့ ဆိုလိုပါတယ်၊ ဒီနှစ်မျိုးထဲမှာ တဏှာနဲ့တရားနာတယ်ဆိုဒါ="ဣမိနာဟံ သီလေန ဝတေန ဒေဝေါဝါ ဘဝိဿာမိ၊ ဒေဝညတရော ဝါ၊ အဟံ–ငါသည်၊ ဣမိနာ သီလေန ဝတေန–ဤတရားနာရတဲ့ ကုသိုလ်ပါရမီထူးကြောင့်၊ ဒေဝေါဝါ–တန်ခိုးကြီးတဲ့ နတ်သားကြီးသော်လည်း၊ ဘဝိဿာမိ–ဖြစ်ရပါလို၏၊ ဒေဝညတရောဝါ–တန်ခိုးသေးတဲ့ နတ်သားလေးသော်လည်း၊ ဘဝိဿသာမိ–ဖြစ်ရပါလို၏။

အားလုံးခြုံပြီး ပြောရရင် လောကီစီးစိမ်တစ်ခုခုကို တောင့်တပြီး တရားနာခြင်းသည် တဏှာနဲ့ တရားနာတယ်လို့ ခေါ်ပါတယ်။

**သဒ္ဓါနဲ့တရားနာတယ်ဆို**ဒါ– ဣဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု၊ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ မေ–ငါ၏၊ ဣဒံ ပုညံ–ဤတရားနာရတဲ့ကုသိုလ်ပါရမီထူးသည်၊ ဗောဓိဉာဏဿ–ဗောဓိဉာဏ်၏၊ နိဗ္ဗာနဿ–နိဗ္ဗာန်၏၊ ပစ္စယော–အထောက်အပန့်သည်၊ ဟောတု–ဖြစ်ပါလို၏၊ "ဤတရားနာရတဲ့ကုသိုလ်ပါရီထူးကြောင့် ဗောဓိဉာဏ်ရရပါလို၏၊ နိဗ္ဗာန်ရရပါလို၏"ဒီလိုစိတ်ထားနဲ့ တရားနာခြင်းကို သဒ္ဓါတရားနဲ့ နာတာလို့ခေါ်ပါတယ်၊ အဲဒီနှစ်ခုထဲက ဒို့ပရိသတ် ဘာနဲ့နာရမလဲ?၊ (သဒ္ဓါတရားနဲ့ နာရမှာပါဘုရား)၊ ဒါဟာ စိတ်အမူအရာနဲ့ တရားနာပုံပါဘဲ၊ ဒါကြောင့်တရားနာနိုင်ဘို့, တရားနာတတ်ဖို့ ခဲယဉ်းတယ်လို့ဟောတာပေါ့။

ကိစ္ဆံ သဒ္ဓမ္မဿဝနံ– ဘိက္ခဝေ–ချစ်သားချစ်သမီးတို့၊ သဒ္ဓမ္မဿဝနံ–တရားနာရဘို့လဲ (ဝါ)တရားနာနိုင်ဘို့လဲ (ဝါ) တရားနာတတ်ဖို့လဲ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏ ဣတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ–ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေ သတည်း။။

**ဒီအချက်နဲ့ပတ်သက်ပြီး ဆောင်ပုဒ်ဆိုရအောင်**

- **တရားတော်များ ယောကာထား နာကြားနိုင်ဘို့ ခဲယဉ်းသည်။**
- **တဏှာမဆန် သဒ္ဓါမှန် နာခံကျင့်ရမည်။** **(သုံးခေါက်စီ ဆိုပါ)**

စတုတ္တခဲယဉ်းမှုဆက်ကြရအောင်= ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ၊ ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ ဗုဒ္ဓါနမုပ္ပါဒေါ–ဘုရား ပွင့်ထွန်းပေါ်ပေါက်ဖို့ရန်လဲ၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊
ဘုရားပွင့်ဘို့ ခဲယဉ်းတယ်ဆိုတော့ ဒီကနေ ဘုရားသာသနာကြီးနဲ့ ကြုံတွေ့နေရချိန်မှာ ဘုရားပွင့်ဘို့, ဘုရားသာသနာကြီးနဲ့ကြုံတွေ့ရဘို့ ခဲယဉ်းတာကို လေးလေးနက်နက် သိချင်မှသိမယ်၊ ဘုရားတစ်ဆူ တစ်ဆူပွင့်ဘို့ဆိုဒါ လွယ်တာမဟုတ်ဘူး၊ ဘုရားပွင့်ဘို့ထက် "ဒီပုဂ္ဂိုလ်တစ်ယောက်ဟာ ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မယ်" လို့ နိယတဗျာဒိတ် ရဘို့တောင် မလွယ်ပါဘူး၊ နိယတဗျာဒိတ်ရဘို့(တနည်း)ဘုရားအလောင်းဖြစ်ဘို့ ဦးဇင်းတို့ရဲ့ ဂေါတမဘုရားအလောင်းတော်ဟာ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှာ သုမေဓာရှင်ရသေ့ဘဝနဲ့ နိယတဗျာဒိတ်ပန်းကို ပန်ဆင်ခဲ့ပါတယ်။

| |
|---|
| နိယတဗျာဒိတ်<br>ရနိုင်သူ |

နိယတဗျာဒိတ်ရနိုင်သူ၏ အင်္ဂါလက္ခဏာများ

**မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတုသတ္ထာရဒဿနံ။**
**ပဗ္ဗဇ္ဇာဂုဏသမ္ပတ္တိ၊ အဓိကာရောစ ဆန္ဒတာ။**
**အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။**

(၁) **မနုဿတ္တံ–** လူသားတစ်ယောက်ဖြစ်နေတဲ့အချိန်မှ နိယတဗျာဒိတ်ကို ရနိုင်ပါတယ်။ "ဤပုဂ္ဂိုလ်သည် ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မယ်"လို့ နိယတဗျာဒိတ်ရတာဟာ နတ်သားဘဝနဲ့ မရနိုင်ပါဘူး၊ ဗြဟ္မာဘဝနဲ့ မရနိုင်ပါဘူး၊ တိရစ္ဆာန်ဘဝနဲ့ မရနိုင်ပါဘူး၊ လူသားဘဝနဲ့သာ ရနိုင်ပါတယ်၊ ဒါကြောင့် နတ်ဘဝ, ဗြဟ္မာဘဝနဲ့ လူ့ဘဝ ဘယ်ဟာမြတ်သလဲဆိုရင် လူ့ဘဝကမြတ်တယ်လို့ဆိုရပါတယ်၊ ဘာကြောင့် မြတ်သလဲ ?၊ ဘုရားဆုပန်နိုင်လို့, နိယတဗျာဒိတ်ပန်း ပန်ဆင်နိုင်လို့ မြတ်ပါတယ်။

(၂) **လိင်္ဂသမ္ပတ္တိ–** လူတိုင်းလူတိုင်းရော နိယတဗျာဒိတ်ရနိုင်ပြီလားဆိုရင် မရနိုင်သေးဘူးတဲ့၊ ယောကျ်ားဖြစ်တဲ့ပုဂ္ဂိုလ်များသာ နိယတဗျာဒိတ်=ဘုရားလောင်းဆိုတဲ့ ဘွဲ့တံဆိပ်ရနိုင်ပါတယ်၊ အမျိုးသမီးများသည် အမျိုးသမီးဘဝနဲ့ နိယတဗျာဒိတ်မရနိုင်ပါဘူး၊ အကယ်၍ အမျိုးသမီးများ နိယတဗျာဒိတ်ရလိုရင်, ဘုရားဖြစ်ချင်ရင် ရှေးဦးစွာ အမျိုးသား(ယောကျ်ား)ဘဝရအောင် ကုသိုလ်ကောင်းမှုလုပ်ရပါမယ်၊ အမျိုးသားဘဝရပြီဆိုတော့မှ ဘုရားဆုပန်ပြီး ပါရမီဖြည့်ရပါတယ်။

(၃) **ဟေတု–** ယောကျ်ားဖြစ်ရုံနဲ့ နိယတဗျာဒိတ်ရနိုင်ပြီလား(ဘုရားလောင်းဖြစ်နိုင်ပြီလား)ဆိုတော့ မဖြစ်နိုင်သေးဘူးတဲ့၊ ဉာဏသမ္ပယုတ် တိဟိတ်ပုဂ္ဂိုလ်ဖြစ်အုံးမှတဲ့၊ ရှင်းအောင်ပြောရရင် ဉာဏ်ရှိယောကျ်ားဖြစ်မှ နိယတဗျာဒိတ် ပန်ဆင်ခွင့်ရှိပါတယ်၊ဘုရားလောင်းဖြစ်နင်ပါတယ်၊ ဉာဏ်မရှိတဲ့ ဒွိဟိတ်ပုဂ္ဂိုလ်မျိုးဆို

ရင် ယောကျ်ားဖြစ်ပေမဲ့ နိယတဗျာဒိတ်မရနိုင်ပါဘူး။ ဘုရားဖြစ်ဘို့မလွယ်ဘူးနော်၊ လူသားဖြစ်ရမယ်၊ ယောကျ်ားဖြစ်ရမယ်, ဥဇ္ဇာရှိယောကျ်ားဖြစ်ရမယ်။

(၄) **သတ္ထာရဒဿနံ=** ဥဇ္ဇာရှိယောကျ်ားဖြစ်ပြန်တော့လဲ သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးတွေ့ခွင့်ရမှ နိယတဗျာဒိတ်ကို ရနိုင်ပါတယ်၊ အခုခေတ်ဆိုရင် သက်တော်ထင်ရှား ဘုရားရှင် မရှိတော့တဲ့အတွက်ကြောင့် ဒီကနေ့ လူ့ဘဝမှာ ဥဇ္ဇာရှိယောကျ်ားဖြစ်နေသူတွေ နိယတဗျာဒိတ်မရနိုင်ကြပါဘူး။

(၅) **ပဗ္ဗဇ္ဇာ=** သက်တော်ထင်ရှားဘုရားရှင်နဲ့ တွေ့နေရသော်လဲ သာမန်လူသားဘဝနဲ့ နိယတဗျာဒိတ်မရနိုင်သေးဘူး၊ ရသေ့ သော်၄င်း, ရဟန်းသော်၄င်း, ဖြစ်နေရမယ်၊ အဲဒီလို ဥဇ္ဇာရှိယောကျ်ားဖြစ်တဲ့ ရသေ့ ရဟန်းများမှသာလျှင် နိယတဗျာဒိတ်ကို ရနိုင်ပါတယ်။

(၆) **ဂုဏသမ္ပတ္တိ=** ရသေ့ ရဟန်းဘဝဖြစ်နေရုံ ရနေရုံနဲ့ နိယတဗျာဒိတ်မရနိုင်သေးဘူးတဲ့၊ ဈာန်အဘိဉာဏ်တန်ခိုးရှိတဲ့ ရသေ့ ရဟန်းဖြစ်မှ နိယတဗျာဒိတ်ပန်း ပန်ဆင်ခွင့်ရှိပါတယ်၊ ဒါကြောင့် ဦးဇင်းတို့ ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဟာ ဈာန်အဘိဉာဏ်ရထားတဲ့ ရသေ့ဘဝနဲ့ နိယတဗျာဒိတ်ပန်ဆင်ခဲ့တာဖြစ်ပါတယ်၊ သာမန်ရသေ့ ရဟန်း နိယတဗျာဒိတ် မရနိုင်ပါဘူး။

(၇) **အဓိကာရရောစ=** သူတစ်ပါးမလုပ်နိုင်တဲ့ ပါရမီကုသိုလ်ထူးတွေကို လုပ်နိုင်တဲ့ပုဂ္ဂိုလ်များမှ နိယတဗျာဒိတ်ရနိုင်ပါတယ်၊ သူလို ငါလို သာမန်ကုသိုလ်ကောင်းမှုလုပ်နိုင်ရုံလောက်နဲ့တော့ နိယတဗျာဒိတ် မရနိုင်ပါဘူး၊ အဓိကာရဆိုဒါ–အဓိ–လွန်ကဲသော၊ ကာရ–ကုသိုလ်ကောင်းမှုများလို့ ဆိုလိုပါတယ်၊ အဓိကာရကုသိုလ်နဲ့ပတ်သက်ပြီး စွန့်ခြင်းကြီးငါးပါးနဲ့ ဘုရားကို ကြည်ညိုကြည့်ရအောင်=

အဓိကာရရလုပ်ငန်း
ငါးမျိုး

(က)နေပရိစ္စာဂ၊ ဘုရားအလောင်းဖြစ်တဲ့ပုဂ္ဂိုလ်ဆိုဒါ စီးပွါးဥစ္စာတွေ စွန့်နိုင်ရပါမယ်၊ စီးပွါးဥစ္စာစွန့်ရမယ်ဆိုတဲ့နေရာမှာလဲ သူ့အတွက်, ငါ့အတွက်, သား သ္မီးအတွက်, ဇနီးမယားအတွက် မချန်ဘဲ အားလုံးကို စွန့်နိုင်ရပါတယ်၊ တစ်ဦးဦးအတွက် ငဲ့ပြီးချန်ထားသေးတယ်ဆိုရင် ဘုရားအလောင်းတော် မဖြစ်နိုင်ပါဘူး၊ တနည်းပြောကြစို့ဆိုရင် ဘုရားအလောင်းဖြစ်မဲ့ပုဂ္ဂိုလ်ဟာ တစ်ဦးတစ်ယောက်အတွက် မငဲ့ရဘူး၊ တစ်လောကလုံးအတွက်ငဲ့ရပါတယ်၊ တစ်လောကလုံးအတွက်ငဲ့ပြီး စီးပွါးဥစ္စာအကုန်စွန့်နိုင်မှ ဘုရားအလောင်းဖြစ်ပါတယ်၊ ဒီနေရာမှာ ကိုယ်ချင်းစာနဲ့ ငါ... ဒီလိုစွန့်နိုင်ရဲ့လားလို့ စင်းစားပြီး စွန့်လွှတ်နိုင်ခဲ့တဲ့ ဘုရားအပေါ် ကြည်ညိုတဲ့ သဒ္ဓါစိတ်ကို မွေးပါ။

(ခ) အင်္ဂပရိစ္စာဂ၊ စီးပွါးဥစ္စာသာ မကသေးပါဘူး၊ အလှူခံသူရှိရင် မိမိ၏အင်္ဂါခြေလက်အစိတ်အပိုင်းတွေကိုလဲ စွန့်နိုင်ရပါမယ်။

ဒီနေရာမှာလဲ တစ်ဦးတစ်ယောက်ကောင်းစားရေးအတွက် စွန့်နိုင်တာကို မယူရပါဘူး၊ တစ်လောကလုံး ကောင်းစားရေးအတွက် လိုအပ်တဲ့အခါ စွန့်နိုင်တာမျိုးကို ဆိုလိုပါတယ်။

(ဂ)ပုတ္တပရိစ္စာဂ၊ အကြောင်းတိုက်ဆိုင်လာရင် အချစ်ဆုံးလို့ဆိုရတဲ့ သားသ္မီးကိုစွန့်နိုင်ရပါတယ်၊ "ငါ့သားသ္မီးထိရင် မခံဘူး" ဆိုရင် ဘုရားအလောင်းမဖြစ်နိုင်သေးပါဘူး။

(ဃ)ဘရိယပရိစ္စာဂ၊ သားမယားကိုစွန့်နိုင်သူဖြစ်မှလဲ ဘုရားအလောင်းဖြစ်နိုင်ပါတယ်၊ ဇနီးမယားကို လှူဘို့နေနေသာ မျက်စေ့နဲ့ စူးစူးစိုက်စိုက် ကြည့်ရင်တောင် မခံနိုင်ဘူးဆိုတဲ့သူတွေ ဘုရားအလောင်းမဖြစ်နိုင်သေးပါဘူး၊ ဒါကြောင့်လဲ အဓိကာရ=လူတိုင်းမလုပ်နိုင်တဲ့လုပ်ငန်းမျိုးလို့ဆိုတာပေါ့။

(စ) ဇီဝိတပရိစ္စာဂ၊ ရှေ့ပိုင်းဖြစ်တဲ့ မိမိခန္ဓာကိုယ်ပြင်ပဝတ္ထုနဲ့ ခန္ဓာအစိတ်အပိုင်းတင်မကသေးဘူး၊ ဘုရားအလောင်းယုန်မင်းတို့လို အသက်ကိုစွန့်ပြီး လှူရတော့မယ်ဆိုရင် သဗ္ဗညုတဉာဏ်တော်ကြီးအတွက် ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်စွာ အသက်စွန့်နိုင်သူဖြစ်ရပါမယ်၊ ဒီလိုစွန့်ခြင်းကြီးငါးပါးတို့ကဲ့သို့သော သူတစ်ပါးတွေ မလုပ်နိုင်တဲ့ အဓိကာရကုသိုလ်ကြီးတွေ လုပ်နိုင်သူမှ ဘုရားအလောင်းဖြစ်နိုင်ပါတယ်၊ ဒါတွေကို သေသေချာချာစင်းစားပြီး ဘုရားအပေါ်ကြည်ညိုနိုင်အောင်, ကြည်ညိုတတ်အောင်ကြိုးစားကြရပါတယ်။

(၈) ဆန္ဒတာ= ဘုရားဖြစ်ချင်တဲ့ဆန္ဒ သိပ်ပြီးပြင်းပြနေရပါမယ်၊ ဘယ်လောက်ပြင်းပြရမလဲဆိုရင် စကြာဝဠာကြီးတစ်ခုလုံး မီးကြီးခဲ ရဲရဲဖြင့် ပြည့်နှက်နေပြီး ထိုမီးကြီးခဲများအပေါ် ဘိနပ်မစီး, ကားမစီးဘဲ နင်းကာ စကြာဝဠာ၏ ဤမှာဘက်မှ အခြားတစ်ဘက်သို့ သွားရဲလျှင် ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်ဟု ပြောဆိုခဲ့သော် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ သွားရဲသောဆန္ဒမျိုးရှိသူဖြစ်ရပါမယ်၊ ဒီလိုဆန္ဒပြင်းပြသူများမှ နိယတဗျာဒိတ်ရနိုင်ပါတယ်၊ ဒါကြောင့် ဘုရားပွင့်ဘို့ ခဲယဉ်းတယ်ဆိုဒါ အဲဒီအခြေခံအကြောင်းတရားများကစပြီး စင်းစားမှ ပိုပြီလေးနက်ပါတယ်။

ဘုရားဖြစ်ချင်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီလိုပါရမီတွေ ဖြည့်ကျင့်တာတောင် သာမန်နဲ့ဖြစ်တာမဟုတ်ပါဘူး၊ အနဲဆုံး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ရပါတယ်၊ ဘုရားဖြစ်စေနိုင်တဲ့လုပ်ငန်းတွေဆိုဒါ ပါရမီ(၁၀) ပါးဖြစ်ပါတယ်၊ ပါရမီဆယ်ပါးဖြည့်ကျင့်အခါ တစ်မျိုးလောက် ဖြည့်ကျင့်ရုံနဲ့ ဘုရားမဖြစ်နိုင်သေးပါဘူး၊ ဘုရားဖြစ်ဖို့ကျင့်တဲ့အခါ ဘာဝနာလေးမျိုးနဲ့ပြပါတယ်၊

## "ဘာဝနာလေးမျိုး"

(၁) သဗ္ဗသမ္ဘာရဘာဝနာ= ပါရမီဆယ်ပါးလုံး အပြည့်အစုံ အားထုတ်နိုင်မှ ဘုရားဖြစ်ပါတယ်။

(၂)နိရန္တရဘာဝနာ=အပြည့်အစုံအားထုတ်ပြန်တော့လဲ ဘဝဆက်တိုင်းဆက်တိုင်း မခြားအောင် အားထုတ်ရပါတယ်၊ ဒီဘဝအားထုတ်ပြီး နောက်ဘဝမှာရပ်နားနေကာ တစ်ဖန် တတိယဘဝမှာ အားထုတ်ပြန်တယ်၊ ဒီလိုမရပါဘူး၊ ဘဝဆက်တိုင်း ဘဝဆက်တိုင်း အားထုတ်နိုင်မှ ဘုရားဖြစ်ပါတယ်။

(၃) အဘိရတိဘာဝနာ= ဒါန သီလအစရှိတဲ့ ပါရမီတွေဖြည့်ကျင့်တဲ့အခါ ပျော်ပျော်ကြီးဖြည့်ကျင့်ရပါတယ်၊ ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ်နဲ့ ဖြည့်ကျင့်တဲ့ပုဂ္ဂိုလ်ဆိုရင် ဘုရားမဖြစ်နိုင်သေးပါဘူး၊ ဆိုကြပါစို့ ဒါနပြုတဲ့အခါ ပျော်ပျော်ကြီးပြုနိုင်ရပါတယ်။

သီလဆောက်တည်တဲ့အခါလဲ ပျော်ပျော်ကြီးဆောက်တည်နိုင်ရပါတယ်၊ တရားအားထုတ်တဲ့အခါလဲ ပျော်ပျော်ကြီးအားထုတ်, တရားနာတဲ့အခါလဲ ပျော်ပျော်ကြီး နာနိုင်တဲ့ပုဂ္ဂိုလ်မှ ဘုရားဖြစ်နိုင်ပါတယ်။

(၄) သက္ကစ္စဘာဝနာ= ပါရမီဆယ်ပါးဖြည့်ကျင့်အခါ လေးလေးစားစား ဖြည့်ကျင့်တဲ့ပုဂ္ဂိုလ်မှ ဘုရားဖြစ်နိုင်ပါတယ်၊ ပေ့ါပေ့ါတန်တန် သူလိုငါလို လူမြင်ကောင်းရုံလောက် ပါရမီဖြည့်ကျင့်သူများ ဘုရားမဖြစ်နိုင်ပါဘူး။

ဒါကို သက္ကစ္စဘာဝနာလို့ခေါ်ပါတယ်။

ပါရမီဆယ်ပါးဖြည့်ကျင့်တဲ့အခါ တစ်ခြားပါရမီတွေ ထားလိုက်ပါအုံး ဒါနပါရမီတစ်ခုတည်းကိုဘဲ ကြည့်ပါ၊ ဘုရားရှင် ဘယ်လိုဖြည့်ကျင့်ခဲ့သလဲဆိုရင်=

**သော သာဂရေ ဇလမိကံ ရုဓိရံ အဒါသိ၊**
**ဘူမိံ ပရာဇိယ သမံသ မဒါသိဒါနံ။**
**မေရုပမာဏ မဓိကဥ္စ သမောဠိသီသံ၊**
**ခေ တာရကာဓိကတရံ နယနမဒါသိ။**

မြန်မာလိုပြောကြပါစို့=

သော သာဂရေ ဇလမိကံ ရုဓိရံ အဒါသိ–ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဒီသာသနာတော် တည်ဆောက်နိုင်ဘို့အတွက် မိမိခန္ဓာကိုယ်က အသွေးတော်တွေကို ဘဝပေါင်းများစွာက လှူခဲ့ရတာ ဘယ်လောက်များသလဲဆိုရင် သမုဒ္ဒရာထဲမှာရှိတဲ့ရေတွေနဲ့နှိုင်းယှဉ်လိုက်ရင် သမုဒ္ဒရာရေက နည်းပါသေးတယ်တဲ့၊ ဘဝပေါင်းများစွာက ဘုရားရှင်လှူခဲ့ရတဲ့ အသွေးတော်တွေက ပိုပြီးများပါသတဲ့။

ဘူမိံ ပရာဇိယ သမံသမဒါသိ ဒါနံ–ဒီသာသနာတော်ကြီးတည်ဆောက်နိုင်ဘို့အတွက် ဘုရားရှင်ကိုယ်တော်မြတ်သည် ခန္ဓာကိုယ်မှ အသားတွေဘယ်လောက်လှူခဲ့ရသလဲဆိုရင် ဘဝပေါင်းများစွာက လှူခဲ့ရတဲ့အသားတော်တွေကိုတစ်ပုံ, မဟာပထဝီမြေကြီးကိုတစ်ပုံ ယှဉ်လိုက်ရင် မဟာပထဝီမြေကြီးထက် လှူခဲ့ရတဲ့ အသားတော်တွေက များပါသတဲ့၊ မိမိတို့ခန္ဓာကိုယ်က အသားလေး လက်သဲခွန်လောက် လှီးပြီး လှူစမ်းပါဆိုရင် လှူနိုင်မလားစဉ်းစားကြည့်ပါ၊ ဘုရားရှင်က မဟာပထဝီမြေကြီးထက် အဆပေါင်းများစွာ သာလွန်သော အသားတော်တွေကို လှူပြီး သာသနာတော်ကြီးကို တည်ဆောက်ခဲ့တာ။

မေရုပမာဏမဓိကဥ္စ သမောဠိသီသံ– ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဒီသာသနာတော်ကို တည်ဆောက်ချင်လွန်းလို့ ဘဝပေါင်းများစွာက ဦးခေါင်းတော်တွေလှူခဲ့ရတာ အဲဒီဦးခေါင်းတော်တွေကို တစ်ပုံပုံထား, အခြားတစ်ဖက်က မြင့်မိုရ်တောင်ကို တစ်ပုံပုံလိုက်ရင် မြင့်မိုရ်တောင်က သေးငယ်သွားပါသတဲ့၊ မြင့်မိုရ်တောင်ပမာဏထက် အဆပေါင်းများစွာသာလွန်တဲ့ ဦးခေါင်းတော်တွေကို လှူခဲ့ရပါတယ်၊ ဒါကြောင့် ဒီသာသနာတော်တည်ဆောက်ရတာ မလွယ်ပါဘူး။

ခေ တာရကာဓိကတရံ နယနမဒါသိ– ဒီသာသနာတော်တည်ထောင်ဘို့ ဘုရားရှင်သည် ဒါနပါရမီကို ဘဝပေါင်းများစွာ ဖြည့်ကျင့်စဉ် မျက်လုံးတော်တွေလှူခဲ့တာ အထက်မိုးကောင်းကင်မှာရှိတဲ့ နက္ခတ်ကြယ်တာရာတို့ထက် များပါသေးတယ်တဲ့၊ ဒါနပါရမီတစ်ခုတည်းကိုဘဲ ဒီလောက်ပြုပြီး သာသနာတော်ကို တည်ထောင်ခဲ့ရတာ ဒါကြောင့် သာသနာနဲ့တွေ့ဘို့ ခက်ပါတယ်။

| |
|---|
| သာသနာဆိုဒါ ဘာလဲ |

သာသနာဆိုဒါ ဘာကိုခေါ်သလဲ?၊ သာသနာဆိုဒါ ဘုန်းကြီးတွေကို ခေါ်တာ မဟုတ်ဘူး၊ ကျောင်းကန်တွေကို သာသနာခေါ်တာမဟုတ်ဘူး၊ စေတီပုထိုးတွေကိုလဲ သာသနာခေါ်တာမဟုတ်ဘူး၊ "သာသနာဆိုဒါ" သာသတိ တောယာတိ သာသနာ၊ တောယ–ဤအဆုံးအမဖြင့်၊ သတ္တေ–သတ္တဝါတို့ကို၊ သာသတိ– ဆုံးမတတ်၏၊ ဣတိ–ဤသို့

သတ္တဝါတို့ကို ဆုံးမကြောင်းဖြစ်သောကြောင့်၊ သာသနာ–သာသနာလို့ခေါ်ပါပေ၏။ အဆုံးအမကို သာသနာလို့ခေါ်ပါသည်၊ ဘယ်သူရဲ့အဆုံးအမလဲ ဆိုရင် ဘုရားရှင်ရဲ့အဆုံးအမကို သာသနာခေါ်ပါတယ်။

ဘုန်းတော်ကြီးတွေ သံဃာတော်တွေက ထိုသာသနာကိုဆောင်တဲ့ သာသနာ့ဝန်ဆောင်တွေဖြစ်ပါတယ်၊ ဘုန်းကြီးတွေ, ကျောင်းကန်တွေ,စေတီပုထိုးတွေကို သာသနာခေါ်တာမဟုတ်ပါဘူး၊ ဘုန်းကြီးတွေ, ကျောင်းကန်တွေ,စေတီပုထိုးတွေများလာတာကို သာသနာတိုးတက်တယ်လို့ မခေါ်ရပါဘူး။ "သာသနာတိုးတက်တယ်"ဆိုဒါ ဘုရားအဆုံးအမတွေကို လိုက်နာ,ကျင့်ကြံအားထုတ်သူတွေ များတာကို သာသနာတိုးတက်တယ်လို့ခေါ်ပါတယ်။

**သာသနာဘယ်နှစ်မျိုး**

သာသနာလို့ဆိုတဲ့ ဘုရားအဆုံးအမတွေက ဘယ်ဟာတွေလဲ၊ ဘယ်နှစ်မျိုးရှိသလဲ?၊

**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။**
**သစိတ္တပရိယောဒါပနံ၊ တေံ ဗုဒ္ဓါနသာသနံ။**

(၁)သဗ္ဗပါပဿ အကရဏံ–မကောင်းမှုတွေအားလုံးကို မပြုလုပ်,မပြောဆို,မကြံစည်ဘဲ ရှောင်ကြဉ်ရမည်၊ ဒီအပိုဒ်နဲ့ သီလသိက္ခာကို ယူသင့်ပါတယ်။

(၂)ကုသလဿူပသမ္ပဒါ–ကုသိုလ်တရားတွေကို ပြုလုပ်,ပြောဆို,ကြံစည်ခြင်းဖြင့် ပြည့်စုံစေရမည်၊ ဒီအပိုဒ်နဲ့ သမာဓိသိက္ခာကို ယူသင့်ပါတယ်။

(၃)သစိတ္တပရိယောဒါပနံ– သံသရာတစ်ခွင်က ကိလေသာတွေနဲ့ ညစ်နွမ်းနေတဲ့ မိမိတို့ရဲ့စိတ်တွေကို ဖြူစင်အောင်လုပ်ရမည်၊ ဒီအပိုဒ်နဲ့ ပညာသိက္ခာကို ယူသင့်ပါတယ်၊ ဒီသုံးမျိုးဟာ ဘုရားအဆုံးအမလို့ခေါ်တဲ့ သာသနာပါဘဲ၊ "မကောင်းမှုရှောင်, ကောင်းမှုဆောင်, ဖြူအောင်စိတ်ကိုထား"တဲ့။ သာသနာဘယ်နှစ်မျိုးလဲ?၊ (သုံးမျိုးပါဘုရား) သာသနာသုံးမျိုးလို့ပြောရင်လဲရပါတယ်၊ အဆုံးအမသုံးမျိုးလို့ ပြောရင်လဲရပါတယ်၊ သာသနာနဲ့အဆုံးအမဟာ အတူတူပါဘဲ၊ ပါဠိနဲ့မြန်မာဘဲ ကွဲပါတယ်။

**သာသနာကို အသုံးပြုနည်း**

သာသနာနဲ့တွေ့တဲ့အခါ အဲဒီသာသနာကို နည်းလမ်းမှန်မှန်ကန်ကန်နဲ့ အသုံးချတတ်ဖို့လိုပါတယ်၊ သာသနာကို အသုံးချနည်းတွေကို ဥပါလိထေရာပါဒါန်မှာ ဟောထားပါတယ်။

**ကေစ္စာနဉ္စ ဝမနံ ၊ကေစ္စာနံ ဝိရေစနံ။**
**ဝိသံ ဟလာဟလံ ကေ၊ ကေစ္စာဉ္စ ဩသဓံ။**

သာသနာနဲ့တွေ့တော့တွေ့နေပြီ၊ အဲဒီတွေ့ရတဲ့ သာသနာကို ဘယ်လိုအသုံးချမလဲ?၊ ဘိက္ခဝေ– ချစ်သားချစ်သမီးတို့၊ သာသနံ–မဂ်ဖိုလ်ဆုံးတိုင် ကျင့်သုံးနိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်၊ ကေစ္စာနံ–အချို့အချို့ကုန်သော ပုဂ္ဂိုလ်တို့အတွက်၊ ဝမနံ– အထက်သို့လှန် အံဆေးသဖွယ်ဖြစ်ပါပေ၏၊

**☸ သာသနာကို အံဆေးလို အသုံးချတာတနည်း။**

**သာသနံ–**မဂ်ဖိုလ်ဆုံးတိုင် ကျင့်သုံးနိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်၊ ကေစ္စာနံ–အချို့အချို့ကုန်သောပုဂ္ဂိုလ်တို့ အတွက်၊ ဝိရေစနံ–အောက်သို့သက်ပေး ဝမ်းလျောဆေးနှင့် တူလှပါပေ၏။

### ❁ သာသနာကို ဝမ်းနှုတ်ဆေးလို သုံးတာကတနည်း။

**သာသနံ–**မဂ်ဖိုလ်ဆုံးတိုင် ကျင့်သုံးနိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်၊ ကေစ္စာနံ–အချို့အချို့ကုန်သောပုဂ္ဂိုလ်တို့အတွက်၊ ဟလာဟလံ–လတ်တလောချက်ချင်းသေစေနိုင်သော၊ ဝိသံ–အဆိပ်နှင့်တူလှပါပေ၏။

### ❁ သာသနာကို အဆိပ်လို သုံးတာကတနည်း။

**သာသနံ–**မဂ်ဖိုလ်ဆုံးတိုင် ကျင့်သုံးနိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်၊ ကေစ္စာနံ–အချို့အချို့ကုန်သောပုဂ္ဂိုလ်တို့အတွက်၊ ဩသဓံ– သက်စောင့် နတ်ဆေးနှင့်တူလှပါပေ၏၊ (ဝါ) အသက်ကယ်ဆေးနှင့်တူလှပါပေ၏။

### ❁ သာသနာကို အသက်ကယ်ဆေးလို သုံးတာကတနည်း။

အဲဒီလို သာသနာကို အသုံးချတဲ့နည်းဟာ လေးနည်းရှိပါတယ်။ သာသနာတော်ကို အသုံးချတဲ့နည်းတွေကို သေသေချာချာမှတ်ထားစေချင်ပါတယ်၊ ပြီးတော့ သာသနာတော်ကို ဒို့တတွေ ဘယ်လိုအသုံးချနေသလဲ၊ ဘယ်လိုအသုံးချရမှာလဲဆိုဒါ နားလည်သင့်ပါတယ်။

ဒီလေးမျိုးထဲက ဘယ်လိုသုံးရင် အန်ဆေးလိုသုံးတာလဲ၊ ဘယ်လိုသုံးရင် ဝမ်းနှုတ်ဆေးလိုသုံးတာလဲစသည် သိဘို့ အဖြေစကားကို ဘုရားဟောတော်မူပါတယ်။

**ဝမနံ ပဋိပန္နာနံ၊ ဖလဋ္ဌာနံ ဝိရေစနံ။**
**ဩသဓံ ဖလလာဘီနံ၊ ပုညခေတ္တံ ဂဝေသီနံ။**

သာသနံ–မဂ်ဖိုလ်ဆုံးတိုင် ကျင့်သုံးနိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်၊ ပဋိပန္နာနံ–မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဘို့ ကျင့်သုံးနေကြကုန်သောပုဂ္ဂိုလ်တို့အတွက်၊ ဝမနံ–အန်ဆေးကြီးသဖွယ်ဖြစ်ပါပေ၏။

သာသနာတော်ကြီးကို အန်ဆေးလိုသုံးတယ်ဆိုဒါ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် ကျင့်ကြံအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေပါဘဲ၊ ဆိုကြပါစို့ ဒါန သီလ ဘာဝနာအလုပ်တွေ အားထုတ်နေကြတာဟာ ဒီသာသနာတော်ကြီးကို အန်ဆေးလိုသုံးတာလို့ခေါ်ပါတယ်၊ ဒါန သီလ ဘာဝနာအလုပ် အားထုတ်နေသူတွေသည် ဘာတွေကို ဘယ်လိုအန်နေကြသလဲ?၊ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့သန္တာန်မှာ အစမထင်သံသရာထဲက ကိလေသာတွေမျိုထားကြပါတယ်၊ ဥပမာအားဖြင့် အစားအသောက် တစ်ခုခုစားလိုက်လို့ အစာမကြေဘူးဆိုရင် နေလို့ကောင်းရဲ့လား?၊ (မကောင်းပါဘုရား)၊ ဒီတော့ နေလို့ထိုင်လို့ကောင်းအောင် ဘာလုပ်ရသလဲဆိုရင် အန်ဆေးကိုစားရပါတယ်၊ မကြေတဲ့အစာကို ဝမ်းနှုတ်ဆေးစားလို့မဖြစ်ဘူး၊ အန်ဆေးကိုဘဲ သုံးရပါတယ်၊ အကယ်၍ အန်ဆေးမရှိရင် လည်ချောင်းထဲ လက်ညှိုးနဲ့ထိုးပြီး အန်ထုတ်လိုက်ပါ၊ မကြေတဲ့အစာတွေ အပြင်ရောက်သွားတာနဲ့ မသက်သာဘူးလား?၊ (သက်သာသွားပါတယ်ဘုရား)။

ဒီဥပမာအတိုင်းဘဲ ပုထုဇဉ်တို့ရဲ့သန္တာန်မှာ အစမထင်သံသရာထဲက ကိန်းအောင်းလာခဲ့တဲ့ ကိလေသာတွေ ရင်ထဲပြည့်ကြပ်လာပြီဆိုရင် နေထိုင်လို့ မကောင်းတော့ပါဘူး၊ လောဘကြောင့်လဲ နေလို့ မကောင်းဘူး၊ ဒေါသကြောင့်လဲ နေလို့မကောင်းဘူး၊ မောဟ,မာန, ဣဿာ,မစ္ဆရိယစသည်ကြောင့်လဲ မကောင်းဘူး၊ အစမထင်သံသရာထဲက နှလုံးသားထဲ ပြည့်ကြပ်နေအောင် ကိန်းလာခဲ့တဲ့ အဲဒီ ကိလေသာတွေကို ဒါနကုသိုလ်နဲ့ အန်နိုင်အောင် ကြိုးစားရပါတယ်။

ဒါနကုသိုလ်လုပ်တယ်ဆိုဒါ ပစ္စည်းမကုန်ဘဲ မရနိုင်ပါဘူး၊ ဒါကြောင့် ဒါနကုသိုလ်လုပ်တဲ့အခါ မိမိလှူတဲ့ပစ္စည်းဝတ္ထုအပေါ် ငြိကပ်တွယ်တာတဲ့ လောဘကိုအန်နိုင်မှ ဒါနလုပ်နိုင်ပါတယ်၊ ကိုယ့်ပစ္စည်းကို နှမြောတွန့်တိုတဲ့ မစ္ဆရိယကို အန်နိုင်မှ ဒါနလုပ်နိုင်ပါတယ်၊ ဒါနလုပ်ရမှာ မေ့လျော့ခြင်းဆိုတဲ့ ပမာဒ–မောဟတို့ကို အန်နိုင်မှ ဒါနလုပ်နိုင်ပါတယ်၊ လောဘ,မစ္ဆရိယ,မောဟတို့ကို မအန်နိုင်သရွေ့ ဒါနမလုပ်နိုင်ပါဘူး၊ ဒါကြောင့် မစ္ဆရိယသုတ္တန်မှာ"မစ္ဆေရာစ ပမာဒါစ ဧဝံ ဒါနံ န ဒီယတိ"လို့ ဟောပါတယ်၊ ကိုယ်ရှာထားတဲ့ စီးပွါးဥစ္စာကုန်သွားမှာကြောက်နေရင် နှမြောနေရင် တွန့်တိုနေရင် ဒါနမလုပ်နိုင်ပါဘူး။

သီလကုသိုလ်ကလဲ ကိလေသာကို အန်နိုင်တာဘဲ၊ ပုထုဇဉ်တို့ရဲ့သန္တာန်မှာ ကိလေသာတွေက (၁)အနုသယကိလေသာ (၂)ပရိယုဋ္ဌာနကိလေသာ (၃)ဝီတိက္ကမကိလေသာအားဖြင့် ကိလေသာသုံးမျိုးရှိပါတယ်၊ ထိုသုံးမျိုးထဲက သီလကုသိုလ်က ဝီတိက္ကမကိလေသာကို အန်ထုတ်နိုင်ပါတယ်၊ သီလကို လေးလေးစားစားနဲ့ စောင့်ထားတဲ့ပုဂ္ဂိုလ်ဟာ တော်ရုံတန်ရုံ ကိလေသာကြမ်းတွေကို မလုပ်ဖြစ်ပါဘူး၊ သီလကုသိုလ်ကြောင့် ဝီတိက္ကမကိလေသာတွေကို မလုပ်ဖြစ်ခြင်းသည် ထိုဝီတိက္ကမကိလေသာတွေကို အန်ထုတ်လိုက်တာလို့ ခေါ်ပါတယ်၊

သမာဓိကုသိုလ်က ပရိယုဋ္ဌာနကိလေသာကို အန်ထုတ်နိုင်ပါတယ်၊ ဗုဒ္ဓါနုဿတိဘာဝနာစသော သမထကမ္မဋ္ဌာန်းတစ်ခုခုကို ပွါးများနေလို့ သမာဓိဖြစ်နေပြီဆိုရင် စိတ်ထဲမှာ ထကြွလာတတ်တဲ့ ပရိယုဋ္ဌာနကိလေသာတွေ ငြိမ်းသွားပါတယ်၊ ဒီလို သမာဓိဘာဝနာကြောင့် ပရိယုဋ္ဌာနကိလေသာတွေ ငြိမ်းသွားခြင်းကို အန်ထုတ်တယ်လို့ ခေါ်ပါတယ်။

ပညာကုသိုလ်က အနုသယကိလေသာကို အန်ထုတ်နိုင်ပါတယ်၊ ဝိပဿနာအားထုတ်လို့ ဉာဏ်အဆင့်ဆင့်တက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရပြီဆိုရင် အနုသယကိလေသာတွေ လုံးဝပြတ်စဲ ငြိမ်းအေးသွားနိုင်ပါတယ်၊ ဒီလို ဝိပဿနာပညာ,မဂ်ပညာ,ဖိုလ်ပညာကြောင့် အနုသယကိလေသာတွေ လုံးဝပြတ်စဲ ငြိမ်းအေးသွားခြင်းကို အန်ထုတ်တယ်လို့ခေါ်ပါတယ်။

ဒါကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဘို့အတွက် ဒါနသီလဘာဝနာ (တနည်း)သီလသမာဓိပညာကုသိုလ်ကောင်းမှုတွေ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေဟာ သာသနာတော်ကို အန်ဆေးလိုသုံးတယ်လို့ ခေါ်ပါတယ်။

| | |
|---|---|
| သာသနာကို<br>ဝမ်းနှုတ်ဆေးလိုသုံးပုံ | ဖလဋ္ဌာနံ ဝိရေစနံ= သာသနံ–မဂ်ဖိုလ်ဆုံးတိုင် ကျင့်သုံးနိုင်ထ သဒ္ဓမ္မသုံးဖြာ |

သာသနာတော်မြတ်ကြီးသည်၊ ဖလဋ္ဌာန်–ဖိုလ်ဉာဏ်ရကြကုန်သောပုဂ္ဂိုလ်တို့အတွက်၊ ဝိရေစနံ–အောက်သို့သက်ပေး ဝမ်းနှုတ်ဆေးသဖွယ်ဖြစ်ပါပေ၏၊ သာသနာတော်ကို ဝမ်းနှုတ်ဆေးလိုသုံးတဲ့နည်းသည် ပုထုဇဉ်တို့နဲ့ မဆိုင်ပါဘူး၊ သမထဝိပဿနာတရားအားထုတ်လို့ ဖိုလ်ဉာဏ်လေးပါးသို့ ရောက်သွားပြီဆိုရင် ရဟန္တာဖြစ်ပြီဆိုကြပါစို့ ထိုရဟန္တာရဲ့သန္တာန်မှာ ကိလေသာအားလုံးကုန်ပါပြီ၊ မရှိတော့ပါဘူး၊ ကိလေသာကုန်အောင် နောက်ထပ်လုပ်စရာ မရှိတော့ပေမဲ့ ထိုရဟန္တာကြီးတွေ ဘာလုပ်ကြသလဲဆိုရင် ဖလသမာပတ်ဝင်စားတော်မူကြပါတယ်၊ ဖလသမာပတ်ဝင်စားတယ်ဆိုဒါ မျက်မှောက်ဘဝမှာပင် နိဗ္ဗာန်ချမ်းသာကို ခံစားနေခြင်းဖြစ်ပါတယ်၊ တနည်းပြောရရင် ရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာတော့မရှိတော့ပါဘူး။

ရဟန္တာများ
ဝါသနာကိုမပယ်

သို့သော် ကိလေသာရဲ့ အငွေ့အသက်သတ္တိလို့ ဆိုတဲ့ ဝါသနာတော့ရှိပါသေးတယ်၊ ဒီကိလေသာရဲ့သတ္တိဆိုတဲ့ ဝါသနာကို ဘုရားမှတစ်ပါး အခြားမည်သူမှ မပယ်နိုင်ပါဘူး၊ ဘုရားလက်ထက်တော်က ပိလိန္ဒဝစ္ဆမထေရ်ကြီးဟာ ရဟန္တာဖြစ်နေပေမဲ့ အတိတ်ဘဝသံသရာတစ်ခွင်က ဝါသနာအထုံပါလာတော့ ကိလေသာရဲ့သတ္တိကြောင့် သူတစ်ပါးကိုမြင်ရင်“ဟေ့…လူယုတ်မာ, ဟေ့…လူယုတ်မာ၊ ပါဠိလို “ဝသလ”လို့ ခေါ်လေ့ရှိပါတယ်။

ပိလိန္ဒဝစ္ဆမထေရ်ကြီးဟာ အတိတ်ဘဝက ဘဝပေါင်းငါးရာတိုင်တိုင် ရှင်ဘုရင်ချည်းဖြစ်ခဲ့တော့ သူများအထက်က အမြဲနေရပြီး အခြားသူတွေကိုနှိမ်ချကာ မာနဖြင့်“ဝသလ”လို့အမြဲခေါ်ဝေါ် သုံးစွဲလေ့ရှိပါတယ်၊ ရဟန္တာဖြစ်ပြီးတဲ့အချိမ်မှာ မာနမရှိပေမဲ့ ဝါသနာအထုံလို့ခေါ်တဲ့ မာနရဲ့သတ္တိကြောင့် သူတစ်ပါးကို “ဝသလ=သူယုတ်လို့” ခေါ်ဝေါ်ခြင်းဖြစ်ပါတယ်။

မီးဖိုထားတဲ့နေရာမှာ မီးမရှိတော့ပေမဲ့ မီးရဲ့အပူငွေ့သတ္တိကို ငြိမ်းအေးအောင် ရေလောင်းရသလို ရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာမရှိတော့ပေမဲ့ ကိလေသာရဲ့အငွေ့အသက်သတ္တိများ ပစ္စက္ခမျက်မှောက်ဘဝမှာပင် ငြိမ်းအေးပြီး နိဗ္ဗာန်ချမ်းသာခံစားရအောင် ဖလသမာပတ်ဝင်စားတော်မူကြပါတယ်။

အစာစားပြီးတဲ့ပုဂ္ဂိုလ်တစ်ယောက် စားလိုက်တဲ့အစာတွေ ကြေသွားပြီး အောက်သို့မသက်ဘဲ ဝမ်းချုပ်နေရင် နေလို့ကောင်းပါ့မလား?၊ (မကောင်းပါဘုရား)၊ ဒီတော့ ဘာလုပ်ရမလဲ၊ ဒီအချိန် အန်ဆေးစားလို့ရအုံးမလား၊ အစာတွေကြေသွားလို့ မစင်ကျင်ကြီးဖြစ်တဲ့အချိန် ဝမ်းနှုတ်ဆေးမစားဘဲ အန်ဆေးတွေစားလိုက်တဲ့အတွက် အထက်ကိုပြန်အန်ရင် ဘယ်လိုလုပ်ကြမလဲ၊ ဒုက္ခဘဲနော်၊ ဒါကြောင့် ကြေသွားပြီးတဲ့ အစာများကြတော့ ဝမ်းနှုတ်ဆေးစားပြီး နေကောင်းအောင်လုပ်ရပါတယ်။

ဒီဥပမာအတိုင်းပါဘဲ ရဟန္တာပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ကိလေသာတွေတော့ ကုန်ပါပြီ၊ ကြေသွားပါပြီ၊ သို့သော် ထိုကိလေသာရဲ့ သတ္တိကြောင့်ဖြစ်တဲ့ ကာယိကဒုက္ခတွေငြိမ်းပြီး နိဗ္ဗာန်ချမ်းသာခံစားရအောင် ဖလသမာပတ်,နိရောဓသမာပတ်ဝင်စားတော်မူကြပါတယ်၊ ဒါကြောင့် ဖိုလ်ဉာဏ်ရတော်မူကြတဲ့ပုဂ္ဂိုလ်တွေက ဒီသာသနာတော်ကြီးကို ဝမ်းနှုတ်ဆေးလို သုံးကြပါတယ်။

အသက်ကယ်ဆေးလို
သုံးပုံ

တတိယဖြစ်တဲ့ အဆိပ်လိုသုံးပုံကို နောက်ဆုံးမှပြောပါမယ်၊ အသက်ကယ်ဆေးလို

သုံးပုံကို အရင်ပြောကြပါစို့။

အသက်ကယ်ဆေးဆိုဒါ အမြဲတမ်းသုံးတာမဟုတ်ပါဘူး၊ သေရေး ရှင်ရေးလောက် အလွန်အရေးကြီးတဲ့အခါမျိုးမှ အသက်ကယ်ဆေးကိုသုံးကြပါတယ်၊ ဒီဥပမာအတိုင်းပါဘဲ သာသနာတော်ကြီးကို သုံးတဲ့ပုဂ္ဂိုလ်များ တနည်းပြောရရင် သာသနာတော်ကို မှီခိုကြည်ညိုကြတဲ့ပုဂ္ဂိုလ်များဟာ သာသနာတော်ကို လောကီရေးအတွက် မဆည်းကပ်၊ မကိုးကွယ်သင့်ပါဘူး၊ လူမှုရေးအတွက်၊ စီးပွါးရေးအတွက်၊ ရာထူးအတွက် သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ရင် သဘာဝမကျပါဘူး၊ ဆေးမြီးတိုကို သုံးသလိုပါဘဲ။

လောကမှာ တစ်ချို့က စီးပွါးရေးအတွက် ဘုရားကိုးကွယ်ကြတယ်၊ တရားကိုးကွယ်ကြတယ်၊ သံဃာကိုးကွယ်ကြတယ်၊ ဘုရားဖူး သွားတာတောင် စီးပွါးရေးကောင်းချင်လို့၊ ရာထူးမြဲချင်လို့၊ တက်ချင်လို့ သွားတတ်ကြပါတယ်၊ တစ်ချို့ကြပြန်တော့ ဘုရားတရားတော်တွေကို လောကီရေးအတွက် ဂါထာမန္တရားအဖြစ် သုံးကြပါတယ်၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်တော့လဲ ရာထူးအတွက်၊ စီးပွါးအတွက်၊ ဂုဏ်သတင်းကျော်ကြားရေးအတွက်စတဲ့ လောကရေးကို မျှော်ကိုးပြီး ကိုးကွယ်ဆည်းကပ်ကြပါတယ်။

သာသနာတော်မှာရှိတဲ့ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တစ်ချို့ကလဲ ပစ္စည်းလေးပါးရရှိရေးအတွက်၊ အပူဇော်ခံရရေးအတွက်၊ နာမည်သတင်းကျော်ဇောရေးအတွက်လောက်နဲ့ အချိန်ကုန်ပြီး ဂန္ထဓုရ၊ ဝိသဓုရ (ဝိပဿနာဓုရ)ဆိုတဲ့ ပဓာနအလုပ်တွေကို စွန့်ပယ်ကြကာ "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ= သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရေး"ဆိုတဲ့ ရည်ရွယ်ချက်တွေ ပျောက်နေကုန်ကြပါတယ်၊ လူရှင်ရဟန်းအားလုံးတို့ဟာ ဒီလို မဖြစ်သင့်ကြပါဘူး။

သာသနာတော်ကို ကိုးကွယ်ဆည်းကပ်တဲ့အခါ သေရေးရှင်ရေးတမျှ အရေးကြီးတဲ့အချိန်ဆိုဒါ မိမိတို့ရဲ့ အိုဘေး,နာဘေး,သေဘေး ဆိုးကြီးတွေနဲ့တွေ့လို့ လွတ်မြောက်လိုတဲ့အခါဖြစ်ပါတယ်၊ အဲဒီ အိုဘေး နာဘေး သေဘေးဆိုးကြီးတွေက လွတ်မြောက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ရမှာဖြစ်ပါတယ်၊ ဒါဟာ သာသနာတော်ကို အသက်ကယ်ဆေးလို သုံးတယ်လို့ ခေါ်ပါတယ်၊ လောကီရေးလောက်နဲ့ ကိုးကွယ်ဆည်းကပ်နေတဲ့ပုဂ္ဂိုလ်တွေဟာ သာသနာတော်ကို တန်ဘိုးရှိရှိ အသုံးမချတတ်တဲ့သူတွေလို့ ဆိုရပါမယ်။

သာသနာကို
အဆိပ်လိုသုံးပုံ

**သာသနေန ဝိရုဒ္ဓါနံ၊ ဝိသံ ဟလာဟလံ ဇနေ။**
**အာသီဝိသော ဒိဋ္ဌဝိသော၊ ဧဝံ ဈာပေတိ တံ နရံ။**

သာသနံ–မဂ်ဖိုလ်ဆုံးတိုင် ကျင့်သုံးနိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်၊ သာသနေန ဝိရုဒ္ဓါနံ–သာသနာနှင့် ဆန့်ကျင်နေကြကုန်သော၊ ဇနေ–အချို့သောပုဂ္ဂိုလ်တို့အတွက်၊ ဝိသံ ဟလာဟလံ–လျင်လျင်မြန်မြန်သေစေနိုင်သော အဆိပ်နှင့်တူပါပေ၏။ သာသနာနှင့်ဆန့်ကျင်နေသူတို့သည် ဒီသာသနာတော်ကြီးကို အဆိပ်လို သုံးနေကြတယ်လို့ခေါ်ပါတယ်၊ သာသနာနဲ့ဆန့်ကျင်ဆိုတဲ့စကားမှာ

သာသနာဆိုဒါ နားလည်ထားဖို့ လိုပါတယ်၊ အဲဒီ သာသနာရဲ့အဓိပ္ပါယ်တွေကို ရှေ့ပိုင်းက ပြောခဲ့ပြီး ပြီ၊ ပြန်မေးမယ်၊ သာသနာဆိုဒါဘာလဲ?၊ (အဆုံးအမကိုခေါ်ပါသည်)၊ ဘယ်သူ့ရဲ့အဆုံးအမလဲ?၊ (ဘုရားရှင်၏ အဆုံးအမဖြစ်ပါသည်)။

ဘုရားရှင်၏အဆုံးအမဆိုတဲ့ သာသနာက ဘယ်နှစ်မျိုးရှိသလဲ?၊ (၁) မကောင်းတာမှန်သမျှ မလုပ်ပါနဲ့၊ (၂) ကောင်းတာမှန်သမျှ လုပ်ပါ၊ (၃) မိမိရဲ့စိတ်ကို ဖြူစင်အောင်လုပ်ပါ၊ ဒီလို သာသနာသုံးမျိုး တနည်း အဆုံးအမသုံးမျိုးရှိပါတယ်။

မြတ်စွာဘုရားက မကောင်းတာမှန်သမျှ မလုပ်နဲ့,မပြောနဲ့,မကြံစီနဲ့လို့ ဟောထားတာကို မလိုက်နာဘဲ မကောင်းတာတွေ လုပ်နေ, ပြောနေ, ကြံစည်နေရင် ထိုပုဂ္ဂိုလ်သည် သာသနာကို လိုက်နာနေတာလား၊ သာသနာကို ဆန့်ကျင်နေတာလား?၊ (ဆန့်ကျင် နေတာပါဘုရား)၊ ဒါဖြင့်ရင် ထိုပုဂ္ဂိုလ်သည် သာသနာကို ဘယ်နည်းနဲ့အသုံးချတယ်ခေါ်မလဲ?၊ (အဆိပ်လို သုံးတယ်ခေါ်ရမှာပါဘုရား)၊ ဒို့ပရိသတ်... အဆိပ်စားရင် ချမ်းသာမလား၊ ဆင်းရဲမလား?၊(ဆင်းရဲပါတယ်ဘုရား)၊ အဆိပ်စားရင် သေနိုင်ပါတယ်၊ မသေရင်တောင် သေနိုင်လောက်တဲ့ ရောဂါဝေဒနာခံစားရပါတယ်။

"ကောင်းတာတွေလုပ်ပါ"ဆိုတော့ အကြောင်းအမျိုးမျိုးတွေပြပြီး ကောင်းတဲ့အလုပ်တွေကို ရှောင်နေရင် သာသနာတော်ကို ဘယ်လိုသုံးတယ်ခေါ်မလဲ?၊ (အဆိပ်လိုသုံးတယ်ခေါ်ပါတယ်)။ အလှူပေးတာ ကောင်းတဲ့အလုပ်ဘဲ၊ သီလဆောက်တည်တာ ကောင်းတဲ့အလုပ်ဘဲ၊ တရားနာတာအစရှိတဲ့အလုပ်တွေဟာ ကောင်းတဲ့အလုပ်တွေပါဘဲ၊ ဒါတွေကို တတ်နိုင်သမျှလုပ်ပါတဲ့။

"စိတ်ကို ဖြူအောင်လုပ်ပါ"ဆိုဒါ ဖြူအောင်မလုပ်ဘဲ ညစ်အောင်လုပ်နေရင် သာသနာကို အဆိပ်လိုသုံးတာလို့ခေါ်ပါတယ်၊ မိမိတို့ရဲ့ စိတ်တွေဟာ အစမထင်သံသရာထဲက လောဘ ဒေါသစသည်ကြောင့် ညစ်နေပါတယ်၊ တစ်ချို့က "စိတ်ညစ်တယ်၊ စိတ်ညစ်တယ်" လို့ ပြောလေ့ရှိပါတယ်၊ အဲဒါဟာ မိမိကိုယ်ကို မိမိ လောဘတွေဖြစ်နေပြီ ၊ ဒေါသ မောဟ မာန ဣဿာ မစ္ဆရိယစသည်ဖြစ်နေပြီလို့ ပြောတာနဲ့ အတူတူပါဘဲ၊ ညစ်နေတဲ့စိတ်ကို ဖြူအောင်မလုပ်ဘဲ ပိုပြီးညစ်အောင်လုပ်နေရင် သာသနာကို အဆိပ်လိုသုံးတယ်ခေါ်ပါတယ်။

ဒေါသဖြစ်နေတဲ့အခါ ထိုဒေါသကိုငြိမ်းအောင် မေတ္တာမပွါးဘဲ ဒေါသပိုပြီးဖြစ်စေနိုင်တဲ့ အာဃာတတွေ ပွါးနေမယ်ဆိုရင် သာသနာကို အားထုတ်နေတာလား၊ ဆန့်ကျင်နေတာလား?၊(ဆန့်ကျင်နေတာပါဘုရား)။ ဒါဆိုရင် သာသနာကို ဘယ်နည်းနဲ့သုံးတယ်ခေါ်မလဲ?၊ (အဆိပ်လိုသုံးတယ်ခေါ်ရမှာပါဘုရား)၊ ဒါကြောင့် သာသနာဆိုတဲ့ ဘုရားအဆုံးအမတွေကို ဆန့်ကျင်တဲ့ မလိုက်နာတဲ့ပုဂ္ဂိုလ်တွေဟာ ဒီသာသနာတော်ကို အဆိပ်လိုသုံးနေကြတယ်လို့ခေါ်ပါတယ်။

**သာသနာကို ဘယ်နည်းနဲ့သုံးမလဲ**

သာသနာအသုံးချနည်း လေးမျိုးထဲက မိမိတို့သည် ဘယ်နည်းကို အသုံးချသင့်သလဲ စီစစ်ပါ၊ (၁)ဒါန သီလ ဘာဝနာကုသိုလ်များကို ကြိုးစားခြင်းဖြင့် ကိလေ

သာတွေကို အန်ထုတ်တဲ့ အန်ဆေးလိုသုံးတဲ့နည်းကို သုံးရမယ်။

(၂)ဝမ်းနှုတ်ဆေးလိုသုံးတယ်ဆိုဒါက ဖိုလ်ဉာဏ်ရပြီးတော်မူကြတဲ့ အရိယာပုဂ္ဂိုလ်တွေနဲ့သာ ဆိုင်တဲ့ အတွက် ပုထုဇဉ်များနဲ့မဆိုင်လို့ ဝမ်းနှုတ်ဆေးလို သုံးစရာမလိုပါဘူး၊ ။(၃)မိမိတို့ နေ့စဉ်တွေ့ကြုံနေရတဲ့ အိုဘေး နာဘေး သေဘေးဆိုးကြီးတွေက လွတ်မြောက်အောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ သာသနာတော်ကို မှီခို ကြည်ညိုခြင်းဖြင့် ဒီသာသနာတော်ကို အသက်ကယ်ဆေးလိုသုံးပါ။ (၄)သာသနာဆိုတဲ့ ဘုရားအဆုံးအမ တွေနဲ့ဆန့်ကျင်တဲ့အလုပ်,အပြော,အတွေးအခေါ်တွေကို ပြုလုပ်,ပြောဆို,ကြံစည်ခြင်းတည်းဟူသော အဆိပ် လိုသုံးတဲ့နည်းကို လုံးဝရှောင်ကြဉ်ရမယ်။

ဒီလိုသာသနာတော်ကြီးကို နည်းမှန်လမ်းမှန်နဲ့ အသုံးချတတ်ဖို့ ခဲယဉ်းလွန်းလို့ မြတ်စွာဘုရားက " ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ၊ ဗုဒ္ဓါနမုပ္ပါဒေါ–ဘုရားပွင့်ထွန်းပေါ်ပေါက်ဖို့ရန်လဲ (ဝါ)သာသနာတော်ကြီးနဲ့ ကြုံကြိုက် ဖို့ရန်လဲ (ဝါ)သာသနာတော်ကြီးကို နည်းမှန်လမ်းမှန်နဲ့အသုံးချတတ်ဖို့ရန်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ ဣတိ –ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဒေသေသိ–ကောင်းစွာ မသေွဟောကြားတော်မူခဲ့ပါပေသတည်း။။

သာဓု သာဓု သာဓု

ဒါကို ဆောင်ပုဒ်ဆိုကြရအောင်=

- **ဗုဒ္ဓမြတ်စွာ သာသနာ ကြုံလာတွေ့ဘို့ ခဲယဉ်းသည်။ (သုံးခေါက်ဆိုပါ)**
- **တွေ့ကြုံကြရာ သာသနာ မှန်စွာသုံးဖို့ လိုအပ်သည်။ (သုံးခေါက်ဆိုပါ)**

အစအဆုံး ဆောင်ပုဒ်အားလုံး တစ်ခေါက်စီဆိုရအောင်=

- **လူဖြစ်လာခြား ထိုသူများ လူသားပီဘို့ ခဲယဉ်းသည်။**
- **လူ့ကျင့်ဝတ်များ ပြည့်စုံခြား လူသားပီနိုင်သည်။**
- **အသက်ရှည်ပြန် နှစ်ပြည့်ရန် အမှန်ခဲယဉ်းသည်။**
- **သိက္ခာသုံးရစ် ပြည့်စုံလစ် အနှစ်ပြည့်နိုင်သည်။**
- **တရားတော်များ ဟောကာထား နာကြားနိုင်ဘို့ ခဲယဉ်းသည်။**
- **တဏှာမဆန် သဒ္ဓါမှန် နာခံကျင့်ရမည်။**
- **ဗုဒ္ဓမြတ်စွာ သာသနာ ကြုံလာတွေ့ဘို့ ခဲယဉ်းသည်။**
- **တွေ့ကြုံကြရာ သာသနာ မှန်စွာသုံးဘို့ လိုအပ်သည်။**
- **ခဲယဉ်းလေးဖြာ ဒေသနာ သေချာသိဘို့ လိုအပ်သည်။**
- **သိပြန်သောခါ ကျင့်ဖို့ရာ မြန်စွာလိုအပ်ပြီ ။**

ခဲယဉ်းလေးမျိုးစုံသွားပြီ ၊ တရားအစက ရွတ်ဆိုခဲ့တဲ့ ဂါထာကိုရွတ်ပြီး တရားသိမ်းကြရအောင်။

**ကိစ္ဆော မနုဿပဋိလာဘော ၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။**

**ကိစ္ဆံ သဒ္ဓမ္မဿဝနံ ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။**

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ မနုဿပဋိလာဘော–လူ့ဘဝရဘို့ရန်သည်၊ (ဝါ) လူပီပီသသဖြစ်ဘို့ရန်သည်၊ ကိစ္ဆော–ခဲယဉ်းလှပါပေ၏၊ မစ္စာနံ–သတ္တဝါဝေနေ များဗိုလ်ခြေတို့၏၊ ဇီဝိတံ–အသက်ရှည်ဘို့ရန်သည်၊ (ဝါ)အနှစ်သာရရှိရှိနဲ့ အသက်ရှည်ဘို့ရန်သည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ သဒ္ဓမ္မဿဝနံ–သူတော်ကောင်းတရား နာရဘို့,နာနိုင်ဘို့,နာတတ်ဘို့ရန်သည်၊ ကိစ္ဆံ–ခဲယဉ်းလှပါပေ၏၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ ဥပ္ပါဒေါ–ပွင့်ထွန်းပေါ်ပေါက်ဘို့ရန်သည်၊ (ဝါ)ဗုဒ္ဓါနမုပ္ပါဒေါ–ဘုရားသာသနာတော်ကြီးနဲ့ တွေ့ရဘို့ရန်သည်၊ (ဝါ)ဘုရားသာသနာတော်ကြီးကို နည်းမှန်လမ်းမှန်ဖြင့် အသုံးချတတ်ဖို့ရန်သည်၊ ကိစ္ဆော–ခဲ ယဉ်းလှပါပေ၏၊ ဣတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ကြီးသည်၊ ဒေသေသိ–ကောင်းစွာမသေွ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု

**ယံ ပတ္တံ ကုသလံ တေန၊ ကုသလာ သဗ္ဗပါဏိနံ။**

**သဗ္ဗေ ဣစ္ဆိတ္တနု သင်္ကပ္ပါ ၊ လဘန္တု မဓုရံ ဖလံ။**

ဘောန္တော–တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သူတော်စင်ပရိသတ်အပေါင်းတို့၊ မယာ–သိစေလိုကြောင်း ကျင့်စေလိုကြောင်း စိတ်ထားကောင်းဖြင့် လမ်းကောင်းညွှန်ပြ ဓမ္မကထိကဟု နာမသမုတ် အကျွန်ုပ်သည်၊ ယံ မဟာပုညံ–အကြင်"ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့တရားတော်ကို အပြည့်အစုံ ထုတ်ပြန်ကာ ဟောကြားရခြင်းတည်းဟူသော ဓမ္မဒေသနာ ပုညကြိယာကုသိုလ်ထူးကို၊ ပတ္တံ–ကောင်းစွာ မသေွ ရရှိရောက်ရှိခဲ့ပေပြီ၊ တုမှေဟိပိ–တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သင်သူတော်စင် ပရိသတ် အပေါင်းတို့သည်လည်း၊ ယံ မဟာပုညံ–အကြင်ခဲယဉ်းလေးဖြာ ဒေသနာဆိုတဲ့တရားတော်ကို သဒ္ဓါတရား ထက်သန်စွာဖြင့် ရိုသေစွာနာကြားရခြင်းတည်းဟူသော ဓမ္မဿဝန ပုညကြိယာကုသိုလ်ထူးကို၊ ပတ္တံ–ကောင်းစွာမသေွ ရကြရောက်ကြလေကုန်ပြီ၊ တေန ပုညေန–ထိုဓမ္မဒေသနာ,ဓမ္မဿဝ ပုညကြိယာကုသိုလ် ထူးကြောင့်၊ သဗ္ဗပါဏီနံ–တရားနာသူ များဗိုလ်လူတို့နှင့်တကွ ခပ်သိမ်းများစွာ သတ္တဝါဟူ နတ်လူဗြဟ္မာ ပေါင်းများစွာတို့၏၊ ကုသလာ–အပြစ်မဲ့ကင်း ချမ်းသာသော အကျိုးပေးခြင်းလက္ခဏာရှိကြပေကုန်သော၊ သင်္ကပ္ပါ–စိတ်ထဲက ကြံသမျှ စီသမျှ ဒို့တတွေ ဒီကနေ့စပြီး လူပီသအောင် ကျိုးစားကြမယ် အနှစ်သာရရှိရှိနဲ့ အသက်ရှည်အောင်ကြိုးစားမယ် , တရားနာနိုင်အောင် နာတတ်အောင်ကြိုးစားမယ်, သာသနာတော်ကြီး နဲ့ တွေ့ကြုံအောင် သာသနာတော်ကြီးကို နည်းမှန်လမ်းမှန်နဲ့ အသုံးချတတ်အောင် ကြိုးစားမယ်လို့ဆိုတဲ့ ကောင်းမြတ်တဲ့ အကြံအစီဟူသမျှတို့သည်၊ သမိဇ္ဈန္တု– တစ်ဆံခြည်မျှ မလျော့ရဘဲ မုချကိန်းသေ ပြီးပြည့်စုံ ကြပါစေကုန်သတည်း၊ သမိဒ္ဓါ–တစ်ဆံခြည်မျှ မလျော့ရဘဲ မုချကိန်းသေ ပြီးပြည့်စုံကြကုန်သည်ဖြစ်၍၊ မဓုရံ ဖလံ–သာသနာတော်၏ ချိုမြိန်တဲ့အရသာတည်းဟူသော ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန် ချမ်းသာတည်းဟူသော ချမ်းသာ သုခတရားတွေကို၊ လဘန္တု–ကိုယ်စီကိုယ်ငှ ရရှိခံစားနိုင်ကြပါစေကုန်

သတည်း၊ လဘန္တ-မဂ်ဖိုလ်လေးဆင့် ထီးဖြူဖွင့်ကာ မလင့်ပုံသေ ရရှိခံစားနိုင်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

- **လူ့ပီပီသသ ဖြစ်နိုင်ကြပါစေ**
- **အနှစ်သာရရှိရှိနဲ့ အသက်ရှည်နိုင်ကြပါစေ**
- **တရားတော်များ နာနိုင်ကြပါစေ, နာတတ်ကြပါစေ**
- **သာသနာနဲ့တွေ့ပြီး နည်းမှန်လမ်းမှန်နဲ့ အသုံးချနိုင်ကြပါစေ။**